# ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးဝါဒမှသည် စစ်မှန်သောပြည်ထောင်စုစနစ်ဆီသို့

## (ပထမတွဲ)

ဒီမိုကရေစီရေးနှင့်
တန်းတူရေးတိုက်ပွဲကာလအတွင်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ
ဒီမိုကရေစီအဖွဲ့ချုပ်၏

သမိုင်းဝင်မှတ်တမ်းများ

ဆလိုင်းလျန်မှုန်းဆာခေါင်း (Lian H. Sakhong) စုဆောင်းတင်ပြသည်

# ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးဝါဒမှသည် စစ်မှန်သောပြည်ထောင်စုစနစ်ဆီသို့

## (ပထမတွဲ)

ဒီမိုကရေစီရေးနှင့်
တန်းတူရေးတိုက်ပွဲကာလအတွင်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ
ဒီမိုကရေစီအဖွဲ့ချုပ်၏

သမိုင်းဝင်မှတ်တမ်းများ

**ဆလိုင်းလျန်မှုန်းဆာခေါင်း (Lian H. Sakhong) စုဆောင်းတင်ပြသည်**

ပထမအကြိမ်ပုံနှိပ်ခြင်း

အုပ်ရေ - ၃၀၀၀

၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ

ဇင်းမယ်မြို့၊ ထိုင်းနိုင်ငံ

**ထုတ်ဝေသူ**

ဆလိုင်းလျန်မှုန်းဆာခေါင်း

---

Funded By The Burma Fund

---

# မာတိကာ


❖ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း၏ အမှာစာ

❖ **FOWARD**
**By Dr. Chao-Tzang Yawnghwe**
**Advisor-Consultant, National Reconciliation Program**

❖ ထုတ်ဝေသူထံမှ အမှာစာ

**အခန်း(၁)** ၁
ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာ
( ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်
ဖွဲ့စည်းရန်ကြိုးပမ်းမှုကာလလှုပ်ရှားမှုများ )

**အခန်း(၂)** ၁၀
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ လှုပ်ရှားမှုများ
(အကျဉ်းချုပ်)

**အခန်း(၃)** ၂၅
ခွဲထွက်ရေးနှင့် တန်းတူရေးပြဿနာ

**အခန်း(၄)** ၃၂
လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးပွဲ

**အခန်း(၅)** ၅၂
ပြည်ထောင်စုစစ်စစ်မှု
(တိုင်းရင်းသားလူမျိုးများညီလာခံမှ ဆုံးဖြတ်ချက်)

**အခန်း(၆)** ၆၁
အထွေထွေရွေးကောက်ပွဲ
(သို့မဟုတ်)
နိုင်ငံတော်အာဏာကို အကြမ်းမဖက်သောနည်းဖြင့် ပြန်လည်ရယူရေးလမ်းစဉ်

**အခန်း(၇)** ၈၂
အာဏာလွှဲပြောင်းရေးပြဿနာ
(ဒုတိယအကြိမ် တိုင်းရင်းသားညီလာခံမှတောင်းဆိုချက်များ)

**အခန်း(၈)** ၁၀၅
ဗိုလ်အောင်ကျော်လမ်းကျေညာချက်

**အခန်း(၉)** ၁၁၀
စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုဆီသို့

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း၏ အမှာစာ

ဒီကနေ့ မြန်မာနိုင်ငံ တွေ့ကြုံရင်ဆိုင်နေရတဲ့ အထွေထွေပြဿနာများဟာ အရင်းစစ်လိုက်ရင် နိုင်ငံရေးပြဿနာပဲ ဖြစ်ပါတယ်။ နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းနိုင်ဖို့ဆိုရင် ...

၁။ ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့၊
၂။ တိုင်းရင်းသားလူမျိုးများအရေးကို ဖြေရှင်းဖို့၊
၃။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ထွန်းကားဖို့ လိုပါတယ်။

ကျနော်တို့မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများဟာ ၁၈၂၄ ဗြိတိန်–မြန်မာ ပထမစစ်ပွဲကစပြီး လွတ်လပ်ရေးရယူတဲ့အထိ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲစဉ်တလျှောက်လုံးမှာ ပါဝင်တိုက်ခိုက်ခဲ့ကြတာ ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရယူပြီးနောက်ပိုင်းမှာလည်း အာဏာရအစိုးရအသီးသီးဟာ တိုင်းရင်းသားလူမျိုးများရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို လစ်လျူရှု မျက်ကွယ်ပြုထားခဲ့ပြီး တပြည်ထောင်စနစ်၊ ဗဟိုချုပ်ကိုင်ရေးဝါဒနဲ့ စစ်အာဏာရှင်စနစ်ကိုပဲ ကျင့်သုံးလုပ်ဆောင်ခဲ့တယ်။ ဒါကြောင့်လည်း ဒီကနေ့အထိ ပြည်တွင်းစစ်မီးကြီးဟာ ဆက်လက်တောက်လောင် နေဆဲပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ၁၉၆၂ စစ်အုပ်စု အာဏာသိမ်းပြီး အုပ်ချုပ်စိုးမိုးခဲ့တဲ့အချိန်ကစပြီး တိုင်းရင်းသားလူမျိုးများရဲ့ တရားမျှတတဲ့ တောင်းဆိုမှုတွေကို ခွဲထွက်ရေးသမားများ၊ နယ်ချဲ့နောက်လိုက်များ စသဖြင့် လိမ်ညာဝါဒဖြန့် မှိုင်းတိုက်ခဲ့တယ်။

၁၉၈၈ ခု သမိုင်းဝင် ရှစ်လေးလုံးအရေးတော်ပုံကြီးအပြီးမှာတော့ ပြည်သူလူထုဟာ နိုင်ငံရေးအားဖြင့် ပိုမိုနိုးကြားလာခဲ့ကြတယ်။ ဗမာလူမျိုးစုနဲ့ အခြားတိုင်းရင်းသားလူမျိုးများဟာ ပိုမိုနားလည်မှုတွေ ရှိလာခဲ့ကြတယ်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ တိုင်းရင်းသားလူမျိုးများအရေးနဲ့ ပတ်သက်ပြီး အမြဲတမ်းအလေးထားဆောင်ရွက်ခဲ့တယ်။ ၁၉၈၈ ဩဂုတ်လ(၂၆) ရွှေတိဂုံစေတီ အနောက်ဘက်မုဒ်မှာကတည်းက အခုလိုပြောခဲ့ပါတယ်။

> “ လူမျိုးစုအာလုံးဟာ ညီညွတ်ဖို့လိုပါတယ်။ အခု လူမျိုးစု လူများစုကတော့ ဗမာလူမျိုးတွေ ဖြစ်နေပါတယ်။ လူများစုဗမာတွေဟာ လူနည်းစုတွေဖြစ်တဲ့ တိုင်းရင်းသားတွေနဲ့ စည်းစည်းရုံးရုံးဖြစ်ဖို့ အလွန်ကြိုးစားဖို့ လိုပါတယ်။ ကိုယ်က အားရှိနေတဲ့လူ၊ ကိုယ်က အားများနေတဲ့လူမို့လို့ ပိုပြီးတော့ ကြိုးစားဖို့လိုပါတယ်။ အားနည်းနေတဲ့လူတွေကို အစဉ်အမြဲလျှော့ပြီးတော့ ညှာပေးဖို့လိုပါတယ်။”

ဆလိုင်းလျန်မှုန်းဆာခေါင်း ( Lian H. Sakhong ) စုဆောင်းတင်ပြသည်

နောက်ပြီးတော့လည်း အနာဂါတ်မှာ ဖေါ်ဆောင်မဲ့ ပြည်ထောင်စုပုံစံနဲ့ ပတ်သက်လို့လည်း ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်နဲ့ အထိန်းသိမ်းမခံရခင် ဇူလိုင် (၁၅)ရက် ၁၉၈၉ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွေ့ဆုံပွဲမှာ ခုလို ညွှန်ပြခဲ့ပါတယ်။

> "ခုကတည်းကစပြီး နားလည်မှုယူဖို့သင့်တော်ပြီလို့ ကျမထင်ပါတယ်။ ဖက်ဒရယ်လို့ပဲခေါ်ခေါ်၊ ပြည်ထောင်စုလို့ပဲခေါ်ခေါ် ဘာမှမခေါ်လည်းရပါတယ်။ ကျမတို့ဟာ ဘာပဲခေါ်ခေါ် အရေးကြီးတာက ကျမတို့ကြားထဲမှာ အားလုံးသဘောတူညီနိုင်မယ့် ပုံစံရှိတဲ့ နိုင်ငံတခုကို ဖေါ်ထုတ်ဖို့ပဲ။"

ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များ အခြား ဒီမိုကရေစီ အဖွဲ့အစည်းများမှ ခေါင်းဆောင်များနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများမှ ခေါင်းဆောင်များဟာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရတယ်။ ဒါပေမယ့် ကျန်ရှိနေခဲ့ကြတဲ့ ခေါင်းဆောင်အသီးသီးဟာ ပေးအပ်လာတဲ့ အခြေအနေအရပ်ရပ်ပေါ်မှာ တိုင်းရင်းသား သွေးစည်းညီညွတ်ရေးကို လက်တွေ့ဖေါ်ဆောင်နေကြပါတယ်။ ပြည်တွင်းကလည်း ပြည်တွင်းအလျောက်၊ နယ်စပ်ကလည်း နယ်စပ်အလျောက်။ ပြည်ပကလည်း ပြည်ပ အလျောက် ကြိုးပမ်းတိုက်ပွဲဝင်နေကြပါတယ်။

အခု "ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးဝါဒမှသည် စစ်မှန်သောပြည်ထောင်စုစနစ်ဆီသို့" စာအုပ်မှာတော့ လူမျိုးပေါင်းစုံတို့၏ လှုပ်ရှားမှုနှင့် ပတ်သက်ပြီး စုစည်းဖော်ပြထားပါတယ်၊ သမိုင်း ဖြစ်ရပ်မှန်များအတွက် တစုံတရာ အထောက်အကူပြုမယ့် စာအုပ်တအုပ် ဖြစ်သောကြောင့် ကြိုဆိုပါတယ်။

ဒေါက်တာစိန်ဝင်း
ဝန်ကြီးချုပ်
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

# FORWARD

This collection is immensely invaluable for all interested in Burma and its politics, and useful for political activists, leaders, and more so, for researchers. It is a collection of historic, and forgotten -- until now -- documents that shed much light on the thoughts and strategies of crucial actors in the making of Burma, Burma as we now know it.

There are so many ways a nation or a nation-state is born, or becomes a reality on the international stage. Some are reincarnations, in modern form, of ancient kingdoms, that evolved across time. However, many post-colonial nations and nation-states of Latin America, Africa, the Middle East, and South and Southeast Asia, have been created (and bequeathed) by colonial powers. The modern nation-state, defined as a sovereign entity, bounded by more or less fixed political borders, is relatively new -- not older than 300 years, even in Europe.

In the past, there did not exist in the area now known as "Burma", national states or kingdoms (i.e., centered on or defined by ethnicity). Like in Thailand, for example, and in the rest of mainland Southeast Asia, kingdoms that existed were personal estates of rulers (kings, princes, lords, fief-holders, so on), and the inhabitants of these kingdoms (personal and medieval systems of domination) were either servants and retinues of rulers and princes, or their serfs and slaves. The people, whatever their ethnic affiliation, were not citizens. The notion that there existed a golden and rigorous Burman (Burmese) kingdom since time immemorial is a later reconstruction, ironically, British scholar-historians, and this notion was picked up by Burman nationalists. Later, this "history" was made into "real" history by successive governments and power-holders.

Colonial powers -- administrators, bureaucrats -- were responsible for the reorganization and political modernization of what is now known as Burma, or more accurately, the Union of Burma. They first imposed legal-rational administration, in order that the market and market forces function smoothly, and trade could be carried out in peace and unhindered by lawlessness or arbitrary power. Thus was created by colonial powers -- the British in Burma's case -- modern proto-states in areas they planted their flags.

The British first modernized the easily accessible lowlands, Burma Proper, but left the highland and border regions, the Frontier Areas, quite alone -- these being unprofitable or costly to administer and/or modernize. Influenced by the European notion of "nation-state", the British did have a plan to establish in Burma, a modern nation, albeit as a self-governing dominion like Australia, Canada, New Zealand, and so on. What shape this new, modern nation of Burma would have taken is a question that cannot be answered since the British were defeated by the Japanese.

The documents in this collection are from the years immediately after the war, on the eve of independence (gained in 1948). For both the Burman leaders in Burma Proper, and non-Burman leaders of the Frontier Areas, the hot issue was independence.

One important debate that raged within the Burman leadership circles was the question of whether to take independence alone, without the Frontier Areas, or to obtain independence jointly with the non-Burmans. At the same time, non-Burman leaders discussed the feasibility and otherwise of taking independence together and jointly with Burma Proper. The notion that Burma was a single cloth, one unified country since historical time (divided only by colonial design), which was about to be re-unified once again, did not enter the heads of either Burman or non-Burman leaders. It is clear that leaders then were thinking in terms of establishing a country, a new and modern country made up of many states and nations, a union of different countries.

The idea of a union of equal states and nations has however been distorted or twisted out of shape, especially by military rulers who usurped power in 1962. It is important therefore that both the Burman and non-Burman population and leaders get re-accquainted with the real politicks and political thoughts in the years that led to the founding of the Union of Burma and the gaining of independence. This collection of documents will be of great help in this regard, and will expand the minds of current and future leaders of the Union of Burma. This valuable collection of political documents is important and timely since it will contribute to a real understanding what is meant by the term Pyidaungzu (Union).

**Dr.Chao-Tzang Yawnghwe**
**Advisor-Consultant**
**National Reconciliation Program**

# ထုတ်ဝေသူထံမှ အမှာစာ

"ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ရေးဝါဒမှသည် စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စု စနစ်ဆီသို့ " အမည်ရှိ စာအုပ်ကို "အမျိုးသားပြန်လည်သင့်မြတ်ရေး" **(National Reconciliation Program)** အစီအစဉ်အောက်တွင် အတွဲသုံးတွဲဖြင့် ထုတ်ဝေရန် ပြင်ဆင်ထား ပါသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်တွင် "ငြိမ်းချမ်းစွာအတူ လက်တွဲနေထိုင်ရေးဝါဒ"သည် အခရာ ဖြစ်၍၊ ၎င်းကို အတွေ့အကြုံရင့်ကျက်၍ တွေးခေါ်မျှော်မြင်ရေးတရား မြင့်မြတ်သော နိုင်ငံရေးသမားများ၊ စစ်ဗိုလ်ချုပ်ကြီးများ နှင့် အသိပညာရှင် အတတ်ပညာရှင်များသာမက လူသားချင်းစာနာတရားနှင့် မေတ္တာတရားတို့ကို ပွားများလက်ခံစေတတ်သော သာမန် တောသူ တောင်သား၊ ပြည်သူလူထုတရပ်လုံးကပါ ငြင်းဆန်ပစ်ပယ်လိမ့်မည် မဟုတ်ပေ။

သို့ရာတွင် ကျွန်တော်တို့အားလုံး ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ရေးဝါဒကို မြတ်နိုး လက်ခံပုံချင်းတူပါလျှက်နဲ့ ၎င်းငြိမ်းချမ်းစွာလက်တွဲနေထိုင်ရေးကို မည်သို့မည်ပုံ ကျင့်သုံး အကောင်အထည် ဖေါ်မည်နည်း ... ... ... ဟူသော လုပ်ငန်းစဉ်တွင် အမြင်ချင်း ကွာခြားနေကြပါသည်။ တနည်းအားဖြင့် ဆိုပါက ယနေ့ပြည်ထောင်စုကြီးအတွင်း ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာအားလုံးသည် "ငြိမ်းချမ်းစွာအတူလက်တွဲ နေထိုင်ရေးဒါဒ"ကို မည်သို့ မည်ပုံ အကောင်အထည်ဖေါ်ကျင့်သုံးမည် ဟူသော အခြေခံအချက်တွင် အမြင်ချင်းမတူမှုကြောင့် ဖြစ်ပွားသော ပြဿနာဖြစ်သည်ဟုဆိုပါက မှားယွင်းမည် မထင်ပေ။

တိုင်းရင်းသားလူမျိုးပေါင်းစုံ "ငြိမ်းချမ်းစွာအတူ လက်တွဲနေထိုင်ရေး" ဟူသော ဝါဒလမ်းစဉ်ကို နိုင်ငံရေးဇာတ်ခုံတွင် တင်ပြဆွေးနွေးကြသောအခါ "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ"ဟူသော နိုင်ငံရေးစကားလုံးဖြင့် အစားထိုးသုံးစွဲနေကြသည်ကို တွေ့ရပါသည်။ ထို့ကြောင့် တချို့က လွတ်လပ်ခွင့်၊ တန်းတူခွင့် နှင့် ကိုယ်ပိုင်ပြဌာန်းခွင့် စသည့် အခြေခံသဘောတရားများကို အမှီပြု၍ "စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစနစ်" ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဌာန်းမှသာ ငြိမ်းချမ်းစွာ အတူ လက်တွဲနေထိုင်ရေးကို ကျင့်သုံးအကောင်အထည်ဖော်နိုင်မည်ဟု ခံယူထားကြပါသည်။ တချို့ကမူ လူထု၏ အခြေခံလွတ်လပ်ခွင့်၊ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များကို ရုပ်သိမ်း၍ ဗဟိုဦးစီးစနစ်ဖြင့် တိုင်းပြည်ကို တင်းကြပ်စွာ ချုပ်ကိုင်အုပ်ချုပ်သော "တပြည်ထောင်စနစ်" ဖြင့် နိုင်ငံတော်ကို ဖွဲ့စည်းထူထောင်မှသာ တိုင်းပြည်ငြိမ်းချမ်းမည်ဟု ယူဆနေကြပါသည်။ ထို့အမြင်သည် မဟာလူမျိုးကြီးဝါဒနှင့် အထူး ဆက်စပ် နီးနွယ်နေသောကြောင့်၊ ၎င်းအမြင်ရှိသူများက "ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ရေးဝါဒ"ကို တကယ်တမ်း လက်ခံနေကြပါ၏လော ... ဟု ကျွန်တချို့က ပြန်လည် မေးခွန်းထုတ်နေကြပါသည်။

မည်သို့ပင် အမြင်ချင်း ကွဲပြားနေစေကာမူ၊ ပြည်ထောင်စုပြဿနာတရပ်လုံး ဖြေရှင်းရေး၊ အနှစ်ငါးဆယ်ပြည်တွင်းစစ် ရပ်စဲချုပ်ငြိမ်းရေး၊ ဒီမိုကရေစီအစိုးရတရပ်ကို ထူထောင်၍ လွတ်လပ် ပွင့်လင်းသော လူ့အဖွဲ့အစည်းကြီးကို ပြည်ထောင်စု အတိုင်းအတာ ဖြင့် တည်ဆောက်နိုင်ရေးတို့သည်

"ငြိမ်းချမ်းစွာအတူ လက်တွဲနေထိုင်ရေးဝါဒ"ကို အခြေစိုက်နေပါသည်ဟု ကျွန်တော်တို့ စွဲမြဲစွာ ခံယူထားပါသည်။

ထို့ကြောင့် "ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ရေးဝါဒ" ဖြင့် ဤ ပြည်ထောင်စုကြီးကို ထူထောင်နိုင်ရေးအတွက် ခေတ်အဆက်ဆက်မှ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ကြိုးပမ်းမှု မှတ်တမ်းများကို "အမျိုးသားပြန်လည်သင့်မြတ်ရေး" **(NRP)** ၏ အဓိကလုပ်ငန်းစဉ်တရပ်အဖြစ် ပြန်လည် ပုံနှိပ်ထုတ်ဝေသွားရန် ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

ထိုအစီအစဉ်၏ ပထမခြေလှမ်းအဖြစ် "ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် **(UNLD)** ၏ ၁၉၈၈ မှ ၁၉၉၀ ခုနှစ်ကာလအကြား ဒီမိုကရေစီရေးနှင့် တန်းတူရေးအတွက် လှုပ်ရှားမှု မှတ်တမ်းများကို ယခုကဲ့သို့ ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ အခက်အခဲ အမျိုးမျိုးကြောင့် **UNLD** ၏ သမိုင်းဝင်လှုပ်ရှားမှုမှတ်တမ်းများ (အထူးသဖြင့် တန်းတူရေးစာစောင်တွင် ဖေါ်ပြရေးသားခဲ့သော ဆောင်းပါးများနှင့် ညီလာခံများတွင် တင်သွင်းခဲ့သော စာတမ်းများ) ကို အပြည့်အစုံ ဖော်ပြနိုင်ခြင်း မရှိကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည်။

ဤ စာအုပ်ထုတ်ဝေနိုင်ရေးအတွက် အဖက်ဖက်မှ အကူအညီမျိုးစုံကို ပေးအပ်ခဲ့ကြသော မိတ်ဆွေများနှင့် လုပ်ဖေါ်ကိုင်ဖက်များကို အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။ အထူးသဖြင့် **UNLD** မှတ်တမ်းများကို ကူညီရှာဖွေပေးခဲ့သော ဦးခွန်မားကိုရ်ဘန် **(NCGUB** ဖက်ဒရယ်ရေးရာဝန်ကြီးနှင့် **UNLD** သဘာပတိအဖွဲ့ဝင်) ကို လည်းကောင်း၊ စာအုပ်အား ပုံနှိပ်ထုတ်ဝေနိုင်ရေးကို ကူညီဆောင်ရွက်ပေးခဲ့သော ကိုဇော်ဇော်ထွန်း (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ဗဟိုကော်မတီဝင်) ကိုလည်းကောင်း၊ စာမူများကို ကွန်ပြူတာဖြင့် စာစီရိုက်နှိပ်ပေးသော လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ချင်းမိုင်ရုံးအဖွဲ့သားများကိုလည်းကောင်း၊ ဤစာအုပ်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ရံပုံငွေများကို ရှာဖွေကူညီပေးသော ဦးစိုးပိုင် **(Burma Fund)** ကိုလည်းကောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး **(NRP)** လုပ်ငန်းစဉ်တခုလုံး အောင်မြင်နိုင်ရေးအတွက် အစစအရာရာ ကူညီစွမ်းဆောင်ပေးသော **Harn Yawnghwe (Euro-Burma Office)** နှင့် **Dr Jack Sterkan** တိုကို့လည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ထို့အပြင် အမှာစာများကို ရေးသားချီးမြှင့်ပေးသော ဒေါက်တာစိန်ဝင်း (ဝန်ကြီးချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားညွန့်ပေါင်းအစိုးရ) နှင့် **Dr. Chao-Tzang Yawnghwe (Advisor-Consultant, National Reconciliation Program)** တို့အပေါ်မှာလည်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

လေးစားစွာဖြင့် ...

ဆလိုင်းလျန်မှုန်းဆာခေါင်း

**(Lian H. Sakhong)**

၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်။

# အခန်း(၁)

# ပြည်တွင်းငြိမ်းချမ်းရေးနှင့်လူမျိုးစုပြဿနာ

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD)
## ၏
## ဖွဲ့စည်းဖြစ်ပေါ်ရန် ကြိုးပမ်းမှုကာလလှုပ်ရှားမှုများ

၁၉၈၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ကျောင်းသား လူငယ် ရဟန်းရှင်လူ ပြည်သူလူထုနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် စစ်အာဏာရှင်စနစ်ကို အသွင်ပြောင်းခဲ့သော မဆလ တပါတီအာဏာရှင်စနစ်၏ ဖိနှိပ်အုပ်ချုပ်မှုဒဏ်ကို မခံမရပ်နိုင်ကြကုန် သောကြောင့် ဒီမိုကရေစီ အရေးတော်ပုံကြီးကို အုံကြွဆင်နွှဲခဲ့ကြရပါသည်။ ထိုဒီမိုကရေစီ အရေးတော်ပုံကြီး ကြောင့် တိုင်းပြည်ကို (၂၆)နှစ်တိုင်တိုင် အာဏာရှင်ဘဝဖြင့် အုပ်ချုပ်မင်းမူခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်း တဖြစ်လဲ ဦးနေဝင်းသည် တပါတီအာဏာရှင် မဆလဥက္ကဋ္ဌရာထူးမှ နုတ်ထွက်သွားခဲ့ရပါသည်။ ဦးနေဝင်းသည် နိုင်ငံရေးဇာတ်ခုံပေါ်မှ တရားဝင် ဆင်းသွားခဲ့သော်လည်း ကန့်လန့်ကာ နောက်ကွယ်မှ ဒီမိုကရေစီအရေးတော်ပုံကြီးကို နှိပ်ကွပ်ဖြိုခွဲရန် ဆက်လက်ကြိုးပမ်းသွားခဲ့ပါသည်။ သို့ရာတွင် သူ့ကို ဆက်ခံခဲ့သော ဒေါက်တာမောင်မောင်အစိုးရသည် ပြည်တွင်းပြည်ပမှ နိုင်ငံရေးဖိအားဒဏ်များကို မခံနိုင်သောကြောင့် မလွှဲမရှောင်သာပဲ “ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်” တရပ်ကို ဖွဲ့စည်း၍ နိုင်ငံရေးပါတီများ ထူထောင်ခွင့်ကို တရားဝင်ပေးအပ်ခဲ့ပါသည်။

ပါတီစုံ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ခဲ့ကြသော ပြည်နယ် (၇)ခုမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ နိုင်ငံရေးပါတီများသည် နိုင်ငံရေးအကျိုးတူလုပ်ငန်းများကို အတူတကွ ဆောင်ရွက်နိုင်ရန် ၁၉၈၈ နိုဝင်ဘာလ (၂၁)ရက်နေ့တွင် ပဏာမ မိတ်ဆုံဆွေးနွေးပွဲကို လည်းကောင်း၊ ၁၉၈၈ ဒီဇင်ဘာလ(၁၀)ရက်နေ့နှင့် ၁၉၈၉ ဇန္နဝါရီလ(၇)ရက်နေ့များတွင် ဒုတိယနှင့် တတိယအကြိမ် ဆွေးနွေးပွဲများကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ထိုညှိနှိုင်းဆွေးနွေးပွဲများမှ–

(က) အနာဂါတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်အား တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေး တန်းတူညီတူ စနစ်ဖြင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးတိုင်း၏ ရေခံမြေခံပေါ်မူတည်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုင်းရင်းသားလူမျိုးအားလုံး စုပေါင်းဝိုင်းဝန်းပံ့ပိုး၍ ကြိုးပမ်း ဆောင်ရွက်ကြရေး၊

(ဂ) ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲမဖြုတ်စတမ်း ဆွေးနွေး ညှိနှိုင်းမှုဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်မြဲရေး၊ တိုးတက် စည်ပင်သာယာဝပြောရေး တို့အတွက် တစုတစည်းတည်း ကြိုးပမ်းဆောင်ရွက်ရန် လိုအပ် သည်ဟု ခံယူခဲ့ကြပါသည်။

ထိုရည်မှန်းချက်၊ ခံယူချက်များ အောင်မြင်ရေးအတွက် လက်တွဲဆောင်ရွက်နိုင်ရန် "တိုင်းရင်းသား လူမျိုးစုများ ဆန္ဒသဘောထား လေ့လာဖေါ်ထုတ်ရေးအဖွဲ့ (ပဏာမ)" ကိုလည်း ဖွဲ့စည်းခဲ့ကြ ပါသည်။

ထိုကာလတုန်းက နိုင်ငံရေးဆွေးနွေးပွဲများ မှတ်တမ်းများ ပြည်တွင်းတွင်ကျန်ရစ်ခဲ့၍ ဤစာအုပ်တွင် အသေးစိတ် ပြန်လည်ဖေါ်ပြရန် အခက်အခဲ ရှိနေပါသည်။ သို့ရာတွင် ထိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ၁၉၈၉ ဇန္နဝါရီလ (၇)ရက်နေ့တွင် အမှတ်(၁၃၅) ဝင်ဒါမီယာရှိ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဒေါက်တာစောမရအောင်၏ နေအိမ်တွင်ကျင်းပခဲ့သော "တိုင်းရင်းသားလူမျိုးပေါင်းစုံ နိုင်ငံရေးပါတီများ ဆွေးနွေးပွဲ"တွင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဖြစ်ခဲ့သူ ဆလိုင်းလျန်မှုန်း၏ ဆွေးနွေးချက်ကို ပြန်လည်တင်ပြအပ်ပါသည်။ ထိုဆွေးနွေးချက်ကို ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၈၉ – ဇန္နဝါရီလ (၁၀)ရက်နေ့စွဲဖြင့် ထုတ်ဝေ ဖြန့်ချိခဲ့ပါသည်။

## ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာ

ကျနော်ဆလိုင်းလျန်မှုန်းပါ။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒု–ဥက္ကဋ္ဌဖြစ်ပါတယ်။ ခုလို တိုင်းရင်းသားလူမျိုးစု ပါတီပေါင်းစုံ တတိယအကြိမ်စည်းဝေးပွဲမှာ ချင်းအဖွဲ့ချုပ်ကိုယ်စား ဆွေးနွေးတင်ပြခွင့် ရတဲ့အတွက် ဂုဏ်ယူဝမ်းသာပါတယ်။

ကယားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်တင်ပြသွားသလို ကျနော်တို့ဟာ ပြည်ထောင်စု မြန်မာနိုင်ငံ ဒုတိယအကြိမ် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေခြင်းဖြစ်ပါတယ်။❖ ဒီတိုက်ပွဲမှာ နည်းလမ်း များစွာရှိပါတယ်။ နည်းလမ်းများစွာရှိတဲ့အတွက် ကျနော်တို့ဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနဲ့ ဖြေရှင်းတဲ့နည်းလမ်းကို ရွေးချယ်ကြတာ ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနဲ့ဖြေရှင်းဖို့ ပါတီတွေ ထောင်ပြီး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် လူမှုတော်လှန်ရေးကြီးကို ဆင်နွှဲနေခြင်းဖြစ်ပါတယ်။

တပြည်လုံးအတိုင်းအတာနဲ့ ဒီမိုကရေစီတိုက်ပွဲကို ဆင်နွှဲတဲ့အခါမှာ မလွဲမသွေ ရင်ဆိုင်ရမဲ့ ပြဿနာ နှစ်ခု ရှိပါတယ်။ ဒီပြဿနာနှစ်ခုဟာ ယနေ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကို ထင်ဟပ် ပေါ်လွင် စေပါတယ်။ ထင်ဟပ်ပေါ်လွင်ရုံတင်မကဘူး၊ ယနေ့ဖြစ်ပျက်မှု အခြေအနေအားလုံးဟာ ဒီ ပြဿနာ နှစ်ခု ပေါ်မှာ အခြေခံနေပါတယ်။ ဒီပြဿနာနှစ်ခုဟာ ဒီမိုကရေစီရေးနဲ့ ခွဲမရအောင် ဆက်စပ်နေပြန်တယ်။ ဘာပြဿနာလဲဆိုတော့ "ပြည်တွင်းငြိမ်းချမ်းရေးနဲ့ လူမျိုးစုပြဿနာ"ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီကျကျ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာ ကိုင်တွယ်ဖြေရှင်းရေးဟာ ကျနော်တို့ မလွဲမသွေရင်ဆိုင်ရမဲ့ ပြဿနာဖြစ်ပါတယ်။ အထူးသဖြင့် ကျနော်တို့ လူမျိုးစုများ ရင်ဆိုင်ဖြေရှင်းရမဲ့ပြဿနာ ဖြစ်ပါတယ်။ ဘယ်လိုကိုင်တွယ်ဖြေရှင်းကြမလဲ ...

ပြဿနာတခုကို ကိုင်တွယ်ဖြေရှင်းဖို့ အဲ့ဒီ ပြဿနာဖြစ်ပေါ်ရာ အရင်းအမြစ်၊ နောက်ခံသမိုင်းကို အရင်လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာနိုင်ငံ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်ပါက ကျနော်တို့တိုင်းပြည်ဟာ အရေးအကြီးဆုံးတာဝန်တရပ်ကို ကျေပြွန်စွာ မထမ်းဆောင်နိုင်သေးဘူး ဆိုတာ တွေ့ရပါတယ်။ ဒီ အကြီးလေးဆုံး တာဝန်ဟာ ဘာလဲ။

❖ မှတ်ချက်။ ။ ကယားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစစ်ငွေသောင်း ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ လူသားတယောက်စီရဲ့ လွတ်လပ်စွာ အသက်ရှင်နေထိုင်ခွင့်ကို အာမခံချက်ပေးနိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်း မရှိသေးတာပါပဲ။ လူဖြစ်ပါလျှက်နဲ့ ဒီကမ္ဘာလောကကြီးမှာ လူသားပီသစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ကျနော်တို့နိုင်ငံသားတွေဟာ ဘာအာမခံချက်မှ မရှိသေးပါဘူး။ လူသားတယောက်စီရဲ့ ဘဝအာမခံချက်ကို ပေးနိုင်တဲ့၊ ပြီးတော့ လူမျိုးတမျိုးစီရဲ့ ဘဝအာမခံချက်ကိုပေးနိုင်တဲ့ ဥပဒေတရပ်ကို ကျနော်တို့ မရေးဆွဲနိုင်သေးပါဘူး။ လူသားအချင်းချင်း တန်းတူညီမျှမှုကိုပေးနိုင်ပြီး၊ လူမျိုးတမျိုးနဲ့တမျိုး တန်းတူရည်တူအခွင့်အရေးပေးနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ကျနော်တို့ မပြဋ္ဌာန်းနိုင်သေးပါဘူး။

တနည်းအားဖြင့် စစ်မှန်တဲ့ပြည်ထောင်စုကြီးကို ကျနော်တို့ မတည်ဆောက်နိုင်သေးပါဘူး။ နာမည်အားဖြင့် "ပြည်ထောင်စု"ဆိုတဲ့ ဝေါဟာရကို ကျနော်တို့သုံးစွဲနေကြပေမဲ့ တကယ့်လက်တွေ့မှာ ပြည်ထောင်စုစနစ်ထက် တပြည်ထောင်စနစ် အလေးသာနေတဲ့ ဖားတပိုင်း ငါးတပိုင်း နိုင်ငံတော်ကြီးထဲမှာ ကျနော်တို့ ဘဝစခဲ့ရပါတယ်။ ဘာဖြစ်လို့ ကျနော်တို့နိုင်ငံမှာ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ကို ပီပီပြင်ပြင် ဖေါ်ဆောင်နိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ်ကို မရေးဆွဲ မပြဋ္ဌာန်းနိုင်ခဲ့တာလဲ ...

သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်ပါက မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ်မှာ တကြိမ်၊ ၁၉၇၄ ခုနှစ်မှာ တကြိမ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခဲ့တာကို တွေ့ရပါတယ်။

ပထမဖွဲ့စည်းပုံကို မရေးဆွဲမှီ လွတ်လပ်ရေးတိုက်ပွဲကာလ ၁၉၄၇ ခု၊ ဖေဖေါ်ဝါရီလ (၁၂)ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့မှာ တောင်တန်းဒေသခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းတွေ့ဆုံပြီး တန်းတူရည်တူ ပူးပေါင်းတဲ့ပြည်ထောင်စုနိုင်ငံတော်တခုကို ထူထောင်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒီ သဘောတူညီချက်အတိုင်း အသစ်ထူထောင်မဲ့နိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြုပြည်ပြုလွှတ်တော်မှာ တင်သွင်းခဲ့ပါတယ်။

ဒါပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မရေးဆွဲမှီ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း နောက်ပိုင်း ထွက်ပေါ်လာတဲ့ ဗမာခေါင်းဆောင်များဟာ ဗိုလ်ချုပ်အောင်ဆန်းလို ရိုးသားတည်ကြည်မှု မရှိကြဘူး။ သဘောထား မကြီးကြဘူး။ အတွေးအခေါ် မမြင့်မြတ်ကြဘူး။ လူမျိုးကြီးဝါဒကို ကိုင်စွဲနေကြတယ်။ လူမျိုးစုခေါင်းဆောင်များရဲ့ မသိနားမလည်မှုကို အခွင့်ကောင်းယူပြီး လိမ်လည်လှည့်ဖြားသွားကြတယ်။ အထူးသဖြင့် လူမျိုးစုခေါင်းဆောင်များ နိုင်ငံရေးနှင့် ဥပဒေ မကျွမ်းကျင်မှုကို အမြတ်ထုတ်သွားကြတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းတဲ့အခါ ဗမာလူမျိုးကြီးဝါဒ ကြီးစိုးစေမဲ့ အမည်ခံပြည်ထောင်စုကြီးကို ဖွဲ့စည်းသွားကြတယ်။ နာမည်အားဖြင့် ပြည်ထောင်စုခေါ်ပေမဲ့ အနှစ်သာရမှာတော့ တပြည်ထောင်စနစ်ပါပဲ။ ဒါကို ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတဲ့ ဦးချန်ထွန်းကိုယ်တိုင်က "ကျနော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်ထောင်စုစနစ်နဲ့ တပြည်ထောင်စနစ် ရောနှောနေတယ်" လို့ဝန်ခံခဲ့ပြီးဖြစ်တယ်။ အဆိုးဝါးဆုံးကတော့ ဗမာနယ်ကို ပြည်နယ်တခုအနေနဲ့မသတ်မှတ်ပဲ ပြည်ထောင်စုအခွင့်အာဏာအားလုံးကို ပေးအပ်လိုက်တာပါပဲ။ ဒီလုပ်ရပ်ဟာ ဗမာလူမျိုးကြီးဝါဒကို အထွတ်အထိပ်သို့ ရောက်အောင် လမ်းဖွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ ဒီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြောင့် ကျနော်တို့တိုင်းရင်းသားများဟာ ဗမာလူမျိုးကြီးရဲ့ လက်အောက်ခံဘဝကို အလိုလိုကျရောက်စေပါတယ်။ တန်းတူရည်တူ နေပါမယ်။ ကျောသားရင်သား မခွဲပါဘူးဆိုတဲ့ စကားတွေဟာ လေထဲမှာသာရှိနေပြီး လက်တွေ့မှာ မရှိပါဘူး။

ဒါကို ကျနော်တို့တိုင်းရင်းသားလူမျိုးစုများ မကျေနပ်တဲ့အတွက် လက်နက်ကိုင် တော်လှန်ပုန်ကန်ကြတယ်။ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းလို့မရတဲ့အဆုံး၊ အင်အားသုံးပြီး ဖြေရှင်းဖို့ ကြိုးစားသွားကြတယ်။ ဒါကြောင့်ပဲ ကျနော်တို့နိုင်ငံမှာ ပြည်တွင်းစစ်ဆိုတာ လွတ်လပ်ရေးရဲ့ ဖွားဘက်တော် အဖြစ် အမြစ်တွယ်လာခဲ့ပါတယ်။

စစ်ဆိုတာ ဘယ်စစ်မှ မကောင်းဘူး။ ပြည်တွင်းစစ်လည်း မကောင်းဘူး။ ပြည်ပစစ်လည်း မကောင်းဘူး။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ မဖြေရှင်းပဲ စစ်ရေးနဲ့ ဖြေရှင်းတာဟာ လူ့သမိုင်းကို ညိုးနွမ်းစေပါတယ်။ လူ့သိက္ခာကို ကျဆင်းစေပါတယ်။

ဒါကြောင့် ကျနော်တို့နိုင်ငံမှာ ဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်ကို အမြန်ဆုံး အဆုံးသတ်ဖို့အတွက် နည်းလမ်းရှာ ကြိုးစားကြရမယ်။ နည်းလမ်းကတော့ ရှင်းပါတယ်။ လူမျိုးစုပြဿနာကို အခြေခံပြီး ဖြစ်ပွားတဲ့စစ်ကို လူမျိုးစုပြဿနာနဲ့ပဲ ဖြေရှင်းရမယ်။ ဝါဒကို အခြေခံပြီး ဖြစ်ပွားတဲ့စစ်ကို ဝါဒရေးရာနဲ့ပဲ ဖြေရှင်းရမယ်။ နိုင်ငံရေးကို အခြေခံပြီး ဖြစ်ပွားတဲ့စစ်ကို နိုင်ငံရေးနဲ့ ဖြေရှင်းတာ အကောင်းဆုံးနည်းလမ်းပါပဲ။

ဒါကြောင့် လူမျိုးစုပြဿနာကို စစ်ရေးနဲ့မဖြေရှင်းပဲ နိုင်ငံရေးနည်းလမ်းနဲ့ ဒီမိုကရေစီကျကျ ဖြေရှင်းဖို့ လူမျိုးစုခေါင်းဆောင်များ ကြိုးစားခဲ့ကြပါတယ်။ လူမျိုးစုပြဿနာကို ဖြစ်ပေါ်စေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ ကြိုးပမ်းခဲ့ကြတယ်။ ဒါဟာ သမိုင်းတကွေ့မှာ အမှန်ကန်ဆုံးလုပ်ရပ်တခုကို ပီပီပြင်ပြင်ဆောင်ရွက်ဖို့ ကြိုးပမ်းခဲ့ကြတာပါပဲ။ ၁၉၆၁ ခု၊ ဇွန်လမှာ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တိုင်းရင်းသားလူမျိုးစု (၇)မျိုးစလုံး စုံညီစွာ တက်ရောက်ပြီး မပြည့်မစုံ မှားယွင်းနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ပြင်ဆင်ရေးဆွဲပြီး၊ စစ်မှန်တဲ့ပြည်ထောင်စု တန်းတူရည်တူပူးပေါင်းနိုင်တဲ့ နိုင်ငံတော်ကို အသစ်တဖန် တည်ဆောက်ဖို့ သဘောတူခဲ့ကြပါတယ်။

ဒီကိစ္စကို လွှတ်တော်မှာ ဒီမိုကရေစီကျကျ မဲခွဲဆုံးဖြတ်ရင် အနိုင်ရမှာ သေချာနေပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားလူမျိုးစုများ တန်းတူရည်တူအခွင့်အရေး ရရှိရေးကို မလိုလား မရှုစိမ့်နိုင်ကြတဲ့ မဟာလူမျိုးကြီးဝါဒသမားများက တိုင်းပြည်အာဏာကို သေနတ်ပြောင်းဝ ကျည်ဆန်ထိပ်ဖူးမှာ တပ်ဆင်ပေးလိုက်ကြတယ်။

မဟာလူမျိုးကြီးဝါဒဟာ စစ်အာဏာရှင်စနစ်ကို မွေးဖွားပေးတယ်။ လူမျိုးစုပြဿနာကို ဖန်တီးတယ်။ ပြည်တွင်းစစ်ကို ရှည်ကြာစေတယ်။ ပြည်တွင်းစစ်ကြောင့် လူမျိုးစုပြဿနာ တနေ့တခြား ကြီးထွားလာတယ်။ လူမျိုးရေး အမုန်းပွားမှု ကြီးထွားလာတယ်။ တဖက်မှာ ပြည်တွင်းစစ်ကို အမှီပြုပြီး စစ်အာဏာရှင်စနစ် ရှင်သန်နေပါတယ်။ ပြည်တွင်းစစ်ကြောင့် မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ် ခိုင်ခန့်သွားတယ်။ စစ်အာဏာရှင်များကို တန်ခိုးကြီးထွားစေပါတယ်။ နောက်ဆုံးကျတော့ စစ်အာဏာရှင် စနစ်ကပဲ တပါတီအာဏာရှင်စနစ်ကို မွေးဖွားပေးလိုက်ပြန်တယ်။

အာဏာရှင်တချို့သာ တန်ခိုးထွားနေတယ်။ တိုင်းပြည်ကတော့ ဖွတ်ဖွတ်ကြေနေပြီ။ ပြည်သူလူထု ကုန်းကောက်စရာ မရှိအောင် မွဲတေနေပြီ။ တရားခံ ဘာလဲ …

ရှင်းနေပါတယ်။ မဟာလူမျိုးကြီးဝါဒပဲ။ မဟာလူမျိုးကြီးဝါဒကို မြန်မာနိုင်ငံမှာ အပီပြင်ဆုံး အကောင်အထည်ဖော်တဲ့နေ့ဟာ ၁၉၇၄ ခုနှစ်က ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်းတဲ့နေ့ပါပဲ။ အမည်ဝေါဟာရအားဖြင့် “ပြည်ထောင်စု” ဆိုတာကို ဆက်လက်သုံးစွဲနေပေမဲ့ ပြည်ထောင်စုစနစ် လုံးဝမဟုတ်ပဲ “တပြည်ထောင်စနစ်” စစ်စစ်နဲ့ တိုင်းပြည်ကို ဖွဲ့စည်းအုပ်ချုပ် သွားပါတယ်။ ပြည်နယ် လူမျိုးစုများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် လုံးဝချုပ်ငြိမ်းသွားပါတယ်။ လူသားတယောက်ရဲ့ အခြေခံအကျဆုံး လူ့အခွင့်အရေးဖြစ်တဲ့ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုတာ လုံးဝမရှိပါဘူး။

ဒီ မဟာလူမျိုးကြီးဝါဒက ဘယ်သူ့ကို ထိခိုက်နစ်နာစေသလဲ။ တိုင်းရင်းသားလူမျိုးစုတွေပဲလား မဟုတ်ဘူး။ တတိုင်းပြည်လုံးကို ထိခိုက်နစ်နာစေတယ်။ တိုင်းပြည်ကို ချောက်ထဲ တွန်းပို့လိုက်တယ်။ ဒါကို ၁၉၈၈ ခုနှစ်အတွင်း ဖြစ်ပွားတဲ့ အရေးအခင်းတွေက သက်သေထူနေပါတယ်။ ၁၉၈၈ ခုနှစ် အရေးအခင်းဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေက မွေးဖွားပေးတဲ့ ဆိုးကျိုးတရပ်သာလျှင် ဖြစ်ပါတယ်။ တပါတီ အာဏာရှင် စနစ်ရဲ့ နိုင်ငံရေးပြည်တည်နာကြီး ပေါက်ကွဲမှုပဲဖြစ်တယ်။

ဒါကြောင့် ဒီနေရာကနေ ကျနော် ပြတ်ပြတ်သားသား သတိပေးလိုက်ချင်တယ်။ မြန်မာနိုင်ငံမှာ မဟာလူမျိုးကြီးဝါဒကို ဆက်လက်ကျင့်သုံးလို့ရှိရင် တိုင်းပြည်အခြေအနေကို ဒီထက် အဆပေါင်းများစွာ ဆိုးရွားသွားနိုင်ပါတယ်။ ပြည်တွင်းစစ် ပိုပြီးရှည်ကြာနိုင်ပါတယ်။ တိုင်းပြည်ဘဏ္ဍာတော်ထဲက စစ်အသုံးစရိတ်ဟာ လက်ရှိ (၆၀)ရာခိုင်နှုန်းကနေ ရာခိုင်နှုန်းအများကြီး တက်သွားဦးမယ်။ ဒီတော့ တိုင်းပြည် ဒီထက်အဆပေါင်းများစွာ ဆင်းရဲမွဲတေသွားဦးမယ်။ စစ်ကို အကြောင်းပြုပြီး လူ့အခွင့်အရေး အချိုးနှိမ်ခံရဦးမယ်။ ဒီမိုကရေစီဆိတ်သုဉ်းပျောက်ကွယ်သွားဦးမယ်။ ဘယ်သူမြတ်မလဲ … စစ်အာဏာရှင်စနစ် သက်ဆိုးရှည်သွားတာပဲ အမြတ်ထွက်မယ်။

ဒါကြောင့် ကျနော်တို့ ဒီကနေ့ရင်ဆိုင်တိုက်ခိုက်ရမည့် အဓိကရန်သူကတော့ မဟာလူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒပါပဲ။ ဒီလို သေးသိမ်ကျဉ်းမြောင်းတဲ့ ဝါဒနှစ်ခုက ကျနော်တို့ တိုင်းပြည်ကို ဒုက္ခပေးနေပါတယ်။ ဒါကြောင့် ကျနော်တို့ ဒုတိယအကြိမ် လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲတဲ့အခါမှာ အဓိကရန်သူဖြစ်တဲ့ ဒီဝါဒနှစ်ခုကို မျက်ခြေမပြတ် တိုက်ခိုက်သွားဖို့ လိုပါတယ်။ ဒီ ဝါဒနှစ်ခုကို အပြတ်တိုက်ထုတ်ပြီး မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုအားလုံး လူသား ပီသစွာ အသက်ရှင်နေထိုင်ခွင့်ကို အာမခံချက်ပေးနိုင်ပြီး၊ လူ့အခွင့်အရေးကို အကာအကွယ်ပေးတဲ့ ဒီမိုကရေစီဖွံ့ဖြိုးရှင်သန်စေတဲ့ နိုင်ငံတော်ကို ကျနော်တို့ ထူထောင်ကြရမယ်။ ဒီ နိုင်ငံတော်ဟာ လူမျိုး ပေါင်းစုံ တန်းတူရည်တူ ပူးပေါင်းတဲ့၊ စစ်မှန်တဲ့ ပြည်ထောင်စုစနစ် ဖြစ်ကြောင်းကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက အာမခံချက် အပြည့်အဝပေးရမယ်။ ဒါဟာ ကျနော်တို့ရဲ့ပန်းတိုင်ပဲ။

ကျနော်တို့ဟာ တာထွက်ကတည်းက ပန်းတိုင်ကို ထင်ထင်ရှားရှား မြင်တတ်ဖို့ လိုပါတယ်။ ပန်းတိုင်ကို မသေချာမရေရာရင် အဓိကပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ သာမည ပြဿနာတွေနဲ့ လုံးထွေးပြီး ကျနော်တို့ရဲ့ တော်လှန်ရေး ရေစုန်မျောသွားနိုင်တယ်။

ကျနော်တို့ရဲ့အဓိကပြဿနာဟာ ပြည်ထောင်စုပြဿနာပဲဖြစ်ပါတယ်။ ပြည်ထောင်စုကြီးကို အသစ်တဖန် ဘယ်လို တည်ဆောက်မလဲဆိုတဲ့ ပြဿနာပါ။ ပြည်ထောင်စုထဲမှာရှိတဲ့ တိုင်းရင်းသား လူမျိုးစုများရဲ့ ကဏ္ဍနှင့် ပြည်မကဏ္ဍကို ဘယ်လို ကိုင်တွယ်ဖြေရှင်းမလဲ … ဒါက အဓိကပါ။ တနည်း ပြောရရင် ပြည်ထောင်စုအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံး လူမျိုးအားလုံးရဲ့ လူမျိုးစုပြဿနာပဲ ဖြစ်ပါတယ်။ လူမျိုးစုပြဿနာကို ပြေလည်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရင် ပြည်တွင်း ငြိမ်းချမ်းရေးကိုလည်း အမြန်ဆုံးရရှိအောင် ဆောင်ရွက်နိုင်မယ်လို့ တဆက်တည်း ပြောလိုပါတယ်။

ဒါပေမယ့် … ကျနော်တို့ဟာ အဓိကပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ ကြောက်နေကြတယ်။ ပြည်ထောင်စုကို ဘယ်လို ပြန်လည်ဖွဲ့စည်းမလဲဆိုတာ မပြောရဲကြဖူး။ အထူးသဖြင့် ပြည်မပါတီများဟာ ဒီကိစ္စကို ကြောက်နေကြတယ်။ "စစ်မှန်တဲ့ပြည်ထောင်စု" ဆိုတဲ့ စကားကို သူတို့ ပါးစပ်ထဲက ထွက်လာ မှာကိုတောင် ကြောက်နေကြတယ်။ ရှမ်းပြည်နယ်က ဦးရွှေအုံး ပြောဖူးသလို "ဖယ်ဒရယ်လ်" ဆိုတဲ့ စကားလုံးကြားလိုက်တာနဲ့ တီကောင်ကို ဆားနဲ့ထိသလို တွန့်လိမ်ကုန်ကြတယ်။ ပြည်မပါတီကြီးထဲက ထိပ်ဆုံးမှာ နာမည်ရနေတဲ့ ပါတီ သုံး၊လေးခုကို ကျနော်တို့သွားပြီး ဆွေးနွေးကြည့်တယ်။ ဝမ်းနည်းဖွယ်

ကောင်းတာက တချို့ ပါတီကြီးများဟာ သူတို့ရဲ့ ဝါဒသဘောထားကျေညာချက်ထဲမှာ တိုင်းရင်းသား လူမျိုးစုများကဏ္ဍကို ထည့်တောင်မထည့်ရဲကြဖူး။ တိုင်းရင်းသားလူမျိုးစုကိစ္စမပါဘဲ ပြည်ထောင်စု အကြောင်းကို ဘယ်လို စဉ်းစားနေကြသလဲမသိဘူး။ တိုင်းရင်းသားတွေမပါဘဲ မြန်မာနိုင်ငံမှာ ဘာမှလုပ်လို့ မရဖူးဆိုတာ သူတို့ မသိကြဘူး ထင်တယ်။ ဒါတွေကြောင့်ပဲ တိုင်းပြည် ငါးပါးမှောက်ကုန်တာပေါ့။

တချို့က စကားလုံးရဲ့ "တိုင်းရင်းသားများနှင့် ချစ်ကြည်ရင်းနှီးစွာနေပါမယ်" လို့ ပြောဆို ရေးသား ကြတယ်။ ဘယ်လို အခြေခံဝါဒပေါ်မှာ ချစ်ကြည်ပြီး၊ ဘယ်လို အကြောင်းတရားတွေကြောင့် ရင်းနှီးကြ မလဲ … ပြတ်သားတဲ့ဝါဒ တခုခုတော့ ချမှတ်ရမှာပေါ့။

စစ်မှန်တဲ့ပြည်ထောင်စုစနစ်ကိုဘာဖြစ်လို့ကြောက်နေကြတာလဲ …

အဖြေ နှစ်ခုထွက်ပါတယ်။ တစ်က … မသိနားမလည်လို့ ကြောက်တာ၊ နှစ်က … မရိုးသားလို့ ကြောက်တာ။ ဒီနှစ်ခုပါပဲ။ မသိနားမလည်လို့ကြောက်တဲ့လူဟာ အမှောင်ထဲမှာ တစ်ယောက်ထဲ နေတဲ့လူနဲ့ တူပါတယ်။ အမှောင်ထဲမှာဆိုတော့ မမြင်နိုင်၊ မသိနိုင်၊ နားမလည်နိုင်တဲ့ အရာအားလုံးကို ကြောက်နေ ရတယ်။ အလင်းရောင်သာရှိလိုက်ရင်၊ ဒါမှမဟုတ် အဖော်ကောင်းကောင်းတယောက်သာ ရှိလိုက်ရင် သူကြောက်တော့မှာ မဟုတ်ပါဘူး။ ဒီလိုပဲ ပြည်မဗမာအများစုဟာ စစ်မှန်တဲ့ပြည်ထောင်စုစနစ်လို့ ကျနော်တို့ပြောနေတဲ့ ဖယ်ဒရယ်စနစ်ဟာ ဘယ်လိုစနစ်မျိုးလဲ၊ ဘယ်လိုအနှစ်သာရရှိသလဲ ဆိုတာ မသိနားမလည်တဲ့အတွက် ကြောက်နေကြတယ်။ ဖယ်ဒရယ်ဆိုရင် ခွဲထွက်ရေးလို့ပဲ မြင်နေကြတယ်။ သူတို့သိမြင်နားလည်အောင် ရှင်းလင်းပြနိုင်မည့် ဒီမိုကရေစီရောင်ခြည်လည်း မြန်မာနိုင်ငံမှာ မထွန်းတောက် နိုင်သေးဘူး။ ဒီမိုကရေစီတံခါး မပွင့်သေးဘူး၊ အရေးတော်ပုံပြတင်းပေါက်လေးထဲကရတဲ့ ဒီမိုကရေစီ ရောင်ခြည်လောက်နဲ့ သူတို့ အကြောက်မပြေနိုင်သေးဘူး။ ပြီးတော့ … သူတို့က ကျနော်တို့တိုင်းရင်းသား လူမျိုးစုများကို ရဲဘော်ရဲဘက်လို မမြင်ဘဲ ပြည်တွင်းစစ်ကြောင့် ရန်သူလို့ပဲ မြင်နေကြသေးတယ်။ ဒါကြောင့် ကြောက်တယ်။ ဒီလို အထင်မှား အမြင်မှား ဖြစ်အောင် လုပ်တဲ့ လူကလည်း မြန်မာနိုင်ငံထဲမှာ အများကြီးရှိနေပါတယ်။ ဗမာလူထုကသာ အမြင်ကြည်ကြည်လင်လင်နဲ့ ကျနော်တို့ တိုင်းရင်းသား လူမျိုးစုများကို သေဖော်ရှင်ဖက်ရဲဘော်များအဖြစ် သဘောထားနိုင်လို့ရှိရင် သူတို့ အကြောက်တရားတွေ ပြေပြီး ကျနော်တို့ လိုလားချက် ဘာလဲဆိုတာ အမြင်ရှင်းရှင်းနဲ့ နားလည်သဘောပေါက်သွားမှာပါ။

ဒုတိယကြောက်နေတဲ့လူတွေကတော့ သူတို့ရဲ့ မရိုးသားစိတ်ကြောင့် ကြောက်နေကြတာပဲ ဖြစ်တယ်။ စစ်မှန်တဲ့ပြည်ထောင်စုစနစ်နဲ့ မြန်မာနိုင်ငံကို ဖွဲ့စည်းအုပ်ချုပ်သွားရင် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေး ရရှိမှာကို စိုးရိမ်ပူပန် ကြောက်ရွံ့နေကြတယ်။ ဒီလို မရိုးသားတဲ့စိတ်နဲ့ ကြောက်နေတဲ့ လူတွေကတော့ မဟာလူမျိုးကြီးဝါဒသမားတွေပါပဲ။ သူတို့ကိုတော့ ချော့ဖို့မလိုပါဘူး။ ပြည်ထောင်စုရဲ့ နံပါတ်တစ်ရန်သူများအဖြစ် ပြတ်ပြတ်သားသား တိုက်ခိုက်သွားဖို့ပဲ ရှိတယ်။

ကျနော်တို့ ရင်ဆိုင်ရမည့် ဒုတိယရန်သူကတော့ ကျဉ်းမြောင်းတဲ့အမျိုးသားရေးဝါဒပဲ ဖြစ်ပါ တယ်။ ဒီရန်သူဟာ ကျနော်တို့ တိုင်းရင်းသားထဲကပေါက်ဖွားလာမှာ ဖြစ်တယ်။

ကျဉ်းမြောင်းတဲ့အမျိုးသားရေးဝါဒရဲ့မောင်းနှင်အားကတော့ လူမျိုးစုပြဿနာပါပဲ။ လူမျိုးစု ပြဿနာဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရှိပါတယ်။ ဒါပေမယ့် ဒီမိုကရေစီထွန်းကားတဲ့နိုင်ငံမှာ လူမျိုးစု ပြဿနာ တဖြည်းဖြည်း လျော့ပါးပြီး၊ နောက်ဆုံး ပျောက်ကွယ် သွားတတ်ပါတယ်။ ဒီမိုကရေစီမရှိတဲ့ နိုင်ငံမှာကျတော့ လူမျိုးစုပြဿနာ တဖြည်းဖြည်းကြီးထွားပြီး နောက်ဆုံးကျဉ်းမြောင်းတဲ့အမျိုးသား ရေးဝါဒအဖြစ်နဲ့ တိုင်းပြည်ကို ဒုက္ခပေးတတ်ပါတယ်။

ဒါကြောင့် ကျနော်တို့လူမျိုးစုများဖက်ကလည်း ကျဉ်းမြောင်းတဲ့အမျိုးသားရေးဝါဒကြောင့်

တိုင်းပြည်ဒုက္ခမရောက်စေဖို့ သတိထားကြရပါမယ်။ အမြင်ကျယ်ရမယ်။ ပြည်နယ်လူမျိုးစုများ ညီညွတ်တဲ့ အင်အားနဲ့ စစ်မှန်တဲ့ပြည်ထောင်စုစနစ် တည်ဆောက်ရေးကို တွန်းအားပေးဖို့ လိုပါတယ်။ ဒီမိုကရေစီ ထွန်းကားတဲ့ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်ရင် လူမျိုးစုပြဿနာ ပြေလည်ပြီး ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒ ဆိတ်သုဉ်းသွားမှာ သေချာပါတယ်။

ဒါပေမယ့် ကျနော်တို့ပြည်နယ်လူမျိုးစုများ ညီနိုင်မလား။ ပြည်နယ်အသီးသီးက ပါတီပေါင်း မြောက်များစွာ ထွက်ပေါ်နေတာ မညီညွတ်တဲ့သဘောကို ပြနေပြီလား။ စောစောက မွန်ဒီမိုကရေစီ အဖွဲ့ချုပ်က ကိုယ်စားလှယ်တင်ပြသလို ၁၉၆၁ တောင်ကြီးမှာ ဖွဲ့စည်း ခဲ့တဲ့ "ပြည်နယ်များ ညီညွတ်ရေး အဖွဲ့" အဆင့်ကိုတောင် ရောက်နိုင်ပါ့မလားလို့ သံသယရှိစရာ ရှိပါတယ်။❖ ဟိုတုန်းက ပြည်နယ်အသီးသီး မှာ ပါတီ တခု နှစ်ခုလောက်ပဲရှိတယ်။ ခုတော့ အရမ်းများနေတယ်။ ညီနိုင်ပါ့မလား။ ညီဖို့ကော လွယ်ပါ့မလား။

ဒီကိစ္စမှာ ကျနော်တော့ အကောင်းဖက်က မြင်ပါတယ်။ ဒီလို မလိုလားအပ်ပဲ ပါတီတွေ များနေ ခြင်းဟာ ဖြစ်ပေါ်ခဲ့တဲ့အရေးအခင်းက ဖန်တီးသွားတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ... ဒီ အရေးအခင်းဟာ စနစ်တကျ စုစည်း ဖွဲ့စည်းပြီးမှ ဆင်နွဲတဲ့အရေးအခင်းမဟုတ်ဘဲ၊ စနစ်တကျ စုစည်းမှုမရှိဘဲ အလို အလျောက် ပေါက်ကွဲမှုကြီး **Spontaneous Uprising** ဖြစ်နေတဲ့အတွက် လူတိုင်းဟာ သူ့နေရာနဲ့သူ၊ သူ့ဒေသနဲ့သူ၊ သူ့အုပ်စုနဲ့သူ၊ အစုလိုက် အစုလိုက် ဆန္ဒပြတိုက်ပွဲဝင်ခဲ့ကြရာက ပါတီအသွင်ကို ပြောင်းလဲသွားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီတံခါးမကြီး ပွင့်သွားလို့ လွတ်လပ်စွာ ဟောပြော စည်းရုံးနိုင်လို့ရှိရင်၊ အားလုံး တစုတည်း ပေါင်းစည်းသွားကြမယ်လို့ မျှော်လင့်မိပါတယ်။

ဒုတိယအချက်ကတော့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ လုံးဝဆိတ်သုဉ်းခဲ့တဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါ တယ်။ စောစောကတင်ပြသလို ဒီမိုကရေစီမရှိတော့ လူမျိုးစုပြဿနာ ကြီးထွားနေပါတယ်။ အချင်းချင်း ကြားမှာ နားမလည်မှု၊ အထင်လွဲမှု၊ နာကျည်းမုန်းတီးမှုများ ကြီးထွားနေတယ်။ ကျနော်တို့ကိုယ်တိုင် ကြုံတွေ့ခဲ့တဲ့ ဥပမာတခုကို တင်ပြရရင် – မကြာသေးခင်က ကျနော် ချင်းပြည်နယ် ပလက်ဝကို သွားပါတယ်။ အဲဒီ မြို့ခံလူထုတွေက ဘာပြောသလဲဆိုတော့ (၂၆) နှစ်လုံးလုံး မြောက်ပိုင်းသားတွေ ချယ်လှယ်စိုးမိုး ခဲ့တာ မကျေနပ်ဘူးတဲ့။ မတူပီမှာကျတော့ မင်းတပ်သားတွေ စိုးမိုးခဲ့တာကို မကျေနပ်ကြဘူး။ ဟားခါးနဲ့ ဖလန်းမှာကျတော့ တီးတိန်တွေက (၂၆)နှစ်လုံးလုံး အုပ်စိုးလို့တဲ့၊ တီးတိန်မှာကျပြန်တော့ သူ့တို့မြို့နယ် ထဲက လူမျိုးနွယ်စုလေးတခုဖြစ်တဲ့ ဆီးယင်းတွေက စိုးမိုးချယ်လှယ်လို့ ဆိုပြီး မကျေနပ်ချက်တွေကို ဟိုလူကြောင့်နိုးနိုး၊ ဒီလူကြောင့်နိုးနိုး နီးရာလူကိုပဲ စွပ်စွဲကြတော့တယ်။ ချင်းစကားပုံတခုရှိတယ်။ "သစ်ပင်တပင်ကွယ်လို့ တောအုပ်ကြီးကို မမြင်နိုင်ဘူးတဲ့" အနီးဆုံးသစ်ပင်ကွယ်လို့ တောအုပ်ကို မမြင်နိုင်သလို အနီးဆုံးလူကိုပဲ တရားခံလုပ်ကြတော့တယ်။ တရားခံအစစ်အမှန်ကို မမြင်နိုင်ကြဘူး။ ဒီလိုတရားခံအစစ်ကို မမြင်နိုင်ဘဲ၊ ပြဿနာအရင်းအမြစ်ကို မသိဘဲ ခံပြင်းစိတ် နာကျည်းစိတ် သက်သက် နဲ့ နိုင်ငံရေးလုပ်ရင် အမှားတွေ့နိုင်တယ်။

တချို့ လူမျိုးနွယ်စု ပါတီလေးတွေကို ကျနော်မေးကြည့်တယ် ... သူတို့ရဲ့ ရည်ရွယ်ချက်တွေကို။ တချို့ပါတီရဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံရေးမဟုတ်ဘဲ၊ သာရေး ၊ နာရေး၊ လူမှုရေး သွားဖြစ်နေတယ်။ လူမှုရေးဘောင်အတွင်းမှာ လုပ်ရမဲ့ အမျိုးသားချင်းကြည့်ရှုစောင့်ရှောက်ရေး၊ ဘာသာစကား ထိန်းသိမ်းရေး၊ စာပေမြှင့်တင်ရေး စတဲ့ကိစ္စတွေ သွားဖြစ်နေတယ်။ နိုင်ငံရေးပြဿနာမဟုတ်ဘူး။ နိုင်ငံရေးဆိုတာ အာဏာ ပြဿနာပဲ။ ခုတော့ အာဏာပြဿနာမဟုတ်ဘူး။ လူမှုရေးသက်သက်။ ပြည်ထဲရေးနဲ့ သာသနာရေး

❖ မှတ်ချက်။ ။ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးနိုင်ငွေသိမ်းကိုရည်ညွှန်းခြင်းဖြစ်ပါသည်။

ဝန်ကြီးဌာနမှာ မှတ်ပုံတင်ရမဲ့ အသင်းအဖွဲ့တွေက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံးမှာ သွားပြီး မှတ်ပုံတင်ကြတယ်။ ဒီလို တလွဲတချော်ဖြစ်နေတဲ့ ကိစ္စတွေက မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ဘယ်လောက်ဆိတ်သုဉ်းနေပြီလဲဆိုတာ ပေါ်လွင်ထင်ရှားစေပါတယ်။ မြန်မာနိုင်ငံမှာသာ ဒီမိုကရေစီ အပြည့်အဝ ရလာလို့ရှိရင် လူမျိုးနွယ်စုနဲ့ ဒေသငယ်လေးတွေကို အခြေခံတဲ့ ပါတီငယ်လေးတွေ အလိုလို လမ်းမှန်ရောက်သွားကြမှာပါ။

ဒီလိုမှ အမြင်မှန်မရဘဲ ဒေသစွဲ၊ မျိုးနွယ်စုစွဲ၊ ပုဂ္ဂိုလ်စွဲ စတဲ့ ကျဉ်းမြောင်းတဲ့ အယူဝါဒပေါ်မှာ အခြေခံပြီး ထူထောင်တဲ့ပါတီတွေက ကျနော်တို့ ပြည်နယ်အတွင်း စုစည်းညီညွတ်မှုအင်အား၊ ပြည်ထောင်စု အတွင်း စုစည်းညီညွတ်မှုအင်အားကို အဟန့်အတားဖြစ်စေတယ်။ ဖြိုခွဲဖို့ ကြိုးစားနေတယ်ဆိုရင် ဒါကိုတော့ ကျနော်တို့လည်း ပြတ်ပြတ်သားသား ကိုင်တွယ်ရမှာပဲ။ သူတို့ရဲ့ လုပ်ရပ်နဲ့ စေတနာ မှန်ကန်မှု ရှိမရှိဆိုတာကို ပြည်သူ့ရှေ့မှာ အစစ်ခံသွားကြရမယ်။ သူ့တို့ လုပ်ရပ်နဲ့ စေတနာ မမှန်ကန်ဘူးဆိုရင် နိုင်ငံရေး အညစ်အကြေးများအဖြစ် သမိုင်းရေစီးကြောင်းက ဘေးကို တွန်းပို့ခြင်း ခံကြရမှာ သေချာတယ်။ ဒီမိုကရေစီ တော်လှန်ရေးအင်အားစုကို ဟန့်တားဖို့ ကြိုးစားနေတဲ့သူတွေဟာ သမိုင်းဘီးရဲ့ နင်းကြိတ် ခြင်းကို အလူးအလဲ ခံသွားဖို့ပဲရှိပါတယ်။ သမိုင်းဘီးကို ဘယ်သူမှ ဟန့်တားနိုင်မှာ မဟုတ်ဘူး။

ဒါကြောင့် လူမျိုးနွယ်စုနဲ့ ဒေသငယ်လေးတွေကို အခြေခံပြီး ထူထောင်တဲ့ ပါတီငယ်လေးတွေ အမြန်ဆုံးစုစည်းပြီး ပြည်နယ်ပါတီကြီးများနဲ့ ပူးပေါင်းကြပါ။ ကျဉ်းမြောင်းတဲ့မျိုးနွယ်စု၊ ဒေသစွဲများကို ရဲဝံ့စွာ တော်လှန်ကျော်လွှားပြီး အမျိုးသားရေးအဆင့်ကို တက်လှမ်းကြပါ။

အခု ကျနော်တို့ပြည်နယ်တွေမှာ ရင်ဆိုင်နေရတဲ့ ပြဿနာကတော့ အမျိုးသားရေးပြဿနာ အဆင့်မရောက်သေးဘူး **Nationalism** အဆင့်မဟုတ်ဘူး၊ **Tribalism** အဆင့်သာ ဖြစ်နေသေးတယ်။ ဒါကြောင့် ကျနော်တို့ တိုးတက်တဲ့အမြင်နဲ့ အတွေးအခေါ်တော်လှန်ရေးတရပ် အမြန်ဆုံး ဆင်နွှဲဖို့ လိုနေပါတယ်။ ဒါမှ **Tribalism** အဆင့်ကနေ **Nationalism** အဆင့်ကို တက်လှမ်းနိုင်ပြီး ပြည်နယ်အတွင်း ညီညွတ်မှုကို ရနိုင်မှာဖြစ်တယ်။ ပြည်နယ်အတွင်း ညီညွတ်မှုရရှိမှ ပြည်ထောင်စုအတိုင်းအတာနဲ့လည်း ညီညွတ်နိုင်မှာ ဖြစ်တယ်။

ဟိုနေ့ အစည်းအဝေးတုန်းက ကျနော်ပြောသလို ကျနော်တို့ ခြေလှမ်းမကျွံဖို့နဲ့ ခြေလှမ်း မနှေးဖို့ လိုပါတယ်။ ဆန္ဒစောပြီး ခြေလှမ်းကျွံရင် အမှားတွေ့နိုင်တယ်။ သမိုင်းတကွေ့မှာ တခါမှားရင် နှစ်ပေါင်းများစွာ ခံသွားနိုင်တယ်။ မျိုးဆက်နဲ့ချီပြီး ခံသွားနိုင်တယ်။ ခြေလှမ်းနှေးလွန်းရင်လဲ အချိန်အခါနဲ့ အခြေအနေပေးတဲ့အတိုင်း အလုပ်မလုပ်နိုင်ဖြစ်သွားပြီး၊ အခွင့်အရေးဆုံးရှုံးသွားနိုင်တယ်။ ကျနော်တို့ ပြည်နယ်သားတွေ အခွင့်အရေးဆုံးရှုံးပေါင်းများလှပြီ။ ဒါကြောင့် ကျနော်တို့ ဒီမိုကရေစီတော်လှန်ရေး ကို ဆင်နွှဲတဲ့အခါမှာ ကြိုးဝိုင်းထဲက လက်ဝှေ့သမားလို ကျင့်သုံးရပါမယ်။ ဘယ်ဘက်လက်နဲ့ အကာအကွယ် ယူပြီး ညာဘက်လက်နဲ့ ချက်ကောင်းကိုစောင့်ပြီး ထိုးရပါမယ်။ ဘယ်ဘက်လက်ဟာ တချိန်လုံး အကာအကွယ်ယူနေလို့ မဖြစ်ဘူး။ တဖက်ရန်သူ ဟန်ချက်ပျက်သွားအောင် ဘယ်ဘက်လက်နဲ့ တိုက်ကွက်ဆင်ပေးရမယ်။ တဖတ်ရန်သူ ဟန်ချက်ပျက်ပြီး ချက်ကောင်းပေါ်တာနဲ့ ညာဘက်လက်နဲ့ အလဲထိုးရပါမယ်။

ကျနော့်ဆွေးနွေးချက်ကို ချုပ်ပြီး ပြောလိုက်ရင် ကျနော်တို့ ဆင်နွှဲနေတဲ့ တော်လှန်ရေးရဲ့ ပန်းတိုင်ကို ထင်ထင်ရှားရှား မြင်တက်ပြီး၊ ထိုပန်းတိုင်ကို ချီတက်တဲ့အခါ ရင်ဆိုင်ရမဲ့ အဓိကပြဿနာ များကို မှန်မှန်ကန်ကန် ကိုင်တွယ်ဖြေရှင်းသွားဖို့ အလွန်အရေးကြီးပါတယ်။ ပန်းတိုင်မရှိရင် အဓိက ပြဿနာကို ကိုင်တွယ်နိုင်မှာ မဟုတ်ဘူး။ သာမညပြဿနာတွေနဲ့ လုံးထွေးပြီး ကျနော်တို့ တော်လှန်ရေး

ရေစုန်မျောသွားနိုင်တယ်။ ပန်းတိုင်ကို ချီတက်တဲ့အခါဖြစ်ဖြစ်၊ အဓိကပြဿနာကို ရင်ဆိုင်ဖြေရှင်းတဲ့အခါမှာဖြစ်ဖြစ် ညီညွတ်မှုအင်အားလိုပါတယ်။ အထူးသဖြင့် ကျနော်တို့ ပြည်နယ်လူမျိုးစုများ ညီညွတ်ဖို့ လိုပါတယ်။ ကျနော်တို့ရဲ့ တိုက်ပွဲဟာ နှစ်ဆင့်ရှိတယ်ဆိုတာ အားလုံးနားလည်ပြီးသားပါ။ ညီညွတ်တဲ့ အင်အားနဲ့ ကျနော်တို့သမိုင်းကို အလှပဆုံး ရေးသားဖန်တီးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# အခန်း (၂)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD)
# ၏
# လှုပ်ရှားမှုများ (အကျဉ်း)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ စတင်ဖွဲ့စည်းသည့်အချိန်မှ ပထမအကြိမ် သဘာပတိ စုံညီအစည်းအဝေး ကျင်းပသည့် (၂၁ – ၁၁ –၈၉) ကာလအထိ လှုပ်ရှားမှုများ (အကျဉ်းချုပ်)ကို ထိုညီလာခံတွင် အတွင်းရေးမှူးအဖွဲ့၏ ရုံးလုပ်ငန်း တာဝန်ခံများ ဖြစ်ကြသော ဒေါက်တာ အောင်တင်ဦး (ကရင်)နှင့် နိုင်အောင်မြင့် (မွန်) တို့၏ အစီရင်ခံစာအတိုင်း တင်ပြအပ်ပါသည်။

## ပြည်ထောင်စုတိုင်ရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်
## ရန်ကုန်မြို့

## <u>လုပ်ငန်းအဖွဲ့အစီရင်ခံစာ</u>

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ယခုအခါ အဖွဲ့ဝင်တိုင်းရင်းသား လူမျိုးစုပါတီပေါင်း (၂၀)ဖြင့် ပူးပေါင်းဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့ဝင်ပါတီများမှာ –

၁။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊
၂။ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့၊
၃။ တအောင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့၊
၄။ ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ်၊
၅။ ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊
၆။ ကယားပြည်နယ် လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ်၊
၇။ ရှမ်းပြည်တိုင်းရင်းသား လူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်၊
၈။ ရခိုင်အမျိုးသား လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးအဖွဲ့၊
၉။ ဇိုမီးအမျိုးသားကွန်ဂရက်၊
၁၀။ တောင်သူလယ်သမား ကဒူးကနန်းနှင့် ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊
၁၁။ ပြည်ထောင်စု ဓနုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊

၁၂။ ပြည်ထောင်စု ပအို့ဝ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊
၁၃။ တောင်ပိုင်းချင်းဒီမိုကရေစီပါတီ၊
၁၄။ ကချင်အမျိုးသားလုံးဆိုင်ရာ ကွန်ဂရက်၊
၁၅။ မြို (ခေါ်) ခမီအမျိုးသား ညီညွတ်ရေးအဖွဲ့၊
၁၆။ တောင်တန်းသားများ ဒီမိုကရက်တစ်ပါတီ၊
၁၇။ ကယန်းအမျိုးသား စည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့၊
၁၈။ ကချင်အမျိုးသား ဒီမိုကရက်တစ်ပါတီ၊
၁၉။ အင်းအမျိုးသားအဖွဲ့ချုပ်၊
၂၀။ ရခိုင်အမျိုးသား လူမှုဘဝမြှင့်တင်ရေးအဖွဲ့ (မရမာကြီး ) တို့ဖြစ်ကြပါသည်။

အဖွဲ့ချုပ်ကို သဘာပတိအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့၊ လုပ်ငန်းကော်မတီများဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့ချုပ်၏ လုပ်ငန်းများ (ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူရေးကို အခြေခံ၍) ကို ဆောင်ရွက်လျက်ရှိပါသည်။

## သဘာပတိအဖွဲ့

သဘာပတိအဖွဲ့ကို အဖွဲ့ချုပ်ဝင်ပါတီများမှ ပေးပို့သော သဘာပတိအဖွဲ့ဝင် (၁)ဦးစီနှင့် ဖွဲ့စည်းထားပါသည်။ ယခုလက်ရှိ အဖွဲ့ချုပ်ဝင်ပါတီ (၂၀) ရှိလာပြီဖြစ်၍ သဘာပတိအဖွဲ့ဝင် (၂၀)ဦးဖြင့် ဖွဲ့စည်းထားပါသည်။

## အဖွဲ့ချုပ်၏ သဘာပတိအဖွဲ့ဝင်များ

၁။ ဦးအေးဖေ (ရဒဖ)
၂။ နိုင်ငွေသိန်း ( မွန်ဒီမိုကရေစီအဖွဲ့)
၃။ ဦးအုန်းခိုင် (တအောင်း – ပလောင်)
၄။ ဦးသန်းရှိန် (ကရင်ပြည်နယ်အမျိုးသားအဖွဲ့ချုပ်)
၅။ ဦးစီကေတိုက်ကွဲလ် (ချင်းအဖွဲ့ချုပ်)
၆။ ဦးစစ်ငွေသောင်း (ကယားအဖွဲ့ချုပ်)
၇။ ဦးလှမင်း (ရတဒဖ)
၈။ ဦးသာလူ ( ရခိုင်အမျိုးသားလူ့အခွင့်အရေး)
၉။ ဦးတာန်ထန်လျန်ပေါင် (ဇိုမီးအမျိုးသားကွန်ဂရက်)
၁၀။ ဦးသာမောင် (တောင်သူလယ်သမား ကဒူးကနန်း)
၁၁။ ဦးမြင့်ဦး (ပြည်ထောင်စုခနေ)
၁၂။ ခွန်ထွန်းလွင် (ပြည်ထောင်စုပအို့ပ်)
၁၃။ ဆလိုင်းအောင်ထွန်း (တောင်ပိုင်းချင်း)
၁၄။ ဒူးဝါး ဇော်မော် (ကချင်အမျိုးသားကွန်ဂရက်)

၁၅။ ဦးစံသာအောင် (မြို (ခ) ခမီ)
၁၆။ ဒေါက်တာဆန်းခမ္ဘာ (တောင်တန်းသားများ)
၁၇။ ဦးအာရ်ပီသောင်း (ကယန်း)
၁၈။ ဦးဒိန်ရတန် (ကချင်ပြည်နယ် အမျိုးသားဒီမိုကရက်တစ်)
၁၉။ ဦးရွှေလှ ( ရခိုင်အမျိုးသား လူမှုဘဝမြှင့်တင်ရေးအဖွဲ့)
၂၀။ အင်းအမျိုးသား အဖွဲ့ချုပ်မှ စာရင်းမရသေး။

မှတ်ချက်။ ။ ပထမအကြိမ် သဘာပတိ စုံညီအစည်းအဝေးတွင် အဖွဲ့ချုပ်သဘာပတိ အဖွဲ့ဝင်များထဲမှ အမြဲတမ်းသဘာပတိအဖွဲ့ကို ပြည်နယ်များကို အခြေခံ၍ အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်။

## အမြဲတမ်းသဘာပတိအဖွဲ့

| | | |
|---|---|---|
| ကချင်ပြည်နယ် | ... ... ... | ဆမားကျော်ဖားနော် |
| ကယားပြည်နယ် | ... ... ... | စစ်ငွေသောင်း |
| ကရင်ပြည်နယ် | ... ... ... | စောသန်းရှိန် |
| ချင်းပြည်နယ် | ... ... ... | ဦးစီကေတိုက်ကွဲလ် |
| မွန်ပြည်နယ် | ... ... ... | နိုင်ငွေသိမ်း |
| ရခိုင်ပြည်နယ် | ... ... ... | ဦးအေးဖေ |
| ရှမ်းပြည်နယ် | ... ... ... | ဦးမြင့်ဦး (နောက်ပိုင်း ဦးရွှေအုံး) တို့ဖြစ်ပါသည်။ |

## အတွင်းရေးမှူးအဖွဲ့

အတွင်းရေးမှူးအဖွဲ့ကို ပြည်နယ် (၇)ခုအား ကိုယ်စားပြုအနေဖြင့် ဖွဲ့စည်းထားပါသည်။

| | | |
|---|---|---|
| ကချင်ပြည်နယ် | ... ... ... | ဦးဆိုင်းလီ |
| ကယားပြည်နယ် | ... ... ... | ဦးခင်မောင်ချို |
| ကရင်ပြည်နယ် | ... ... ... | ဒေါက်တာအောင်တင်ဦး |
| ချင်းပြည်နယ် | ... ... ... | ဆလိုင်းလျန်မှုန်း |
| မွန်ပြည်နယ် | ... ... ... | နိုင်အောင်မြင့် |
| ရခိုင်ပြည်နယ် | ... ... ... | ဦးအေးသာအောင် |
| ရှမ်းပြည်နယ် | ... ... ... | ခွန်တင်ရွှေ |

## လုပ်ငန်းကော်မတီ

လုပ်ငန်းကော်မတီ (၅) ခုဖြင့် အဖွဲ့ချုပ်၏ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ ...

(၁) မူဝါဒရေးရာကော်မတီ
(၂) စည်းရုံးရေးကော်မတီ
(၃) ပြန်ကြားဆက်သွယ်ရေးကော်မတီ
(၄) ဘဏ္ဍာရေးကော်မတီ
(၅) ရုံးလုပ်ငန်းအဖွဲ့ တို့ဖြစ်ပါသည်။

လုပ်ငန်းကော်မတီဝင်များမှာ လုပ်ငန်းကော်မတီအလိုက် အောက်ပါအတိုင်းဖြစ်ပါသည်။

## မူဝါဒရေးရာ ကော်မတီဝင်များ

| | | |
|---|---|---|
| (၁) | ဦးအေးဖေ | ရ ဒ ဖ |
| (၂) | ဦးအေးသာအောင် | ရ ဒ ဖ |
| (၃) | နိုင်ခင်မောင် | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ |
| (၄) | နိုင်တင်ဖေ | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ |
| (၅) | နိုင်ငွေရ | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ |
| (၆) | ဦးလာလ်ဘိ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| (၇) | ဆလိုင်းလျန်မှုန်း | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| (၈) | ခွန်တင်ရွှေ | ပြည်ထောင်စု ပအိုဝ်အမျိုးသားအဖွဲ့ချုပ် |

## စည်းရုံးရေးကော်မတီဝင်များ

| | | |
|---|---|---|
| (၁) | နိုင်ငွေသိန်း | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ |
| (၂) | ခွန်တင်ရွှေ | ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ် |
| (၃) | ဦးမောင်ခိုင် | တအောင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| (၄) | ဦးဘကျော် | ရ ဒ ဖ |

## ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကော်မတီဝင်များ

| | | |
|---|---|---|
| (၁) | ဦးသာဘန်း | ရ ဒ ဖ |
| (၂) | ဦးအေးသာအောင် | ရ ဒ ဖ |
| (၃) | ဦမောင်ဆာ | တအောင် (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |

(၄) မင်းကိုသာ — မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
(၅) ဆလိုင်း ဝိုင်ဆာ့ဒ် — ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

## ဘဏ္ဍာရေးကော်မတီဝင်များ

(၁) ဦးစီကေတိုက်ကွဲလ် — ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂) နိုင်အောင်မြင့် — မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့
(၃) ဦးကျော်ရပ် — ချင်းအဖွဲ့ချုပ်

## ရုံးလုပ်ငန်းအဖွဲ့

(၁) ဦးအေးဖေ — ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
(၂) နိုင်ငွေရ — မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
(၃) ဒေါက်တာအောင်တင်ဦး — ကရင်ပြည်နယ်အမျိုးသားအဖွဲ့ချုပ်
(၄) မိုင်နီနီအောင် — ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အဖွဲ့ချုပ်အနေဖြင့် အဖွဲ့ချုပ်၏လုပ်ငန်းများကို သဘာပတိအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိရာတွင် တပတ်တခါ သောကြာနေ့တိုင်း ပုံမှန်အစည်းအဝေးများ ပြုလုပ်ခြင်း၊ လိုအပ်သလို အရေးပေါ်အစည်းအဝေးများ၊ အထူးအစည်းအဝေးများပြုလုပ်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အခြား နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် အဖွဲ့ချုပ်ရုံးခန်း၌ တွေ့ဆုံဆွေးနွေးခြင်း၊ ထိုပါတီအဖွဲ့အစည်းများထံ ကိုယ်စားလှယ်များ စေလွှတ်ဆွေးနွေးခြင်းများကို တာဝန်ကျ အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များက ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆွေးနွေးညှိနှိုင်းရာတွင် ...

- အဖွဲ့၏ အရေးအရာကိစ္စများ
- အဖွဲ့ချုပ်ဝင် အဖွဲ့အစည်း ပါတီတခုချင်း အရေးအရာကိစ္စများ
- အခြားနိုင်ငံအရေးအရာကိစ္စရပ်များကို စွမ်းအားရှိသမျှ ကျေပွန်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

## လုပ်ငန်းကော်မတီအလိုက်အစီရင်ခံစာ

### ၁။ မူဝါဒရေးရာကော်မတီ

မူဝါဒရေးရာကော်မတီကို သဘာပတိအဖွဲ့ဝင်များမှ ပုဂ္ဂိုလ်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များမှ ပုဂ္ဂိုလ်များ၊ လုပ်ငန်းကော်မတီဝင်များမှ ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းထားပြီး၊ အဖွဲ့ချုပ်၏ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ မူဝါဒရေးရာကော်မတီအနေဖြင့် အဖွဲ့ချုပ်အတွက် အရေးကြီးသော မူဝါဒရေးရာ လုပ်ငန်းများဖြစ်သည့် …

(က) ပြည်ထောင်စုမူရေးဆွဲခြင်း၊
(ခ) အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်း ပြင်ဆင်ရေးဆွဲခြင်း၊
(ဂ) မျက်မှောက်ကာလ စည်းရုံးရေးမူဝါဒ ထုတ်ပြန်ခြင်း၊
(ဃ) အဖွဲ့ချုပ်၏ ရပ်တည်ချက်သဘောထား ထုတ်ပြန်ခြင်း၊

စသည်တို့အပြင် အဖွဲ့ချုပ်၏ အလှည့်ကျသဘာပတိအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့တို့မှ အခါအားလျော်စွာ ထုတ်ပြန်သော သဘောထားကျေညာချက်များ၊ အကြံပြုချက်များနှင့် တခြားပါတီအဖွဲ့စည်းများမှ ပေးပို့သော စာတမ်းများအပေါ် အဖွဲ့ချုပ်၏မူဝါဒနှင့် ကိုက်ညီ မညီ စီစစ်ပြီး ထုတ်ပြန်ပေးပါသည်။

### (က) ပြည်ထောင်စုမူရေးဆွဲခြင်း

အဖွဲ့ချုပ်၏ မူဝါဒရေးရာ ကော်မတီအနေဖြင့် နောင် အနာဂါတ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို စစ်မှန်သော ပြည်ထောင်စုတခု တည်ဆောက်နိုင်ရန်အတွက် ပြည်ထောင်စုမူတခု ရေးဆွဲခဲ့ပါသည်။ ဤသို့ရေးဆွဲရာတွင် အောက်ပါအခြေခံမူ (၁၅)ချက်ကို အခြေခံထား၍ ရေးဆွဲခဲ့ပါသည်။

အခြေခံမူ ၁၅ ချက် …

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်**
**အနာဂါတ်ပြည်ထောင်စု၏ အခြေခံမူများ**

(၁) အချုပ်အခြာအာဏာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်သာ တည်ရမည်။
(၂) ပြည်ထောင်စုအချုပ်အခြာအာဏာသည် ပြည်ထောင်စုတိုင်းရင်းသားများ ဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင် အစရှိသည့် တိုင်းရင်းသားပြည်သူများမှ ဆင်းသက်ရမည်။

(၃) အချုပ်အခြာအာဏာကို လက်နက်ဖြင့် အကြမ်းဖက်ရယူခြင်းမပြုရ၊ တပါတီအာဏာရှင်စနစ်နှင့် မည်သည့်အာဏာရှင်စနစ်မျိုးထံတွင်မှ အချုပ်အခြာအာဏာ မတည်စေရ၊

(၄) ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် ကြီး၊ ငယ်၊ နည်း၊ များ မဟူ တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို တရားမျှတစွာ စီမံခန့်ခွဲသော ကရိယာတန်ဆာပလာသာ ဖြစ်ရမည်။

(၅) လူ့ဘဝတန်ဘိုးရှိရေးနှင့် လူ့သိက္ခာမြင့်မားရေးအတွက် တိုင်းရင်းသားလူမျိုးများ အားလုံးအတွင်းတွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရမည်။

(၆) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများအားလုံးသည် နိုင်ငံရေးတန်းတူညီမျှမှု၊ စီးပွားရေးအခွင့်အလမ်းညီမျှမှု၊ လူမှုရေးတန်းတူညီမျှမှု၊ လူ့အခွင့်အရေးတန်းတူညီမျှမှုနှင့် ဒီမိုကရေစီရေးတန်းတူညီမျှမှု ရှိရမည်။

(၇) တန်းတူညီမျှမှု အခွင့်အရေးများသည် သူတောင်းစား၏ ခွက်ထဲသို့ ပစ်ချခံရသည့် အသပြာကြေးပြားကဲ့သို့ ကျရောက်လာမည့် စွန့်ကြဲမှုမျိုး မဖြစ်စေရ၊ တိုင်းရင်းသားများ အချင်းချင်း အပေးအယူ ကြည်ဖြူမှုတစွာ ဆွေးနွေးညှိနှိုင်း၍ ခံစားအပ်သော အရာသာ ဖြစ်ရမည်။

(၈) ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများအားလုံး၏ နယ်မြေဒေသကို ပေါင်းစပ်ဖွဲ့စည်းထားသော နယ်နိမိတ်အပိုင်းအခြားရှိသည့် နိုင်ငံအဖြစ် အသိအမှတ်ပြုရမည်။

(၉) နိုင်ငံတကာရေးရာနယ်ပယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် တိုင်းရင်းသား လူမျိုးများအားလုံးကို ကိုယ်စားပြုရမည်။

(၁၀) ပြည်ထောင်စုမြန်မာနိုင်ငံကို နိုင်ငံရေးအရ တန်းတူညီမျှသော တိုင်းရင်းသား လူမျိုးများ၏ ပြည်ထောင်စုပြည်နယ်များဖြင့် ဖွဲ့စည်းထားသည်ဟု ခံယူသည်။

(၁၁) ထိုသို့ စုစည်းပေါင်းစပ် ဖွဲ့စည်းထားသော ပြည်ထောင်စုကို ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲရမည်။

(၁၂) ပြည်ထောင်စုအစိုးရနှင့် အစိုးရအာဏာခွဲဝေရေးကို အပေးအယူ ကြည်ဖြူမှုတစွာ နှင့် ယထာဘူတကျကျ ညှိနှိုင်းသက်မှတ်ရမည်။

(၁၃) ပြည်ထောင်စုအစိုးရတွင်သော်လည်းကောင်း၊ ပြည်နယ်အစိုးရတွင်သော် လည်းကောင်း၊ အခြား အာဏာပိုင်အဖွဲ့အစည်းများတွင်သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများအားလုံး သင့်တင့်မျှတသော ကိုယ်စားလှယ်များ ပါဝင်ခွင့် အခြေအနေ ပြည့်စုံစွာ ဖန်တီးပေးရမည်။ ဤကိစ္စအတွက် ပြည်ထောင်စုဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေတွင်သော်လည်းကောင်း၊ ပြည်နယ်များ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်သော်လည်းကောင်း၊ ပြဌာန်းပေးရမည်။

(၁၄) ပြည်ထောင်စုအစိုးရအနေဖြင့်သော်လည်းကောင်း၊ ပြည်နယ်အစိုးရအနေဖြင့် သော်လည်းကောင်း၊ အုပ်ချုပ်ရာတွင် ဥပဒေကအုပ်ချုပ်သောစနစ် (**Rule of Law**) ဖြစ်စေ၍ လူပုဂ္ဂိုလ်၏ဆန္ဒသဘောအရ အုပ်ချုပ်သောစနစ် (**Rule of Men**) မဖြစ်စေရ၊

(၁၅) ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် တရားမျှတ၍ ငြိမ်းချမ်းသောနည်းဖြင့်သာ တည်ဆောက်နိုင်မည်ဟုခံယူသည်။ လက်ရှိကမ္ဘာ့ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအရလည်းကောင်း၊ အခြားသော နည်းလမ်းများဖြင့် ဆောင်ရွက်မှုမှာ အောင်မြင်လိမ့်မည်ဟု မယုံကြည်ပါ။ ဤ နည်းလမ်းသာ အသင့်လျော်ဆုံးဟု ယုံကြည်သည်။

မူဝါဒရေးရာ ကော်မတီအနေဖြင့် အစည်းအဝေးများ (၅)ကြိမ်တိုင်ခေါ်ယူကျင်းပပြီး ဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့ ကျင်းပဆွေးနွေးရာတွင် အနာဂါတ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတွက် ...

(၁) ကချင်အမျိုးသားဒီမိုကရေစီပါတီ ဌာနချုပ်မှပေးပို့သော ဖွဲ့စည်းပုံရေးဆွဲရာတွင် အခြေခံရမည့်မူဝါဒများကိုငင်း။
(၂) မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
(၃) ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ်
(၄) ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ်

တို့မှ တင်ပြသော တတိယမြန်မာနိုင်ငံတော်သို့ စာတမ်းများကို မူဝါဒရေးရာအဖွဲ့၏ အမြင်နှင့် ပေါင်းစပ်ပြီးရေးဆွဲထားပါသည်။

ထိုသို့ရေးဆွဲရာတွင် ကိုးကားထားသော စာအုပ်များမှာ ...

(၁) ဖဆပလ အဖွဲ့ချုပ်၏ ပဏာမပြင်ဆင်မှု ညီလာခံမှတ်တမ်း။
(၂) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ
(၃) ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ
(၄) ဦးထွန်းမြင့်၏ တန်းတူသောရှမ်းပြည်
(၅) အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

စသော စာအုပ်စာတမ်းများကို မှီငြမ်းပြီး ရေးသားပြုစုတင်ပြထားပါသည်။

ရေးဆွဲပြီးသောမူကြမ်းကို ပထမအဆင့်အနေဖြင့် အဖွဲ့ချုပ်ဝင်ပါတီအဖွဲ့အစည်းများကို ပေးပို့အကြံဉာဏ်တောင်းခံရန်၊ ဒုတိယ ... အဖွဲ့ချုပ်ဝင်မဟုတ်သော အခြားတိုင်းရင်းသားလူမျိုးစုပါတီများထံမှ အကြံဉာဏ်ရယူရန်၊ တတိယ ... အခြား နိုင်ငံရေးပါတီအဖွဲ့အစည်း၊ အဖွဲ့ချုပ်၊ တပ်ပေါင်းစုများနှင့် ညှိနှိုင်းရန် ဆုံးဖြတ်ချက် ချမှတ်ထားပါသည်။ ပြီးနောက် နိုဝင်ဘာလတွင် ကျင်းပမည့် သဘာပတိ စုံညီအစည်းအဝေးတွင် တင်ပြပြီး အတည်ပြုချက် ရယူပါမည်။ ထို့နောက် အတည်ပြုပြီးသော မူကြမ်းကို ဖေဖော်ဝါရီလလောက်တွင် ကျင်းပမည့် လူမျိုးစုညီလာခံနှင့် နိုင်ငံလုံးဆိုင်ရာ အမျိုးသားညီလာခံတို့တွင် တင်ပြရန် စီစဉ်ထားပါသည်။

## (ခ) အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်း ပြင်ဆင်ရေးဆွဲခြင်း

မှတ်ချက်။ ။ အသေးစိတ်ရှင်းလင်းချက်ကို အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်း ထားပါသည်။

## (ဂ) မျက်မှောက်ကာလ စည်းရုံးရေးမူဝါဒထုတ်ပြန်ခြင်း (အတိုချုပ်ရှင်းလင်းချက်)

မျက်မှောက်ကာလအခြေအနေသည် "အမျိုးသားဒီမိုကရေစီတော်လှန်ရေးကာလ" ဖြစ်ပေသည်။ ဤကာလသည် တိုင်းရင်းသားလူမျိုးများအတွက် ဒုတိယပင်လုံကာလ ဖြစ်သည်။ ပဌမပင်လုံကာလသည် ဗိုလ်ချုပ်အောင်ဆန်းဦးစီး၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်သောကာလ၊ ဒုတိယပင်လုံကာလသည် တိုင်းရင်းသားလူမျိုးများစုပေါင်း၍ စည်းလုံးမှု ညီညွတ်မှုကို တည်ဆောက်သောကာလ၊ စစ်မှန်သော ပြည်ထောင်စုဖော်ထုတ်ရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့အတွက် တိုင်းရင်းသားများ ဝိုင်းဝန်းကြိုးပမ်းသောကာလဖြစ်ပေသည်။

ဤသို့ကြိုးပမ်းရာ၌ ဒီမိုကရေစီရေးနှင့် အမျိုးသားရေးကို တပြိုင်တည်း ဖော်ထုတ်ရင်း၊ ရဟန်းရှင်လူပြည်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အလုပ်သမားများ၊ လယ်သမားများနှင့် ကျောင်းသားလူငယ်များ စသည့် လူတန်းစားပေါင်းစုံ အလွှာ ပေါင်းစုံကို စည်းရုံး၍ စည်းရုံးမိသောအားဖြင့် အမျိုးသားရေးနှင့် ဒီမိုကရေစီရေးကို ဖော်ထုတ်တိုက်ပွဲဝင်ကြရပေမည်။

မိမိအင်အားကို စုစည်းနိုင်ရန် တပါတီအာဏာရှင်စနစ်နှင့် အခြားအာဏာရှင်စနစ်အမျိုးမျိုးသို့ ဦးတည်သော အခြေအနေများကို တိုက်ခိုက်ရင်း မိမိအင်အားကို ပြိုကွဲစေမည့် အတွင်းပဋိပက္ခများ အစွန်းရောက်မှုများကို ရှောင်ရှားကြရပေမည်။

မိမိအင်အားကို စုစည်းရာတွင် လူတန်းစားကို အခြေခံသော စည်းရုံးရေးပုံသဏ္ဌာန်မဖြစ်စေဘဲ အမျိုးသားရေးကိုအခြေခံသော စည်းရုံးရေးပုံသဏ္ဌာန်ဖြစ်ရပါမည်။

## (ဃ) အဖွဲ့ချုပ်၏ရပ်တည်ချက်သဘောထားထုတ်ပြန်ခြင်း (အတိုချုပ်ရှင်းလင်းချက်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေး တန်းတူရည်တူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များကို ပေါင်းစပ်လျက် စစ်မှန်သောပြည်ထောင်စုဖွဲ့စည်းနိုင်ရေး မဟာဗျူဟာရပ်တည်ချက်သည်ကား "ဒီမိုကရေစီတိုက်ပွဲတွင် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရန်အတွက် တပြိုင်တည်း ဆက်စပ်တိုက်ပွဲဝင်ရေး" ပင် ဖြစ်သည်။

ကျွန်ုပ်တို့ တိုင်းရင်းသားများ ဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည်တို့သည် ဗမာလူမျိုးများကဲ့သို့ပင် တချိန်က လွတ်လွတ်လပ်လပ် ကိုယ်ပိုင်အုပ်ချုပ်လျက် ထီးပြိုင်နန်းပြိုင် ပဒေသရာဇ်နိုင်ငံများ ထူထောင်၍ နေထိုင်ခဲ့ကြသည်။ နယ်ချဲ့တို့လက်အောက်သို့ ကျရောက်သွားသောအခါ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ အမျိုးသားလွတ်မြောက်ရေး

တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်ခဲ့ကြရခြင်းသည်လည်း၊ မိမိတို့၏ လွတ်လပ်ရေးနှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ကို မြတ်နိုးခြင်းကြောင့် ဖြစ်သည်။

သို့သော် လွတ်လပ်ရေးရပြီးသောအခါ တိုင်းရင်းသားလူမျိုးများ၏ မျှော်မှန်းချက်များသည် မေးမှိန်သွားခဲ့ပေသည်။ ထို့ကြောင့် တိုင်းရင်းသားသွေးစည်းညီညွတ်မှုပြိုပျက်ကာ၊ လူမျိုးရေးမုန်းတီးမှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် တိုင်းရင်းသားများ သွေးစည်းရေးကို ပြန်လည်တည်ဆောက်ရန် ပြည်ထောင်စုမူတရပ်ကို ကိုယ်စားပြုကိုယ်စားလှယ်များ ဆွေးနွေးကြရာတွင် ထိုမူကို အကြောင်းပြလျက် အာဏာသိမ်းလိုက်ခြင်းကြောင့် ဒီမိုကရေစီအခွင့်အရေးများနှင့် စစ်မှန်သောပြည်ထောင်စုအနှစ်သာရ သည်လည်း ပျောက်ကွယ်ခဲ့ရပေသည်။ ဤကဲ့သို့ တစ်ပါတီအာဏာရှင်စနစ်နှင့် တပြည်ထောင် အုပ်စိုးမှုစနစ်ဆိုးကို နည်းမျိုးစုံနှင့် ဆန့်ကျင်တော်လှန်ခဲ့ကြသလို တော်လှန်ဆဲလည်း ဖြစ်ပေသည်။ အခြားတဘက်တွင် ကျောင်းသားများဦးဆောင်မှုဖြင့် (၈–၈–၈၈) နေ့တွင် ရဟန်းရှင်လူ တိုင်းရင်းသား ပြည်သူအပေါင်း အုံကြွတော်လှန်ခဲ့သဖြင့် တပါတီအာဏာရှင်စနစ်ပြုတ်ကြခဲ့သော်လည်း ဒီမိုကရေစီ ပွင့်လန်းရှင်သန်မှုမှာ အလှမ်းကွာနေပေသေးသည်။ ဒီမိုကရေစီအခွင့်အရေး အပြည့်အဝမရှိလျှင် တရား မျှတသော ရွေးကောက်ပွဲဟူသည် ရှိနိုင်ပါမည်လော။ တရားမျှတသော ရွေးကောက်ပွဲမဟုတ်ပါက ပြည်သူနှင့် တိုင်းပြည်အတွက် မည်သည့်အကျိုးသက်ရောက်မှုရှိနိုင်မည်နည်း။

ထို့ကြောင့် ကျွန်ုပ်တို့သည် လက်ငင်းကြုံတွေ့နေရသော အခက်အခဲများနှင့် နောင်ကြုံတွေ့ရမည့် ပြဿနာအဝဝကိုသုံးသပ်ခြင်းအားဖြင့် အမျိုးသားညီညွတ်ရေးကို တည်ဆောက်ပြီး၊ ဒီမိုကရေစီ အပြည့်အဝရရှိရေးအတွက် တိုက်ပွဲဝင်သွားရန်မှတပါး အခြားမရှိပေ။ အမျိုးသားညီညွတ်ရေးကို တိုင်းရင်းသားများတန်းတူရေးအခြေခံပေါ်တွင် တည်ဆောက်ရပေမည်။

ထို့ကြောင့် အဖွဲ့ချုပ်၏ မဟာဗျူဟာရပ်တည်ချက်ဖြစ်သော ဒီမိုကရေစီရေးတိုက်ပွဲနှင့် တိုင်းရင်းသားများတန်းတူရေး ရရှိရန်အတွက် ဆက်စပ်တိုက်ပွဲဝင်ရေးသည် အမျိုးသားညီညွတ်မှုကို တည်ထောင်ရေးနှင့် ဒီမိုကရေစီအပြည့်အဝရရှိရေး တိုက်ပွဲကို တိုက်ရေးပင် ဖြစ်သည်။

သို့ရာတွင် တိုက်ပွဲ၏နည်းဗျူဟာကို မူလလက်ရှိနိုင်ငံရေးအခြေအနေ အချိန်အခါနှင့် အလှည့်အပြောင်းကိုအခြေခံ၍ ချမှတ်ရန်နှင့် မိမိ၏အင်အားကိုလည်း ခိုင်မာအောင် စည်းရုံးသွားရန် လိုအပ်ပေသည်။ ထို့ကြောင့် အဖွဲ့ဝင်ပါတီအသီးသီးသည် မူပေါ်တွင်အခြေခံသော စည်းရုံးရေးကို တည်ဆောက်ပြီး၊ ထိုမှတဆင့် ပါတီအချင်းချင်းသည်လည်း အဖွဲ့ချုပ်၏ မူနှင့်ရပ်တည်ချက်ကိုပင် တသားတည်း ရပ်တည်လျက်၊ တဖွဲ့တပါတီကဲ့သို့ ကျစ်လစ်ခိုင်မာလာရေးအတွက် စည်းရုံးတည်ဆောက် ရမည်။ ထို့နောက် အခြားသော ဒီမိုကရေစီပါတီအဖွဲ့အစည်းများနှင့်လည်း ခိုင်မြဲသော မဟာမိတ်ဖြစ်ရေးကို ဆောင်ရွက်၍ ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားများတန်းတူရည်တူရေး တိုက်ပွဲကို ဆက်လက် ဆင်နွှဲကြ ရပေမည်။

## ၃။ အဖွဲ့ချုပ်၏ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ

### (က) ကြေညာချက်များထုတ်ပြန်ခြင်း

အဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းခြင်းမပြုမီ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းပါတီများ စတင်တွေ့ဆုံညှိနှိုင်းပွဲများကို (၄)ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် ကျင်းပသော ပဉ္စမအကြိမ်တွေ့ဆုံညှိနှိုင်းပွဲတွင် အဖွဲ့ချုပ်ကို တညီတညွတ်တည်း ဖွဲ့စည်းထူထောင်ခဲ့သည်။ အဖွဲ့ချုပ်ဖွဲ့စည်းပြီးနောက် သဘောထားကြေငြာချက်အမှတ် (၁)ကို ထုတ်ပြန်ပြီး အဖွဲ့ချုပ်တွင် ပါဝင်ခြင်းမရှိသေးသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းပါတီများကို ပါဝင်လာရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ ၁၉၈၉ ခုနှစ်၊ မတ်လ(၅)ရက်တွင် ကြေညာချက်အမှတ်(၂) အဖြစ် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ထုတ်ပြန်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ မတ်လ(၂၄)ရက်နေ့တွင် နိုင်ငံရေးအရဖမ်းဆီးထားသူများ လွှတ်ပေးရေး တောင်းဆိုချက်ကို ကြေညာချက်အမှတ် (၃) အဖြစ် ထုတ်ပြန်ခဲ့သည်။ ၁၉၈၉ ခု၊ မတ်လ(၂၇)ရက်တွင် (၄၄)ကြိမ်မြောက် ဖက်ဆစ်ဆန့်ကျင်ရေးနေ့ အထိမ်းအမှတ်ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဇွန်လ(၁၄)ရက်တွင် အတွင်းရေးမှူးအဖွဲ့၏ အစီရင်ခံစာကို ထုတ်ပြန်ပြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေး စည်းရုံးရေးခရီးတွင် တင်ပြနိုင်ရန် စီစဉ်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့တွင် အမျိုးသားနိုင်ငံရေးသို့ဦးတည်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်ထံ သဘာပတိအဖွဲ့က စာတစောင်ပေးပို့ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် (၄၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အာဇာနည်နေ့နောက်ပိုင်း တပြည်လုံးနိုင်ငံရေးအခြေအနေများတင်းမာပြီး အဖမ်းအဆီးများထူပြောလာခဲ့ရာ အဖွဲ့ချုပ်မှ န-ဝ-တ အစိုးရနှင့် နိုင်ငံရေးပါတီများအကြား ညှိနှိုင်းဖြေရှင်းရေးအတွက် အထူးကြေညာချက် တစောင်ကို ၁၉၈၉ ခုနှစ်၊ ဇူလိုင် (၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

### (ခ) သတင်းစာရှင်းလင်းပွဲ နှင့် သတင်းလွှာထုတ်ပြန်ခြင်း

အဖွဲ့ချုပ်ဖြစ်ပေါ်လာပုံ၊ အဖွဲ့ချုပ်၏ရည်မှန်းချက်များနှင့် ရပ်တည်ချက်များ အထူးသဖြင့် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေးရရှိရေးတို့အတွက် တိုင်းရင်းသားမွေးချင်းသားချင်း ညီနောင်ရင်း နိုင်ငံရေးပါတီများ မွေးဖွားခြင်း၊ ယင်းတို့၏ ညီညွတ်မှုများနှင့် အခြားဒီမိုကရေစီအင်အားစုနိုင်ငံရေးပါတီများနှင့် လက်တွဲဆောင်ရွက်မှုများကို ပြည်ပသတင်းဌာနများမှ သတင်းစာဆရာများနှင့် မြန်မာ့သတင်းစဉ်မှ သတင်းထောက်များကို ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၄)ရက်တွင် ဖိတ်ခေါ်ရှင်းလင်းတင်ပြပြီး သတင်းစာဆရာများ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။ အဖွဲ့ချုပ်၏ လှုပ်ရှားမှုသတင်းများကို အဖွဲ့ဝင်နိုင်ငံရေးအဖွဲ့အစည်းပါတီများသို့ ပုံမှန်ပေးပို့နိုင်ရေးအတွက် "တန်းတူရေး"အမည်ဖြင့် သတင်းလွှာထုတ်ပြန်ရေးကို ဆုံးဖြတ်ပြီး၊ အမှတ်စဉ် (၁) သတင်းလွှာကို ၁၉၈၉ ခုနှစ်၊ စက်တင်ဘာ (၅)ရက်နေ့က ထုတ်ဝေနိုင်ခဲ့သည်။ "တန်းတူရေး"သတင်းလွှာကို ပုံမှန် ထုတ်ပြန်နိုင်ရေးအတွက် အစီအစဉ်များကို ပြုလုပ်လျက်ရှိနေသည်။ အယ်ဒီတာအဖွဲ့ကို တာဝန်ခံအယ်ဒီတာဦးသာဘန်း(ရခိုင်)၊ နိုင်ခင်မောင်(မွန်)၊ ဆလိုင်းလျန်မှုန်း(ချင်း)၊ ဦးအေးဖေ(ရခိုင်) တို့ဖြင့် ဖွဲ့စည်းသွားသည်။

## (ဂ) ဆိုင်းဘုတ်တင်ပွဲ အခန်းအနားနှင့် ပူးတွဲလက်မှတ်ထိုးပွဲ

အဖွဲ့ချုပ်ကို ဖွဲ့စည်းထူထောင်ပြီးနောက် ယာယီ ရုံးခန်းကို ဗဟန်းမြို့နယ် အမှတ် (ဂ/၁) လမ်းရှိ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ ရန်ကုန်ဌာနချုပ်ခွဲရုံး၌ ဖွင့်လှစ်ထားခဲ့သည်။ ထိုမှတဆင့် ရခိုင် ဒီမိုကရေစီ အဖွဲ့ချုပ်ရုံးတည်ရာ ကျောက်တံတားမြို့နယ် အမှတ် ၃၉၃ (ပထမထပ်) ဗိုလ်အောင်ကျော်လမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ အဖွဲ့ချုပ်ဆိုင်းဘုတ်တင်ပွဲအခန်းအနားနှင့် အဖွဲ့ချုပ်ဝင် တိုင်းရင်းသား နိုင်ငံရေးအဖွဲ့အစည်းပါတီများ ပူးတွဲလက်မှတ်ရေးထိုးပွဲကို ၁၉၈၉ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့ နံနက် (၉း၀၀)နာရီတွင် ပြုလုပ်ခဲ့သည်။ ထိုအခန်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဌ သူရဦးတင်ဦး၊ အမျိုးသားပြန်လည်တည်ဆောက်ရေးဒီမိုကရေစီတပ်ပေါင်းစု ဥက္ကဌ ဝိဇ္ဇုရ သခင်ချစ်မောင်၊ ဒီမိုကရေစီ မဟာမိတ်များအဖွဲ့ချုပ်မှ ဒုတိယဥက္ကဌ ဒေါက်တာမောင်မောင်ကျော်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဒီမိုကရေစီတပ်ပေါင်းစုမှ ပါမောက္ခဟောင်း ဦးလှအောင်တို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး၊ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအဖွဲ့ချုပ်မှ ဦးဝမ်းကိုဟော တက်ရောက်သဝဏ်လွှာဖတ်ကြားသည်။

## (ဃ) အခြားနိုင်ငံရေး အဖွဲ့အစည်း ပါတီများနှင့် ပူးပေါင်းလုပ်ဆောင်ချက်

အဖွဲ့ချုပ်သည် ပြည်နယ်ခုနစ်ခုနှင့်တကွ ပြည်ထောင်စုအတွင်းရှိ ကျန်တိုင်းအချို့မှ တိုင်းရင်းသားလူမျိုးများကို အခြေခံကာ ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားများတန်းတူရည်တူ အခွင့်အရေးများရရှိရေးအတွက် နိုင်ငံရေးအရ လှုပ်ရှားဆောင်ရွက်ရန် ဖွဲ့စည်းထားသော နိုင်ငံရေး အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် ဖိနှိပ်ချုပ်ချယ်မှုများ၊ လူ့အခွင့်အရေးပိတ်ပင်မှုများ၊ ဒီမိုကရေစီ အခွင့်အရေးများ ရုတ်သိမ်းခံနေရသူများကို ဒီမိုကရေစီအင်အားစုဝင် အခြား နိုင်ငံရေးအဖွဲ့အစည်း ပါတီများနှင့် ပူးတွဲတောင်းဆိုမှုများ၊ ဆန့်ကျင်ကန့်ကွက်မှုများကို ပြုလုပ်ခဲ့သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ခဲ့သော ပြည်သူ့လွှတ်တော် ဥပဒေမူကြမ်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တကွ အခြား နိုင်ငံရေးအဖွဲ့အစည်း ပါတီများနှင့် ပူးတွဲကာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကြမ်းအတွက် လိုအပ်သည့် အကြံပြုချက်များကို ပေးပို့ခဲ့သည်။ အဖွဲ့ချုပ်အနေဖြင့်လည်း သီးခြားအကြံပြုချက်တရပ်ကို ပေးပို့ခဲ့သည်။ အဖွဲ့ချုပ်၏ အကြံပြုချက်တွင် တိုင်းရင်းသားလူမျိုးများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေရေးဆွဲရာတွင် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေး ရရှိရေးကို ဦးတည်ကာ "ပြည်နယ်ခုနစ်ခုကို အခြေခံ၍ သင့်တော်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဗမာ တိုင်းရင်းသားများ အများစုနေထိုင်ရာဒေသမှ သင့်တော်ညီမျှသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များ အချိုးကျဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲပိုင်ခွင့် အာဏာရှိသော အဖွဲ့အစည်းတရပ်ကို ဖွဲ့စည်းရမည်။ ထိုအဖွဲ့မှ ရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပင်လုံညီလာခံကဲ့သို့သော အမျိုးသားညီလာခံကြီးဖြင့် အတည်ပြုရမည်" ဟူ၍ အကြံပြုခဲ့သည်။

## ဒီ/ငြိမ်း အဖွဲ့နှင့် ညှိနှိုင်းခြင်း

နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးနု နာယကအဖြစ်ဆောင်ရွက်သော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အဖွဲ့ချုပ်မှ ဖိတ်ကြားချက်အရ အဖွဲ့ချုပ်၏ ရန်ကုန်တွင် ရှိနေသော အဖွဲ့ဝင် နိုင်ငံရေးအဖွဲ့အစည်းပါတီများမှ ကိုယ်စားလှယ်များသည် ၁၉၈၉ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့တွင် ဦးနုနေအိမ်သို့ သွားရောက်ပြီး ညှိနှိုင်း ဆွေးနွေးကြသည်။ ဒုတိယအကြိမ်အဖြစ် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်ရုံးသို့ သွားရောက်ပြီး ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲများတွင် ဦးနုက ခွဲထွက်ခွင့် မပါသော ဖယ်ဒရယ်မူကို မိမိထောက်ခံကြောင်း၊ လူမျိုးစုများက ဇမာကို ပြည်နယ်တခု သတ်မှတ်မည် ဆိုကလည်း သက်မှတ်နိုင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ အဖွဲ့ချုပ်မှလည်း မိမိတို့သည် ဒီမိုကရေစီရေး နှင့် အတူ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ အခွင့်အရေး ရရှိရေးကို တပြိုင်တည်းလုပ်ဆောင်သွားရန် ဆုံးဖြတ်သံဓိဌာန်ချသွားကြောင်း တင်ပြခဲ့သည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်ညှိနှိုင်းခြင်း

အဖွဲ့ချုပ်သဘာပတိအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များ နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေးရရှိရေးတို့အပေါ် အခြေခံကာ ဆွေးနွေးပွဲတရပ်ကို အဖွဲ့ချုပ်ရုံးတည်ရာ ကျောက်တံတားမြို့နယ်၊ အမှတ် (၃၉၃) (ပထမထပ်) ဗိုလ်အောင်ကျော်လမ်းတွင် ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့၊ နေ့လည် (၂) နာရီတွင် ကျင်းပခဲ့သည်။

ထိုဆွေးနွေးပွဲတွင် အဖွဲ့ချုပ်မှ တိုင်းရင်းသားလူမျိုးများသည် ယခုဒီမိုကရေစီတိုက်ပွဲနှင့်အတူ တိုင်းရင်းသားလူမျိုးများ၏ တန်းတူရည်တူအခွင့်အရေးနှင့် ကိုယ်ပိုင်အခွင့်အရေးသည် တပြိုင်တည်း လုပ်ရမည့်လုပ်ငန်းဖြစ်သည်ဟု တင်ပြခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က တင်ပြရာတွင် မိမိတို့နှင့် တိုင်းရင်းသားလူမျိုးများ၏ လိုအပ်သည့်ဆန္ဒများမှာ အငြင်းပွားစရာ တစုံတရာမျှမရှိ၊ လုပ်ငန်းအရ အကောင်အထည်ဖော်ရန်သာလိုသည်။ တိုင်းရင်းသားလူမျိုးများအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့ ပူးပေါင်းပြီး၊ အခြားစိတ်ဝင်စားသူများအပါအဝင်ဖြင့် လုပ်ငန်းကော်မတီတရပ်ဖွဲ့စည်းကာ အနာဂါတ်ပြည်ထောင်စုအတွက် ယခုကပင် စတင်အကောင်အထည်ဖော်ရန် လိုအပ်သည်။ အကယ်၍ တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်လာခဲ့လျှင် အခြားအမတ်ကိစ္စများကို နားလည်မှုယူနိုင်ရန် နောင်တွင် ဖွဲ့စည်းမည့် အစိုးရအဖွဲ့ အင်အားရှိဖို့ အလွန်အရေးကြီးသည်။ သို့မှသာ ပြဿနာအားလုံးကို ဖြေရှင်း နိုင်မည် စသဖြင့်တင်ပြသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ခံနေရပြီးနောက် မည်သည့် ဆွေးနွေးချက်ကိုမျှ အကောင်အထည်မဖော်နိုင်သော အခြေအနေမျိုးဖြစ်နေသည်။

## ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ်နှင့်ညှိနှိုင်းခြင်း

အဖွဲ့ချုပ်နှင့် ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ်တို့၏ ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရေး ကိစ္စရပ်များကို ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်တွင် အဖွဲ့ချုပ်ရုံးခန်း၌ ကျင်းပခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရာတွင် ထားသင့်သော မူဝါဒသဘောထား

အခြေခံများနှင့် တူညီသောလုပ်ငန်းများကို ပူးတွဲလုပ်ဆောင်ရေးနှင့်ပတ်သက်ပြီး ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးများ၏ထာဝရသွေးစည်းညီညွတ်ရေးကို ရှေ့ရှု၍ ကိုယ်ပိုင် ဆုံးဖြတ်ခွင့်ကို အပြည့်အဝကျင့်သုံးရန်နှင့် တန်းတူရေးကိုရှေ့ရှု၍ ပြည်နယ်သစ်တို့ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သစ်ကို ထူထောင်ရန် သဘောတူကြသည် စသည်ဖြင့်ပူးတွဲဖော်ပြသည်။

## ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီနှင့် ညှိနှိုင်းခြင်း

ဗိုလ်မှူးချုပ်ဟောင်း ဦးအောင်ကြီး နာယကအဖြစ် ဦးဆောင်သော ပြည်ထောင်စု အမျိုးသား များဒီမိုကရေစီပါတီနှင့် အဖွဲ့ချုပ်တို့၏ညှိနှိုင်းဆွေးနွေးပွဲတရပ်ကို ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် ကျင်းပခဲ့သည်။ နိုင်ငံရေးလွတ်လပ်ခွင့်၊ စီးပွားရေးလွတ်လပ်ခွင့်၊ လူမျိုးရေးလွတ်လပ်ခွင့်များကို မိမိတို့ လိုလားကြောင်း ဦးအောင်ကြီးမှ အကျယ်တဝင့် တင်ပြသည်။ အဖွဲ့ချုပ်ကိုယ်စားလှယ်များ ကလည်း မိမိတို့သည် ဒီမိုကရေစီရေးနှင့်အတူ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပါအဝင် တန်းတူ ရည်တူရေးကို တပြိုင်နက်တည်း ဖေါ်ဆောင်ကြရန် ကြိုးပမ်းနေကြကြောင်း ထိုသို့တင်ပြသည်။

## ၄။ ရုံးလုပ်ငန်းအဖွဲ့

(၁) ဝင်စာထွက်စာများလက်ခံခြင်း၊ ဖိုင်တွဲသိမ်းဆည်းခြင်း၊ မှတ်တမ်းစာအုပ်တွင် စာရင်းသွင်း မှတ်တမ်းထားခြင်း။

(၂) ပေးစာ ပြန်စာများပို့ခြင်း။ အဖွဲ့ချုပ်ဝင်ပါတီများ၏ ဝင်စာများကို လိုအပ်သလို ပြန်စာပေးပို့ခြင်း။ အခြားပါတီအဖွဲ့အစည်းများမှ ဝင်စာများကို လိုအပ်သလို ပြန်စာပေးပို့ခြင်း။ အဖွဲ့ချုပ်မှ အဖွဲ့ဝင်ပါတီများနှင့် တခြားပါတီအဖွဲ့အစည်းများသို့ ပို့စာများပေးပို့ခြင်း။

(၃) အဖွဲ့ချုပ်၏ (သဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ အစည်းအဝေး) မူဝါဒရေးရာ ကော်မတီ၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ကော်မတီတို့မှ ညွှန်ကြားချက်များ၊ ဆုံးဖြတ်ချက်များ၊ သဘောထား ကျေညာချက်များ ရိုက်နှိပ်ဖြန့်ဝေခြင်း။

(၄) မှတ်တမ်းမှတ်ရာများသိမ်းဆည်းထားခြင်း။

စသည့်လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။

## အကောင်အထည်ဖော်လျက်ရှိသော ရှေ့လုပ်ငန်းစဉ်များ

(၁) ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးစည်းရုံးရေးခရိုးစဉ်မှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရန် –

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်မှ လမ်းညွှန်မူဝါဒအဖြစ် ကိုင်စွဲမည့် "ပြည်ထောင်စုမူတစ်ခု" ကို ရေးဆွဲရန် အားလုံးသဘောတူဆုံးဖြတ်ပါသည်။

(ခ) ထိုလမ်းညွှန်မူဝါဒကို ရေးဆွဲရန် သဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့က ညှိနှိုင်းပြီး သင့်တော်သောပုဂ္ဂိုလ်များ၊ အသိပညာရှင် အတတ်ပညာရှင်များကို ဖိတ်ခေါ်ပြီး ရေးဆွဲစေရမည်။

(ဂ) ပြည်နယ်ရေးရာနှင့်ပတ်သက်သော မူဝါဒများကိုရေးဆွဲရာ၌ သက်ဆိုင်ရာပြည်နယ်အသီးသီးမှ အဖွဲ့ချုပ်ဝင်နိုင်ငံရေးပါတီ အဖွဲ့အစည်းကိုယ်စားလှယ်များ ပါဝင်ရေးဆွဲစေရမည်။

(၂) အဖွဲ့ချုပ်ပိုင်စာစောင်တစ်ခုထုတ်ရန်။

၎င်းအတွက် အယ်ဒီတာအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးပြီး ဆောင်ရွက်ရန် ကြိုးပမ်းနေပါသည်။ အဖွဲ့ချုပ်ဝင်ပါတီများသည် မိမိတို့ဆန္ဒရှိရာဒီမိုကရေစီရေးနှင့် တိုင်းရင်းသား အရေးများဆိုင်ရာ ဆောင်းပါး၊ ကဗျာစသည်များနှင့် အကြံဉာဏ်များပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

# အခန်း (၂)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ၏ လုပ်ရှားမှုများ (အကျဉ်း)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ စတင်ဖွဲ့စည်းသည့်အချိန်မှ ပထမအကြိမ် သဘာပတိ စုံညီအစည်းအဝေး ကျင်းပသည့် (၂၁ – ၁၁ –၈၉) ကာလအထိ လုပ်ရှားမှုများ (အကျဉ်းချုပ်)ကို ထိုညီလာခံတွင် အတွင်းရေးမှူးအဖွဲ့၏ ရုံးလုပ်ငန်း တာဝန်ခံများ ဖြစ်ကြသော ဒေါက်တာ အောင်တင်ဦး (ကရင်)နှင့် နိုင်အောင်မြင့် (မွန်) တို့၏ အစီရင်ခံစာအတိုင်း တင်ပြအပ်ပါသည်။

## ပြည်ထောင်စုတိုင်ရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်မြို့

## <u>လုပ်ငန်းအဖွဲ့အစီရင်ခံစာ</u>

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ယခုအခါ အဖွဲ့ဝင်တိုင်းရင်းသား လူမျိုးစုပါတီပေါင်း (၂၀)ဖြင့် ပူးပေါင်းဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့ဝင်ပါတီများမှာ –

၁။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊
၂။ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့၊
၃။ တအောင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့၊
၄။ ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ်၊
၅။ ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊
၆။ ကယားပြည်နယ် လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ်၊
၇။ ရှမ်းပြည်တိုင်းရင်းသား လူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်၊
၈။ ရခိုင်အမျိုးသား လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးအဖွဲ့၊
၉။ ဇိုမီးအမျိုးသားကွန်ဂရက်၊
၁၀။ တောင်သူလယ်သမား ကဒူးကနန်းနှင့် ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊
၁၁။ ပြည်ထောင်စု ဓနုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊

၁၂။ ပြည်ထောင်စု ပအိုဝ်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊
၁၃။ တောင်ပိုင်းချင်းဒီမိုကရေစီပါတီ၊
၁၄။ ကချင်အမျိုးသားလုံးဆိုင်ရာ ကွန်ဂရက်၊
၁၅။ မြို (ခေါ်) ခမီအမျိုးသား ညီညွတ်ရေးအဖွဲ့၊
၁၆။ တောင်တန်းသားများ ဒီမိုကရက်တစ်ပါတီ၊
၁၇။ ကယန်းအမျိုးသား စည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့၊
၁၈။ ကချင်အမျိုးသား ဒီမိုကရက်တစ်ပါတီ၊
၁၉။ အင်းအမျိုးသားအဖွဲ့ချုပ်၊
၂၀။ ရခိုင်အမျိုးသား လူမှုဘဝမြှင့်တင်ရေးအဖွဲ့ (မရမာကြီး ) တို့ဖြစ်ကြပါသည်။

အဖွဲ့ချုပ်ကို သဘာပတိအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့၊ လုပ်ငန်းကော်မတီများဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့ချုပ်၏ လုပ်ငန်းများ (ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူရေးကို အခြေခံ၍) ကို ဆောင်ရွက်လျှက်ရှိပါသည်။

## သဘာပတိအဖွဲ့

သဘာပတိအဖွဲ့ကို အဖွဲ့ချုပ်ဝင်ပါတီများမှ ပေးပို့သော သဘာပတိအဖွဲ့ဝင် (၁)ဦးစီနှင့် ဖွဲ့စည်းထားပါသည်။ ယခုလက်ရှိ အဖွဲ့ချုပ်ဝင်ပါတီ (၂၀) ရှိလာပြီဖြစ်၍ သဘာပတိအဖွဲ့ဝင် (၂၀)ဦးဖြင့် ဖွဲ့စည်းထားပါသည်။

### အဖွဲ့ချုပ်၏ သဘာပတိအဖွဲ့ဝင်များ

၁။ ဦးအေးဖေ (ရဒဖ)
၂။ နိုင်ငွေသိန်း ( မွန်ဒီမိုကရေစီအဖွဲ့)
၃။ ဦးအုန်းခိုင် (တအောင်း – ပလောင်)
၄။ ဦးသန်းရှိန် (ကရင်ပြည်နယ်အမျိုးသားအဖွဲ့ချုပ်)
၅။ ဦးစီကေတိုက်ကွဲလ် (ချင်းအဖွဲ့ချုပ်)
၆။ ဦးစစ်ငွေသောင်း (ကယားအဖွဲ့ချုပ်)
၇။ ဦးလှမင်း (ရတဒဖ)
၈။ ဦးသာလူ ( ရခိုင်အမျိုးသားလူ့အခွင့်အရေး)
၉။ ဦးတာန်ထန်လျန်ပေါင် (ဇိုမီးအမျိုးသားကွန်ဂရက်)
၁၀။ ဦးသာမောင် (တောင်သူလယ်သမား ကဒူးကနန်း)
၁၁။ ဦးမြင့်ဦး (ပြည်ထောင်စုခေနု)
၁၂။ ခွန်ထွန်းလွင် (ပြည်ထောင်စုပအိုဝ်)
၁၃။ ဆလိုင်းအောင်ထွန်း (တောင်ပိုင်းချင်း)
၁၄။ ဒူးဝါး ဇော်မော် (ကချင်အမျိုးသားကွန်ဂရက်)

၁၅။ ဦးစံသာအောင် (မြို (ခ) ခမီ)
၁၆။ ဒေါက်တာဆန်းခမ္မာ (တောင်တန်းသားများ)
၁၇။ ဦးအာရ်ပီသောင်း (ကယန်း)
၁၈။ ဦးဒိန်ရတန် (ကချင်ပြည်နယ် အမျိုးသားဒီမိုကရက်တစ်)
၁၉။ ဦးရွှေလှ ( ရခိုင်အမျိုးသား လူမှုဘဝမြှင့်တင်ရေးအဖွဲ့)
၂၀။ အင်းအမျိုးသား အဖွဲ့ချုပ်မှ စာရင်းမရသေး။

မှတ်ချက်။ ။ ပထမအကြိမ် သဘာပတိ စုံညီအစည်းအဝေးတွင် အဖွဲ့ချုပ်သဘာပတိ အဖွဲ့ဝင်များထဲမှ အမြဲတမ်းသဘာပတိအဖွဲ့ကို ပြည်နယ်များကို အခြေခံ၍ အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်။

## အမြဲတမ်းသဘာပတိအဖွဲ့

ကချင်ပြည်နယ် ... ... ... ဆမားဂျော်ဖားနော်
ကယားပြည်နယ် ... ... ... စစ်ငွေသောင်း
ကရင်ပြည်နယ် ... ... ... စောသန်းရှိန်
ချင်းပြည်နယ် ... ... ... ဦးစီကေတိုက်ကွဲလ်
မွန်ပြည်နယ် ... ... ... နိုင်ငွေသိမ်း
ရခိုင်ပြည်နယ် ... ... ... ဦးအေးဖေ
ရှမ်းပြည်နယ် ... ... ... ဦးမြင့်ဦး (နောက်ပိုင်း ဦးရွှေအုံး) တို့ဖြစ်ပါသည်။

## အတွင်းရေးမှူးအဖွဲ့

အတွင်းရေးမှူးအဖွဲ့ကို ပြည်နယ် (၇)ခုအား ကိုယ်စားပြုအနေဖြင့် ဖွဲ့စည်းထားပါသည်။

ကချင်ပြည်နယ် ... ... ... ဦးဆိုင်းလိ
ကယားပြည်နယ် ... ... ... ဦးခင်မောင်ချို
ကရင်ပြည်နယ် ... ... ... ဒေါက်တာအောင်တင်ဦး
ချင်းပြည်နယ် ... ... ... ဆလိုင်းလျန်မှုန်း
မွန်ပြည်နယ် ... ... ... နိုင်အောင်မြင့်
ရခိုင်ပြည်နယ် ... ... ... ဦးအေးသာအောင်
ရှမ်းပြည်နယ် ... ... ... ခွန်တင်ရွှေ

## လုပ်ငန်းကော်မတီ

လုပ်ငန်းကော်မတီ (၅) ခုဖြင့် အဖွဲ့ချုပ်၏ လုပ်ငန်းများကို အကောင်အထည်ဖေါ် ဆောင်ရွက်လျှက်ရှိပါသည်။ ၎င်းတို့မှာ ...

(၁) မူဝါဒရေးရာကော်မတီ
(၂) စည်းရုံးရေးကော်မတီ
(၃) ပြန်ကြားဆက်သွယ်ရေးကော်မတီ
(၄) ဘဏ္ဍာရေးကော်မတီ
(၅) ရုံးလုပ်ငန်းအဖွဲ့ တို့ဖြစ်ပါသည်။

လုပ်ငန်းကော်မတီဝင်များမှာ လုပ်ငန်းကော်မတီအလိုက် အောက်ပါအတိုင်းဖြစ်ပါသည်။

## မူဝါဒရေးရာ ကော်မတီဝင်များ

| | | |
|---|---|---|
| (၁) | ဦးအေးဖေ | ရ ဒ ဖ |
| (၂) | ဦးအေးသာအောင် | ရ ဒ ဖ |
| (၃) | နိုင်ခင်မောင် | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ |
| (၄) | နိုင်တင်ဖေ | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ |
| (၅) | နိုင်ငွေရ | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ |
| (၆) | ဦးလာလ်ဘိ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| (၇) | ဆလိုင်းလျန်မှုန်း | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| (၈) | ခွန်တင်ရွှေ | ပြည်ထောင်စု ပအို့ဝ်အမျိုးသားအဖွဲ့ချုပ် |

## စည်းရုံးရေးကော်မတီဝင်များ

| | | |
|---|---|---|
| (၁) | နိုင်ငွေသိန်း | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ |
| (၂) | ခွန်တင်ရွှေ | ပြည်ထောင်စုပအို့ဝ်အမျိုးသားအဖွဲ့ချုပ် |
| (၃) | ဦးမောင်ခိုင် | တအောင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| (၄) | ဦးဘကျော် | ရ ဒ ဖ |

## ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကော်မတီဝင်များ

| | | |
|---|---|---|
| (၁) | ဦးသာဘန်း | ရ ဒ ဖ |
| (၂) | ဦးအေးသာအောင် | ရ ဒ ဖ |
| (၃) | ဦမောင်ဆာ | တအောင် (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |

(၄) မင်းကိုသာ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
(၅) ဆလိုင်း ပိုင်ဆာ့ဒ် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

## ဘဏ္ဍာရေးကော်မတီဝင်များ

(၁) ဦးစီကေတိုက်ကွဲလ် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂) နိုင်အောင်မြင့် မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့
(၃) ဦးကျော်ရပ် ချင်းအဖွဲ့ချုပ်

## ရုံးလုပ်ငန်းအဖွဲ့

(၁) ဦးအေးဖေ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
(၂) နိုင်ငွေရ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
(၃) ဒေါက်တာအောင်တင်ဦး ကရင်ပြည်နယ်အမျိုးသားအဖွဲ့ချုပ်
(၄) မိုင်နီနီအောင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အဖွဲ့ချုပ်အနေဖြင့် အဖွဲ့ချုပ်၏လုပ်ငန်းများကို သဘာပတိအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိရာတွင် တပတ်တခါ သောကြာနေ့တိုင်း ပုံမှန်အစည်းအဝေးများ ပြုလုပ်ခြင်း၊ လိုအပ်သလို အရေးပေါ်အစည်းအဝေးများ၊ အထူးအစည်းအဝေးများပြုလုပ်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အခြား နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် အဖွဲ့ချုပ်ရုံးခန်း၌ တွေ့ဆုံဆွေးနွေးခြင်း၊ ထိုပါတီအဖွဲ့အစည်းများထံ ကိုယ်စားလှယ်များ စေလွှတ်ဆွေးနွေးခြင်းများကို တာဝန်ကျ အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များက ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆွေးနွေးညှိနှိုင်းရာတွင် ...

- အဖွဲ့၏ အရေးအရာကိစ္စများ
- အဖွဲ့ချုပ်ဝင် အဖွဲ့အစည်း ပါတီတခုချင်း အရေးအရာကိစ္စများ
- အခြားနိုင်ငံအရေးအရာကိစ္စရပ်များကို စွမ်းအားရှိသမျှ ကျေပွန်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

## လုပ်ငန်းကော်မတီအလိုက်အစီရင်ခံစာ

### ၁။ မူဝါဒရေးရာကော်မတီ

မူဝါဒရေးရာကော်မတီကို သဘာပတိအဖွဲ့ဝင်များမှ ပုဂ္ဂိုလ်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များမှ ပုဂ္ဂိုလ်များ၊ လုပ်ငန်းကော်မတီဝင်များမှ ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းထားပြီး၊ အဖွဲ့ချုပ်၏ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်လျှက်ရှိပါသည်။ မူဝါဒရေးရာကော်မတီအနေဖြင့် အဖွဲ့ချုပ်အတွက် အရေးကြီးသော မူဝါဒရေးရာ လုပ်ငန်းများဖြစ်သည့် ...

(က) ပြည်ထောင်စုမူရေးဆွဲခြင်း၊
(ခ) အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်း ပြင်ဆင်ရေးဆွဲခြင်း၊
(ဂ) မျက်မှောက်ကာလ စည်းရုံးရေးမူဝါဒ ထုတ်ပြန်ခြင်း၊
(ဃ) အဖွဲ့ချုပ်၏ ရပ်တည်ချက်သဘောထား ထုတ်ပြန်ခြင်း၊

စသည်တို့အပြင် အဖွဲ့ချုပ်၏ အလှည့်ကျသဘာပတိအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့တို့မှ အခါအားလျော်စွာ ထုတ်ပြန်သော သဘောထားကျေညာချက်များ၊ အကြံပြုချက်များနှင့် တခြားပါတီအဖွဲ့စည်းများမှ ပေးပို့သော စာတမ်းများအပေါ် အဖွဲ့ချုပ်၏မူဝါဒနှင့် ကိုက်ညီ မညီ စီစစ်ပြီး ထုတ်ပြန်ပေးပါသည်။

### (က) ပြည်ထောင်စုမူရေးဆွဲခြင်း

အဖွဲ့ချုပ်၏ မူဝါဒရေးရာ ကော်မတီအနေဖြင့် နောင် အနာဂါတ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို စစ်မှန်သော ပြည်ထောင်စုတခု တည်ဆောက်နိုင်ရန်အတွက် ပြည်ထောင်စုမူတခု ရေးဆွဲခဲ့ပါသည်။ ဤသို့ရေးဆွဲရာတွင် အောက်ပါအခြေခံမူ (၁၅)ချက်ကို အခြေခံထား၍ ရေးဆွဲခဲ့ပါသည်။

အခြေခံမူ ၁၅ ချက် ...

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်**
**အနာဂါတ်ပြည်ထောင်စု၏ အခြေခံမူများ**

(၁) အချုပ်အခြာအာဏာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်သာ တည်ရမည်။
(၂) ပြည်ထောင်စုအချုပ်အခြာအာဏာသည် ပြည်ထောင်စုတိုင်းရင်းသားများဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင် အစရှိသည့် တိုင်းရင်းသားပြည်သူများမှ ဆင်းသက်ရမည်။

(၃) အချုပ်အခြာအာဏာကို လက်နက်ဖြင့် အကြမ်းဖက်ရယူခြင်းမပြုရ၊ တပါတီအာဏာရှင်စနစ်နှင့် မည်သည့်အာဏာရှင်စနစ်မျိုးထံတွင်မှ အချုပ်အခြာအာဏာမတည်စေရ၊

(၄) ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် ကြီး၊ ငယ်၊ နည်း၊ များ မဟူ တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို တရားမျှတစွာ စီမံခန့်ခွဲသော ကရိယာတန်ဆာပလာသာ ဖြစ်ရမည်။

(၅) လူ့ဘဝတန်ဘိုးရှိရေးနှင့် လူ့သိက္ခာမြင့်မားရေးအတွက် တိုင်းရင်းသားလူမျိုးများအားလုံးအတွင်းတွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရမည်။

(၆) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများအားလုံးသည် နိုင်ငံရေးတန်းတူညီမျှမှု၊ စီးပွားရေးအခွင့်အလမ်းညီမျှမှု၊ လူမှုရေးတန်းတူညီမျှမှု၊ လူ့အခွင့်အရေးတန်းတူညီမျှမှုနှင့် ဒီမိုကရေစီရေးတန်းတူညီမျှမှု ရှိရမည်။

(၇) တန်းတူညီမျှမှု အခွင့်အရေးများသည် သူတောင်းစား၏ ခွက်ထဲသို့ ပစ်ချခံရသည့် အသပြာကြေးပြားကဲ့သို့ ကျရောက်လာမည့် စွန့်ကြဲမှုမျိုး မဖြစ်စေရ၊ တိုင်းရင်းသားများ အချင်းချင်း အပေးအယူ ကြည်ဖြူမျှတစွာ ဆွေးနွေးညှိနှိုင်း၍ ခံစားအပ်သော အရာသာ ဖြစ်ရမည်။

(၈) ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများအားလုံး၏ နယ်မြေဒေသကို ပေါင်းစပ်ဖွဲ့စည်းထားသော နယ်နိမိတ်အပိုင်းအခြားရှိသည့် နိုင်ငံအဖြစ် အသိအမှတ်ပြုရမည်။

(၉) နိုင်ငံတကာရေးရာနယ်ပယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် တိုင်းရင်းသားလူမျိုးများအားလုံးကို ကိုယ်စားပြုရမည်။

(၁၀) ပြည်ထောင်စုမြန်မာနိုင်ငံကို နိုင်ငံရေးအရ တန်းတူညီမျှသော တိုင်းရင်းသားလူမျိုးများ၏ ပြည်ထောင်စုပြည်နယ်များဖြင့် ဖွဲ့စည်းထားသည်ဟု ခံယူသည်။

(၁၁) ထိုသို့ စုစည်းပေါင်းစပ် ဖွဲ့စည်းထားသော ပြည်ထောင်စုကို ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲရမည်။

(၁၂) ပြည်ထောင်စုအစိုးရနှင့် အစိုးရအာဏာခွဲဝေရေးကို အပေးအယူ ကြည်ဖြူမျှတစွာနှင့် ယထာဘူတကျကျ ညှိနှိုင်းသက်မှတ်ရမည်။

(၁၃) ပြည်ထောင်စုအစိုးရတွင်သော်လည်းကောင်း၊ ပြည်နယ်အစိုးရတွင်သော်လည်းကောင်း၊ အခြား အာဏာပိုင်အဖွဲ့အစည်းများတွင်သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများအားလုံး သင့်တင့်မျှတသော ကိုယ်စားလှယ်များ ပါဝင်ခွင့် အခြေအနေ ပြည့်စုံစွာ ဖန်တီးပေးရမည်။ ဤကိစ္စအတွက် ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်သော်လည်းကောင်း၊ ပြည်နယ်များ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်သော်လည်းကောင်း၊ ပြဋ္ဌာန်းပေးရမည်။

(၁၄) ပြည်ထောင်စုအစိုးရအနေဖြင့်သော်လည်းကောင်း၊ ပြည်နယ်အစိုးရအနေဖြင့်သော်လည်းကောင်း၊ အုပ်ချုပ်ရာတွင် ဥပဒေကအုပ်ချုပ်သောစနစ် (**Rule of Law**) ဖြစ်စေ၍ လူပုဂ္ဂိုလ်၏ဆန္ဒသဘောအရ အုပ်ချုပ်သောစနစ် (**Rule of Men**) မဖြစ်စေရ၊

(၁၅) ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် တရားမျှတ၍ ငြိမ်းချမ်းသောနည်းဖြင့်သာ တည်ဆောက်နိုင်မည်ဟုခံယူသည်။ လက်ရှိကမ္ဘာ့ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအရလည်းကောင်း၊ အခြားသော နည်းလမ်းများဖြင့် ဆောင်ရွက်မှုမှာ အောင်မြင်လိမ့်မည်ဟု မယုံကြည်ပါ။ ဤ နည်းလမ်းသာ အသင့်လျော်ဆုံးဟု ယုံကြည်သည်။

မူဝါဒရေးရာ ကော်မတီအနေဖြင့် အစည်းအဝေးများ (၅)ကြိမ်တိုင်ခေါ်ယူကျင်းပပြီး ဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့ ကျင်းပဆွေးနွေးရာတွင် အနာဂါတ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတွက် ...

(၁) ကချင်အမျိုးသားဒီမိုကရေစီပါတီ ဌာနချုပ်မှပေးပို့သော ဖွဲ့စည်းပုံရေးဆွဲရာတွင် အခြေခံရမည့်မူဝါဒများကိုင်း။
(၂) မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
(၃) ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ်
(၄) ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ်

တို့မှ တင်ပြသော တတိယမြန်မာနိုင်ငံတော်သို့ စာတမ်းများကို မူဝါဒရေးရာအဖွဲ့၏ အမြင်နှင့်ပေါင်းစပ်ပြီးရေးဆွဲထားပါသည်။

ထိုသို့ရေးဆွဲရာတွင် ကိုးကားထားသော စာအုပ်များမှာ ...

(၁) ဖဆပလ အဖွဲ့ချုပ်၏ ပဏာမပြင်ဆင်မှု ညီလာခံမှတ်တမ်း။
(၂) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ
(၃) ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ
(၄) ဦးထွန်းမြင့်၏ တန်းတူသောရှမ်းပြည်
(၅) အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

စသော စာအုပ်စာတမ်းများကို မှီငြမ်းပြီး ရေးသားပြုစုတင်ပြထားပါသည်။

ရေးဆွဲပြီးသောမူကြမ်းကို ပထမအဆင့်အနေဖြင့် အဖွဲ့ချုပ်ဝင်ပါတီအဖွဲ့အစည်းများကို ပေးပို့အကြံဉာဏ်တောင်းခံရန်၊ ဒုတိယ ... အဖွဲ့ချုပ်ဝင်မဟုတ်သော အခြားတိုင်းရင်းသားလူမျိုးစုပါတီများထံမှ အကြံဉာဏ်ရယူရန်၊ တတိယ ... အခြား နိုင်ငံရေးပါတီအဖွဲ့အစည်း၊ အဖွဲ့ချုပ်၊ တပ်ပေါင်းစုများနှင့် ညှိနှိုင်းရန် ဆုံးဖြတ်ချက် ချမှတ်ထားပါသည်။ ပြီးနောက် နိဝင်ဘာလတွင် ကျင်းပမည့် သဘာပတိ စုံညီအစည်းအဝေးတွင် တင်ပြပြီး အတည်ပြုချက် ရယူပါမည်။ ထို့နောက် အတည်ပြုပြီးသော မူကြမ်းကို ဖေဖော်ဝါရီလလောက်တွင် ကျင်းပမည့် လူမျိုးစုညီလာခံနှင့် နိုင်ငံလုံးဆိုင်ရာ အမျိုးသားညီလာခံတို့တွင် တင်ပြရန် စီစဉ်ထားပါသည်။

## (ခ) အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်း ပြင်ဆင်ရေးဆွဲခြင်း

မှတ်ချက်။ ။ အသေးစိတ်ရှင်းလင်းချက်ကို အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်း ထားပါသည်။

## (ဂ) မျက်မှောက်ကာလ စည်းရုံးရေးမူဝါဒထုတ်ပြန်ခြင်း (အတိုချုပ်ရှင်းလင်းချက်)

မျက်မှောက်ကာလအခြေအနေသည် "အမျိုးသားဒီမိုကရေစီတော်လှန်ရေးကာလ" ဖြစ်ပေသည်။ ဤကာလသည် တိုင်းရင်းသားလူမျိုးများအတွက် ဒုတိယပင်လုံကာလ ဖြစ်သည်။ ပဌမပင်လုံကာလသည် ဗိုလ်ချုပ်အောင်ဆန်းဦးစီး၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်သောကာလ၊ ဒုတိယပင်လုံကာလသည် တိုင်းရင်းသားလူမျိုးများစုပေါင်း၍ စည်းလုံးမှု ညီညွတ်မှုကို တည်ဆောက်သောကာလ၊ စစ်မှန်သော ပြည်ထောင်စုဖော်ထုတ်ရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့အတွက် တိုင်းရင်းသားများ ဝိုင်းဝန်းကြိုးပမ်းသောကာလဖြစ်ပေသည်။

ဤသို့ကြိုးပမ်းရာ၌ ဒီမိုကရေစီရေးနှင့် အမျိုးသားရေးကို တပြိုင်တည်း ဖော်ထုတ်ရင်း၊ ရဟန်းရှင်လူပြည်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အလုပ်သမားများ၊ လယ်သမားများနှင့် ကျောင်းသားလူငယ်များ စသည့် လူတန်းစားပေါင်းစုံ အလွှာ ပေါင်းစုံကို စည်းရုံး၍ စည်းရုံးမိသောအားဖြင့် အမျိုးသားရေးနှင့် ဒီမိုကရေစီရေးကို ဖော်ထုတ်တိုက်ပွဲဝင်ကြရပေမည်။

မိမိအင်အားကို စုစည်းနိုင်ရန် တပါတီအာဏာရှင်စနစ်နှင့် အခြားအာဏာရှင်စနစ်အမျိုးမျိုးသို့ ဦးတည်သော အခြေအနေများကို တိုက်ခိုက်ရင်း မိမိအင်အားကို ပြိုကွဲစေမည့် အတွင်းပဋိပက္ခများ အစွန်းရောက်မှုများကို ရှောင်ရှားကြရပေမည်။

မိမိအင်အားကို စုစည်းရာတွင် လူတန်းစားကို အခြေခံသော စည်းရုံးရေးပုံသဏ္ဍာန်မဖြစ်စေဘဲ အမျိုးသားရေးကိုအခြေခံသော စည်းရုံးရေးပုံသဏ္ဍာန်ဖြစ်ရပါမည်။

## (ဃ) အဖွဲ့ချုပ်၏ရပ်တည်ချက်သဘောထားထုတ်ပြန်ခြင်း (အတိုချုပ်ရှင်းလင်းချက်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေး တန်းတူရည်တူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များကို ပေါင်းစပ်လျက် စစ်မှန်သောပြည်ထောင်စုဖွဲ့စည်းနိုင်ရေး မဟာဗျူဟာရပ်တည်ချက်သည်ကား "ဒီမိုကရေစီတိုက်ပွဲတွင် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရန်အတွက် တပြိုင်တည်း ဆက်စပ်တိုက်ပွဲဝင်ရေး" ပင် ဖြစ်သည်။

ကျွန်ုပ်တို့ တိုင်းရင်းသားများ ဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည်တို့သည် ဗမာလူမျိုးများကဲ့သို့ပင် တချိန်က လွတ်လွတ်လပ်လပ် ကိုယ်ပိုင်အုပ်ချုပ်လျက် ထီးပြိုင်နန်းပြိုင် ပဒေသရာဇ်နိုင်ငံများ ထူထောင်၍ နေထိုင်ခဲ့ကြသည်။ နယ်ချဲ့တို့လက်အောက်သို့ ကျရောက်သွားသောအခါ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ အမျိုးသားလွတ်မြောက်ရေး

တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်ခဲ့ကြရခြင်းသည်လည်း၊ မိမိတို့၏ လွတ်လပ်ရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို မြတ်နိုးခြင်းကြောင့် ဖြစ်သည်။

သို့သော် လွတ်လပ်ရေးရပြီးသောအခါ တိုင်းရင်းသားလူမျိုးများ၏ မျှော်မှန်းချက်များသည် မှေးမှိန်သွားခဲ့ပေသည်။ ထို့ကြောင့် တိုင်းရင်းသားသွေးစည်းညီညွတ်မှုပြိုပျက်ကာ၊ လူမျိုးရေးမှန်းတီးမှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် တိုင်းရင်းသားများ သွေးစည်းရေးကို ပြန်လည်တည်ဆောက်ရန် ပြည်ထောင်စုမူတရပ်ကို ကိုယ်စားပြုကိုယ်စားလှယ်များ ဆွေးနွေးကြရာတွင် ထိုမူကို အကြောင်းပြလျက် အာဏာသိမ်းလိုက်ခြင်းကြောင့် ဒီမိုကရေစီအခွင့်အရေးများနှင့် စစ်မှန်သောပြည်ထောင်စုအနှစ်သာရသည်လည်း ပျောက်ကွယ်ခဲ့ရပေသည်။ ဤကဲ့သို့ တစ်ပါတီအာဏာရှင်စနစ်နှင့် တပြည်ထောင်အုပ်စိုးမှုစနစ်ဆိုးကို နည်းမျိုးစုံနှင့် ဆန့်ကျင်တော်လှန်ခဲ့ကြသလို တော်လှန်ဆဲလည်း ဖြစ်ပေသည်။ အခြားတဘက်တွင် ကျောင်းသားများဦးဆောင်မှုဖြင့် (၈–၈–၈၈) နေ့တွင် ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူအပေါင်း အုံကြွတော်လှန်ခဲ့သဖြင့် တပါတီအာဏာရှင်စနစ်ပြုတ်ကြခဲ့သော်လည်း ဒီမိုကရေစီပွင့်လန်းရှင်သန်မှုမှာ အလှမ်းကွာနေပေသေးသည်။ ဒီမိုကရေစီအခွင့်အရေး အပြည့်အဝမရှိလျှင် တရားမျှတသော ရွေးကောက်ပွဲဟူသည် ရှိနိုင်ပါမည်လော။ တရားမျှတသော ရွေးကောက်ပွဲမဟုတ်ပါက ပြည်သူနှင့် တိုင်းပြည်အတွက် မည်သည့်အကျိုးသက်ရောက်မှုရှိနိုင်မည်နည်း။

ထို့ကြောင့် ကျွန်ုပ်တို့သည် လက်ငင်းကြုံတွေ့နေရသော အခက်အခဲများနှင့် နောင်ကြုံတွေ့ရမည့် ပြဿနာအဝဝကိုသုံးသပ်ခြင်းအားဖြင့် အမျိုးသားညီညွတ်ရေးကို တည်ဆောက်ပြီး၊ ဒီမိုကရေစီအပြည့်အဝရရှိရေးအတွက် တိုက်ပွဲဝင်သွားရန်မှတပါး အခြားမရှိပေ။ အမျိုးသားညီညွတ်ရေးကို တိုင်းရင်းသားများတန်းတူရေးအခြေခံပေါ်တွင် တည်ဆောက်ရပေမည်။

ထို့ကြောင့် အဖွဲ့ချုပ်၏ မဟာဗျူဟာရပ်တည်ချက်ဖြစ်သော ဒီမိုကရေစီရေးတိုက်ပွဲနှင့် တိုင်းရင်းသားများတန်းတူရေး ရရှိရန်အတွက် ဆက်စပ်တိုက်ပွဲဝင်ရေးသည် အမျိုးသားညီညွတ်မှုကို တည်ထောင်ရေးနှင့် ဒီမိုကရေစီအပြည့်အဝရရှိရေး တိုက်ပွဲကို တိုက်ရေးပင် ဖြစ်သည်။

သို့ရာတွင် တိုက်ပွဲ၏နည်းဗျူဟာကို မူလလက်ရှိနိုင်ငံရေးအခြေအနေ အချိန်အခါနှင့် အလှည့်အပြောင်းကိုအခြေခံ၍ ချမှတ်ရန်နှင့် မိမိ၏အင်အားကိုလည်း ခိုင်မာအောင် စည်းရုံးသွားရန် လိုအပ်ပေသည်။ ထို့ကြောင့် အဖွဲ့ဝင်ပါတီအသီးသီးသည် မူပေါ်တွင်အခြေခံသော စည်းရုံးရေးကို တည်ဆောက်ပြီး၊ ထိုမှတဆင့် ပါတီအချင်းချင်းသည်လည်း အဖွဲ့ချုပ်၏ မူနှင့်ရပ်တည်ချက်ကိုပင် တသားတည်း ရပ်တည်လျက်၊ တဖွဲ့တပါတီကဲ့သို့ ကျစ်လစ်ခိုင်မာလာရေးအတွက် စည်းရုံးတည်ဆောက်ရမည်။ ထို့နောက် အခြားသော ဒီမိုကရေစီပါတီအဖွဲ့အစည်းများနှင့်လည်း ခိုင်မြဲသော မဟာမိတ်ဖြစ်ရေးကို ဆောင်ရွက်၍ ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားများတန်းတူရည်တူရေး တိုက်ပွဲကို ဆက်လက် ဆင်နွှဲကြရပေမည်။

## ၃။ အဖွဲ့ချုပ်၏ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ

## (က) ကြေညာချက်များထုတ်ပြန်ခြင်း

အဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းခြင်းမပြုမီ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းပါတီများ စတင်တွေ့ဆုံညှိနှိုင်းပွဲများကို (၄)ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် ကျင်းပသော ပဉ္စမအကြိမ်တွေ့ဆုံညှိနှိုင်းပွဲတွင် အဖွဲ့ချုပ်ကို တညီတညွတ်တည်း ဖွဲ့စည်းထူထောင်ခဲ့သည်။ အဖွဲ့ချုပ်ဖွဲ့စည်းပြီးနောက် သဘောထားကြေငြာချက်အမှတ် (၁)ကို ထုတ်ပြန်ပြီး အဖွဲ့ချုပ်တွင် ပါဝင်ခြင်းမရှိသေးသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းပါတီများကို ပါဝင်လာရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ ၁၉၈၉ ခုနှစ်၊ မတ်လ(၅)ရက်တွင် ကြေညာချက်အမှတ်(၂) အဖြစ် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ထုတ်ပြန်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ မတ်လ(၂၄)ရက်နေ့တွင် နိုင်ငံရေးအရ ဖမ်းဆီးထားသူများ လွှတ်ပေးရေး တောင်းဆိုချက်ကို ကြေညာချက်အမှတ် (၃) အဖြစ် ထုတ်ပြန်ခဲ့သည်။ ၁၉၈၉ ခု၊ မတ်လ(၂၇)ရက်တွင် (၄၄)ကြိမ်မြောက် ဖက်ဆစ်ဆန့်ကျင်ရေးနေ့ အထိမ်းအမှတ် ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဇွန်လ(၁၄)ရက်တွင် အတွင်းရေးမှူးအဖွဲ့၏ အစီရင်ခံစာကို ထုတ်ပြန်ပြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေး စည်းရုံးရေးခရီးတွင် တင်ပြနိုင်ရန် စီစဉ်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့တွင် အမျိုးသားနိုင်ငံရေးသို့ဦးတည်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်ထံ သဘာပတိအဖွဲ့က စာတစောင် ပေးပို့ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် (၄၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အာဇာနည်နေ့နောက်ပိုင်း တပြည်လုံးနိုင်ငံရေးအခြေအနေများ တင်းမာပြီး အဖမ်းအဆီးများထူပြောလာခဲ့ရာ အဖွဲ့ချုပ်မှ န-ဝ-တ အစိုးရနှင့် နိုင်ငံရေးပါတီများအကြား ညှိနှိုင်းဖြေရှင်းရေးအတွက် အထူးကြေညာချက် တစောင်ကို ၁၉၈၉ ခုနှစ်၊ ဇူလိုင် (၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

## (ခ) သတင်းစာရှင်းလင်းပွဲ နှင့် သတင်းလွှာထုတ်ပြန်ခြင်း

အဖွဲ့ချုပ်ဖြစ်ပေါ်လာပုံ၊ အဖွဲ့ချုပ်၏ရည်မှန်းချက်များနှင့် ရပ်တည်ချက်များ အထူးသဖြင့် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေးရရှိရေးတို့အတွက် တိုင်းရင်းသားမွေးချင်းသားချင်း ညီနောင်ရင်း နိုင်ငံရေးပါတီများ မွေးဖွားခြင်း၊ ယင်းတို့၏ ညီညွတ်မှုများနှင့် အခြားဒီမိုကရေစီအင်အားစုနိုင်ငံရေးပါတီများနှင့် လက်တွဲဆောင်ရွက်မှုများကို ပြည်ပသတင်းဌာနများမှ သတင်းစာဆရာများနှင့် မြန်မာ့သတင်းစဉ်မှ သတင်းထောက်များကို ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၄)ရက်တွင် ဖိတ်ခေါ်ရှင်းလင်းတင်ပြပြီး သတင်းစာဆရာများ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။ အဖွဲ့ချုပ်၏ လှုပ်ရှားမှုသတင်းများကို အဖွဲ့ဝင်နိုင်ငံရေးအဖွဲ့အစည်းပါတီများသို့ ပုံမှန်ပေးပို့နိုင်ရေးအတွက် "တန်းတူရေး"အမည်ဖြင့် သတင်းလွှာထုတ်ပြန်ရေးကို ဆုံးဖြတ်ပြီး၊ အမှတ်စဉ် (၁) သတင်းလွှာကို ၁၉၈၉ ခုနှစ်၊ စက်တင်ဘာ (၅)ရက်နေ့က ထုတ်ဝေနိုင်ခဲ့သည်။ "တန်းတူရေး"သတင်းလွှာကို ပုံမှန် ထုတ်ပြန်နိုင်ရေးအတွက် အစီအစဉ်များကို ပြုလုပ်လျက်ရှိနေသည်။ အယ်ဒီတာအဖွဲ့ကို တာဝန်ခံအယ်ဒီတာ ဦးသာဘန်း(ရခိုင်)၊ နိုင်ခင်မောင်(မွန်)၊ ဆလိုင်းလျန်မှုန်း(ချင်း)၊ ဦးအေးဖေ(ရခိုင်) တို့ဖြင့် ဖွဲ့စည်းသွားသည်။

## (ဂ) ဆိုင်းဘုတ်တင်ပွဲ အခန်းအနားနှင့် ပူးတွဲလက်မှတ်ထိုးပွဲ

အဖွဲ့ချုပ်ကို ဖွဲ့စည်းထူထောင်ပြီးနောက် ယာယီ ရုံးခန်းကို ဗဟန်းမြို့နယ် အမှတ် (ဂ/၁) လမ်းရှိ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ ရန်ကုန်ဌာနချုပ်ခွဲရုံး၌ ဖွင့်လှစ်ထားခဲ့သည်။ ထိုမှတဆင့် ရခိုင် ဒီမိုကရေစီ အဖွဲ့ချုပ်ရုံးတည်ရာ ကျောက်တံတားမြို့နယ် အမှတ် ၃၉၃ (ပထမထပ်) ဗိုလ်အောင်ကျော်လမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ အဖွဲ့ချုပ်ဆိုင်းဘုတ်တင်ပွဲအခန်းအနားနှင့် အဖွဲ့ချုပ်ဝင် တိုင်းရင်းသား နိုင်ငံရေးအဖွဲ့အစည်းပါတီများ ပူးတွဲလက်မှတ်ရေးထိုးပွဲကို ၁၉၈၉ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့ နံနက် (၉း၀၀)နာရီတွင် ပြုလုပ်ခဲ့သည်။ ထိုအခန်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ သူရဦးတင်ဦး၊ အမျိုးသားပြန်လည်တည်ဆောက်ရေးဒီမိုကရေစီတပ်ပေါင်းစု ဥက္ကဋ္ဌ ဝိဇ္ဇာ သခင်ချစ်မောင်၊ ဒီမိုကရေစီ မဟာမိတ်များအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ကျော်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဒီမိုကရေစီတပ်ပေါင်းစုမှ ပါမောက္ခဟောင်း ဦးလှအောင်တို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး၊ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအဖွဲ့ချုပ်မှ ဦးဝမ်းကိုဟော တက်ရောက်သဝဏ်လွှာဖတ်ကြားသည်။

## (ဃ) အခြားနိုင်ငံရေး အဖွဲ့အစည်း ပါတီများနှင့် ပူးပေါင်းလုပ်ဆောင်ချက်

အဖွဲ့ချုပ်သည် ပြည်နယ်ခုနစ်ခုနှင့်တကွ ပြည်ထောင်စုအတွင်းရှိ ကျန်တိုင်းအချို့မှ တိုင်းရင်းသားလူမျိုးများကို အခြေခံကာ ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားများတန်းတူရည်တူ အခွင့်အရေးများရရှိရေးအတွက် နိုင်ငံရေးအရ လှုပ်ရှားဆောင်ရွက်ရန် ဖွဲ့စည်းထားသော နိုင်ငံရေး အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် ဖိနှိပ်ချုပ်ချယ်မှုများ၊ လူ့အခွင့်အရေးပိတ်ပင်မှုများ၊ ဒီမိုကရေစီ အခွင့်အရေးများ ရုတ်သိမ်းခံနေရသူများကို ဒီမိုကရေစီအင်အားစုဝင် အခြား နိုင်ငံရေးအဖွဲ့အစည်း ပါတီများနှင့် ပူးတွဲတောင်းဆိုမှုများ၊ ဆန့်ကျင်ကန့်ကွက်မှုများကို ပြုလုပ်ခဲ့သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ခဲ့သော ပြည်သူ့လွှတ်တော် ဥပဒေမူကြမ်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တကွ အခြား နိုင်ငံရေးအဖွဲ့အစည်း ပါတီများနှင့် ပူးတွဲကာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကြမ်းအတွက် လိုအပ်သည့် အကြံပြုချက်များကို ပေးပို့ခဲ့သည်။ အဖွဲ့ချုပ်အနေဖြင့်လည်း သီးခြားအကြံပြုချက်တရပ်ကို ပေးပို့ခဲ့သည်။ အဖွဲ့ချုပ်၏ အကြံပြုချက်တွင် တိုင်းရင်းသားလူမျိုးများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေရေးဆွဲရာတွင် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေး ရရှိရေးကို ဦးတည်ကာ "ပြည်နယ်ခုနစ်ခုကို အခြေခံ၍ သင့်တော်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဗမာ တိုင်းရင်းသားများ အများစုနေထိုင်ရာဒေသမှ သင့်တော်ညီမျှသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များ အချိုးကျဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲပိုင်ခွင့် အာဏာရှိသော အဖွဲ့အစည်းတရပ်ကို ဖွဲ့စည်းရမည်။ ထိုအဖွဲ့မှ ရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပင်လုံညီလာခံကဲ့သို့သော အမျိုးသားညီလာခံကြီးဖြင့် အတည်ပြုရမည်" ဟူ၍ အကြံပြုခဲ့သည်။

## ဒီ/ငြိမ်း အဖွဲ့နှင့် ညှိနှိုင်းခြင်း

နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးနု နာယကအဖြစ်ဆောင်ရွက်သော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်မှ ဖိတ်ကြားချက်အရ အဖွဲ့ချုပ်၏ ရန်ကုန်တွင် ရှိနေသော အဖွဲ့ဝင် နိုင်ငံရေးအဖွဲ့အစည်းပါတီများမှ ကိုယ်စားလှယ်များသည် ၁၉၈၉ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့တွင် ဦးနုနေအိမ်သို့ သွားရောက်ပြီး ညှိနှိုင်းဆွေးနွေးကြသည်။ ဒုတိယအကြိမ်အဖြစ် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်ရုံးသို့ သွားရောက်ပြီး ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲများတွင် ဦးနုက ခွဲထွက်ခွင့်မပါသော ဖယ်ဒရယ်မူကို မိမိထောက်ခံကြောင်း၊ လူမျိုးစုများက ဇမာကို ပြည်နယ်တခု သတ်မှတ်မည်ဆိုကလည်း သက်မှတ်နိုင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ အဖွဲ့ချုပ်မှလည်း မိမိတို့သည် ဒီမိုကရေစီရေးနှင့် အတူ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ အခွင့်အရေး ရရှိရေးကို တပြိုင်တည်းလုပ်ဆောင်သွားရန် ဆုံးဖြတ်သံမိဌာန်ချသွားကြောင်း တင်ပြခဲ့သည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်ညှိနှိုင်းခြင်း

အဖွဲ့ချုပ်သဘာပတိအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များ နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေးရရှိရေးတို့အပေါ် အခြေခံကာ ဆွေးနွေးပွဲတရပ်ကို အဖွဲ့ချုပ်ရုံးတည်ရာ ကျောက်တံတားမြို့နယ်၊ အမှတ် (၃၉၃) (ပထမထပ်) ဗိုလ်အောင်ကျော်လမ်းတွင် ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့၊ နေ့လည် (၂) နာရီတွင် ကျင်းပခဲ့သည်။

ထိုဆွေးနွေးပွဲတွင် အဖွဲ့ချုပ်မှ တိုင်းရင်းသားလူမျိုးများသည် ယခုဒီမိုကရေစီတိုက်ပွဲနှင့်အတူ တိုင်းရင်းသားလူမျိုးများ၏ တန်းတူရည်တူအခွင့်အရေးနှင့် ကိုယ်ပိုင်အခွင့်အရေးသည် တပြိုင်တည်း လုပ်ရမည့်လုပ်ငန်းဖြစ်သည်ဟု တင်ပြခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က တင်ပြရာတွင် မိမိတို့နှင့် တိုင်းရင်းသားလူမျိုးများ၏ လိုအပ်သည့်ဆန္ဒများမှာ အငြင်းပွားစရာ တစုံတရာမျှမရှိ၊ လုပ်ငန်းအရ အကောင်အထည်ဖော်ရန်သာလိုသည်။ တိုင်းရင်းသားလူမျိုးများအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး၊ အခြားစိတ်ဝင်စားသူများအပါအဝင်ဖြင့် လုပ်ငန်းကော်မတီတရပ်ဖွဲ့စည်းကာ အနာဂါတ်ပြည်ထောင်စုအတွက် ယခုကပင် စတင်အကောင်အထည်ဖော်ရန် လိုအပ်သည်။ အကယ်၍ တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်လာခဲ့လျှင် အခြားအမတ်ကိစ္စများကို နားလည်မှုယူနိုင်ရန် နောင်တွင် ဖွဲ့စည်းမည့် အစိုးရအဖွဲ့ အင်အားရှိဖို့ အလွန်အရေးကြီးသည်။ သို့မှသာ ပြဿနာအားလုံးကို ဖြေရှင်းနိုင်မည် စသဖြင့်တင်ပြသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ခံနေရပြီးနောက် မည်သည့်ဆွေးနွေးချက်ကိုမျှ အကောင်အထည်မဖော်နိုင်သော အခြေအနေမျိုးဖြစ်နေသည်။

## ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ်နှင့်ညှိနှိုင်းခြင်း

အဖွဲ့ချုပ်နှင့် ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ်တို့၏ ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရေး ကိစ္စရပ်များကို ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်တွင် အဖွဲ့ချုပ်ရုံးခန်း၌ ကျင်းပခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရာတွင် ထားသင့်သော မူဝါဒသဘောထား

အခြေခံများနှင့် တူညီသောလုပ်ငန်းများကို ပူးတွဲလုပ်ဆောင်ရေးနှင့်ပတ်သက်ပြီး ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးများ၏ထာဝရသွေးစည်းညီညွတ်ရေးကို ရှေ့ရှု၍ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အပြည့်အဝကျင့်သုံးရန်နှင့် တန်းတူရေးကိုရှေ့ရှု၍ ပြည်နယ်သစ်တို့ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သစ်ကို ထူထောင်ရန် သဘောတူကြသည် စသည်ဖြင့်ပူးတွဲဖော်ပြသည်။

## ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီနှင့် ညှိနှိုင်းခြင်း

ဗိုလ်မှူးချုပ်ဟောင်း ဦးအောင်ကြီး နာယကအဖြစ် ဦးဆောင်သော ပြည်ထောင်စု အမျိုးသားများဒီမိုကရေစီပါတီနှင့် အဖွဲ့ချုပ်တို့၏ညှိနှိုင်းဆွေးနွေးပွဲတရပ်ကို ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် ကျင်းပခဲ့သည်။ နိုင်ငံရေးလွတ်လပ်ခွင့်၊ စီးပွားရေးလွတ်လပ်ခွင့်၊ လူမျိုးရေးလွတ်လပ်ခွင့်များကို မိမိတို့ လိုလားကြောင်း ဦးအောင်ကြီးမှ အကျယ်တဝင့် တင်ပြသည်။ အဖွဲ့ချုပ်ကိုယ်စားလှယ်များ ကလည်း မိမိတို့သည် ဒီမိုကရေစီရေးနှင့်အတူ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပါအဝင် တန်းတူရည်တူရေးကို တပြိုင်နက်တည်း ဖေါ်ဆောင်ကြရန် ကြိုးပမ်းနေကြကြောင်း ထိုသို့တင်ပြသည်။

## ၄။ ရုံးလုပ်ငန်းအဖွဲ့

(၁) ဝင်စာထွက်စာများလက်ခံခြင်း၊ ဖိုင်တွဲသိမ်းဆည်းခြင်း၊ မှတ်တမ်းစာအုပ်တွင် စာရင်းသွင်း မှတ်တမ်းထားခြင်း။

(၂) ပေးစာ ပြန်စာများပို့ခြင်း။ အဖွဲ့ချုပ်ဝင်ပါတီများ၏ ဝင်စာများကို လိုအပ်သလို ပြန်စာပေးပို့ခြင်း။ အခြားပါတီအဖွဲ့အစည်းများမှ ဝင်စာများကို လိုအပ်သလို ပြန်စာပေးပို့ခြင်း။ အဖွဲ့ချုပ်မှ အဖွဲ့ဝင်ပါတီများနှင့် တခြားပါတီအဖွဲ့အစည်းများသို့ ပို့စာများပေးပို့ခြင်း။

(၃) အဖွဲ့ချုပ်၏ (သဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ အစည်းအဝေး) မူဝါဒရေးရာ ကော်မတီ၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ကော်မတီတို့မှ ညွှန်ကြားချက်များ၊ ဆုံးဖြတ်ချက်များ၊ သဘောထား ကျေညာချက်များ ရိုက်နှိပ်ဖြန့်ဝေခြင်း။

(၄) မှတ်တမ်းမှတ်ရာများသိမ်းဆည်းထားခြင်း။

စသည့်လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။

## အကောင်အထည်ဖော်လျက်ရှိသော ရှေ့လုပ်ငန်းစဉ်များ

(၁) ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးစည်းရုံးရေးခရီးစဉ်မှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရန် –

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်မှ လမ်းညွှန်မူဝါဒအဖြစ် ကိုင်စွဲမည့် "ပြည်ထောင်စုမူတစ်ခု" ကို ရေးဆွဲရန် အားလုံးသဘောတူဆုံးဖြတ်ပါသည်။

(ခ) ထိုလမ်းညွှန်မူဝါဒကို ရေးဆွဲရန် သဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့က ညှိနှိုင်းပြီး သင့်တော်သောပုဂ္ဂိုလ်များ၊ အသိပညာရှင် အတတ်ပညာရှင်များကို ဖိတ်ခေါ်ပြီး ရေးဆွဲစေရမည်။

(ဂ) ပြည်နယ်ရေးရာနှင့်ပတ်သက်သော မူဝါဒများကိုရေးဆွဲရာ၌ သက်ဆိုင်ရာပြည်နယ်အသီးသီးမှ အဖွဲ့ချုပ်ဝင်နိုင်ငံရေးပါတီ အဖွဲ့အစည်းကိုယ်စားလှယ်များ ပါဝင်ရေးဆွဲစေရမည်။

(၂) အဖွဲ့ချုပ်ပိုင်စာစောင်တစ်ခုထုတ်ရန်။

၎င်းအတွက် အယ်ဒီတာအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးပြီး ဆောင်ရွက်ရန် ကြိုးပမ်းနေပါသည်။ အဖွဲ့ချုပ်ဝင်ပါတီများသည် မိမိတို့ဆန္ဒရှိရာဒီမိုကရေစီရေးနှင့် တိုင်းရင်းသား အရေးများဆိုင်ရာ ဆောင်းပါး၊ ကဗျာစသည်များနှင့် အကြံဉာဏ်များပေးကြပါရန် တိုက်တွန်း အပ်ပါသည်။

# အခန်း(၁)

# ပြည်တွင်းငြိမ်းချမ်းရေးနှင့်လူမျိုးစုပြဿနာ

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD)
## ၏
## ဖွဲ့စည်းဖြစ်ပေါ်ရန် ကြိုးပမ်းမှုကာလလှုပ်ရှားမှုများ

၁၉၈၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ကျောင်းသား လူငယ် ရဟန်းရှင်လူ ပြည်သူလူထုနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် စစ်အာဏာရှင်စနစ်ကို အသွင်ပြောင်းခဲ့သော မဆလ တပါတီအာဏာရှင်စနစ်၏ ဖိနှိပ်အုပ်ချုပ်မှုဒဏ်ကို မခံမရပ်နိုင်ကြကုန် သောကြောင့် ဒီမိုကရေစီ အရေးတော်ပုံကြီးကို အုံကြွဆင်နွှဲခဲ့ကြရပါသည်။ ထိုဒီမိုကရေစီ အရေးတော်ပုံကြီး ကြောင့် တိုင်းပြည်ကို (၂၆)နှစ်တိုင်တိုင် အာဏာရှင်ဘဝဖြင့် အုပ်ချုပ်မင်းမူခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်း တဖြစ်လဲ ဦးနေဝင်းသည် တပါတီအာဏာရှင် မဆလဥက္ကဋ္ဌရာထူးမှ နုတ်ထွက်သွားခဲ့ရပါသည်။ ဦးနေဝင်းသည် နိုင်ငံရေးဇာတ်ခုံပေါ်မှ တရားဝင် ဆင်းသွားခဲ့သော်လည်း ကန့်လန့်ကာ နောက်ကွယ်မှ ဒီမိုကရေစီအရေးတော်ပုံကြီးကို နှိပ်ကွပ်ဖြိုခွဲရန် ဆက်လက်ကြိုးပမ်းသွားခဲ့ပါသည်။ သို့ရာတွင် သူ့ကို ဆက်ခံခဲ့သော ဒေါက်တာမောင်မောင်အစိုးရသည် ပြည်တွင်းပြည်ပမှ နိုင်ငံရေးဖိအားဒဏ်များကို မခံနိုင်သောကြောင့် မလွှဲမရှောင်သာပဲ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်" တရပ်ကို ဖွဲ့စည်း၍ နိုင်ငံရေးပါတီများ ထူထောင်ခွင့်ကို တရားဝင်ပေးအပ်ခဲ့ပါသည်။

ပါတီစုံ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ခဲ့ကြသော ပြည်နယ် (၇)ခုမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ နိုင်ငံရေးပါတီများသည် နိုင်ငံရေးအကျိုးတူလုပ်ငန်းများကို အတူတကွ ဆောင်ရွက်နိုင်ရန် ၁၉၈၈ နိုဝင်ဘာလ (၂၁)ရက်နေ့တွင် ပဏာမ မိတ်ဆုံဆွေးနွေးပွဲကို လည်းကောင်း၊ ၁၉၈၈ ဒီဇင်ဘာလ(၁၀)ရက်နေ့နှင့် ၁၉၈၉ ဇန္နဝါရီလ(၇)ရက်နေ့များတွင် ဒုတိယနှင့် တတိယအကြိမ် ဆွေးနွေးပွဲများကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ထိုညှိနှိုင်းဆွေးနွေးပွဲများမှ–

(က) အနာဂါတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်အား တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေး တန်းတူညီတူ စနစ်ဖြင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးတိုင်း၏ ရေခံမြေခံပေါ်မူတည်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုင်းရင်းသားလူမျိုးအားလုံး စုပေါင်းဝိုင်းဝန်းပံ့ပိုး၍ ကြိုးပမ်း ဆောင်ရွက်ကြရေး၊

(ဂ) ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲမဖြုတ်စတမ်း ဆွေးနွေး ညှိနှိုင်းတိုင်ပင်မှုဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်မြဲရေး၊ တိုးတက် စည်ပင်သာယာဝပြောရေး တို့အတွက် တစုတစည်းတည်း ကြိုးပမ်းဆောင်ရွက်ရန် လိုအပ် သည်ဟု ခံယူခဲ့ကြပါသည်။

ထိုရည်မှန်းချက်၊ ခံယူချက်များ အောင်မြင်ရေးအတွက် လက်တွဲဆောင်ရွက်နိုင်ရန် "တိုင်းရင်းသား လူမျိုးစုများ ဆန္ဒသဘောထား လေ့လာဖေါ်ထုတ်ရေးအဖွဲ့ (ပဏာမ)" ကိုလည်း ဖွဲ့စည်းခဲ့ကြ ပါသည်။

ထိုကာလတုန်းက နိုင်ငံရေးဆွေးနွေးပွဲများ မှတ်တမ်းများ ပြည်တွင်းတွင်ကျန်ရစ်ခဲ့၍ ဤစာအုပ်တွင် အသေးစိတ် ပြန်လည်ဖေါ်ပြရန် အခက်အခဲ ရှိနေပါသည်။ သို့ရာတွင် ထိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ၁၉၈၉ ဇန္နဝါရီလ (၇)ရက်နေ့တွင် အမှတ်(၁၃၅) ဝင်ဒါမီယာရှိ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဒေါက်တာစောမရအောင်၏ နေအိမ်တွင်ကျင်းပခဲ့သော "တိုင်းရင်းသားလူမျိုးပေါင်းစုံ နိုင်ငံရေးပါတီများ ဆွေးနွေးပွဲ"တွင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဖြစ်ခဲ့သူ ဆလိုင်းလျန်မှုန်း၏ ဆွေးနွေးချက်ကို ပြန်လည်တင်ပြအပ်ပါသည်။ ထိုဆွေးနွေးချက်ကို ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၈၉ – ဇန္နဝါရီလ (၁၀)ရက်နေ့စွဲဖြင့် ထုတ်ဝေ ဖြန့်ချိခဲ့ပါသည်။

## ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာ

ကျနော်ဆလိုင်းလျန်မှုန်းပါ။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒု–ဥက္ကဋ္ဌဖြစ်ပါတယ်။ ခုလို တိုင်းရင်းသားလူမျိုးစု ပါတီပေါင်းစုံ တတိယအကြိမ်စည်းဝေးပွဲမှာ ချင်းအဖွဲ့ချုပ်ကိုယ်စား ဆွေးနွေးတင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းသာပါတယ်။

ကယားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်တင်ပြသွားသလို ကျနော်တို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံ ဒုတိယအကြိမ် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေခြင်းဖြစ်ပါတယ်။❖ ဒီတိုက်ပွဲမှာ နည်းလမ်းများစွာရှိပါတယ်။ နည်းလမ်းများစွာရှိတဲ့အတွက် ကျနော်တို့ဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနဲ့ ဖြေရှင်းတဲ့နည်းလမ်းကို ရွေးချယ်ကြတာ ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနဲ့ဖြေရှင်းဖို့ ပါတီတွေထောင်ပြီး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် လူမှုတော်လှန်ရေးကြီးကို ဆင်နွှဲနေခြင်းဖြစ်ပါတယ်။

တပြည်လုံးအတိုင်းအတာနဲ့ ဒီမိုကရေစီတိုက်ပွဲကို ဆင်နွှဲတဲ့အခါမှာ မလွဲမသွေ ရင်ဆိုင်ရမဲ့ ပြဿနာ နှစ်ခု ရှိပါတယ်။ ဒီပြဿနာနှစ်ခုဟာ ယနေ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကို ထင်ဟပ်ပေါ်လွင် စေပါတယ်။ ထင်ဟပ်ပေါ်လွင်ရုံတင်မကဘူး၊ ယနေ့ဖြစ်ပျက်မှု အခြေအနေအားလုံးဟာ ဒီ ပြဿနာနှစ်ခု ပေါ်မှာ အခြေခံနေပါတယ်။ ဒီပြဿနာနှစ်ခုဟာ ဒီမိုကရေစီရေးနဲ့ ခွဲမရအောင် ဆက်စပ်နေပြန်တယ်။ ဘာပြဿနာလဲဆိုတော့ "ပြည်တွင်းငြိမ်းချမ်းရေးနဲ့ လူမျိုးစုပြဿနာ"ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီကျကျ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမျိုးစုပြဿနာ ကိုင်တွယ်ဖြေရှင်းရေးဟာ ကျနော်တို့ မလွဲမသွေရင်ဆိုင်ရမဲ့ ပြဿနာဖြစ်ပါတယ်။ အထူးသဖြင့် ကျနော်တို့ လူမျိုးစုများ ရင်ဆိုင်ဖြေရှင်းရမဲ့ပြဿနာ ဖြစ်ပါတယ်။ ဘယ်လိုကိုင်တွယ်ဖြေရှင်းကြမလဲ ...

ပြဿနာတခုကို ကိုင်တွယ်ဖြေရှင်းဖို့ အဲ့ဒီ ပြဿနာဖြစ်ပေါ်ရာ အရင်းအမြစ်၊ နောက်ခံသမိုင်းကို အရင်လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာနိုင်ငံ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်ပါက ကျနော်တို့တိုင်းပြည်ဟာ အရေးအကြီးဆုံးတာဝန်တရပ်ကို ကျေပြွန်စွာ မထမ်းဆောင်နိုင်သေးဘူး ဆိုတာ တွေ့ရပါတယ်။ ဒီ အကြီးလေးဆုံး တာဝန်ဟာ ဘာလဲ။

❖ မှတ်ချက်။ ။ ကယားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစစ်ငွေသောင်း ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ လူသားတယောက်စီရဲ့ လွတ်လပ်စွာ အသက်ရှင်နေထိုင်ခွင့်ကို အာမခံချက်ပေးနိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်း မရှိသေးတာပါပဲ။ လူဖြစ်ပါလျှက်နဲ့ ဒီကမ္ဘာလောကကြီးမှာ လူသားပီသစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ကျနော်တို့နိုင်ငံသားတွေဟာ ဘာဝအာမခံချက်မှ မရှိသေးပါဘူး။ လူသားတယောက်စီရဲ့ ဘာဝအာမခံချက်ကို ပေးနိုင်တဲ့၊ ပြီးတော့ လူမျိုးတမျိုးစီရဲ့ ဘာဝအာမခံချက်ကိုပေးနိုင်တဲ့ ဥပဒေတရပ်ကို ကျနော်တို့ မရေးဆွဲနိုင်သေးပါဘူး။ လူသားအချင်းချင်း တန်းတူညီမျှမှုကိုပေးနိုင်ပြီး၊ လူမျိုးတမျိုးနဲ့တမျိုး တန်းတူရည်တူအခွင့်အရေး ပေးနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ကျနော်တို့ မပြဋ္ဌာန်းနိုင်သေးပါဘူး။

တနည်းအားဖြင့် စစ်မှန်တဲ့ပြည်ထောင်စုကြီးကို ကျနော်တို့ မတည်ဆောက်နိုင်သေးပါဘူး။ နာမည်အားဖြင့် "ပြည်ထောင်စု"ဆိုတဲ့ ဝေါဟာရကို ကျနော်တို့သုံးစွဲနေကြပေမဲ့ တကယ့်လက်တွေ့မှာ ပြည်ထောင်စုစနစ်ထက် တပြည်ထောင်စနစ် အလေးသာနေတဲ့ ဖားတပိုင်း ငါးတပိုင်း နိုင်ငံတော်ကြီးထဲမှာ ကျနော်တို့ ဘာဝစခဲ့ရပါတယ်။ ဘာဖြစ်လို့ ကျနော်တို့နိုင်ငံမှာ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ကို ပီပီပြင်ပြင် ဖေါ်ဆောင်နိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ်ကို မရေးဆွဲ မပြဋ္ဌာန်းနိုင်ခဲ့တာလဲ ...

သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်ပါက မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ်မှာ တကြိမ်၊ ၁၉၇၄ ခုနှစ်မှာ တကြိမ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခဲ့တာကို တွေ့ရပါတယ်။

ပထမဖွဲ့စည်းပုံကို မရေးဆွဲမီ လွတ်လပ်ရေးတိုက်ပွဲကာလ ၁၉၄၇ ခု၊ ဖေဖေါ်ဝါရီလ (၁၂)ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့မှာ တောင်တန်းဒေသခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းတွေ့ဆုံပြီး တန်းတူရည်တူ ပူးပေါင်းတဲ့ပြည်ထောင်စုနိုင်ငံတော်တခုကို ထူထောင်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒီ သဘောတူညီချက်အတိုင်း အသစ်ထူထောင်မဲ့နိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြုပြည်ပြုလွှတ်တော်မှာ တင်သွင်းခဲ့ပါတယ်။

ဒါပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မရေးဆွဲမီ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း နောက်ပိုင်း ထွက်ပေါ်လာတဲ့ ဗမာခေါင်းဆောင်များဟာ ဗိုလ်ချုပ်အောင်ဆန်းလို ရိုးသားတည်ကြည်မှု မရှိကြဘူး။ သဘောထား မကြီးကြဘူး။ အတွေးအခေါ် မမြင့်မြတ်ကြဘူး။ လူမျိုးကြီးဝါဒကို ကိုင်စွဲနေကြတယ်။ လူမျိုးစုခေါင်းဆောင်များရဲ့ မသိနားမလည်မှုကို အခွင့်ကောင်းယူပြီး လိမ်လည်လှည့်ဖြားသွားကြတယ်။ အထူးသဖြင့် လူမျိုးစုခေါင်းဆောင်များ နိုင်ငံရေးနှင့် ဥပဒေ မကျွမ်းကျင်မှုကို အမြတ်ထုတ်သွားကြတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းတဲ့အခါ ဗမာလူမျိုးကြီးဝါဒ ကြီးစိုးစေမဲ့ အမည်ခံပြည်ထောင်စုကြီးကို ဖွဲ့စည်းသွားကြတယ်။ နာမည်အားဖြင့် ပြည်ထောင်စုခေါ်ပေမဲ့ အနှစ်သာရမှာတော့ တပြည်ထောင်စနစ်ပါပဲ။ ဒါကို ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတဲ့ ဦးချန်ထွန်းကိုယ်တိုင်က "ကျနော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်ထောင်စုစနစ်နဲ့ တပြည်ထောင်စနစ် ရောနှောနေတယ်" လို့ဝန်ခံခဲ့ပြီးဖြစ်တယ်။ အဆိုးဝါးဆုံးကတော့ ဗမာနယ်ကို ပြည်နယ်တခုအနေနဲ့မသတ်မှတ်ပဲ ပြည်ထောင်စုအခွင့်အာဏာအားလုံးကို ပေးအပ်လိုက်တာပါပဲ။ ဒီလုပ်ရပ်ဟာ ဗမာလူမျိုးကြီးဝါဒကို အထွတ်အထိပ်သို့ ရောက်အောင် လမ်းဖွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ ဒီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြောင့် ကျနော်တို့တိုင်းရင်းသားများဟာ ဗမာလူမျိုးကြီးရဲ့ လက်အောက်ခံဘဝကို အလိုလို ကျရောက်စေပါတယ်။ တန်းတူရည်တူ နေပါမယ်။ ကျောသားရင်သား မခွဲပါဘူးဆိုတဲ့ စကားတွေဟာ လေထဲမှာသာရှိနေပြီး လက်တွေ့မှာ မရှိပါဘူး။

ဒါကို ကျနော်တို့တိုင်းရင်းသားလူမျိုးစုများ မကျေနပ်တဲ့အတွက် လက်နက်ကိုင် တော်လှန်ပုန်ကန်ကြတယ်။ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းလို့မရတဲ့အဆုံး၊ အင်အားသုံးပြီး ဖြေရှင်းဖို့ ကြိုးစားသွားကြတယ်။ ဒါကြောင့်ပဲ ကျနော်တို့နိုင်ငံမှာ ပြည်တွင်းစစ်ဆိုတာ လွတ်လပ်ရေးရဲ့ ဖွားဘက်တော် အဖြစ် အမြစ်တွယ်လာခဲ့ပါတယ်။

စစ်ဆိုတာ ဘယ်စစ်မှ မကောင်းဘူး။ ပြည်တွင်းစစ်လည်း မကောင်းဘူး။ ပြည်ပစစ်လည်း မကောင်းဘူး။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ မဖြေရှင်းပဲ စစ်ရေးနဲ့ ဖြေရှင်းတာဟာ လူ့သမိုင်းကို ညှိုးနွမ်းစေပါတယ်။ လူ့သိက္ခာကို ကျဆင်းစေပါတယ်။

ဒါကြောင့် ကျနော်တို့နိုင်ငံမှာ ဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်ကို အမြန်ဆုံး အဆုံးသတ်ဖို့အတွက် နည်းလမ်းရှာ ကြိုးစားကြရမယ်။ နည်းလမ်းကတော့ ရှင်းပါတယ်။ လူမျိုးစုပြဿနာကို အခြေခံပြီး ဖြစ်ပွားတဲ့စစ်ကို လူမျိုးစုပြဿနာနဲ့ပဲ ဖြေရှင်းရမယ်။ ဝါဒကို အခြေခံပြီး ဖြစ်ပွားတဲ့စစ်ကို ဝါဒရေးရာနဲ့ပဲ ဖြေရှင်းရမယ်။ နိုင်ငံရေးကို အခြေခံပြီး ဖြစ်ပွားတဲ့စစ်ကို နိုင်ငံရေးနဲ့ ဖြေရှင်းတာ အကောင်းဆုံးနည်းလမ်းပါပဲ။

ဒါကြောင့် လူမျိုးစုပြဿနာကို စစ်ရေးနဲ့မဖြေရှင်းပဲ နိုင်ငံရေးနည်းလမ်းနဲ့ ဒီမိုကရေစီကျကျ ဖြေရှင်းဖို့ လူမျိုးစုခေါင်းဆောင်များ ကြိုးစားခဲ့ကြပါတယ်။ လူမျိုးစုပြဿနာကို ဖြစ်ပေါ်စေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ ကြိုးပမ်းခဲ့ကြတယ်။ ဒါဟာ သမိုင်းတကွေ့မှာ အမှန်ကန်ဆုံးလုပ်ရပ်တခုကို ပီပီပြင်ပြင်ဆောင်ရွက်ဖို့ ကြိုးပမ်းခဲ့ကြတာပါပဲ။ ၁၉၆၁ ခု၊ ဇွန်လမှာ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တိုင်းရင်းသားလူမျိုးစု (၇)မျိုးစလုံး စုံညီစွာ တက်ရောက်ပြီး မပြည့်မစုံ မှားယွင်းနေတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကြီးကို ပြင်ဆင်ရေးဆွဲပြီး၊ စစ်မှန်တဲ့ပြည်ထောင်စု တန်းတူရည်တူပူးပေါင်းနိုင်တဲ့ နိုင်ငံတော်ကို အသစ်တဖန် တည်ဆောက်ဖို့ သဘောတူခဲ့ကြပါတယ်။

ဒီကိစ္စကို လွှတ်တော်မှာ ဒီမိုကရေစီကျကျ မဲခွဲဆုံးဖြတ်ရင် အနိုင်ရမှာ သေချာနေပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားလူမျိုးစုများ တန်းတူရည်တူအခွင့်အရေး ရရှိရေးကို မလိုလား မရှုစိမ့်နိုင်ကြတဲ့ မဟာလူမျိုးကြီးဝါဒသမားများက တိုင်းပြည်အာဏာကို သေနတ်ပြောင်းဝ ကျည်ဆန်ထိပ်ဖူးမှာ တပ်ဆင်ပေးလိုက်ကြတယ်။

မဟာလူမျိုးကြီးဝါဒဟာ စစ်အာဏာရှင်စနစ်ကို မွေးဖွားပေးတယ်။ လူမျိုးစုပြဿနာကို ဖန်တီးတယ်။ ပြည်တွင်းစစ်ကို ရှည်ကြာစေတယ်။ ပြည်တွင်းစစ်ကြောင့် လူမျိုးစုပြဿနာ တနေ့တခြား ကြီးထွားလာတယ်။ လူမျိုးရေး အမုန်းပွားမှု ကြီးထွားလာတယ်။ တဖက်မှာ ပြည်တွင်းစစ်ကို အမှီပြုပြီး စစ်အာဏာရှင်စနစ် ရှင်သန်နေပါတယ်။ ပြည်တွင်းစစ်ကြောင့် မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ် ခိုင်ခန့်သွားတယ်။ စစ်အာဏာရှင်များကို တန်ခိုးကြီးထွားစေပါတယ်။ နောက်ဆုံးကျတော့ စစ်အာဏာရှင် စနစ်ကပဲ တပါတီအာဏာရှင်စနစ်ကို မွေးဖွားပေးလိုက်ပြန်တယ်။

အာဏာရှင်တချို့သာ တန်ခိုးထွားနေတယ်။ တိုင်းပြည်ကတော့ ဖွတ်ဖွတ်ကြေနေပြီ။ ပြည်သူ လူထု ကုန်းကောက်စရာ မရှိအောင် မွဲတေနေပြီ။ တရားခံ ဘာလဲ ...

ရှင်းနေပါတယ်။ မဟာလူမျိုးကြီးဝါဒပဲ။ မဟာလူမျိုးကြီးဝါဒကို မြန်မာနိုင်ငံမှာ အပီပြင်ဆုံး အကောင်အထည်ဖေါ်တဲ့နေ့ဟာ ၁၉၇၄ ခုနှစ်က ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြု ပြဌာန်းတဲ့နေ့ပါပဲ။ အမည်ဝေါဟာရအားဖြင့် "ပြည်ထောင်စု" ဆိုတာကို ဆက်လက်သုံးစွဲနေပေမဲ့ ပြည်ထောင်စုစနစ် လုံးဝမဟုတ်ပဲ "တပြည်ထောင်စနစ်" စစ်စစ်နဲ့ တိုင်းပြည်ကို ဖွဲ့စည်းအုပ်ချုပ် သွားပါတယ်။ ပြည်နယ် လူမျိုးစုများရဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် လုံးဝချုပ်ငြိမ်းသွားပါတယ်။ လူသားတယောက်ရဲ့ အခြေခံအကျဆုံး လူ့အခွင့်အရေးဖြစ်တဲ့ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုတာ လုံးဝမရှိပါဘူး။

ဒီ မဟာလူမျိုးကြီးဝါဒက ဘယ်သူ့ကို ထိခိုက်နစ်နာစေသလဲ။ တိုင်းရင်းသားလူမျိုးစုတွေပဲလား မဟုတ်ဘူး။ တတိုင်းပြည်လုံးကို ထိခိုက်နစ်နာစေတယ်။ တိုင်းပြည်ကို ချောက်ထဲ တွန်းပို့လိုက်တယ်။ ဒါကို ၁၉၈၈ ခုနှစ်အတွင်း ဖြစ်ပွားတဲ့ အရေးအခင်းတွေက သက်သေထူနေပါတယ်။ ၁၉၈၈ ခုနှစ် အရေးအခင်းဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေက မွေးဖွားပေးတဲ့ ဆိုးကျိုးတရပ်သာလျှင် ဖြစ်ပါတယ်။ တပါတီ အာဏာရှင် စနစ်ရဲ့ နိုင်ငံရေးပြည်တည်နာကြီး ပေါက်ကွဲမှုပဲဖြစ်တယ်။

ဒါကြောင့် ဒီနေရာကနေ ကျနော် ပြတ်ပြတ်သားသား သတိပေးလိုက်ချင်တယ်။ မြန်မာနိုင်ငံမှာ မဟာလူမျိုးကြီးဝါဒကို ဆက်လက်ကျင့်သုံးလို့ရှိရင် တိုင်းပြည်အခြေအနေကို ဒီထက် အဆပေါင်းများစွာ ဆိုးရွားသွားနိုင်ပါတယ်။ ပြည်တွင်းစစ် ပိုပြီးရှည်ကြာနိုင်ပါတယ်။ တိုင်းပြည်ဘဏ္ဍာတော်ထဲက စစ်အသုံးစရိတ်ဟာ လက်ရှိ (၆၀)ရာခိုင်နှုန်းကနေ ရာခိုင်နှုန်းအများကြီး တက်သွားဦးမယ်။ ဒီတော့ တိုင်းပြည် ဒီထက်အဆပေါင်းများစွာ ဆင်းရဲမွဲတေသွားဦးမယ်။ စစ်ကို အကြောင်းပြုပြီး လူ့အခွင့်အရေး အချိုးနိမ်ခံရဦးမယ်။ ဒီမိုကရေစီဆိတ်သုဉ်းပျောက်ကွယ်သွားဦးမယ်။ ဘယ်သူမြတ်မလဲ ... စစ်အာဏာရှင်စနစ် သက်ဆိုးရှည်သွားတာပဲ အမြတ်ထွက်မယ်။

ဒါကြောင့် ကျနော်တို့ ဒီကနေ့ရင်ဆိုင်တိုက်ခိုက်ရမည့် အဓိကရန်သူကတော့ မဟာလူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒပါပဲ။ ဒီလို သေးသိမ်ကျဉ်းမြောင်းတဲ့ ဝါဒနှစ်ခုက ကျနော်တို့ တိုင်းပြည်ကို ဒုက္ခပေးနေပါတယ်။ ဒါကြောင့် ကျနော်တို့ ဒုတိယအကြိမ် လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲတဲ့အခါမှာ အဓိကရန်သူဖြစ်တဲ့ ဒီဝါဒနှစ်ခုကို မျက်ခြေမပြတ် တိုက်ခိုက်သွားဖို့ လိုပါတယ်။ ဒီ ဝါဒနှစ်ခုကို အပြတ်တိုက်ထုတ်ပြီး မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုအားလုံး လူသားပီသစွာ အသက်ရှင်နေထိုင်ခွင့်ကို အာမခံချက်ပေးနိုင်ပြီး၊ လူ့အခွင့်အရေးကို အကာအကွယ်ပေးတဲ့ ဒီမိုကရေစီဖွံ့ဖြိုးရှင်သန်စေတဲ့ နိုင်ငံတော်ကို ကျနော်တို့ ထူထောင်ကြရမယ်။ ဒီ နိုင်ငံတော်ဟာ လူမျိုးပေါင်းစုံ တန်းတူရည်တူ ပူးပေါင်းတဲ့၊ စစ်မှန်တဲ့ ပြည်ထောင်စုစနစ် ဖြစ်ကြောင်းကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက အာမခံချက် အပြည့်အဝပေးရမယ်။ ဒါဟာ ကျနော်တို့ရဲ့ပန်းတိုင်ပဲ။

ကျနော်တို့ဟာ တာထွက်ကတည်းက ပန်းတိုင်ကို ထင်ထင်ရှားရှား မြင်တတ်ဖို့ လိုပါတယ်။ ပန်းတိုင်ကို မသေချာမရေရာရင် အဓိကပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ သာမည ပြဿနာတွေနဲ့ လုံးထွေးပြီး ကျနော်တို့ရဲ့ တော်လှန်ရေး ရေစုန်မျောသွားနိုင်တယ်။

ကျနော်တို့ရဲ့အဓိကပြဿနာဟာ ပြည်ထောင်စုပြဿနာပဲဖြစ်ပါတယ်။ ပြည်ထောင်စုကြီးကို အသစ်တဖန် ဘယ်လို တည်ဆောက်မလဲဆိုတဲ့ ပြဿနာပါ။ ပြည်ထောင်စုထဲမှာရှိတဲ့ တိုင်းရင်းသား လူမျိုးစုများရဲ့ ကဏ္ဍာနှင့် ပြည်မကဏ္ဍာကို ဘယ်လို ကိုင်တွယ်ဖြေရှင်းမလဲ ... ဒါက အဓိကပါ။ တနည်း ပြောရရင် ပြည်ထောင်စုအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံး လူမျိုးအားလုံးရဲ့ လူမျိုးစုပြဿနာပဲ ဖြစ်ပါတယ်။ လူမျိုးစုပြဿနာကို ပြေလည်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရင် ပြည်တွင်း ငြိမ်းချမ်းရေးကိုလည်း အမြန်ဆုံးရရှိအောင် ဆောင်ရွက်နိုင်မယ်လို့ တဆက်တည်း ပြောလိုပါတယ်။

ဒါပေမယ့် ... ကျနော်တို့ဟာ အဓိကပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ ကြောက်နေကြတယ်။ ပြည်ထောင်စုကို ဘယ်လို ပြန်လည်ဖွဲ့စည်းမလဲဆိုတာ မပြောရဲကြဖူး။ အထူးသဖြင့် ပြည်မပါတီများဟာ ဒီကိစ္စကို ကြောက်နေကြတယ်။ “စစ်မှန်တဲ့ပြည်ထောင်စု” ဆိုတဲ့ စကားကို သူတို့ ပါးစပ်ထဲက ထွက်လာမှာကိုတောင် ကြောက်နေကြတယ်။ ရှမ်းပြည်နယ်က ဦးရွှေအုံး ပြောဖူးသလို “ဖယ်ဒရယ်လ်” ဆိုတဲ့ စကားလုံးကြားလိုက်တာနဲ့ တီကောင်ကို ဆားနဲ့ထိသလို တွန့်လိမ်ကုန်ကြတယ်။ ပြည်မပါတီကြီးထဲက ထိပ်ဆုံးမှာ နာမည်ရနေတဲ့ ပါတီ သုံးလေးခုကို ကျနော်တို့သွားပြီး ဆွေးနွေးကြည့်တယ်။ ဝမ်းနည်းဖွယ်

ကောင်းတာက တချို့ ပါတီကြီးများဟာ သူတို့ရဲ့ ဝါဒသဘောထားကျေညာချက်ထဲမှာ တိုင်းရင်းသား လူမျိုးစုများကဏ္ဍကို ထည့်တောင်မထည့်ရဲကြဖူး။ တိုင်းရင်းသားလူမျိုးစုကိစ္စမပါဘဲ ပြည်ထောင်စု အကြောင်းကို ဘယ်လို စဉ်းစားနေကြသလဲမသိဘူး။ တိုင်းရင်းသားတွေမပါဘဲ မြန်မာနိုင်ငံမှာ ဘာမှလုပ်လို့ မရဖူးဆိုတာ သူတို့ မသိကြဘူး ထင်တယ်။ ဒါတွေကြောင့်ပဲ တိုင်းပြည် ငါးပါးမှောက်ကုန်တာပေါ့။

တချို့က စကားလှရုံ "တိုင်းရင်းသားများနှင့် ချစ်ကြည်ရင်းနှီးစွာနေပါမယ်" လို့ ပြောဆို ရေးသား ကြတယ်။ ဘယ်လို အခြေခံဝါဒပေါ်မှာ ချစ်ကြည်ပြီး၊ ဘယ်လို အကြောင်းတရားတွေကြောင့် ရင်းနှီးကြ မလဲ … ပြတ်သားတဲ့ဝါဒ တခုခုတော့ ချမှတ်ရမှာပေါ့။

စစ်မှန်တဲ့ပြည်ထောင်စုစနစ်ကိုဘာဖြစ်လို့ကြောက်နေကြတာလဲ …

အဖြေ နှစ်ခုထွက်ပါတယ်။ တစ်က … မသိနားမလည်လို့ ကြောက်တာ၊ နှစ်က … မရိုးသားလို့ ကြောက်တာ။ ဒီနှစ်ခုပါပဲ။ မသိနားမလည်လို့ကြောက်တဲ့လူဟာ အမှောင်ထဲမှာ တစ်ယောက်ထဲ နေတဲ့လူနဲ့ တူပါတယ်။ အမှောင်ထဲမှာဆိုတော့ မမြင်နိုင်၊ မသိနိုင်၊ နားမလည်နိုင်တဲ့ အရာအားလုံးကို ကြောက်နေ ရတယ်။ အလင်းရောင်သာရှိလိုက်ရင်၊ ဒါမှမဟုတ် အဖော်ကောင်းကောင်းတယောက်သာ ရှိလိုက်ရင် သူကြောက်တော့မှာ မဟုတ်ပါဘူး။ ဒီလိုပဲ ပြည်မဗမာအများစုဟာ စစ်မှန်တဲ့ပြည်ထောင်စုစနစ်လို့ ကျနော်တို့ပြောနေတဲ့ ဖယ်ဒရယ်စနစ်ဟာ ဘယ်လိုစနစ်မျိုးလဲ၊ ဘယ်လိုအနှစ်သာရရှိသလဲ ဆိုတာ မသိနားမလည်တဲ့အတွက် ကြောက်နေကြတယ်။ ဖယ်ဒရယ်ဆိုရင် ခွဲထွက်ရေးလို့ပဲ မြင်နေကြတယ်။ သူတို့သိမြင်နားလည်အောင် ရှင်းလင်းပြနိုင်မည့် ဒီမိုကရေစီရောင်ခြည်လည်း မြန်မာနိုင်ငံမှာ မထွန်းတောက် နိုင်သေးဘူး။ ဒီမိုကရေစီတံခါး မပွင့်သေးဘူး၊ အရေးတော်ပုံပြတင်းပေါက်လေးထဲကရတဲ့ ဒီမိုကရေစီ ရောင်ခြည်လောက်နဲ့ သူတို့ အကြောက်မပြေနိုင်သေးဘူး။ ပြီးတော့ … သူတို့က ကျနော်တို့တိုင်းရင်းသား လူမျိုးစုများကို ရဲဘော်ရဲဘက်လို မမြင်ဘဲ ပြည်တွင်းစစ်ကြောင့် ရန်သူလို့ပဲ မြင်နေကြသေးတယ်။ ဒါကြောင့် ကြောက်တယ်။ ဒီလို အထင်မှား အမြင်မှား ဖြစ်အောင် လုပ်တဲ့ လူကလည်း မြန်မာနိုင်ငံထဲမှာ အများကြီးရှိနေပါတယ်။ ဗမာလူထုကသာ အမြင်ကြည်ကြည်လင်လင်နဲ့ ကျနော်တို့ တိုင်းရင်းသား လူမျိုးစုများကို သေဖော်ရှင်ဖက်ရဲဘော်များအဖြစ် သဘောထားနိုင်လို့ရှိရင် သူတို့ အကြောက်တရားတွေ ပြေပြီး ကျနော်တို့ လိုလားချက် ဘာလဲဆိုတာ အမြင်ရှင်းရှင်းနဲ့ နားလည်သဘောပေါက်သွားမှာပါ။

ဒုတိယကြောက်နေတဲ့လူတွေကတော့ သူတို့ရဲ့ မရိုးသားစိတ်ကြောင့် ကြောက်နေကြတာပဲ ဖြစ်တယ်။ စစ်မှန်တဲ့ပြည်ထောင်စုစနစ်နဲ့ မြန်မာနိုင်ငံကို ဖွဲ့စည်းအုပ်ချုပ်သွားရင် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေး ရရှိမှာကို စိုးရိမ်ပူပန် ကြောက်ရွံ့နေကြတယ်။ ဒီလို မရိုးသားတဲ့စိတ်နဲ့ ကြောက်နေတဲ့ လူတွေကတော့ မဟာလူမျိုးကြီးဝါဒသမားတွေပါပဲ။ သူတို့ကိုတော့ ချော့ဖို့မလိုပါဘူး။ ပြည်ထောင်စုရဲ့ နံပါတ်တစ်ရန်သူများအဖြစ် ပြတ်ပြတ်သားသား တိုက်ခိုက်သွားဖို့ပဲ ရှိတယ်။

ကျနော်တို့ ရင်ဆိုင်ရမည့် ဒုတိယရန်သူကတော့ ကျဉ်းမြောင်းတဲ့အမျိုးသားရေးဝါဒပဲ ဖြစ်ပါ တယ်။ ဒီရန်သူဟာ ကျနော်တို့ တိုင်းရင်းသားထဲကပေါက်ဖွားလာမှာ ဖြစ်တယ်။

ကျဉ်းမြောင်းတဲ့အမျိုးသားရေးဝါဒရဲ့မောင်းနှင်အားကတော့ လူမျိုးစုပြဿနာပါပဲ။ လူမျိုးစု ပြဿနာဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရှိပါတယ်။ ဒါပေမယ့် ဒီမိုကရေစီထွန်းကားတဲ့နိုင်ငံမှာ လူမျိုးစု ပြဿနာ တဖြည်းဖြည်း လျော့ပါးပြီး၊ နောက်ဆုံး ပျောက်ကွယ် သွားတတ်ပါတယ်။ ဒီမိုကရေစီမရှိတဲ့ နိုင်ငံမှာကျတော့ လူမျိုးစုပြဿနာ တဖြည်းဖြည်းကြီးထွားပြီး နောက်ဆုံးကျဉ်းမြောင်းတဲ့အမျိုးသား ရေးဝါဒအဖြစ်နဲ့ တိုင်းပြည်ကို ဒုက္ခပေးတတ်ပါတယ်။

ဒါကြောင့် ကျနော်တို့လူမျိုးစုများဖက်ကလည်း ကျဉ်းမြောင်းတဲ့အမျိုးသားရေးဝါဒကြောင့်

တိုင်းပြည်ဒုက္ခမရောက်စေဖို့ သတိထားကြရပါမယ်။ အမြင်ကျယ်ရမယ်။ ပြည်နယ်လူမျိုးစုများ ညီညွတ်တဲ့ အင်အားနဲ့ စစ်မှန်တဲ့ပြည်ထောင်စုစနစ် တည်ဆောက်ရေးကို တွန်းအားပေးဖို့ လိုပါတယ်။ ဒီမိုကရေစီ ထွန်းကားတဲ့ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်ရင် လူမျိုးစုပြဿနာ ပြေလည်ပြီး ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒ ဆိတ်သုဉ်းသွားမှာ သေချာပါတယ်။

ဒါပေမယ့် ကျနော်တို့ပြည်နယ်လူမျိုးစုများ ညီနိုင်မလား။ ပြည်နယ်အသီးသီးက ပါတီပေါင်း မြောက်များစွာ ထွက်ပေါ်နေတာ မညီညွတ်တဲ့သဘောကို ပြနေပြီလား။ စောစောက မွန်ဒီမိုကရေစီ အဖွဲ့ချုပ်က ကိုယ်စားလှယ်တင်ပြသလို ၁၉၆၁ တောင်ကြီးမှာ ဖွဲ့စည်း ခဲ့တဲ့ "ပြည်နယ်များ ညီညွတ်ရေး အဖွဲ့" အဆင့်ကိုတောင် ရောက်နိုင်ပ့ါမလားလို့ သံသယရှိစရာ ရှိပါတယ်။❖ ဟိုတုန်းက ပြည်နယ်အသီးသီး မှာ ပါတီ တခု နှစ်ခုလောက်ပဲရှိတယ်။ ခုတော့ အရမ်းများနေတယ်။ ညီနိုင်ပ့ါမလား။ ညီဖို့ကော လွယ်ပ့ါမလား။

ဒီကိစ္စမှာ ကျနော်တော့ အကောင်းဖက်က မြင်ပါတယ်။ ဒီလို မလိုလားအပ်ပဲ ပါတီတွေ များနေ ခြင်းဟာ ဖြစ်ပေါ်ခဲ့တဲ့အရေးအခင်းက ဖန်တီးသွားတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ... ဒီ အရေးအခင်းဟာ စနစ်တကျ စုစည်း ဖွဲ့စည်းပြီးမှ ဆင်နွှဲတဲ့အရေးအခင်းမဟုတ်ဘဲ၊ စနစ်တကျ စုစည်းမှုမရှိဘဲ အလို အလျောက် ပေါက်ကွဲမှုကြီး **Spontaneous Uprising** ဖြစ်နေတဲ့အတွက် လူတိုင်းဟာ သူ့နေရာနဲ့သူ၊ သူ့ဒေသနဲ့သူ၊ သူ့အုပ်စုနဲ့သူ၊ အစုလိုက် အစုလိုက် ဆန္ဒပြတိုက်ပွဲဝင်ခဲ့ကြရာက ပါတီအသွင်ကို ပြောင်းလဲသွားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီတံခါးမကြီး ပွင့်သွားလို့ လွတ်လပ်စွာ ဟောပြော စည်းရုံးနိုင်လို့ရှိရင်၊ အားလုံး တစုတည်း ပေါင်းစည်းသွားကြမယ်လို့ မျှော်လင့်မိပါတယ်။

ဒုတိယအချက်ကတော့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ လုံးဝဆိတ်သုဉ်းခဲ့တဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါ တယ်။ စောစောကတင်ပြသလို ဒီမိုကရေစီမရှိတော့ လူမျိုးစုပြဿနာ ကြီးထွားနေပါတယ်။ အချင်းချင်း ကြားမှာ နားမလည်မှု၊ အထင်လွဲမှု၊ နာကျည်းမုန်းတီးမှုများ ကြီးထွားနေတယ်။ ကျနော်တို့ကိုယ်တိုင် ကြုံတွေ့ခဲ့တဲ့ ဥပမာတခုကို တင်ပြရရင် – မကြာသေးခင်က ကျနော် ချင်းပြည်နယ် ပလက်ဝကို သွားပါတယ်။ အဲဒီ မြို့ခံလူထုတွေက ဘာပြောသလဲဆိုတော့ (၂၆) နှစ်လုံးလုံး မြောက်ပိုင်းသားတွေ ချယ်လှယ်စိုးမိုး ခဲ့တာ မကျေနပ်ဘူးတဲ့။ မတူပီမှာကျတော့ မင်းတပ်သားတွေ စိုးမိုးခဲ့တာကို မကျေနပ်ကြဘူး။ ဟားခါးနဲ့ ဖလန်းမှာကျတော့ တီးတိန်တွေက (၂၆)နှစ်လုံးလုံး အုပ်စိုးလို့တဲ့၊ တီးတိန်မှာကျပြန်တော့ သူ့တို့မြို့နယ် ထဲက လူမျိုးနွယ်စုလေးတခုဖြစ်တဲ့ ဆီးယင်းတွေက စိုးမိုးချယ်လှယ်လို့ ဆိုပြီး မကျေနပ်ချက်တွေကို ဟိုလူကြောင့်နိုးနိုး၊ ဒီလူကြောင့်နိုးနိုး နီးရာလူကိုပဲ စွပ်စွဲကြတော့တယ်။ ချင်းစကားပုံတခုရှိတယ်။ "သစ်ပင်တပင်ကွယ်လို့ တောအုပ်ကြီးကို မမြင်နိုင်ဘူးတဲ့" အနီးဆုံးသစ်ပင်ကွယ်လို့ တောအုပ်ကို မမြင်နိုင်သလို အနီးဆုံးလူကိုပဲ တရားခံလုပ်ကြတော့တယ်။ တရားခံအစစ်အမှန်ကို မမြင်နိုင်ကြဘူး။ ဒီလိုတရားခံအစစ်ကို မမြင်နိုင်ဘဲ၊ ပြဿနာအရင်းအမြစ်ကို မသိဘဲ ခံပြင်းစိတ် နာကျည်းစိတ် သက်သက် နဲ့ နိုင်ငံရေးလုပ်ရင် အမှားတွေ့နိုင်တယ်။

တချို့ လူမျိုးနွယ်စု ပါတီလေးတွေကို ကျနော်မေးကြည့်တယ် ... သူတို့ရဲ့ ရည်ရွယ်ချက်တွေကို။ တချို့ပါတီရဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံရေးမဟုတ်ဘဲ၊ သာရေး ၊ နာရေး၊ လူမှုရေး သွားဖြစ်နေတယ်။ လူမှုရေးဘောင်အတွင်းမှာ လုပ်ရမဲ့ အမျိုးသားချင်းကြည့်ရှုစောင့်ရှောက်ရေး၊ ဘာသာစကား ထိန်းသိမ်းရေး၊ စာပေမြှင့်တင်ရေး စတဲ့ကိစ္စတွေ သွားဖြစ်နေတယ်။ နိုင်ငံရေးပြဿနာမဟုတ်ဘူး။ နိုင်ငံရေးဆိုတာ အာဏာ ပြဿနာပဲ။ ခုတော့ အာဏာပြဿနာမဟုတ်ဘူး။ လူမှုရေးသက်သက်။ ပြည်ထဲရေးနဲ့ သာသနာရေး

---

❖ မှတ်ချက်။ ။ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးနိုင်ငွေသိမ်းကိုရည်ညွှန်းခြင်းဖြစ်ပါသည်။

ဝန်ကြီးဌာနမှာ မှတ်ပုံတင်ရမဲ့ အသင်းအဖွဲ့တွေက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးမှာ သွားပြီး မှတ်ပုံတင်ကြတယ်။ ဒီလို တလွဲတချော်ဖြစ်နေတဲ့ ကိစ္စတွေက မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ဘယ်လောက်ဆိတ်သုဉ်းနေပြီလဲဆိုတာ ပေါ်လွင်ထင်ရှားစေပါတယ်။ မြန်မာနိုင်ငံမှာသာ ဒီမိုကရေစီ အပြည့်အဝ ရလာလို့ရှိရင် လူမျိုးနွယ်စုနဲ့ ဒေသငယ်လေးတွေကို အခြေခံတဲ့ ပါတီငယ်လေးတွေ အလိုလို လမ်းမှန်ရောက်သွားကြမှာပါ။

ဒီလိုမှ အမြင်မှန်မရဘဲ ဒေသစွဲ၊ မျိုးနွယ်စုစွဲ၊ ပုဂ္ဂိုလ်စွဲ စတဲ့ ကျဉ်းမြောင်းတဲ့ အယူဝါဒပေါ်မှာ အခြေခံပြီး ထူထောင်တဲ့ပါတီတွေက ကျနော်တို့ ပြည်နယ်အတွင်း စုစည်းညီညွတ်မှုအင်အား၊ ပြည်ထောင်စုအတွင်း စုစည်းညီညွတ်မှုအင်အားကို အဟန့်အတားဖြစ်စေတယ်။ ဖြိုခွဲဖို့ ကြိုးစားနေတယ်ဆိုရင် ဒါကိုတော့ ကျနော်တို့လည်း ပြတ်ပြတ်သားသား ကိုင်တွယ်ရမှာပဲ။ သူတို့ရဲ့ လုပ်ရပ်နဲ့ စေတနာ မှန်ကန်မှုရှိမရှိဆိုတာကို ပြည်သူ့ရှေ့မှာ အစစ်ခံသွားကြရမယ်။ သူ့တို့ လုပ်ရပ်နဲ့ စေတနာ မမှန်ကန်ဘူးဆိုရင် နိုင်ငံရေး အညစ်အကြေးများအဖြစ် သမိုင်းရေစီးကြောင်းက ဘေးကို တွန်းပို့ခြင်း ခံကြရမှာ သေချာတယ်။ ဒီမိုကရေစီ တော်လှန်ရေးအင်အားစုကို ဟန့်တားဖို့ ကြိုးစားနေတဲ့သူတွေဟာ သမိုင်းဘီးရဲ့ နင်းကြိတ်ခြင်းကို အလူးအလဲ ခံသွားဖို့ပဲရှိပါတယ်။ သမိုင်းဘီးကို ဘယ်သူမှ ဟန့်တားနိုင်မှာ မဟုတ်ဘူး။

ဒါကြောင့် လူမျိုးနွယ်စုနဲ့ ဒေသငယ်လေးတွေကို အခြေခံပြီး ထူထောင်တဲ့ ပါတီငယ်လေးတွေ အမြန်ဆုံးစုစည်းပြီး ပြည်နယ်ပါတီကြီးများနဲ့ ပူးပေါင်းကြပါ။ ကျဉ်းမြောင်းတဲ့မျိုးနွယ်စု၊ ဒေသစွဲများကို ရဲဝံ့စွာ တော်လှန်ကျော်လွှားပြီး အမျိုးသားရေးအဆင့်ကို တက်လှမ်းကြပါ။

အခု ကျနော်တို့ပြည်နယ်တွေမှာ ရင်ဆိုင်နေရတဲ့ ပြဿနာကတော့ အမျိုးသားရေးပြဿနာအဆင့်မရောက်သေးဘူး **Nationalism** အဆင့်မဟုတ်ဘူး၊ **Tribalism** အဆင့်သာ ဖြစ်နေသေးတယ်။ ဒါကြောင့် ကျနော်တို့ တိုးတက်တဲ့အမြင်နဲ့ အတွေးအခေါ်တော်လှန်ရေးတရပ် အမြန်ဆုံး ဆင်နွဲဖို့ လိုနေပါတယ်။ ဒါမှ **Tribalism** အဆင့်ကနေ **Nationalism** အဆင့်ကို တက်လှမ်းနိုင်ပြီး ပြည်နယ်အတွင်း ညီညွတ်မှုကို ရနိုင်မှာဖြစ်တယ်။ ပြည်နယ်အတွင်း ညီညွတ်မှုရရှိမှ ပြည်ထောင်စုအတိုင်းအတာနဲ့လည်း ညီညွတ်နိုင်မှာ ဖြစ်တယ်။

ဟိုနေ့ အစည်းအဝေးတုန်းက ကျနော်ပြောသလို ကျနော်တို့ ခြေလှမ်းမကျွံဖို့နဲ့ ခြေလှမ်းမနှေးဖို့ လိုပါတယ်။ ဆန္ဒစောပြီး ခြေလှမ်းကျွံရင် အမှားတွေ့နိုင်တယ်။ သမိုင်းတကွေ့မှာ တခါမှားရင် နှစ်ပေါင်းများစွာ ခံသွားနိုင်တယ်။ မျိုးဆက်နဲ့ချီပြီး ခံသွားနိုင်တယ်။ ခြေလှမ်းနှေးလွန်းရင်လဲ အချိန်အခါနဲ့ အခြေအနေပေးတဲ့အတိုင်း အလုပ်မလုပ်နိုင်ဖြစ်သွားပြီး၊ အခွင့်အရေးဆုံးရှုံးသွားနိုင်တယ်။ ကျနော်တို့ ပြည်နယ်သားတွေ အခွင့်အရေးဆုံးရှုံးပေါင်းများလှပြီ။ ဒါကြောင့် ကျနော်တို့ ဒီမိုကရေစီတော်လှန်ရေးကို ဆင်နွဲတဲ့အခါမှာ ကြိုးဝိုင်းထဲက လက်ဝှေ့သမားလို ကျင့်သုံးရပါမယ်။ ဘယ်ဘက်လက်နဲ့ အကာအကွယ်ယူပြီး ညာဘက်လက်နဲ့ ချက်ကောင်းကိုစောင့်ပြီး ထိုးရပါမယ်။ ဘယ်ဘက်လက်ဟာ တချိန်လုံး အကာအကွယ်ယူနေလို့ မဖြစ်ဘူး။ တဖက်ရန်သူ ဟန်ချက်ပျက်သွားအောင် ဘယ်ဘက်လက်နဲ့ တိုက်ကွက်ဆင်ပေးရမယ်။ တဖတ်ရန်သူ ဟန်ချက်ပျက်ပြီး ချက်ကောင်းပေါ်တာနဲ့ ညာဘက်လက်နဲ့ အလဲထိုးရပါမယ်။

ကျနော့်ဆွေးနွေးချက်ကို ချုပ်ပြီး ပြောလိုက်ရင် ကျနော်တို့ ဆင်နွဲနေတဲ့ တော်လှန်ရေးရဲ့ ပန်းတိုင်ကို ထင်ထင်ရှားရှား မြင်တက်ပြီး၊ ထိုပန်းတိုင်ကို ချီတက်တဲ့အခါ ရင်ဆိုင်ရမဲ့ အဓိကပြဿနာများကို မှန်မှန်ကန်ကန် ကိုင်တွယ်ဖြေရှင်းသွားဖို့ အလွန်အရေးကြီးပါတယ်။ ပန်းတိုင်မရှိရင် အဓိကပြဿနာကို ကိုင်တွယ်နိုင်မှာ မဟုတ်ဘူး။ သာမညပြဿနာတွေနဲ့ လုံးထွေးပြီး ကျနော်တို့ တော်လှန်ရေး

ရေစုန်မျောသွားနိုင်တယ်။ ပန်းတိုင်ကို ချီတက်တဲ့အခါဖြစ်ဖြစ်၊ အဓိကပြဿနာကို ရင်ဆိုင်ဖြေရှင်းတဲ့အခါမှာဖြစ်ဖြစ် ညီညွှတ်မှုအင်အားလိုပါတယ်။ အထူးသဖြင့် ကျနော်တို့ ပြည်နယ်လူမျိုးစုများ ညီညွှတ်ဖို့လိုပါတယ်။ ကျနော်တို့ရဲ့ တိုက်ပွဲဟာ နှစ်ဆင့်ရှိတယ်ဆိုတာ အားလုံးနားလည်ပြီးသားပါ။ ညီညွှတ်တဲ့အင်အားနဲ့ ကျနော်တို့သမိုင်းကို အလှပဆုံး ရေးသားဖန်တီးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# အခန်း (၃)

# ခွဲထွက်ရေးနှင့်တန်းတူရေးပြဿနာ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ် သဘာပတိ စုံညီ အစည်းအဝေး (၂၁–၁၁–၈၉) မှ (၂၃–၁၁–၈၉) တွင်၊ အထက်ပါ အခန်း (၂) တွင် ဖော်ပြသော ဒေါက်တာ အောင်တင်ဦးနှင့် နိုင်အောင်မြင့် တို့ တင်သွင်းသည့် "အဖွဲ့၏လုပ်ငန်းအစီရင်ခံစာ"၊ ဦးစီကေတိုက်ကွဲလ် တင်သွင်းသော "ရန်ပုံငွေရှာဖွေရေး" စာတမ်းနှင့် ဦးအေးဖေ တင်သွင်းသော "အဖွဲ့ချုပ်တည်တံ့ခိုင်မြဲရေး နှင့် ဖွဲ့စည်းပုံပြင်ဆင်ရေး" စာတမ်းအပါအဝင်၊ အောက်ပါနိုင်ငံရေးစာတမ်းများကိုလည်း တင်သွင်း၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ပါသည်။ ၎င်းတို့မှာ ...

၁။ မူဝါဒရေးဆွဲရေးအဖွဲ့ကိုယ်စား ဆလိုင်းလျန်မှုန်း တင်သွင်းသော "တိုင်းရင်းသားလူမျိုးများရေးရာ နှင့် ပတ်သက်သော အခြေခံမူများ" စာတမ်းကို လက်ခံအတည်ပြုပါသည်။

၂။ မူဝါဒရေးဆွဲရေးအဖွဲ့ကိုယ်စား နိုင်တင်ဖေ တင်သွင်းသော "ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ(မူကြမ်း)" ကို ပြင်ဆင်ချက်ဖြင့် လက်ခံအတည်ပြု ပါသည်။ ၎င်းမူကြမ်းအပေါ်အခြေခံ၍ အဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံရေးပါတီအသီးသီးမှ ဆွေးနွေးချက်များ၊ အကြံပြုချက်များကို ဖြည့်စွက်၍ ပြည့်စုံစွာ ပြင်ဆင်ရေးဆွဲရန် မူဝါဒရေးရာအဖွဲ့ကို တာဝန်ပေးအပ် ပါသည်။ မူဝါဒရေးဆွဲရေးအဖွဲ့က ပြင်ဆင်ရေးဆွဲ၍ တိုင်းရင်းသားလူမျိုးများညီလာခံတွင် တင်သွင်းရန်၊ ညှိနှိုင်းဆွေးနွေးရန် ဆုံးဖြတ်ပါသည်။

ပြည်ထောင်စုမူပြင်ဆင်ရေးဆွဲသောအခါ –

(က) တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေး၊

(ခ) ပြည်နယ်(၈) ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုစစ်စစ်မူဖြစ်ရေး – တို့အပေါ် အခြေခံရန်၊

၃။ သဘာပတိအဖွဲ့ကိုယ်စား ဦးအုန်းခိုင် တင်သွင်းသော "တိုင်းရင်းသားလူမျိုးများညီလာခံကျင်းပရေး" စာတမ်းကို လက်ခံအတည်ပြုပြီး အောက်ပါအတိုင်း ဆုံးဖြတ်သည်။

(က) တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီပေါင်းစုံပါဝင်တက်ရောက်မည့် တိုင်းရင်းသား လူမျိုးများညီလာခံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်မှ ကမကထပြု၍ ကျင်းပရန်၊

(ခ) တိုင်းရင်းသားလူမျိုးများညီလာခံကို ၁၉၉၀ ပြည့် ဖေဖော်ဝါရီလ ပထမပတ်တွင် ရန်ကုန်မြို့၌ ကျင်းပရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများညီလာခံကျင်းပရေးကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်ရန် အမြဲတမ်း သဘာပတိကောင်စီ၊ အတွင်းရေးမှူးအဖွဲ့နှင့် လုပ်ငန်းကော်မတီများကို တာဝန်ပေးသည်။

၄။ သဘာပတိအဖွဲ့ကိုယ်စား နိုင်ငွေသိမ်း တင်သွင်းသော "အမျိုးသားညီလာခံကျင်းပရေး"စာတမ်းကို လက်ခံအတည်ပြုပြီး အောက်ပါ အတိုင်းဆုံးဖြတ်သည်။

(က) ဗမာတိုင်းရင်းသားအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်တက်ရောက်သော အမျိုးသား ညီလာခံတရပ်ကို ကျင်းပရန်၊

(ခ) အမျိုးသားညီလာခံကျင်းပနိုင်ရေးအတွက် လိုအပ်သောကိစ္စအဝဝကို ဆက်လက် ဆောင်ရွက်ရန် အမြဲတမ်းသဘာပတိကောင်စီနှင့် အတွင်းရေးမှူးအဖွဲ့ကို တာဝန်ပေးအပ်သည်။

၅။ မူဝါဒရေးဆွဲရေးအဖွဲ့ကိုယ်စား နိုင်ခင်မောင် တင်သွင်းသော "ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရေးမူ" စာတမ်းကို လက်ခံအတည်ပြုပြီး အောက်ပါအတိုင်း ဆုံးဖြတ်သည်။

(က) **UNLD** နှင့် **UNLD** အဖွဲ့ချုပ်ဝင်နိုင်ငံရေးပါတီအားလုံး ၁၉၉၀ ခု၊ မေလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်သည်။

(ခ) ရန်ကုန်တိုင်းအပါအဝင် အခြားတိုင်းများတွင် **UNLD** အနေဖြင့် ပါဝင်ယှဉ်ပြိုင်ရန်။ (တိုင်းများတွင် အခြေစိုက်သော **UNLD** အဖွဲ့ဝင် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေး ပါတီများမှ စည်းရုံးလှုပ်ရှားရာဒေသတွင်မူ အချင်းချင်းညှိနှိုင်းဆောင်ရွက်ရန်။)

(ဂ) ပြည်နယ်များတွင် **UNLD** အနေဖြင့် ပါဝင်ယှဉ်ပြိုင်ရန် လိုအပ်ပါက လိုအပ်သလို ပြည်နယ်များ အချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန်။

(ဃ) ၎င်းကိစ္စအဝဝကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် အမြဲတမ်းသဘာပတိ ကောင်စီကို အာဏာကုန် တာဝန်ပေးအပ်သည်။

(င) ၁၉၉၀ မေလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် **UNLD** အဖွဲ့ဝင်နိုင်ငံရေးပါတီများ အများစု အနိုင်ရရှိနိုင်ရန် ပြည်နယ်ပါတီများက မိမိတို့ ပြည်နယ် အလိုက် လိုအပ်လျှင် လိုအပ်သလို အချင်းချင်းညှိနှိုင်းဆောင်ရွက်ရန်။ အချင်းချင်း ညှိနှိုင်း ဆောင်ရွက်သောအခါ အခက်အခဲရှိလာပါက အမြဲတမ်းသဘာပတိကောင်စီက ကူညီ ညှိနှိုင်း ပေးရန်။

(စ) ပြည်မပါတီများနှင့် ညှိနှိုင်းရန် လိုအပ်ပါက ...

၁။ စစ်မှန်သောပြည်ထောင်စုမူအပေါ်အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ရန်၊

၂။ ထိုသို့ညှိနှိုင်းဆောင်ရွက်ရေးကိစ္စကို လိုအပ်လျှင်လိုအပ်သလို ဆောင်ရွက်နိုင်ရန် အမြဲတမ်းသဘာပတိကောင်စီကို အာဏာကုန်လွှဲအပ်လိုက်သည်။

သို့ရာတွင် အထက်ဖော်ပြပါစာတမ်းများသည် ယခုလက်ရှိအခြေအနေတွင် ရှာဖွေတင်ပြရန် အခက်အခဲရှိနေပါသည်။ ထို့ကြောင့် ထိုအစည်းအဝေးတွင် တက်ရောက်သော ပုဂ္ဂိုလ်များလေ့လာနိုင်ရန်၊ သီးခြားတင်ပြခဲ့သည့် "ခွဲထွက်ရေးနှင့်တန်းတူရေး" စာတမ်းကို ဤနေရာတွင် အစားထိုးတင်ပြအပ် ပါသည်။ ယင်းစာတမ်းသည် အတွင်းရေးမှူးအဖွဲ့၏ မူဝါဒရေးရာတာဝန်ခံနှင့် တန်းတူရေး စာစောင် အယ်ဒီတာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆလိုင်းလျန်မှုန်းက ရေးသားပြုစုခြင်းဖြစ်ပါသည်။

# "ခွဲထွက်ရေးနှင့် တန်းတူရေးပြဿနာ"

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုကြီး ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးတို့သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ အရေးပင် ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးများ၏အရေးနှင့်ကင်းကွာသော ပြည်ထောင်စုအရေး မရှိနိုင်ပေ။ ပြည်ထောင်စုကြီး၏ အရေးကိစ္စနှင့် အထွေထွေပြဿနာသည် တိုင်းရင်းသားလူမျိုးစုပြဿနာပေါ်တွင် များစွာ တည်မှီအခြေပြုနေပါသည်။ သို့ဖြစ်သောကြောင့် ပြည်ထောင်စု၏ အခြေခံပြဿနာသည် လူမျိုးစုပြဿနာဟု ခေါ်ဆိုရပေမည်။

ပြည်ထောင်စုကြီး၏ ကံကြမ္မာအကောင်းအဆိုးကိုဖန်တီးနေသော လူမျိုးစုပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးသည် မြန်မာနိုင်ငံ၏ အဓိကနိုင်ငံရေးသော့ချက် ဖြစ်နေသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ သေရေးရှင်ရေးတမျှအရေးကြီးသော လူမျိုးစုပြဿနာကို လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့တိုင် ပြေလည်စွာ ဖြေရှင်းနိုင်ခြင်း မရှိသေးချေ။ လူမျိုးစုပြဿနာကို နိုင်ငံရေးအရ ပြေလည်စွာဖြေရှင်းနိုင်ခြင်း မရှိသောကြောင့် ယနေ့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများအများစုသည် လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲနေကြပါသည်။ လူမျိုးစုပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ခြင်း မရှိသောကြောင့် စစ်ရေးဖြင့်ဖြေရှင်းရန် ကြိုးပမ်းနေကြခြင်းဖြစ်ပေသည်။ လူမျိုးရေးကြောင့် ဖြစ်ပွါးသော ပြည်တွင်းစစ်သည် လွတ်လပ်ရေးသက်တမ်းနှင့်အမျှ ကြာရှည်နေပါပြီ။

ပြည်တွင်းစစ်ကြောင့် ပထမဆုံးကျဆုံးသွားလေသူမှာ – အမှန်တရားနှင့် လွတ်လပ်ခြင်းပင် ဖြစ်သည်။ ပြည်တွင်းစစ်ကြောင့် ရှင်သန်တန်ခိုးကြီးထွားရသူကား –အာဏာရှင်စနစ်ဖြစ်၏။ အာဏာရှင်စနစ်ကြောင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆိတ်သုဉ်းသွားသည်။ ထို့ကြောင့် ယနေ့ဆင်နွှဲနေသော ဒီမိုကရေစီ အရေးတော်ပုံကြီး၏ ရင်းမြစ်ပြဿနာသည် လူမျိုးစုပြဿနာပေါ်မှာ များစွာအခြေခံပါသည်။ ဒီမိုကရေစီအရေးတော်ပုံကြီး၏ အောင်ပွဲပန်းတိုင်သည်လည်း လူမျိုးစုပြဿနာကို နိုင်ငံရေးအရ ငြိမ်းချမ်းစွာဖြေရှင်းပေးမည့် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးသို့ ဦးတည်နေပေသည်။

မြန်မာနိုင်ငံ၏ လူမျိုးစုပြဿနာရင်းမြစ်ကို တူးဆွကြည့်သောအခါ တွေ့ရှိရသည့် အကြီးကျယ်ဆုံးပြဿနာမှာ – "ပြည်နယ်များ ပြည်ထောင်စုထဲမှ ခွဲထွက်ခွင့် ဆိုသော ခွဲထွက်ရေး ပြဿနာပင် ဖြစ်ပါသည်။ ဤမျှကြီးမားသောပြဿနာကို ဖန်တီးပေးသည့် ခွဲထွက်ခွင့်ကို မည်သည့် အကြောင်းကြောင့် ၁၉၄၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းသော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သနည်း။ လေးနက်သော အကြောင်းတရားရှိပေမည်။ ထို့ကြောင့် ပြဿနာ၏ အရင်းအမြစ်ကို နူးညံ့သိမ်မွေ့စွာ ချဉ်းကပ်ရန် လိုပေသည်။ ခွဲထွက်ရေးပြဿနာကို အကိုင်အတွယ် မှားယွင်းမှုကြောင့် ပြည်တွင်းစစ်မီးနဲ့လည်း ရင်ဆိုင်ခဲ့ရပြီ။ တပါတီအာဏာရှင်စနစ်ကို ပေါက်ဖွားစေသည့် အာဏာသိမ်းမှုနှင့်လည်း ကြုံခဲ့ရပြီ။ ထို့ကြောင့် ဤပြဿနာကို အကိုင်အတွယ် တချက်မှားယွင်းပါက ကျောင်းသားလူငယ်၊ ရဟန်းရှင်လူ ပြည်သူအပေါင်း အသက်ပေါင်းများစွာ စတေး၍ ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီးကိုပင် ရေစုန်မျောသွားစေနိုင်သည်။ သို့သော် ဤပြဿနာကို ရှောင်လွှဲ၍ ရမည်မဟုတ်ပေ။ အကြောင်းမှာ မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာသော

ပြဿနာဖြစ်၍ လွတ်လပ်ရေးအသီးအပွင့်ကို တိုင်းရင်းသားလူမျိုးစုအားလုံး ပြည့်ဝစွာခံစားနိုင်ခြင်း မရှိသ၍ ဤပြဿနာရှိနေဦးမည်ပင်ဖြစ်သည်။ ယနေ့ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး အောင်မြင်သော အခါမှသာ ဤပြဿနာ ပြေလည်သွားမည်ဟု ယုံကြည်မျှော်လင့်ရပေသည်။

ခွဲထွက်ရေးပြဿနာကို ပြေလည်စွာ ဖြေရှင်းနိုင်ရေးအတွက် သမိုင်းကြောင်းကို ဆန်းစစ်ရန် လိုပေသည်။ ဤပြဿနာသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့မှ (၁၂) ရက်နေ့အထိ ကျင်းပသော ပင်လုံညီလာခံမှ သန္ဓေတည်ခဲ့ပါသည်။ ၁၉၄၇၊ ဖေဖော်ဝါရီလ(၆)ရက်နေ့တွင် ကျင်းပခဲ့သော ရှမ်း စော်ဘွားကိုယ်စားလှယ်များ၊ ရှမ်းလူထုကိုယ်စားလှယ်များနှင့် ကချင်ခေါင်းဆောင်များ ပါဝင်သော အစည်းအဝေးဆုံးဖြတ်ချက်အမှတ်(၅) တွင် "လွတ်လပ်ရေးရပြီးသည့်နောက် မြန်မာပြည်ထောင်စုမှ ကျွန်ုပ်တို့ ခွဲထွက်လိုလျှင် ကျွန်ုပ်တို့သဘောကျသည့်အချိန်တွင် ခွဲထွက်နိုင်ခွင့် ရှိစေရမည်" ဟု အားလုံးသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ ပင်လုံညီလာခံသို့ (၇-၂-၄၇)တွင် ရောက်ရှိလာကြသော ချင်းကိုယ်စားလှယ်များအပါအဝင် ရှမ်း၊ ကချင်နှင့် ချင်းခေါင်းဆောင်များ စုံညီတက်ရောက်သည့် နယ်စပ်ဒေသကိုယ်စားလှယ်များအစည်းအဝေး (၇-၂-၄၇ ညနေပိုင်းတွင် ကျင်းပသည်) တွင် ထိုဆုံးဖြတ်ချက်ကို ထပ်မံ၍ အတည်ပြုနိုင်ခဲ့ပါသည်။

ချင်း၊ ကချင်နှင့် ရှမ်းတိုင်းရင်းသားများ လိုလားတောင်းဆိုသော ခွဲထွက်ခွင့်ကို ဗိုလ်ချုပ် အောင်ဆန်းကလည်း ကန့်ကွက်ခြင်းမရှိ ထောက်ခံခဲ့ပါသည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ဦးစီးရေးဆွဲ၍ ဂျူဗလီခန်းမကြီး၌ ၁၉၄၇ ခုနှစ်၊ မေလတွင် ကျင်းပခဲ့သော ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံကြီးတွင် အတည်ပြုပြဋ္ဌာန်းသော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၁၂)တွင် **ခွဲထွက်နိုင်သောအခွင့်အရေး** ကို အတိအလင်းပြဋ္ဌာန်းခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ခဲ့ပြီးနောက်၊ ဦးချန်ထွန်းဦးစီးရေးဆွဲ၍ ၁၉၄၇ စက်တင်ဘာလတွင် ကျင်းပသော တိုင်းပြုပြည်ပြုလွှတ်တော်က လက်ခံအတည်ပြုသော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၁၀)တွင် ခွဲထွက်နိုင်သော အခွင့်အရေးများကို အတိအလင်းပြဋ္ဌာန်းခဲ့ပါသည်။

အဘယ်ကြောင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များက ခွဲထွက်နိုင်သော အခွင့်အရေးကို တောင်းဆိုခဲ့ကြသနည်း။ အဘယ်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာခေါင်းဆောင်များက လိုက်လျော၍ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြမ်းတွင် အတိအလင်းပြဋ္ဌာန်းပေးခဲ့သနည်း။ အလွန်လေးနက် သိမ်မွေ့ပါပေသည်။

ခွဲထွက်ခွင့်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်း၍ ဖွဲ့စည်းထူထောင်သော ပြည်ထောင်စု ကြီးပေါက်ဖွားရှင်သန်ရေးအတွက် ထူးခြား၍ လေးနက်ပြည့်ဝသော အနှစ်သာရများစွာကို ဖေါ်ဆောင် ခဲ့ပါသည်။ အဓိကအကျဆုံး၊ အလေးနက်ဆုံးသော အနှစ်သာရမှာ - အသစ်ဖွဲ့စည်း ထူထောင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးသည် လူမျိုးရေးအရ လည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း တန်းတူညီမျှကြပြီး၊ ထို တန်းတူညီမျှသော တိုင်းရင်းသား လူမျိုးများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကံကြမ္မာကို လွတ်လပ်စွာ ဖန်တီးခွင့် အပြည့်အဝ ရှိကြသည်ဟူသော အနှစ်သာရပင် ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုသော် ခွဲထွက်ခွင့်သည် သမိုင်းအစဉ်အဆက် သီးခြား လွတ်လပ်သော တိုင်းရင်းသားလူမျိုးများ မိမိတို့ဆန္ဒအလျောက် တန်းတူရည်တူ ပူးပေါင်း၍ နိုင်ငံတော် တခုကို အတူတကွ ထူထောင်ကြသည်ဆိုသော နိုင်ငံရေး အဓိပ္ပါယ်ပင် ဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ ဤနိုင်ငံနယ်နမိတ် အတွင်းတွင် စုပေါင်းနေထိုင်နေကြခြင်းမှာ မိမိတို့ဆန္ဒအလျောက် ဘိုးဘွားပိုင်နယ်မြေအသီးသီးကို

ပူးပေါင်း၍ ပြည်ထောင်စုတခု ဖွဲ့စည်းထူထောင်ရန် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းကြောင့်သာ ဖြစ်ပါသည်။ လူမျိုးတစ်မျိုးက လက်နက်ဖြင့် တိုက်ခိုက် သိမ်းပိုက်ကျွန်ပြု၍ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း နေထိုင်ကြခြင်း မဟုတ်ပေ။ ထိုနည်းတူ ပင်လုံစာချုပ်သည်လည်း ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးများ အညှံ့ခံ လက်နက်ချ၍ ချုပ်ဆိုသော စာချုပ်မဟုတ်ပေ။ သီးခြားလွတ်လပ်သော လူမျိုးများ တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတစ်ခုကို အတူတကွ ထူထောင်ရန် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်သာလျှင် ဖြစ်ပေသည်။ ဤအချက်ကို ပေါ်လွင်စေသောအရာမှာ ... နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် "ခွဲထွက်လိုပါက လွတ်လပ်စွာဖြင့် ခွဲထွက်ပိုင်ခွင့်ရှိစေရမည်" ဆိုသော အချက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးတွင် ခွဲထွက်နိုင်သော အခွင့်အရေးကို သီးခြားအခန်း၊ သီးခြားပုဒ်မဖြင့် အတိအလင်း ပြဋ္ဌာန်းခဲ့ခြင်းမှာ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုကြီးကိုထူထောင်ရန် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည် ဟူသော အဓိပ္ပါယ်နှင့် အနှစ်သာရကို ပေါ်လွင်ထင်ရှားစေသည့် ပြဋ္ဌာန်းချက်ပင် ဖြစ်ပါသည်။

သို့ရာတွင် အထူးဝမ်းနည်းဖွယ်ကောင်းသောအချက်မှာ ခွဲထွက်ခွင့်ကို သီးခြားပုဒ်မဖြင့် အထင်အရှား ပြဋ္ဌာန်းခဲ့သော်လည်း၊ ခွဲထွက်ခွင့်၏ အနှစ်သာရဖြစ်သော တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေး ရရှိခံစားရေးကိုမူ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းကာကွယ် ပေးနိုင်ခြင်း မရှိခဲ့ပေ။ တိုင်းရင်းသားလူမျိုးများ – လူမျိုးရေးအရလည်းကောင်း၊ နိုင်ငံရေးအရ လည်းကောင်း၊ တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကို လွတ်လပ်စွာ ဖန်တီးခွင့်တို့ကို နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အာမခံချက် မပေးနိုင်ခဲ့ပေ။ ထိုသို့ အခြေခံကျသော တန်းတူရေး အနှစ်သာရများကို ပီပြင်အောင် ဖေါ်ဆောင်နိုင်ခြင်း မရှိသောကြောင့်၊ တန်းတူရေးပြယုဂ်အဖြစ် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသော "ခွဲထွက်ရေး" သည် သမိုင်းစဉ် တလျှောက် အကျိုးထက် အပြစ်ကိုသာ ဖြစ်ပေါ်စေခဲ့ပါသည်။

ယင်းသည် လူမျိုးစုပြဿနာကို ပြေလည်စွာ ဖြေရှင်းနိုင်ခြင်း မရှိသောကြောင့် ဖြစ်၏။ လူမျိုးစုပြဿနာ၏ အရင်းအမြစ်သည် တန်းတူရေးမှာ အခြေခံပေသည်။ တန်းတူရေးပြဿနာကို ပြေလည်စွာ ဖြေရှင်းလိုပါက မြန်မာနိုင်ငံကို စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထူထောင်ရပေမည်။ စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးသည် လူမျိုးစုပြဿနာ ဖြေရှင်းနိုင်ရေးအတွက် ခေါင်အချုပ်ဖြစ်ပါသည်။

၁၉၄၇ နှင့် ၁၉၇၄ တို့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တို့သည် စစ်မှန်သောပြည်ထောင်စုစနစ်ကို ဖွဲ့စည်းဖော်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် လူမျိုးစု ပြဿနာကို နိုင်ငံရေးအရ ပြေလည်စွာ ဖြေရှင်းနိုင်ခြင်းမရှိပေ။ လူမျိုးစုပြဿနာကို ပြေလည်စွာ ဖြေရှင်း နိုင်ခြင်းမရှိသောကြောင့် ပြည်တွင်းငြိမ်းချမ်းရေးလည်း မရရှိနိုင်ပေ။ ပြည်တွင်းစစ်ကိုအမှီပြု၍ စစ် အာဏာရှင်စနစ်ပေါ်ပေါက်လာပြီး၊ စစ်အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းသွားသော မဆလ တပါတီ အာဏာရှင်စနစ်ကြောင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆိတ်သုဉ်းသွားခဲ့ရ ပါသည်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အဓိကအားနည်းချက်မှာ တိုင်းရင်းသားလူမျိုးများ ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာ မပေးအပ်ခြင်းပင် ဖြစ်သည်။ ပြည်နယ်များအား ဥပဒေပြုပိုင်ခွင့်အာဏာ၊ အုပ်ချုပ်ခွင့်အာဏာနှင့် တရားစီရင်သည့်အာဏာ အပြည့်အဝ အပ်နှင်းထားခြင်း မရှိပေ။ ပြည်ထောင်စုစနစ်အရ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများကို နိုင်ငံတော် အာဏာ သင့်တော်သလို ခွဲဝေပေးရမည်ဖြစ်သော်လည်း၊ ၁၉၄၇ – ဖွဲ့စည်းပုံအခြေခံဥပဒေသည်

ပြည်ထောင်စုစနစ်မှ သွေဖီ၍ ဗဟိုအစိုးရတွင် နိုင်ငံတော်အာဏာကို အားလုံး စုပြုံထားသော တပြည်ထောင်စုစနစ် အသွင်ကို ဆောင်နေခဲ့ပါသည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးတမျိုးဖြစ်သော ဗမာကို ပြည်နယ်ဖွဲ့စည်းခြင်း မရှိစေပဲ၊ ပြည်ထောင်စု (ဗဟို) အာဏာအားလုံးကို ပုံအပ်ပြီး ပေးထားခဲ့ပါသည်။ ယင်းသည် ပင်လုံစာချုပ်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့သော တန်းတူရေးမူကို ပြောင်ပြောင်တင်းတင်း ရိုက်ချိုးခြင်းပင်ဖြစ်သည်။ ဗမာ လူမျိုးများကို ပြည်ထောင်စု(ဗဟို) အာဏာအားလုံး ပုံအပ်ပေးထားခြင်းကြောင့် အခြားတိုင်းရင်းသား လူမျိုးများသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ဗမာလူမျိုးတို့၏ ကိုလိုနီဘဝသို့ ရောက်ရှိသွား ကြပါသည်။ ထို့ကြောင့် တန်းတူရေးမူဖြင့် ပဋိညာဉ်ပြုခဲ့သော ပင်လုံစာချုပ်သည် မှင်ပင်မခြောက်သေးခင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် စောစီးစွာ သစ္စာဖောက်ခြင်း ခံခဲ့ရလေပြီ။

ထိုထက်ဆိုးဝါးသောအချက်မှာ ပြည်ထောင်စုဥပဒေပြုအဖွဲ့ကြီးဖြစ်သည့် ပြည်ထောင်စု လွှတ်တော်(၂)ရပ်စလုံးတွင် လူဦးရေပိုများသော ဗမာလူမျိုးများ လွှမ်းမိုးချယ်လှယ်နိုင်ရန် ဖန်တီး ထားခြင်းပင်ဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ် စေလွှတ်ကြရမည် မှန်သော်လည်း၊ ပြည်ထောင်စုစနစ်အရ လူမျိုးစုလွှတ်တော်တွင် ပြည်နယ်များက လွှတ်တော်အမတ်ဦးရေ အညီအမျှ စေလွှတ်သင့်ပေသည်။ သို့သော် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လူမျိုးစုလွှတ်တော်အတွက် ပြည်နယ်များက လွှတ်တော်ကိုယ်စားလှယ်ဦးရေ အညီအမျှစေလွှတ်ခြင်းမရှိပဲ ပြည်သူ့လွှတ်တော်ကဲ့သို့ လူဦးရေအချိုးအစားအလိုက် လွှတ်တော် ကိုယ်စားလှယ်များကို စေလွှတ်ကြသဖြင့် လူဦးရေပိုများသော ဗမာလူမျိုးတို့က ပြည်သူ့လွှတ်တော် တွင်ရော လူမျိုးစုလွှတ်တော်တွင်ပါ လွှမ်းမိုး၍ ချယ်လှယ်ချင်တိုင်းချယ်လှယ်၍ ရပါသည်။ ထို့ပြင် ပြည်ထောင်စုအစိုးရသည် ပြည်သူ့လွှတ်တော်ကိုသာ တာဝန်ခံခြင်းဖြစ်၍ လူမျိုးစုလွှတ်တော်သည် အယောင်ဆောင်မျှသာ ဖြစ်ပါတော့သည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးများ တန်းတူညီမျှခြင်းဆိုသော အနှစ်သာရပျောက်ကွယ်ပြီး ဗမာမဟုတ်သော တိုင်းရင်းသား လူမျိုးစုများသည် အပြဋ္ဌာန်းခံဘဝသို့ ရောက်ရှိသွားကြပါလေတော့သည်။

၁၉၇၄ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြေခံအားဖြင့် တန်းတူရေးကို ဆန့်ကျင်သော ဥပဒေဖြစ်ပါသည်။ အကြောင်းမှာ ၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေသည် မဆလ တပါတီအာဏာရှင်စနစ်ကို ကျားကန်ပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေသာဖြစ်၏။ မဆလ တပါတီအာဏာရှင်စနစ်သည် တော်လှန်ရေးကောင်စီဟူသော စစ်အာဏာရှင်စနစ်မှ အသွင် ပြောင်းလဲခြင်းမျှသာ ဖြစ်သည်။ တော်လှန်ရေးကောင်စီသည် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ အခွင့်အရေးရရှိရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးကို မလိုလားဘဲ ပြည်နယ်များခွဲထွက်ရေးမူကြောင့် ပြည်ထောင်စုမပြိုကွဲရေးဟူသော အကြောင်းပြချက်ဖြင့် ၁၉၆၂ တွင် ပြည်သူလူထုထံမှ နိုင်ငံတော်အာဏာကို လက်နက်အားကိုး အကြမ်းဖက်၍ သိမ်းယူသော စစ်တပ်အုပ်စု သာလျှင် ဖြစ်ကြ၏။ ထို့ကြောင့် မူလအခြေခံအားဖြင့် တန်းတူရေးကို ဆန့်ကျင်သော အင်အားစုက ရေးဆွဲ ပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်၍ လူမျိုးစုပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိပေ။ ဗဟိုဦးစီးစနစ်ကို တင်းကြပ်စွာ ကျင့်သုံး၍ ပြည်နယ်တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို နိုင်ငံရေးအရ ပိတ်ပင် ခဲ့ပါသည်။ အမှန်စင်စစ် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နာမည်ဝေါဟာရအားဖြင့် ပြည်ထောင်စုဟု ခေါ်သော်လည်း အနှစ်သာရမှာ တပြည်ထောင်စနစ်သာလျှင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းမရှိပါက၊ တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရ တန်းတူအခွင့်အရေးရရှိရေး အာမခံချက်ပေးနိုင်မည် မဟုတ်ပေ။ တန်းတူရေး အာမခံချက်မရှိပါက လူမျိုးစုပြဿနာကို ပြေလည်စွာ ဖြေရှင်းနိုင်မည် မဟုတ်ပေ။ လူမျိုးစုပြဿနာ မဖြေရှင်းနိုင်က ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်း၍ ရနိုင်မည် မဟုတ်ပေ။ ပြည်တွင်းငြိမ်းချမ်းရေးမရရှိပါက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရှင်သန်ပွင့်လန်းနိုင်မည် မဟုတ်ပေ။ ပြည်တွင်းစစ်ကို အမှီပြု၍ စစ်အာဏာရှင်စနစ်သာလျှင် တန်ခိုးကြီးထွား လာပေမည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ကြုံခဲ့ဖူးသော သမိုင်းသင်ခန်းစာကို အလေးအနက်ခံယူပြီး၊ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူညီမျှရေးကို အာမခံချက်ပေးနိုင်သော စစ်မှန်သော ပြည်ထောင်စုစနစ်ကို ထူထောင်ကြရပေမည်။ စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်မှသာလျှင် လူမျိုးစုပြဿနာကို ပြေလည်စွာ ဖြေရှင်းနိုင်ပေလိမ့်မည်။ လူမျိုးစုပြဿနာကို ပြေလည်စွာ ဖြေရှင်းနိုင်ပါမှ ပြည်နယ်များခွဲထွက်ရေးကြောင့် ပြည်ထောင်စု မပြိုကွဲရေးဟူသော အကြောင်းပြချက်ဖြင့် မတရားတန်ခိုးကြီးထွားနေသော စစ်အာဏာရှင်စနစ် ချုပ်ငြိမ်း နိုင်ပေလိမ့်မည်။ တန်းတူရေးတောင်းဆိုချက်ဖြင့် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရာမှ တောက်လောင် နေသော ပြည်တွင်းစစ်ကိုလည်း ငြိမ်းသတ်နိုင်ပေမည်။

ထို့ကြောင့် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲ ပြဋ္ဌာန်းရေးသည် ခွဲထွက်ရေးနှင့် တန်းတူရေးပြဿနာဖြေရှင်းရန် တခုတည်းသော နည်းလမ်းနှင့် ယနေ့ ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ အောင်ပွဲပန်းတိုင်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

မှတ်ချက်။ ။ ဤစာတမ်းသည် တန်းတူရေးစာစောင်တွင် ဖော်ပြရန် ရေးသား သော စာတမ်းဖြစ်သည်။ တန်းတူရေးစာစောင်မထွက်နိုင်သေးသောကြောင့် ညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စ ဆွေးနွေးသောအခါ အထောက်အကူ ဖြစ်စေရန် ပြန်ကြားရေးကော်မတီမှ ထုတ်ဝေခြင်းဖြစ်ပါသည်။

---

နိုင်ငံရေးစာပေကင်းလွတ်ခွင့်အမှတ်၊ နသ/၀၃၉
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်။

---

# အခန်း (၄)

# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးပွဲ

ဒီမိုကရေစီအရေးတော်ပုံကြီး၏ နိုင်ငံရေးရေရှိန်ကြီးသည် ၁၉၈၉ ဇွန်လမှ စတင်မြင့်တက်လာပြီး ၁၉၈၉ ဇူလိုင်လ(၁၉)ရက်နေ့တွင် အထွတ်အထိပ်သို့ ရောက်ရှိသွားခဲ့ပါသည်။ ယင်းကာလသည် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က "အာဏာဖီဆန်ရေး " လမ်းစဉ်ကို ချမှတ်၍ နဝတ စစ်အာဏာရှင်များကို ထိပ်တိုက်ရင်ဆိုင်ကာ ဦးနေဝင်းကိုပါ အမည်ဖြင့်ဖော်၍ တိုက်ခိုက်သောကာလ ဖြစ်ခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်က အာဏာဖီဆန်ရေးလမ်းစဉ်ကို စတင်ချမှတ်ခဲ့စဉ်က **UNLD** ၏ အမြဲတမ်းသဘာပတိအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများသည် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်များသို့ စည်းရုံးရေးခရီးဆင်းပြီး အပြန်တွင် မန္တလေးမြို့၌ **UNLD** အဖွဲ့ဝင်ပါတီပေါင်းစုံ အစည်းအဝေး ကျင်းပနေသော ကာလနှင့် ကြုံကြိုက်ခဲ့ပါသည်။ ထိုမန္တလေးအစည်းအဝေးမှ **UNLD** အဖွဲ့ဝင် နိုင်ငံရေး ပါတီများက ဒေါ်စု၏ "အာဏာဖီဆန်ရေး" လမ်းစဉ်ကို ထောက်ခံကြောင်း ကျေညာချက် ချက်ခြင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

အာဏာဖီဆန်ရေး ရေရှိန်ကြီးနှင့်အတူ နိုင်ငံရေးပါတီပေါင်းစုံတို့က နဝတ စစ်အစိုးရနှင့် ဆွေးနွေးပွဲ **Dialogue** များ ပြုလုပ်ရန်လည်း ဖိအားပေး တောင်းဆိုခဲ့ကြပါသည်။ သို့ရာတွင် ထိုစဉ်က နဝတ ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့သော ဗိုလ်ချုပ်ကြီးစောမောင်က "ပါတီနှစ်ရာကျော်ရှိတာ ဘယ်လိုလုပ်ပြီး အားလုံးနဲ့ တွေ့ဆုံဆွေးနွေးနိုင်မလဲ" ဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးရေးကို ငြင်းဆိုခဲ့ပါသည်။

ထို့ကြောင့် နိုင်ငံရေးပါတီပေါင်းစုံက ဒေါ်အောင်ဆန်းစုကြည်ကို ဒီမိုကရေစီအင်အားစု နိုင်ငံရေးပါတီများ၏ တဦးတည်းသော ကိုယ်စားလှယ်အဖြစ် နဝတ စစ်အစိုးရက တွေ့ဆုံဆွေးနွေးရန် တောင်းဆိုခဲ့ကြပါသည်။ ထိုတောင်းဆိုချက်များနှင့်အညီ နိုင်ငံရေးပါတီပေါင်းစုံတို့၏ အစည်းအဝေးတရပ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျင်းပပြုလုပ်၍ တက်ရောက်လာသော နိုင်ငံရေးပါတီ (၁၃၀)ကျော်က ဒေါ်စုကို တဦးတည်းသော ကိုယ်စားလှယ်အဖြစ် ရွေးချယ်ကြောင်း လက်မှတ်ရေးထိုး ခဲ့ကြပါသည်။

ထိုအစည်းအဝေးသို့ တက်ရောက်ခဲ့သော **UNLD** ကိုယ်စားလှယ်များသည် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးပါတီအားလုံး၏ တဦးတည်းသော ကိုယ်စားလှယ်အဖြစ် ရွေးချယ်စေလွှတ်ရန် အလွှတ်သဘောဖြင့် သဘောတူထောက်ခံဆွေးနွေးခဲ့ကြသော်လည်း တိုင်းရင်းသားလူမျိုးများ၏ သီးခြားလက္ခဏာကို ဆောင်ယူသော လူမျိုးရေးနှင့် နိုင်ငံရေးပြဿနာများ ကျေလည်စွာ ဆွေးနွေး သဘောတူထားခြင်း မရှိသေးဘဲ မည်သည့်ပုဂ္ဂိုလ်ကိုမျှ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ကိုယ်စားလှယ်အဖြစ် တာဝန်ပေး အပ်နှင်းရန် သင့်တော်ခြင်းမရှိဟု ယူဆထားသောကြောင့် ထိုနေ့တွင် လက်မှတ်ရေးထိုးခြင်း မပြုဘဲ ပြန်လာခဲ့ကြပါသည်။ တနည်းအားဖြင့်ဆိုပါက ဒီမိုကရေစီရေးတွင် ဒေါ်စုကို အပြည့်အဝ ထောက်ခံ ခဲ့သော်လည်း တိုင်းရင်းသားလူမျိုးများ၏ ကိုယ့်ကံကြမ္မာကို လွတ်လပ်စွာ ဖန်တီးခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

စသော နိုင်ငံရေးနှင့် လူမျိုးရေးတန်းတူရေးကိစ္စ၊ စစ်မှန်သော ပြည်ထောင်စုစနစ် တည်ဆောက်ရေးကိစ္စတို့တွင် "လူ" ကို မဟုတ်ဘဲ "မူ" ကိုသာ ထောက်ခံရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**UNLD** ကိုယ်စားလှယ်များ ထိုကဲ့သို့ လက်မှတ်ရေးထိုးခြင်းမပြုပဲ ပြန်လာခဲ့ချိန်တွင် **NLD** ခေါင်းဆောင်များအနေဖြင့် ဆွေးနွေးလာခဲ့ကြသော အချက်မှာ "နိုင်ငံရေးပါတီ ဘယ်လောက်ပဲ ထောက်ခံထောက်ခံ **UNLD** ထောက်ခံမှုမရပါက ဒါဟာ လူမျိုးတမျိုးထဲရဲ့ ထောက်ခံမှုပဲ ဖြစ်သွားမယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ ထောက်ခံမှု မဟုတ်နိုင်သေးဘူး။ ဒါကြောင့် **UNLD** အနေဖြင့် ဒေါ်စုကို တဦးတည်းသော ကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးထောက်ခံသင့်ကြောင်း ဆွေးနွေးလာခဲ့ကြပါသည်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးပါတီများ၏ တဦးတည်းသော ကိုယ်စားလှယ် အဖြစ်သာမက လူထုခေါင်းဆောင်နှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ခေါင်းဆောင်အဖြစ် ခိုင်မာသော "မူ" တရပ်အပေါ် အခြေခံ၍ ထောက်ခံအားပေးနိုင်ရန် **UNLD** က သူမကို ဖိတ်ခေါ်၍ (၁၅-၇-၈၉) တွင် **UNLD** အဖွဲ့ချုပ်ရုံး တည်ရှိရာ အမှတ် (၃၉၄) ဗိုလ်အောင်ကျော်လမ်းတွင် ဆွေးနွေးပွဲတရပ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲကျင်းပပြီးနောက် (၄)ရက်အကြာတွင် ဒေါ်စုကို စစ်အာဏာရှင်များက မတရားဖမ်းဆီး၍ အကျယ်ချုပ်ဖြင့် (၆) နှစ်တာ ဖမ်းဆီးချုပ်နှောင်သွားခဲ့ပါသည်။

• • • • • • • • • • • • • • • • •

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးပွဲမှတ်တမ်း

နေ့စွဲ ။ ။ (၁၅-၇-၈၉)
အချိန် ။ ။ (၁၄ း ၀၀) နာရီ ။
နေရာ ။ ။ **(UNLD)** အဖွဲ့ချုပ် ရုံးခန်း၊
အမှတ်(၃၉၃) ပထမထပ်၊
ဗိုလ်အောင်ကျော်လမ်း၊
ရန်ကုန်မြို့။

**သဘာပတိအဖွဲ့**

(၁) နိုင်ငွေသိမ်း၊
(၂) ဦးစီကေတိုက်ကွဲ၊
(၃) ဦးအေးသာအောင်၊

**အခန်းအနားမှူး**

ဦးသာဘန်း၊

အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကိုဖတ်ကြားသည်။

အခမ်းအနား အစီအစဉ်(၁)အရ

အခမ်းအနားမှူးမှ အခမ်းအနား ဖွင့်လှစ်ကြောင်း ကျေညာသည်။

အခမ်းအနား အစီအစဉ်(၂)အရ

အခမ်းအနားမှူးက **UNLD** တွင်ပါဝင်သည့် ပါတီအဖွဲ့အစည်းများနှင့် ပါဝင်ရန် ကမ်းလှမ်းထားသော ပါတီအဖွဲ့အစည်းများစာရင်းကို ဖတ်ကြားပြီး အခမ်းအနားသို့ တက်ရောက် လာသူများအား တဦးချင်း မိတ်ဆက်ပေးသည်။

အခမ်းအနား အစီအစဉ်(၃)အရ

အလှည့်ကျသဘာပတိ နိုင်ငွေသိမ်း (မွန်) က အဖွင့်အမှာစကားပြောကြားသည်။

## နိုင်ငွေသိမ်း၏ အဖွင့်အမှာစကား

ကျွန်တော်တို့ ဒီနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်တို့ရဲ့ ဆွေးနွေးပွဲဟာ အလွန်အရေးကြီးတဲ့ သမိုင်းမှတ်တိုင်တခုကို အတည်ပြုမဲ့ ဆွေးနွေးပွဲလို့ ကျွန်တော်ခံယူပါတယ်။ ဒီဆွေးနွေးပွဲဟာ အနာဂါတ်မှာ ဖြစ်ပေါ်လာမဲ့ ပြည်ထောင်စုကြီးကို ဘယ်လိုပုံစံနဲ့ ဖော်ဆောင်ကြမလဲဆိုတာ အလေးပေး ဆွေးနွေးရမယ်လို့ ထင်ပါတယ်။ ကျွန်တော်ကတော့ ဒီကာလမှာ အဖွဲ့ချုပ်ရဲ့ အလှည့်ကျသဘာပတိဖြစ်တဲ့အတွက် အဖွဲ့ချုပ်ရဲ့ တာဝန်ပေးချက်အရ တင်ပြစရာရှိတာကို တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ် အကြမ်းကို ပထမဆုံးတင်ပြပါမယ်။

အဲ့ဒီလုပ်ငန်းစဉ်မှာ အရေးအကြီးဆုံးက ဘာလဲဆိုတော့ ဒီမိုကရေစီရေးနဲ့ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ အခွင့်အရေးကို ဒီမိုကရေစီတိုက်ပွဲမှာ တပါတည်း ဖော်ဆောင်သွားဖို့လိုတယ်လို့ ခံယူပါတယ်။ ဒီ ခံယူချက်ကတော့ ထူးခြားတဲ့ ခံယူချက်တော့ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီဟာဟာ ငွေဒင်္ဂါးတပြားရဲ့ ခေါင်းနဲ့ပန်းလိုပါပဲလို့ ယုံကြည်တယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာလည်း လွတ်လပ်ရေးတိုက်ပွဲ တိုက်တဲ့အခါမှာလည်း ဒီလိုပဲ တိုင်းရင်းသားတန်းတူရေးနဲ့ တန်းတူရေးအပေါ်အခြေခံတဲ့ စည်းလုံးညီညွတ်ရေးမရမီ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့ ပင်လုံညီလာခံ မှာ အတည်ပြုခဲ့ပါတယ်။

ဒါကြောင့် လွတ်လပ်ရေးရပြီးမှ လူမျိုးတွေရဲ့ တန်းတူရေးကို လုပ်ပေးခဲ့တဲ့သဘော မဟုတ်ပါဘူး။ လွတ်လပ်ရေးအတွက်လုပ်နေတဲ့တဆက်တည်း တိုင်းရင်းသားလူမျိုးတွေရဲ့စည်းရုံးရေး၊ တိုင်းရင်းသားများရဲ့ တန်းတူရေးကို လုပ်နေတာ ထင်ရှားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများ အပါအဝင် ပြည်သူတရပ်လုံးဟာ ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းကို အထူးသဖြင့် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများဟာ မိမိတို့ရဲ့ ကံကြမ္မာကို ဖန်တီးနိုင်တယ်လို့ ပုံအပ်ခဲ့ပါတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်း

ကျဆုံးသွားပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ ကံကြမ္မာဟာ သူနဲ့အတူ ကျဆုံးသွားတယ်လို့ ဒီလိုပဲ ယုံကြည်ကြပါတယ်။

ဘာဖြစ်လို့လဲဆိုရင် ၁၉၄၇ ခုနှစ် ပင်လုံညီလာခံအရ တိုင်းရင်းသားစည်းလုံးမှုကို တည်ဆောက်တာဟာ ဗိုလ်ချုပ်အောင်ဆန်း ရှိစဉ် ၁၉၄၇ ခုနှစ်၊ မေလ (၁၀)ရက်မှ (၃၁) ရက်နေ့အထိ ကြာတဲ့ ပင်လုံမြို့မှာ ကျင်းပတဲ့ ပြည်လုံးကျွတ်ညီလာခံ၊ ပြည်လုံးကျွတ်ညီလာခံပဲ ခေါ်မလား၊ ၁၉၄၇ ခုနှစ် **Convention** တခုခေါ်ပြီး သူကိုယ်တိုင်ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တင်သွင်းခဲ့ပါတယ်။ ဒါကို ဖဆပလ အဖွဲ့ချုပ်ကလည်း လက်ခံတယ်။ ဥပဒေကြမ်းအနေနဲ့ လက်ခံခဲ့ပါတယ်။ ဒါပေမဲ့ သူကျဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ ဒီဥပဒေကြမ်းဟာ ဘယ်လိုပုံစံနဲ့ ဖြစ်သလဲဆိုတာ နဲနဲတော့ ရှင်းပြချင်ပါတယ်။

သူကျဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့မှာ ခေါ်ယူတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဝန်ကြီးချုပ်ဦးနုက ဖွဲ့စည်းအုပ်ချုပ်ပုံကို အတည်ပြုဖို့ တင်ပြလာပါတယ်။ အဲဒီ တင်တဲ့အပေါ်မှာ ဝေဖန်ချက်ရှိတယ်။ အဓိပ္ပါယ်ကတော့ ဗမာလိုရေးထားတာ ရှာမတွေ့လို့ပါ။ ဘယ်လိုရေးထားသလဲဆိုတော့ **"Mr President, I'd like to make the constitution of the Union of Burma as amended and to be adopted."** အဓိပ္ပါယ်က – ဗိုလ်ချုပ်အောင်ဆန်း ရေးဆွဲပြီး ပြည်သူ့လွှတ်တော်မှာ တင်သွားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံကို ပြင်လိုက်ပြီးတော့ **Approve** လုပ်ပေးပါ။ အဲဒီလိုတောင်းတဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်နေတဲ့ ပြည်ထောင်စုကြီးဟာ ပြိုကွဲသွားပါတယ်။ ဒါ ကျွန်တော် သမိုင်းကြောင်းပြောတာပါ။ အပြစ်ကျူးလွန်တဲ့သူကို အပြစ်ဖို့ချင်လို့ ပြောတာ မဟုတ်ပါဘူး။ အဲဒီလိုတွေ့ကြုံလာခဲ့တယ်။

ဒီနေ့ဆိုရင် ကျနော်တို့တတွေဟာ အမျိုးသားရေးလှုပ်ရှားမှုလုပ်တဲ့နေရာမှာ အလွန်သတိထားပြီးတော့ လုပ်ရမယ်။ ပုဂ္ဂိုလ်တယောက်ကို ချဉ်းကပ်ပြီး ကျနော်တို့ရဲ့ ကံကြမ္မာကို ပုံအပ်လိုက်ရင် ဒီပုဂ္ဂိုလ် မရှိလို့ရှိရင် ပျက်စီးသွားမယ်။ သူနဲ့တပါတည်း ပျက်စီးသွားတာပဲလို့ မြင်တယ်။ ဒါကြောင့်မို့ ဒီနေ့လုပ်တဲ့အခါမှာ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်က လူမျိုးရေးတန်းတူရေးကို လုပ်တဲ့နေရာမှာ ပုဂ္ဂိုလ်တဦးတယောက်ကို ပေးအပ်တဲ့နေရာမှာ အတော်စဉ်းစားတာရှိပါတယ်။ ဒီပုဂ္ဂိုလ်ကို မယုံလို့ မဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းဟာ တကယ့်တိုင်းရင်းသားလူမျိုးများအတွက် ရိုးရိုးသားသား လုပ်ပေးခဲ့ပါတယ်။ သူမရှိတော့ ပျက်သွားတယ်။ ဒီနေ့လုပ်လို့ရှိရင်တော့ ကျနော်တို့တတွေဟာ ဒီဟာကို သင်ခန်းစာယူပြီးတော့ ဗမာပြည်မှာရှိတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ဒီမိုကရေစီတိုက်ပွဲဝင်နေတဲ့ အဖွဲ့အစည်းတွေနဲ့ ကျနော်တို့ဟာ ဒီမိုကရေစီတိုက်ပွဲဝင်ရင်း တိုင်းရင်းသားလူမျိုးများရဲ့ တန်းတူအခွင့်အရေးကို ဘယ်လိုပုံသဏ္ဍာန် ဖေါ်ဆောင်ရမလဲဆိုတာ ညှိနှိုင်းထားဖို့လိုမယ်လို့ ထင်ပါတယ်။ ထင်ရုံမကဘူး ယုံလည်း ယုံကြည်တယ်။ အဲဒီတော့မှ ဆက်လုပ်ရမဲ့ဟာကို ဘယ်သူက မဖေါ်သလဲဆိုတာ ထင်ထင်ရှားရှား သမိုင်းက သက်သေခံလိမ့်မယ်လို့ ခံယူပါတယ်။

ဒုတိယအချက်ကို ကျနော် တိုတိုပဲ ပြောပါ့မယ်။ တိုင်းရင်းသားလူမျိုးများတန်းတူရေးနဲ့ ပတ်သက်ပြီးတော့ ကျနော်တို့ခံယူချက် ဘယ်လိုရှိသလဲလို့ဆိုရင် ဗမာပြည်မှာရှိတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေဟာ လူမျိုးများတန်းတူရေးကို ငြင်းပယ်ပါတယ်။ ဒါကို ကျနော် တိတိလင်းလင်းပြောပါတယ်။ ဘာကြောင့်လဲဆိုရင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို တိုင်းပြုပြည်ပြုလွှတ်တော်ကို တင်တဲ့အခါမှာ ဝန်ကြီးချုပ်ကလည်း **Amend** လုပ်တဲ့ဟာကို ပြောင်းခွင့်ပြုပါလို့ တင်ခဲ့တယ်။ ပြင်ဆင်ထားတာကို အတည်ပြုပေးပါလို့လည်း ပြင်တယ်။ သူ့ရဲ့ ဥပဒေအကြံပေး ဦးချန်ထွန်းကလည်း မရေမရာတဲ့ အဖြေတွေပေးပါတယ်။ တိတိကျကျ ထောက်ပြရင်တော့ ရပါတယ်။ ဒါပေမဲ့ သဘောလောက်ပဲ ပြောပါမယ်။

ဗိုလ်ချုပ်အောင်ဆန်းရေးဆွဲသွားတဲ့ပုံစံနဲ့ သွားလို့ရှိရင် ပိုက်ဆံတွေအများကြီးကုန်မယ်၊ လူတွေအများကြီးသုံးရမယ်။ အဲဒါကြောင့် ဗမာပြည်မကို ပြည်နယ်မဖွဲ့ဘဲ ဗဟိုနဲ့ပေါင်းလိုက်ရင် စရိတ်လည်းသက်သာမယ်၊ ငွေလည်းသက်သာမယ်။ ဒါ အကောင်းဆုံးပဲဆိုပြီး သူက အဲဒီပုံစံနဲ့သွားပါတယ်။ ဒီဥစ္စာ သူကပြောတော့ ကနေဒါနဲ့ ဆင်ဆင်တူပါတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ နောက်(၁၀) နှစ်လောက်ကြာတဲ့အခါကျတော့ **Hugh Tanker** နဲ့တွေ့တဲ့အခါ **Hugh Tanker** က မေးတယ်။ ဗမာပြည်က ဖွဲ့စည်းအုပ်ချုပ်ပုံ ခင်ဗျားရေးဆွဲခဲ့တာ ဘယ်လိုလဲဆိုတော့ ပုံစံကတော့ **Union** ပါပဲ။ ပြည်ထောင်စုစနစ်ပါပဲ။ ဒါပေမယ့် အနှစ်သာရအားဖြင့် တပြည်ထောင်ပါပဲလို့ ပြောင်ဝန်ခံပါတယ်။ ဒါဟာဘာခေါ်မလဲဆိုရင် ပထမပြောတာတမျိုး၊ နောက်ပြောတာတမျိုး၊ ဖြစ်တဲ့ပုံစံက ဟိုတုန်းက သူလုပ်မိတာဝန်ခံတာလား၊ တမင်သက်သက်လုပ်တာလား မသိဘူး။

အဲဒီလိုဖြစ်တဲ့အခါကျတော့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပေါ်လာတဲ့ ပြည်ထောင်စုကြီးဟာ ပြည်မက ဗဟိုအာဏာကို ယူထားတယ်။ ကျန်တဲ့ပြည်နယ်တွေဟာ သူ့လက်အောက်ခံနယ်တွေ ဖြစ်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်း စကားနဲ့ပြောရရင် **Vassal State** ဖြစ်သွားတယ်။ အဲဒါကြောင့်မို့လို့ ဖွဲ့စည်းအုပ်ချုပ်ပုံ ပြီးတဲ့နောက်ပိုင်းမှာ ပြည်နယ်တွေနဲ့ အများကြီး မပြေမလည်ဖြစ်လာတယ်။ အဲဒီလို မပြေမလည် ဖြစ်လာတာကို တွေ့ရတော့ နောင်လာမဲ့ အနာဂါတ်ရဲ့ ပြည်ထောင်စုပုံသဏ္ဍာန်ဟာ တန်းတူရေးကို မီတဲ့ ပုံသဏ္ဍာန်ကို သွားစေချင်ပါတယ်။

ဘယ်လိုသွားရမလဲ ဆိုလို့ရှိရင် ပြည်နယ်အနေအထားအရ (၇) ပြည်နယ်ရှိတယ်။ ဗမာပြည်မကိုလည်း **As a unit** ဒါ ရှင်းရှင်းပြောလို့ရှိရင် သူလည်း ပြည်နယ်တခု ဖြစ်ထိုက်တယ်လို့ ကျွန်တော်တို့ ခံယူပါတယ်။ ဒါကျွန်တော်တို့ ဆန္ဒကို ပြောတာ။ ဒီတော့မှသာ ပြည်နယ်(၈)ခုမှာရှိတဲ့ ဟာတွေက သူတို့ရဲ့ **Sovereignty** ကို **Central Government** ကို ညှိပြီးတော့ အချိုးကျ ဘာတွေအပ်မလဲဆိုတာ ဆုံးဖြတ်ဖို့ လိုပါလိမ့်မယ်။ **Residual Power** ဆိုတဲ့ ကြွင်းကျန်တဲ့ အာဏာတွေကိုလည်း ကိုယ့်ရဲ့ပြည်နယ်တွေမှာ လွတ်လွတ်လပ်လပ် လုပ်ဆောင်လို့ရဖို့ လိုမယ်လို့ ထင်ပါတယ်။ ဒါမှ တန်းတူတဲ့သဘောကို သက်ရောက်ပါတယ်။ သို့မဟုတ်လို့ ရှိရင် သူတို့က ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအရဆိုရင် ဗမာပြည်ဟာ ဘာခေါ်မလဲ **Supranationalism** ကျင့်သုံးတဲ့သဘောကို သက်ရောက်တယ်လို့ ဒီလိုပဲ ခံယူပါတယ်။

ဒီလို ခံယူတာဟာလည်း မဆန်းပါဘူး။ ဒီနေ့အထိ ဗမာလူမျိုးတွေမှာ ရှိတဲ့အစွဲတွေဟာ အများကြီး ရှိပါသေးတယ်။ သမိုင်းကို ပြန်ကြည့်ရင် အနော်ရထာခေတ်၊ ဘုရင့်နောင်ခေတ်၊ အလောင်းဘုရားခေတ် လက်နက်နဲ့ထူထောင်ပြီးတော့ တိုင်းပြည်စည်းလုံးရေးကို လုပ်ပါတယ်လို့ သမိုင်းကိုပြုစုပြီး မြန်မာ့သမိုင်းမှာ ရေးထားပါတယ်။ ဒါဟာ ဗမာတွေအတွက် ဖော်ပြချက် မှန်ချင်မှန်ပါလိမ့်မယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက်ကတော့ လက်မခံတဲ့သဘောရှိတယ်။ ဘာကြောင့်လဲဆိုတော့ အရင်တုန်းကဆိုရင် အထက်ဗမာပြည်ရဲ့ သရက်မြို့အထက်မှာ မြန်မာနိုင်ငံရှိပါတယ်။ သရက်မြို့အောက်က ရာမညတိုင်းမွန်နိုင်ငံ ရှိပါတယ်။ အနောက်ဘက်ခြမ်းမှာဆိုရင် ရခိုင်ပြည် ရခိုင်နိုင်ငံ ရှိပါတယ်။ အဲဒါ သူတို့စည်းရုံးတယ်ဆိုတာက ဗိုလ်ချုပ်အောင်ဆန်းလုပ်တဲ့ တွေ့ဆုံညှိနှိုင်းပြီးတော့ စည်းရုံးတဲ့ပုံစံမျိုး မဟုတ်ဘဲနဲ့ **Unity by Annexation** တိုက်ခိုက်သိမ်းပိုက်တဲ့နည်းနဲ့ စည်းရုံးရေးလုပ်တယ်။ လက်နက်နိုင်ငံထူထောင်တဲ့အတွက် ဒီဟာတွေဟာ မမြဲပါဘူး။ နောက်ဆုံးကျတော့ အင်္ဂလိပ်ဝင်လာတဲ့နောက်ပိုင်းကျတော့ ဗမာပြည်မှာရှိတဲ့ လူမျိုးတွေ ဗမာဘုရင်ကို တော်လှန်မှုဟာ ရပ်သွားပါတယ်။ မရပ်သွားရင်လည်း ဆက်ဖြစ်အုံးမှာပဲ။ အနော်ရထာခေတ်ဟာလည်း ကျဆုံးသွားတယ်၊ ဘုရင့်နောင်

ခေတ်ဟာလည်း ကျဆုံးသွားပါတယ်။ ကျွန်တော်တို့ မွန်တွေ၊ ရခိုင်တွေ၊ ရှမ်းတွေ အင်းဝဘက်ကို တိုက်တယ်ဆိုလို့ရှိရင် ဗမာတွေက ပြောတယ် မွန်တွေ၊ ရခိုင်တွေ၊ ရှမ်းတွေက ကျူးကျော် လာတယ်။ ယခုလိုပေါ့ဗျာ။ ပြောရလို့ရှိရင် သူတို့က တရားတဲ့စစ် တိုက်တယ်ပေါ့ဗျာ။ ကျွန်တော်တို့က ကိုယ့် လွတ်လပ်ရေးအတွက် တိုက်တာကို မတရားတဲ့စစ်လို့ သတ်မှတ်တယ်။ ကျွန်တော်တို့ကလည်း ကိုယ့် လူမျိုး တည်တံ့ရေး၊ ကျွန်တော်တို့ရဲ့ **Kingdom** ဖြစ်တဲ့ ပဒေသရာဇ်အင်ပါယာကို ခိုင်မြဲဖို့အတွက် ကျွန်တော်တို့ ဘုရင်တွေက တိုက်ကြတာလည်း တရားသောစစ်ပါပဲ။ ဒါပေမဲ့ သမိုင်းမှာရေးထားတာက သူတို့က တရားတဲ့စစ်၊ ကျွန်တော်တို့က မတရားတဲ့စစ်၊ အဲ့ဒီလိုပဲ သတ်မှတ်ထားတယ်။

အဲဒီအခါ ဘယ်လိုဖြစ်လာသလဲဆိုတော့ ယနေ့အထိ ပဒေသရာဇ်ခေတ်က အစွဲတွေ အလမ်းတွေ မကုန်သေးတဲ့အတွက် ဗမာပြည်ကို အင်္ဂလိပ်က တိုက်သိမ်းတော့ အကုန်လုံး ကျွန်ဖြစ်တယ်။ လွတ်လပ်ရေးရတယ်။ လွတ်လပ်ရေးပေးတဲ့အခါကျတော့ ဟို ပဒေသရာဇ်ခေတ်ကလိုပဲ ကျန်တဲ့ လူမျိုး တွေကို ငါတို့ အုပ်ချုပ်နိုင်တယ် ထင်ကြတယ်၊ ထင်ရုံမကဘူး ယူလည်းယူဆတယ်။ ဒီလိုပဲ သက်ဝင် ယုံကြည်ကြတယ်။

ဒါကြောင့် တချို့နိုင်ငံရေးအဖွဲ့အစည်းတွေက လူတွေပြောတာဟာ **Federal State** ဆိုတာ **Sovereign State** တွေကိုပေါင်းမှ ဖွဲ့လို့ရတယ်ဆိုတာ ပြောလာသေးတယ်။ ဒါ မှန်တယ်လို့ ပြောတယ်၊ ဒီတော့ ကျွန်တော်တို့က ပြောတာပေါ့၊ ဒါဖြင့်ရင် လွတ်လပ်ရေးရတာ ကျွန်တော်တို့ မွန်တွေ၊ ရခိုင်တွေ၊ အခြားတိုင်းရင်းသားတွေ မပါဘူးလားလို့၊ ခင်ဗျားတို့ပဲ လွတ်လပ်ရေးရတယ်၊ ခင်ဗျားတို့ အောက်မှာ ကျုပ်တို့ ခုထိ ကျွန်အဖြစ်နဲ့ ဆက်နေရတယ်လို့ ယူဆသလားလို့ တည့်တည့်ပဲ မေးမယ်။ ဒါ ကျွန်တော်က ရှင်းရှင်းပဲ မေးပါမယ်။ ခင်ဗျားတို့ အဲဒီအစွဲတွေကို တနည်းအားဖြင့် လူမျိုးကြီးအစွဲ၊ လူမျိုးရေးအစွဲတွေကို မဖျောက်လို့ရှိရင် တိုင်းရင်းသားစည်းလုံးရေးဟာ ခက်ပါတယ်။ ဥပမာ ပြည်နယ် (၈)ခုလို့ပြောရင် ဗမာပြည်နယ်ဖွဲ့တာ သူတို့က ကြိုက်ချင်မှကြိုက်မယ်။ ကျွန်တော်တို့ကတော့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ကျွန်တော်တို့ရဲ့ ယုံကြည်ချက်၊ ခံယူချက်ကို တင်ပြတယ်။

ကျွန်တော်တို့တွေဟာ တန်းတူရေးကို တောင်းတိုင်း တောင်းတိုင်း အခက်အခဲ အများကြီး ရှိပါတယ်။ ၁၉၆၁ ခုနှစ် တောင်ကြီးညီလာခံမှာ ပြည်နယ်များညီညွတ်ရေးအဖွဲ့က တောင်းတဲ့ တောင်းဆိုချက် ဆိုတာ ခွဲထွက်ဖို့ မပါပါဘူး။ **Federal** မူ ဆိုတာက ရိုးရိုးလေးပါ။ စာအုပ်စာတမ်းတွေမှာ ရှိပါတယ်။ ပြနေလို့ရှိရင် ဗိုလ်ချုပ်ကြီးစောမောင် ဖြစ်သွားမှာစိုးလို့ ကျွန်တော်မပြတော့ပါဘူး။ အဲဒီမှာ ကျွန်တော်တို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံဟာ ချို့ယွင်းနေတယ်။ သုံးစွဲဖို့ မသင့်တော်တော့လို့ ပြင်ဆင်ဖို့ လိုတယ်ဆိုပြီး အဆိုကို တင်ပါတယ်။ ဒီအဆိုကို ထောက်ခံတာ ကျွန်တော် ကိုယ်တိုင်ပါပဲ။

ဒါပေမယ့် အာဏာကို လိုချင်တဲ့သူတွေက ဒီဟာကို တောင်းတာ ခွဲထွက်ရေးပါဆိုပြီး **Federal** ကို အင်္ဂလိပ်လို မတတ်လို့လား၊ ဘယ်လိုကြောင့်လည်း မသိဘူး၊ **Federal** ဆိုတာ ခွဲထွက်ရေးပါလို့ သူတို့က အော်ကြတယ်။ ကျွန်တော်က ပြောပါတယ် **Federal** ဆိုတာ ပေါင်းစပ်ရေးပဲ ခေါ်ပါတယ်လို့။

အဲဒီလိုပေါ့ တိုင်းရင်းသားလူမျိုးများက **Federal** တောင်းတာ ခွဲထွက်ဖို့ တောင်းတယ်၊ ဗမာတွေကို ဆန့်ကျင်ဖို့ လုပ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါက်ပါတယ်။ ခုနကလို ကြွေးကြော်တဲ့အတွက် အင်မတန် ဝမ်းနည်းဖွယ်ကောင်းတဲ့ အဖြစ်အပျက် ပေါ်လာတယ်။ လူမျိုးရေး မုန်းတီးမှုတွေ မဖြစ်သင့် မဖြစ်ထိုက်ပဲနဲ့ ဖြစ်လာတယ်။ ယနေ့အထိ တိုင်းရင်းသားလူမျိုးများဟာ မိမိတို့ရဲ့ အဖိနှိပ်ခံရမှုကို ဒီမိုကရေစီစစ်စစ်အရ မကာကွယ်နိုင်တဲ့အတွက် လက်နက်ကိုင်ဘဝ ရောက်သွားရပါတယ်။ ဒါလက်ရှိပါ။

ဒါကြောင့်မို့ ကျွန်တော်တို့ ယနေ့ ရင်ဆိုင်နေရတဲ့ ဒီမိုကရေစီတိုက်ပွဲမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းလုပ်သွားတဲ့အတိုင်း လုပ်ဖို့ လိုတယ်လို့ မြင်ပါတယ်။ အဲဒီလိုလုပ်မှလည်း ညီညွတ်လာမယ်။ တိုင်းရင်းသားများစည်းလုံးညီညွတ် လာလို့ရှိရင် စစ်မှန်တဲ့ပြည်ထောင်စုကို တည်ထောင်နိုင်မယ်။ တဆက်တည်းမှာပဲ ညီညွတ်သည်နှင့် အမျှ ငြိမ်းချမ်းရေးဟာလည်း ရလာနိုင်မယ်လို့ ယုံကြည်တယ်။ ငြိမ်းချမ်းရေးရလာတဲ့အတွက် ပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာဟာလည်း တည်မြဲနေမယ်။

ယနေ့ ကျွန်တော်တို့ ကိုင်စွဲနေတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အမျိုးသားတာဝန်ဟာ ဒီမိုကရေစီနဲ့ တပါတည်း တိုင်းရင်းသားလူမျိုးများ တန်းတူရေးကိုပါ တဆက်တည်း လုပ်ရမယ်လို့ ကျွန်တော်တို့ သက်ဝင်ယုံကြည်ပါတယ်။ ဒီလိုပဲ ဆက်လုပ်နေပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ ဒီမိုကရေစီတိုက်ပွဲမှာ တိုင်းရင်းသားလူမျိုးများတန်းတူရေးဟာ အရှေ့က မသွားသင့်ဘူးဆိုတာ နားလည်ပါ တယ်။ ကျွန်တော်တို့ ပြောတာဟာ တဆက်တည်း သွားရမယ်လို့ ပြောတာပါ။ ကျွန်တော်တို့ နွားရှေ့ ထွန်မကျူးပါဘူး။ ကိုယ်ဆောင်ရွက်ရမယ့် အခန်းကို နားလည်ပါတယ်။ ဒီမိုကရေစီတိုက်ပွဲ တိုက်တဲ့ ကာလမှာ ကျွန်တော်တို့တတွေဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရအောင် တိုင်းရင်းသားလူမျိုး များရဲ့ တန်းတူရေးကိုပါ ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ ပုံစံအတိုင်း ဆက်လုပ်ဖို့ လိုမယ်လို့ ကျွန်တော်တို့ ယုံကြည်လို့ ဒီတာဝန်ကို ချမှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

နောက်တချက်က တိုင်းရင်းသားနိုင်ငံရေးပါတီ အဖွဲ့အစည်းတွေဟာ လွန်ခဲ့တဲ့လက မန္တလေးမှာ အဖွဲ့ (၁၃)ဖွဲ့ တွေ့ဆုံညှိနှိုင်းမှုတွေ လုပ်ခဲ့ပါတယ်။ ရှမ်းပြည်မြောက်ပိုင်းနဲ့ ကချင်ပြည်နယ်က အဖွဲ့တွေလည်း ပါပါတယ်။ အဲဒီမှာ အကြမ်းအားဖြင့် သဘောတူညီချက် (၃)ချက်ကို ချမှတ် နိုင်ခဲ့ပါတယ်။ ပထမကတော့ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်ခံ့အောင် လုပ်ရမယ်။ ဒီလိုလုပ်ပြီးတဲ့ တဆက်တည်း မှာပဲ နောင်အနာဂါတ်ဖွဲ့စည်းမဲ့ ပြည်ထောင်စုရဲ့ **Framework** ပေါ့လေ၊ ပုံသဏ္ဍာန်အကြမ်း ရေးဆွဲမယ်၊ ပြီးလို့ရှိရင် အောက်တိုဘာလလောက်မှာ ဖြစ်နိုင်ရင် ကျွန်တော်တို့ဆီမှာပါတဲ့ တိုင်းရင်းသား လူမျိုးများ ပါတီအဖွဲ့အစည်းများသာမကပဲ မပါသေးတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ပါတီအဖွဲ့အစည်းများကိုပါ ညှိနှိုင်းမယ်။ ညှိနှိုင်းလို့ သဘောတူညီချက်ရပြီဆိုရင် နိုဝင်ဘာလ၊ ဒီဇင်ဘာလလောက်မှာ ကျွန်တော်တို့က ဗမာပြည်မှာရှိတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းများ အားလုံးကို ဖိတ်ခေါ်ပြီးတော့ ဒါကို တင်ပြမယ်။ ညှိနှိုင်းမယ်။ ညှိနှိုင်းပြီးတော့ သဘောတူညီချက်ကိုယူမယ်။ ဒီလို ကျွန်တော်တို့က ဆုံးဖြတ်ထားတယ်။

ဒီပုံသဏ္ဍာန်နဲ့သွားလို့ရှိရင် ကျွန်တော်တို့တတွေဟာ နောင်လာမဲ့ အနာဂါတ် ပြည်ထောင်စု ကြီးကို ဗိုလ်ချုပ်ကြီးစောမောင် ပြောသလိုပေါ့လေ ... “တိုင်းရင်းသားလူမျိုးများ (၁၃၅) လောက် ရှိပါ တယ်၊ ဒါကို ခင်ဗျားတို့ ဘယ်လိုလုပ်ကြမလဲ” ဒါဟာ သူ့တာဝန်မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ တာဝန်ပါ။ ကျွန်တော်တို့က စုပြီးတော့ ကျွန်တော်တို့ လုပ်ရမဲ့ တာဝန်တွေကို လုပ်နေပါတယ်။ ဒီတာဝန်ကို ထမ်းဆောင်ပြီးတော့ စုစည်းညီညွတ်မှုကို ရယူပြီးတော့ ဒီမိုကရေစီတိုက်ပွဲကို အရှိန်အဟုန် မြင့်မားစွာနဲ့ ပီပီပြင်ပြင် အောင်အောင်မြင်မြင် လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများရဲ့ ခံယူချက်လမ်းစဉ်သဘောထားဖြစ်ပါတယ်။ ဒါ အကြမ်းအားဖြင့် တင်ပြခြင်းပါ။ ပြောရမယ်ဆိုရင်တော့ အရှည်ကြီးပါ။ မူဝါဒသဘောအရ တင်ပြခြင်း ဖြစ်ပါတယ်။

အဲဒီလို ကျွန်တော်တို့ရဲ့ သဘောထား၊ ခံယူချက်၊ ယူဆချက်တွေကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ လာတဲ့ ပုဂ္ဂိုလ်များနဲ့ ဒေါ်အောင်ဆန်းစုကြည်က မှားတယ်၊ မှန်တယ် ထောက်ပြပြီးတော့

ဒီမိုကရေစီ ဘက်တော်သားပီပီပေါ့လေ ပြုပြင်စရာရှိရင် ပြုပြင်ပြောင်းလဲနိုင်ဖို့၊ ဆက်လက်လုပ်ဆောင်မယ် ဆိုရင်လည်း ဆက်လက်လုပ်ဆောင်သွားဖို့အတွက် ဆွေးနွေးစေလိုပါတယ်။

ကျွန်တော်တို့ ပြဿနာတခု ဖြစ်ခဲ့ဘူးပါတယ်။ ဒီမိုကရေစီရေးအတွက် **Joint Action** လုပ်တဲ့ အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့လုပ်သလို အခြားတပ်ပေါင်းစုတွေ၊ ပါတီအဖွဲ့အစည်းတွေနဲ့လည်း လုပ်ပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ ကျေညာချက်တခုမှာ ဘာဖြစ်သလဲဆိုတော့ အဲဒီမှာ ပြည်ထောင်စု အရေးနဲ့ တိုင်းရင်းသားတန်းတူရေး ဆိုတဲ့ အချက်တချက် ပါပါတယ်။ အဲဒီအချက်အတွက် ကျွန်တော်တို့က ပေးထားတဲ့ ကိုယ်စားလှယ်ကို ပြောပါတယ်။ ဒါ ကျွန်တော်တို့မှာ တာဝန်ရှိတယ်၊ တာဝန်ရှိလို့ ဘယ်လိုပြောသလဲဆိုတော့ အဲဒီအချက်ပါတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်တို့က ဘယ်လိုသဘောနဲ့မှ ကိုယ်စားလှယ်အဖြစ် မရွေးခဲ့တာ မဟုတ်ပါဘူး။

ဒီမိုကရေစီနဲ့ ပါတ်သက်လို့ကတော့ လုပ်ပိုင်ခွင့်ဆိုတာ ပေးထားပြီးဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးများ တန်းတူရေးကို သက်ဆိုင်ရာ ကာယကံရှင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ ဆွေးနွေးရလို့ရှိရင် ဒီဟာနဲ့ ပါတ်သက်ပြီးတော့ ကျွန်တော်တို့ အာဏာအပြည့်အဝ ပေးလိုက်လို့ မတော်တဆများ ခံယူချက်ခြင်းမတူလို့ရှိရင် နဝတ က မခေါ်လို့ပေါ့ ခေါ်လို့ ရှိရင်ပေါ့လေ၊ ဆွေးနွေးချက်လွဲမှားသွားရင် ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ တာဝန်ရှိတဲ့အတွက် ကျွန်တော်တို့က လက်မှတ်မထိုး ချွင်းချန်ထားခဲ့ပါတယ်။

နောက်ပိုင်းမှာ ဆွေးနွေးကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တိုင်းရင်းသားလူမျိုးများ တန်းတူရေးကို ဘယ်လို သဘောထားရှိသလဲဆိုတာ ညှိနှိုင်းဖို့ လိုမယ်လို့ ဆုံးဖြတ်ပြီး၊ တွေ့ဆုံဆွေးနွေးရေး ကို ကြိုးပမ်းခဲ့ပါတယ်။ ကျွန်တော်ပြောချင်တာကတော့ ဒီလောက်ပါပဲခင်ဗျား။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အထွေထွေအတွင်ရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ဆွေးနွေးချက်

စောစောက တင်ပြသွားတဲ့အချက်တွေနဲ့ ပတ်သက်လို့ ကျွန်မ ဘာမှ အငြင်းပွားစရာ မရှိပါဘူး။ ကျွန်မတို့ စိတ်နေသဘောထားလည်း ဒီအတိုင်း ဖြစ်ပါတယ်။ ဒီမိုကရေစီ နဲ့ ပြည်ထောင်စုကြီး တည်တံ့ ခိုင်မြဲရေးဟာ တဆက်တည်းပဲ ဖြစ်ပါတယ်။ ကျွန်မကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတဲ့ အသုံးအနှုန်းကို မသုံးချင်လို့ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးဆိုတဲ့ အသုံးအနှုန်းကို သုံးတာပါ။ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးအတွက် ကျွန်မတို့ တိုင်းရင်းသားလူမျိုးစုများကလည်း အားလုံး လိုလားတယ်။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့တကွ အခြားဒီမိုကရေစီအင်အားစုတွေကလည်း လိုလားတယ်ဆိုတာ အားလုံး ယုံကြည်ပြီးသားဖြစ်တယ်လို့ ကျွန်မထင်ပါတယ်။

အခု ကျွန်မ ဒီမှာမြင်တာက ကျွန်မတို့ ဘာမှ မူဝါဒသဘောထားတွေနဲ့ပါတ်သက်လို့ ထပ်ပြီးတောင်မှ ဆွေးနွေးဖို့ မလိုတော့ဘူးလို့ ကျွန်မထင်ပါတယ်။ ကျွန်မတို့ အားလုံးဟာ တသဘောထားတည်းပါပဲ။ ပြည်ထောင်စုကြီးကို မပြိုကွဲစေချင်ဘူး။ တည်တန့်ခိုင်မြဲစေချင်တယ်။ တိုင်းရင်းသားလူမျိုးစုအားလုံးရဲ့ တန်းတူရည်တူအခွင့်အရေးများကို ဖေါ်ထုတ်ချင်တယ်။ နောက်ဆုံး ကျွန်မတို့ဟာ အခုဆိုလို့ရှိရင် လုပ်ငန်းအရ အလုပ်လုပ်ရတော့မယ်လို့ ထင်ပါတယ်။ မူဝါဒသဘောထား

ဆွေးနွေးနေဖို့လည်း သိပ်တော့ မလိုတော့ပါဘူး။ အချိန်ကုန်ရုံပဲ ရှိပါတယ်။ အခု ကျွန်မတို့ ဒီမိုကရေစီတိုက်ပွဲကြီးကို ဝင်သွားတဲ့အခါမှာ ထိထိရောက်ရောက် လုပ်နိုင်ဖို့ ကျွန်မတို့လုပ်ငန်းအရ သဘောတူညီချက်တွေ ရဖို့လိုပြီလို့ ထင်ပါတယ်။

ဒါဟာ ဘာလဲဆိုတော့ အရေးကြီးတာကတော့ ကျွန်မတို့ဟာ ဘယ်လို ပြည်ထောင်စုပုံသဏ္ဌာန် ဖေါ်မလဲဆိုတဲ့ ကိစ္စပဲ၊ အခုန သဘာပတိကြီး တင်ပြသွားတဲ့အထဲမှာလည်း ပါပါတယ်။ လွတ်လပ်ရေးတိုက်ပွဲတုန်းက လွတ်လပ်ရေးကို ကြိုးပမ်းနေရတဲ့တချိန်တည်းပဲ တိုင်းရင်းသားလူမျိုးစုများရဲ့ အခွင့်အရေးနဲ့ ပါတ်သက်လို့လည်း ဆွေးနွေးခဲ့ပါတယ်။ ညှိနှိုင်းခဲ့တယ်။ တိုင်ပင်ခဲ့တယ်။ ဘယ်လိုပုံသဏ္ဌာန်နဲ့ ပြည်ထောင်စုကို ဖော်ထုတ်မလဲဆိုတာကို လွတ်လပ်ရေးမရခင် ကာလကတည်းက စတင်ပြီးတော့ ကြိုတင်ပြီးတော့ ဆုံးဖြတ်ခဲ့တယ်ဆိုတာ တင်ပြသွားပါတယ်။

ဒီကိစ္စနဲ့ ပါတ်သက်လို့ရှိရင် ကျွန်မအနေနဲ့ မြင်တာကတော့ ကျွန်မတို့ အဖွဲ့ချုပ်ရဲ့ မူဝါဒသဘောထားနဲ့လည်း မကွဲပြားပါဘူး။ ကျွန်မတို့ မူဝါဒသဘောထားကျေညာချက် (၉)ထဲမှာ ဆိုလို့ ရှိရင် “အခြေခံစည်းမျဉ်းဥပဒေတခုကို ပင်လုံညီလာခံတခု ခေါ်ပြီးတော့ ဆုံးဖြတ်ရမယ်” လို့ ရေးထားပါတယ်။ ဒီ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ထဲမှာလည်း “အခြေခံစည်းမျဉ်းဥပဒေအသစ်တခုကို ပင်လုံညီလာခံ တခုကနေပြီးတော့ အတည်ပြုရမယ်” လို့ ရေးထားတယ်။ အဲဒီတော့ ကျွန်မတို့ဟာ လုပ်ငန်းအရ စပြီးလုပ်ဖို့ လိုမယ်လို့ ထင်ပါတယ်။ အခု ဒီမှာရှိတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲက လူကြီးများ၊ တရားဥပဒေပညာရှင်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ဘယ်လိုအခြေခံစည်းမျဉ်းဥပဒေတခု ဆွဲသင့်တယ်ဆိုတာ စပြီးတော့ တိုင်ပင်ဖို့ ရောက်ပြီလို့ ကျွန်မထင်ပါတယ်။ ဒီကိစ္စတွေပြောနေမဲ့အစား စပြီးတော့ လုပ်ကြပါစို့လို့ ကျွန်မက အကြံပြုချင်ပါတယ်။

အဲဒီတော့ **Federal** ဆိုတဲ့ကိစ္စ၊ **Federal** ဆိုတာလည်း စောစောက သဘာပတိကြီး ရှင်းပြသွားတဲ့အတိုင်း **Federal** ဆိုတာကတော့ အင်္ဂလိပ်စကားလုံးတခုပဲ ဖြစ်ပါတယ်။ **Federal** ဆိုတာ ခွဲရေး မဟုတ်ပါဘူး။ ကျွန်မတို့ အားလုံးသိပြီးသားပါ။ ခွဲရေးမဟုတ်ဘူးဆိုတာ ကျွန်မတို့ လက်ခံပါတယ်။ ဒါပေမဲ့ **Federal** ဆိုတာ ပုံစံအမျိုးမျိုး ရှိပါတယ်။ ဆိုတော့ **Central Government** နဲ့ **Local Government** တို့ ကြားထဲမှာ ဘယ်လိုအာဏာခွဲရမယ်။ ဒါဟာ **Federal** ရဲ့ အဓိကပြဿနာပဲ။ ဒါကို ဆုံးဖြတ်ရပါမယ်။ နောက်ပြီး ပြည်ထောင်စုအစိုးရက ဘယ်လောက် အာဏာယူထားမလဲ။ ဘယ်အာဏာတွေ ယူထားမလဲ။ ပြည်နယ်အစိုးရက ဘယ်လောက်အာဏာယူပြီး ဘယ်လိုအာဏာတွေကို အသုံးပြုထားမလဲ။ ဒီဟာကို ခွဲရမယ်။

နောက်ဆုံး **Federal** ရဲ့ ပြဿနာဟာ ဒါပဲ။ အာဏာကို ဘယ်လိုခွဲမလဲ၊ နောက်ပြီးတော့ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရကြားထဲမှာ ဘယ်လိုပြေလည်အောင် လုပ်ရမလဲ ဆိုတာဟာ **Federal** ရဲ့အဓိကပြဿနာပဲ။ အဲဒီတော့ **Federal** လို့ပဲ ခေါ်ခေါ်၊ ဘာလို့ပဲ ခေါ်ခေါ်၊ ပြည်ထောင်စုကြီးရဲ့ အဓိကပြဿနာဟာ ဒါပဲ။ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရများ ကြားထဲမှာ၊ ပြည်ထောင်စုအာဏာပိုင်များနဲ့ ပြည်နယ်အာဏာပိုင်များကြားထဲမှာ ဘယ်လိုနားလည်မှုယူပြီးတော့ ဘယ်လို တာဝန်ဝတ္တရားတွေ၊ အာဏာတွေကို ပိုင်းခွဲမလဲ။ ဒါနဲ့ ပါတ်သက်လို့ကတော့ ကျွန်မတို့ အားလုံး ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီးမှ ပေါ်လာမဲ့ အဖြေပါ။

အဲဒီတော့ ဒီလို ပြောနေမယ့်အစား နောက်ပြည်ထောင်စုပုံသဏ္ဌာန်၊ ဘယ်လိုပုံသဏ္ဌာန်မျိုး ဖေါ်ထုတ်ချင်သလဲဆိုတာကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ကျွန်မတို့

အဖွဲ့ချုပ်က လူကြီးများနဲ့ အခြားစိတ်ပါဝင်စားတဲ့ ခုနက ဥပဒေပညာရှင်များနဲ့ အဖွဲ့လေးတခု ဖွဲ့ပြီးတော့ လုပ်လို့ရှိရင် ပိုပြီးတော့ထိရောက်မယ်၊ အဆင်ပြေမယ်လို့ ထင်ပါတယ်။ ဒါမှလည်း ကျွန်မတို့ဟာ နောက်တဆင့် တက်လာမယ်။ ဒီလိုပြောနေရုံနဲ့တော့ ဘယ်လိုမှ နောက်တဆင့် တက်နိုင်မှာမဟုတ်ဘူး။

နောက်ကိစ္စတခုဟာ ကျွန်မတို့ ဒီအချိန်မှာတွေ့တုန်း နည်းနည်း ပွင့်ပွင့်လင်းလင်း ပြောသွားမယ်။ ပြောသွားဖို့ လိုမယ်လို့လည်း ထင်ပါတယ်။ ပြည်နယ်တွေမှာ ပြဿနာတခု ခဏခဏကြားတယ်။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အခြားတိုင်းရင်းသားလူမျိုးစုအဖွဲ့များ၊ ပါတီများ ကြားထဲမှာ တခါတလေ နားလည်မှုလွဲတယ်ဆိုတာ မြင်ခဲ့ရတယ်။ ကျွန်မတို့နဲ့ မဟာမိတ်အဖွဲ့အစည်းများနဲ့တောင်မှ နားလည်မှု လွဲခဲ့တယ်ဆိုတာ မြင်ခဲ့ရတယ်။ ကျွန်မတို့ နားလည်မှုလွဲတဲ့ကိစ္စတွေအားလုံးကို ခြုံပြီးတော့ ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဒါ အမှန်ပြောရရင် နောက်ဆုံးတော့ အမတ်ကိစ္စပဲ။ ဒီလိုပဲ ကျွန်မမြင်တယ်။ ရွေးကောက်ပွဲများဖြစ်တဲ့အခါကြလို့ရှိရင် ဘယ်ပါတီကနေ အမတ်တွေကိုရွေးမှာလည်း၊ ဒီဟာ ဒီ ပြဿနာပဲလို့ ကျွန်မထင်တယ်။ ဒါကိုလည်း ကျွန်မတို့ ခေါင်းရှောင်နေလို့ မရဘူး။ ဘာလို့လဲဆိုတော့ ဘာပဲပြောပြော ကျွန်မတို့ဟာ ဒီမိုကရေစီအတွက်တိုက်နေတယ်ဆိုတာ တနေ့မဟုတ်တနေ့ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲများ ဖြစ်ပေါ်ရေးအတွက် တိုက်နေတာပဲ။ အဲဒီတော့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲ ဖြစ်ပေါ်လာလို့ရှိရင် ဘယ်ပါတီက ဒီနေရာမှာ အမတ်ကို တင်မှာလည်းဆိုတဲ့ မေးခွန်းကြီးဟာ လူတိုင်းမေးနေတယ်။ ထုတ်ဖေါ်မပြောသော်လည်း ဒီမေးနေတဲ့ မေးခွန်းကြီးကြောင့်မို့လို့ ကျွန်မတို့ရဲ့ အဖွဲ့တွေကြားထဲမှာ နားလည်မှုလွဲတာတွေ ဖြစ်ခဲ့တယ်ဆိုတာ မြင်ရတယ်။

အဲဒီတော့ ဒီကိစ္စကို ကျွန်မတို့ စပြီး ဆွေးနွေးသင့်တယ်။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ ရွေးကောက်ပွဲဝင်မယ်၊ မဝင်ဘူးဆိုတာ မဆုံးဖြတ်ရသေးပါဘူး။ ဒီလိုမဆုံးဖြတ်ရသေးတဲ့ အကြောင်းက ကျွန်မတို့ဟာ နဝတ ကို မယုံကြည်လို့ မဟုတ်ပါဘူး။ အခြေအနေအရကိုက ကျွန်မတို့ဟာ မဆုံးဖြတ်နိုင်တဲ့အခြေအနေမှာ ရှိနေပါတယ်။ ကျွန်မတို့ အဖွဲ့ချုပ်ဝင်တွေကို ဘယ်လောက်ဖမ်းနေတယ်၊ ဆီးနေတယ်ဆိုတာ ဒီက လူကြီးတွေကိုပြောပြဖို့ မလိုတော့ပါဘူး။ ဒီထက်ပိုပြီးတော့ (၁၉)ရက်နေ့ နောက်ပိုင်းမှာ ဖမ်းမယ်၊ ဆီးမယ်ဆိုတဲ့အသံတွေဟာ အသံတွေထွက်နေရုံမကဘူး၊ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေတယ်ဆိုတာ ကျွန်မတို့ အထောက်အထား တွေ့ရတယ်။ ဒီတော့ ကျွန်မတို့ အဖွဲ့ချုပ်ဝင်တွေကို ဒီလောက်ဖမ်းနေတယ်ဆိုရင် ကျွန်မတို့ အဖွဲ့ချုပ်အနေနဲ့ ရွေးကောက်ပွဲဝင်ချင်ရင်တောင်မှ ဝင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အဲဒီတော့ ဒီအချိန်မှာ ရွေးကောက်ပွဲဝင်မယ်၊ မဝင်မယ်ဆိုတာ ကျွန်မတို့ ဆုံးဖြတ်လို့ မရသေးပါဘူး။ မူချင်လို့ မဟုတ်ပါဘူး။ တကယ့်ကို အခြေအနေအရ ဆုံးဖြတ်လို့ မရသေးတာပါ။ ဒါပေမဲ့လည်း လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်ခဲ့လို့ရှိရင် ကျွန်မတို့ ဝင်မှာပဲ။ ဝင်တဲ့အခါကျလို့ရှိရင်လည်း တိုင်းရင်းသားလူမျိုးစုများနဲ့ နားလည်မှု ယူတာဟာ အဆင်အပြေဆုံးဖြစ်မယ်။ ဒါကြောင့်မို့ တိုင်းရင်းသားလူမျိုးစုများနဲ့ ကျွန်မတို့အဖွဲ့ချုပ်ဟာ ကော်မတီလေးတခုဖွဲ့ပြီးတော့ အစဉ်အမြဲ နားလည်မှုယူရုံသာမက တကယ်လုပ်သင့် လုပ်ထိုက်တဲ့ လုပ်ငန်းတွေကို စပြီး လုပ်သင့်တယ်။

ပထမဆုံးအားဖြင့် ဘယ်လို အခြေခံစည်းမျဉ်းဥပဒေတခုကို တိုင်းရင်းသားလူမျိုးများအနေနဲ့ ရေးဆွဲချင်သလဲ။ ဒါကို စကတည်းက တိုင်းရင်းသားလူမျိုးများက ညှိနှိုင်းတိုင်ပင်ပြီးတော့ စပြီးတော့ အကြမ်းအားဖြင့် ရေးဆွဲသင့်ပြီလို့ ထင်ပါတယ်။ ကျွန်မတို့ အဖွဲ့ချုပ်အနေနဲ့ ယခုအချိန်မှာ နောင်ကျလို့ ရှိရင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဘယ်လိုအခြေခံစည်းမျဉ်းဥပဒေနဲ့ တည်ထောင်ချင်သလဲဆိုတာ စတင် စဉ်းစားနေတဲ့အချိန် ဖြစ်ပါတယ်။ ဒါဟာ အားလုံးညှိနှိုင်းတိုင်ပင်ပြီးတော့ ဆွဲထားဖို့လိုပါတယ်။ ဒါ လုပ်ငန်းအရ လိုနေပါတယ်။ ရွေးကောက်ပွဲများ ဖြစ်ခဲ့ရင်လည်း အမတ်ပြဿနာကို ဘယ်လိုဖြေရှင်းကြမလဲ

ဆိုတာ ကျွန်မတို့ဟာ ညှိနှိုင်းဆွေးနွေးပြီးတော့ ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးသွားကြရအောင်။ ဒီပြဿနာ ရှိလျက်သားနဲ့ ခေါင်းရှောင်နေတဲ့အခါကျတော့ ဘယ်သူကမှလည်း ငါတို့တွေထဲက ဘယ်သူ့ကို အမတ်တင်မလဲဆိုတာ ဝန်မခံရဲတဲ့အခါကျတော့ ဒါ မပြောပဲနဲ့ အခြားကိစ္စတွေကို ရမယ်ရှာပြီးတော့ ပြောတဲ့အတွက်ကြောင့် ရန်စနေတဲ့ သဘောမျိုးဖြစ်နေတယ်။

နောက်ပြီးတော့လည်း အချို့ပြည်နယ်တွေမှာဆိုရင် ကျွန်မတို့ အဖွဲ့ချုပ်နဲ့ တိုင်းရင်းသားလူမျိုးစုများရဲ့ အဖွဲ့များ ပါတီများ သဘောကွဲလွဲရခြင်းအကြောင်းကတော့ ပုဂ္ဂိုလ်ရေးအရပဲ ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်မတို့ အများကြီးသတိထားပါတယ်။ တခါတလေကျလို့ရှိရင် တိုင်းရင်းသားလူမျိုးစုများထဲက ဒေသခံလူကြီးနဲ့ ကျွန်မတို့ထဲက ဒေသခံလူကြီး စိတ်သဘောထား မတိုက်ဆိုင်တဲ့ကိစ္စများ၊ ပုဂ္ဂိုလ်ရေးအရ မပြေလည်တဲ့ ကိစ္စများ၊ ဒီလိုကိစ္စများကြောင့်မို့လို့ အဖွဲ့အစည်းတခုနဲ့ တခု ကြားထဲမှာ မပြေမလည်ဖြစ်ခဲ့တယ်။ ဒါကိုလည်း ကျွန်မတို့ အများကြီး ရှောင်ခဲ့တယ်။ ဒါကိုရှောင်ဖို့ဆိုတာဟာ ဗဟိုကနေပြီးတော့၊ ဗဟိုအဖွဲ့အစည်းများကနေပြီးတော့ ထိန်းသိမ်းသွားဖို့ လိုလိမ့်မယ်လို့ ထင်ပါတယ်။ ဒေသခံအချင်းချင်းကြားထဲမှာ နားလည်မှုလွဲနေလို့ရှိရင် ဗဟိုကနေပြီး ဝင်ပြီးဖြေရှင်းပေးရမယ်။ အဲဒီတော့ ဒီရွေးကောက်ပွဲကိစ္စ၊ အခြေခံစည်းမျဉ်းဥပဒေကိစ္စများကို ကျွန်မတို့အချင်းချင်း ပြေလည်အောင်လို့ ဆွေးနွေးမယ်။ ဘယ်အခြေခံစည်းမျဉ်းဥပဒေကို၊ ဘယ်လိုပြည်ထောင်စုတခုကို ကျွန်မတို့ ထူထောင်ချင်သလဲ ဆိုတာကို နားလည်မှု အခုကတည်းက ယူနိုင်မယ် လို့ဆိုရင်၊ ရွေးကောက်ပွဲများကို ချီတက်သွားတဲ့ နေရာမှာ ပိုပြီးတော့ ညီညီညွတ်ညွတ် ထိထိရောက်ရောက် ဖြစ်သွားပါမယ်။

ရွေးကောက်ပွဲများဟာ ဗိုလ်ချုပ်ကြီးစောမောင် ပြောသွားတဲ့အတိုင်း အခုတော့ (၁၀)လ ကြာရင်ဖြစ်မယ်။ (၁၀) လကြာရင်ဖြစ်မယ်ဆိုရင်ပဲ။ ဒီကိစ္စဟာ အာဏာလွှဲပြောင်းရေးမှာ မရှင်းသေးဘူး။ အာဏာလွှဲပြောင်းရေးနဲ့ပါတ်သက်လို့ ဗိုလ်ချုပ်ကြီးစောမောင်ဟာ ကျွန်မတို့ကို ဘာမှမပြောခဲ့သေးဘူး။ ကျွန်မတို့ နားလည်သလောက်တော့ နဝတ ရဲ့ ပြောရေးဆိုခွင့်ရှိသူများဟာ နိုင်ငံခြားသတင်းထောက်များကို ပြောခဲ့တာမှာ အာဏာလွှဲပြောင်းပေးတာမှာ အခြေခံစည်းမျဉ်းဥပဒေတခုကို အတည်ပြုဖို့ လိုတယ်လို့ပြောပါတယ်။ ဒီတော့ ကျွန်မတို့အနေနဲ့ နောင်ကိုလည်း အဆင်သင့်ပြင်ထားဖို့ လိုမယ်လို့ ထင်ပါတယ်။ ကျွန်မတို့ အများစုကြီးဟာ ဘယ်လိုအခြေခံစည်းမျဉ်းဥပဒေမျိုးကို သုံးမလဲ။ ပြည်ထောင်စု ဆိုတော့ တိုင်းရင်းသားလူမျိုးစုများရဲ့ သဘောထားကို ကျွန်မတို့ အရင်းခံတယ်။

ဒါဟာ တခါတည်း ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဆက်နွယ်နေတယ်။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပါတ်သက်လို့ ကျွန်မတို့ အဖွဲ့ချုပ်အနေနဲ့လည်း နိုင်ငံရေးနည်းနဲ့ ပြည်တွင်ငြိမ်းချမ်းရေးရှာမယ်ဆိုတာ ကြေညာထားပြီးသားပါ။ လက်နက်ကိုင်နည်းနဲ့ ပြည်တွင်းငြိမ်းချမ်းရေး မရှာပါဘူး။ လက်နက်နိုင်ငံဆိုတာ ကျွန်မတို့ လုံးလုံးမလိုလားပါဘူး။ အခုလက်နက်ကိုင်ပြီးတော့ ပြည်သူလူထုကို ထိန်းသိမ်းခဲ့တဲ့ အစိုးရအောက်မှာ တိုင်းပြည်ဘယ်လောက် နစ်နာခဲ့တယ်ဆိုတာ လူတိုင်းသိပြီးသားပါ။ ဒါကြောင့် လက်နက်ကိုင်နည်းနဲ့ အာဏာထူထောင်ရေး၊ လက်နက်ကိုင်နည်းနဲ့ အာဏာတည်တံ့ခိုင်မြဲရေးဆိုတာကို ကျွန်မတို့ လုံးလုံးရှေ့ရှုလိုတဲ့ အဖွဲ့အစည်းမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းနဲ့ ရှာမှာပါ။ ပြည်တွင်းငြိမ်းချမ်းရေးတောင်မှ နိုင်ငံရေးနည်းနဲ့ ရှာမယ်ဆိုပြီးတော့ ရည်ရွယ်ထားတဲ့အဖွဲ့ချုပ်ဟာ တိုင်းရင်းသား လူမျိုးစုများနဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ပြေလည်အောင် ဖြေရှင်းသွားမယ်ဆိုတာ ကျွန်မတို့ ယုံကြည်ပါတယ်။ အဲဒီတော့ အခုကတည်းက စပြီးတော့ နားလည်မှုယူဖို့ သင့်တော်ပြီလို့ ကျွန်မတို့ထင်ပါတယ်။

**Federal** လို့ပဲ ခေါ်ခေါ်၊ ပြည်ထောင်စုလို့ပဲခေါ်ခေါ် အရေးကြီးတာဟာ ကျွန်မတို့ ကြားထဲမှာ အားလုံးသဘောတူညီနိုင်မယ့် ပုံစံရှိတဲ့ နိုင်ငံတခုကို ဖော်ထုတ်ဖို့ပဲ။ အားလုံးသဘောတူမယ့် ပုံစံရှိတဲ့ နိုင်ငံတခုကို ဖော်ထုတ်တဲ့အခါမှာ၊ ဒီမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သဘောထားတွေမှာ ပါတဲ့အတိုင်းပဲ မဟာလူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒတွေကို ဆန့်ကျင် ပြီး တိုင်းရင်းသား လူမျိုးများအားလုံး ချစ်ကြည်သွေးစည်းညီညွတ်ရေးကို အစွမ်းကုန် ပူးပေါင်း ဆောင်ရွက်ကြရန်၊ အဲဒီတော့ လူမျိုးရေးဝါဒတွေ နောက်ဆုံးကျတော့ မဟာလူမျိုးကြီးဝါဒပဲ ပြောပြော၊ ကျဉ်းမြောင်းတဲ့အမျိုးသားရေးဝါဒပဲပြောပြော၊ နောက်ဆို လူမျိုးရေးဝါဒတွေ ဒါတွေတော့ ကျွန်မတို့ ရှောင်ရမယ်။ ကျွန်မတို့ဟာ အဓိကကတော့ ပြည်ထောင်စုစိတ်ထားပဲ၊ ပြည်ထောင်စုစိတ်ဓါတ်ကို အဓိက မွေးသွားရမယ်။

ပြည်ထောင်စုစိတ်ဓါတ်အောက်မှာသာ ကျွန်မတို့အားလုံး တိုင်းရင်းသားလူမျိုးများရဲ့ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းစဉ်လာများ၊ ဘာသာရေးများကို ထိန်းသိမ်းသွားမယ်။ အားပေးသွားမယ်။ **Demonstration by Unity of Diversity** ဒီဟာကို ဦးတည်ရမယ်။ ကျွန်မတို့ရဲ့ ကွဲပြားမှုများဟာ ကျွန်မတို့အတွက် အင်အားတခု ဖြစ်ရမယ်။ ကျွန်မတို့ရဲ့ ကွဲပြားမှုများဟာ အားနည်းချက် မဖြစ်ရဘူး။ ဒီကွဲပြားနေတဲ့ ယဉ်ကျေးမှုများ၊ ထုံးစံများ၊ ယုံကြည်မှုများဟာ ကျွန်မတို့ပြည်ထောင်စုအတွက် အားသစ်အားမာန်ပေးတဲ့ ရေစီးကြောင်းတွေ အမျိုးမျိုးဖြစ်ရမယ်။ ဒီရေစီးကြောင်းများဟာ ချောင်းသိမ် ချောင်းငယ်ပေါင်းများစွာက မြစ်ကြီးတခုကို အားပေးသလိုပဲ၊ ကျွန်မတို့ ပြည်ထောင်စုတိုင်းရင်းသားများ အားလုံးရဲ့ ထုံးတမ်းစဉ်လာယဉ်ကျေးမှုများဟာ ကျွန်မတို့ ပြည်ထောင်စုကြီးဖြစ်တဲ့ မြစ်ကြီးကို အားပေးရမယ်။ ဒီအထဲက စီးဆင်းပြီးတော့ ပိုပြီးတော့ အရှိန်အဟုန် မြင့်လာအောင်လို့ အားပေးရမယ်။ ဒါကို ကျွန်မတို့ ဦးတည်ရမယ်။ ဒါကို ဦးတည်ဖို့အတွက် လက်တွေ့ကျကျ လုပ်နိုင်ဖို့ ဆိုတာဟာ အခြေခံစည်းမျဉ်းဥပဒေတခု လိုနေပါတယ်။ ဒီ အခြေခံစည်းမျဉ်းဥပဒေတခုအပေါ်မှာ ကျွန်မတို့ တိုင်းရင်းသားလူမျိုးတွေအားလုံး သဘောတူညီနိုင်မယ်ဆိုလို့ရှိရင် ပြည်ထောင်စုအတွက် အများကြီးပဲ ကောင်းပါတယ်။

ဒီတော့ သဘာပတိကြီးပြောသွားတဲ့ မိန့်ခွန်းထဲမှာ ပါတာဟာ ဒီတုန်းက လွတ်လပ်ရေး မရခင်တုန်းက ဖေဖေ့ အနေနဲ့ ပေးသွားတဲ့ကတိများဟာ ဖေဖေမရှိတဲ့နောက်ပိုင်းကျတော့ မတည်ခဲ့လို့ ပြည်ထောင်စုကြီးဟာ မျှော်မှန်းချက်ဖြစ်ခဲ့တယ်။ အဲဒါကြောင့်မို့လို့ မှန်ပါတယ် လူတဦးတယောက်ရဲ့ ကတိအပေါ်မှာ ထားပြီးတော့ အားကိုးလို့မဖြစ်နိုင်ဘူး။ ဒါဟာ ပွင့်ပွင့်လင်းလင်းပဲ ပြောကြပါစို့၊ ကျမက ကတိပေးပြီးတော့ ကျမ မရှိတော့ရင် ဘယ်လိုဆက်ပြီးတော့ သွားကြမယ်ဆိုတာ အခုကတည်းက လေ့လာဖို့လိုမယ်။ အဲဒီတော့ ဒီလိုအခြေအနေမျိုးဆိုတာ မဖြစ်သင့်ပါဘူး။ တိုင်းပြည်တပြည်မှာ လူတယောက် ပုဂ္ဂိုလ်တဦးရဲ့စကားအရ အားလုံးဖြစ်နိုင်တယ်။ ပုဂ္ဂိုလ်တဦးအပေါ်မှာ တိုင်းပြည်တခုရဲ့ ကံကြမ္မာဟာ တည်တယ်ဆိုတာ ကျမတို့မလိုလားပါဘူး။ ဒီတော့ ကျမတို့အနေနဲ့ ပါတီများဟာ ကျမကို ကိုယ်စားလှယ်အဖြစ်နဲ့ နာမည်သွင်းတယ်ဆိုတာဟာ ကျမတယောက်တည်းဟာ အဖွဲ့အစည်းများရဲ့ ကံကြမ္မာကို ဆုံးဖြတ်ဖို့ မဟုတ်ပါဘူး။ အဖွဲ့အစည်းများရဲ့ကိုယ်စား ပြောပေးဖို့ ကိုယ်စားလှယ်ပဲ။ ကိုယ်စားလှယ်ဆိုတာ အဖွဲ့အစည်းများရဲ့ သဘောထားကို တင်ပြဖို့ ဒါပဲ။ ဒီလိုတင်ပြတဲ့နေရာမှာ တယောက်ချင်းတင်ပြတဲ့အခါကျတော့ မြန်မြန်ဆန်ဆန်ပြီးတယ်။ နှစ်ယောက်တင်ပြတော့ နှစ်ဆကြာတယ်။ သုံးယောက်တင်ပြလို့ရှိရင် သုံးဆကြာတယ်။ လေးယောက်တင်ပြလို့ရှိရင် အစည်းအဝေးပွဲကိုက မပြီးတော့ဘူး။ အဲဒီလိုကိစ္စမဖြစ်ရအောင် ဆွေးနွေးညှိနှိုင်းတိုင်ပင်တဲ့အခါကျရင် ကိုယ်စားလှယ်

တယောက်တည်းဆိုရင် ပိုပြီးအဆင်ပြေမလားဆိုပြီး စဉ်းစားတယ်။

နောက်တခုကတော့ အားလုံးသိတဲ့အတိုင်းပဲ နဝတ အနေနဲ့ ပါတီအဖွဲ့အစည်းများ များလွန်းအားကြီးလို့ ဘယ်သူနဲ့ တွေ့ရမယ်ဆိုတာ မသိဘူးလို့ ထပ်တလဲလဲပြောနေတယ်။ ဘယ်သူနဲ့ တွေ့ရမှန်း မသိလို့ရှိရင် သိအောင် အခု ဖော်ထုတ်ပြောပါမယ်လို့ လုပ်လိုက်တဲ့ အချက်သာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျမဟာ ကိုယ်စားလှယ်တယောက်အနေနဲ့ ကျမကို သွားပြီးတော့ အကယ်၍ နဝတ က တွေ့မယ်ဆိုလို့ရှိရင် တွေ့ပါလို့ပြောတဲ့နေရာမှာ အများရဲ့ဆန္ဒကို တင်ပြဖို့ဖြစ်ပါတယ်။ ဒါကိုလည်း ကျမတို့ တိုင်းရင်းသားလူမျိုးစုများက ကိုယ်စားလှယ်ကြီးများအားလုံး နားလည်စေချင်ပါတယ်။ ကျမ တယောက်တည်းကနေသွားပြီး ဘယ်လိုဘယ်လိုဖြစ်ရမယ်ဆိုတာ ဆုံးဖြတ်ဖို့မဟုတ်ပါဘူး။ ကျမတို့ အားလုံးရဲ့ တူညီတဲ့သဘောထားတွေကို တင်ပြဖို့ဖြစ်ပါတယ်။

အဲဒီတော့ အဖွဲ့အစည်းတော်တော်များများဟာ တူညီတဲ့သဘောထားတွေ ဖော်ထုတ် နိုင်တယ်ဆိုတာ ပြတာပဲလို့ ကျမတို့ ဒီလို ယုံကြည်တယ်။ ဒါကြောင့်မို့ ကျမတို့ဟာ ဒီမိုကရေစီ အင်အားစုတွေဟာ ညီညွတ်မှုမရှိဘူးဆိုတာ ထပ်တလဲလဲပြောနေတယ်။ အဲဒီတော့ ကျမတို့ဟာ အဖွဲ့ အစည်းပေါင်းတရာကျော်ကနေပြီးတော့ တူညီတဲ့သဘောထားတွေ ဖော်ထုတ်နိုင်ဖို့လိုတယ်။ ဒီ တူညီတဲ့ သဘောထားတွေကို တညီတညွတ်တည်း တင်ပြနိုင်တဲ့အခြေအနေမှာ ရှိတယ်ဆိုရင် ကျမတို့ ဒီမိုကရေစီဘက်တော်သားတွေအတွက် တတပ်တအားပဲ။ ဒီဟာကို ဗိုလ်ချုပ်ကြီးစောမောင်က အသိအမှတ်ပြုသွားတယ်ဆိုတာ ထင်ရှားပါတယ်။ “တယောက်နဲ့ ရှစ်ဆယ်ဆိုလို့ရှိရင် မှားလို့ရှိရင် သူ့ဘက်က အမှားဖြစ်မှာပေါ့” လို့ ပြောရတာပါ။ ညီညွတ်မှုအင်အား ဘယ်လောက်ကြီးသလဲဆိုတာ ပြတာပဲ။ ဗိုလ်ချုပ်ကြီးစောမောင်ကနေပြီးတော့ ညီညွတ်မှုအင်အားကို အသိအမှတ်ပြုသွားပါတယ်။ ဒါကြောင့် ကျမဟာ တိုင်းရင်းသားလူမျိုးစုများရဲ့ ညီညွတ်မှုအင်အားကို အထူးလေးစားပါတယ်။ ပြည်ထောင်စုနေ့လို ကျမတို့ တိုင်းရင်းသားလူမျိုးစုများညီညွတ်မှုအင်အားကို လိုတယ်။

ဒါကြောင့် ဒီလိုညီညွတ်မှုအင်အားပိုပြီတော့ တည်တန့်ခိုင်မြဲရေးအတွက်၊ တောင့်တင်း လာရေးအတွက် လုပ်ငန်းအရ စပြီးတော့ ဖော်ထုတ်ကြဖို့ ကျမ အကြံပြုပါတယ်။ ဒီလို အခြေခံစည်းမျဉ်း ဥပဒေတခု အကြမ်းအားဖြင့် ရေးဆွဲရေးအတွက် ဦးတည်စေချင်တယ်။ ကျမတို့ အားလုံး ဒီလောက် အများကြီးက ရေးဆွဲမယ်ဆိုရင် ကြန့်ကြာနိုင်ပါတယ်။ ကိုယ်စားလှယ်များ ဖော်ထုတ်ပြီးတော့ တရား ဥပဒေကို နားလည်တဲ့ ပုဂ္ဂိုလ်ကြီးများနဲ့ ကော်မတီလေးတခုဖွဲ့ပြီးတော့ ဘယ်လို အခြေခံစည်းမျဉ်းဥပဒေကို ဆွဲသင့်တယ်ဆိုတာ ညှိနှိုင်းတိုင်ပင်ပြီးတော့ အကြမ်းဖျဉ်း စပြီး ဆွဲလို့ရှိရင် မမှားဘူးလို့ ထင်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ တိုင်းရင်းသားလူမျိုးများက သဘောတူတယ်ဆိုရင် ကျမတို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှာ တင်ပြမယ်။ ဒါဟာ ကျမတို့နားလည်မှု ရနိုင်မယ်။ တချိန်ထဲမှာပဲ ရွေးကောက်ပွဲ ဝင်ခဲ့လို့ရှိရင် ဒီအမတ်ပြဿနာကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ ဒီပြဿနာကို ရင်ဆိုင်ပြီးတော့ လုပ်ရမှာပဲ။ ဒါဟာ ခေါင်းရှောင်နေလို့မရဘူး၊ ရွေးကောက်ပွဲဖြစ်ခါနီးမှ တယောက်နဲ့ တယောက် ထထိုးနေလို့ မသင့်တော်ပါဘူး။ မဖြစ်ခင်ကတည်းက ကြိုတင်စဉ်းစားထားဖို့လိုပါတယ်။ ဒီပြဿနာကို ဘယ်လိုဖြေရှင်းရင် အကောင်းဆုံးလဲဆိုတာ ဆုံးဖြတ်သင့်ပါတယ်။ ဒီနှစ်ခုကို ကျမတို့ ဆုံးဖြတ်ဖြစ်လို့ရှိရင် နောင် ဒီမိုကရေစီ အစိုးရတက်လာတဲ့အခါကျရင် ပြည်ထောင်စုကြီးအတွက် အများကြီး အလားအလာကောင်းပါတယ်။ ဒီမိုကရေစီအစိုးရတက်လာဖို့အတွက်လည်း အလားအလာကောင်းတယ်။ အမတ်ကိစ္စနဲ့ ပတ်သက်လို့ အချင်းချင်းရန်ဖြစ်မနေဘူးဆိုလို့ရှိရင် ရွေးကောက်ပွဲများကို ကျမတို့ တညီတညွတ်ထဲနဲ့ ဝင်သွားနိုင်မယ်။ ညီညွတ်ပြီးနောက် တောင့်တင်းတဲ့ အစိုးရဖွဲ့နိုင်ပေ့မယ်။ ဒါကိုလည်း ကျမတို့အားလုံး ဒီအချိန်မှာ စဉ်းစားဖို့

ဖြစ်ပါတယ်။

နောင်တက်တဲ့အစိုးရဟာ ညီညီညွတ်ညွတ် အင်အားရှိရှိလုပ်နိုင်တဲ့အစိုးရဖြစ်ဖို့ အများကြီး လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နောင်တက်တဲ့အစိုးရဟာ ပိုမိုများပြားတဲ့ပြဿနာတွေကို ရင်ဆိုင်ရမယ်။ ဒီပြဿနာတွေကို ရင်ဆိုင်ဖို့ ဖြေရှင်းဖို့ဆိုတာဟာ အစိုးရမှာ အင်အားရှိဖို့လိုပါတယ်။ အင်အားမရှိတဲ့ အားပျော့တဲ့ အစိုးရဟာ ဒီပြဿနာတွေကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ ပြည်သူလူထုဟာ ဒီလောက်တောင် သွေးမြေကျပြီးတော့ စွန့်စားခဲ့ပြီးတော့ စွန့်လွှတ်ခဲ့ပြီးတော့ သတ္တိရှိရှိနဲ့ ရင်းပြီးတော့ ဒီမိုကရေစီရအောင် ယူခဲ့ပြီးတော့ အားမရှိတဲ့ အစိုးရကို တင်မြှောက်လိုက်လို့ အလုပ်မဖြစ်ဘူးဆိုရင် ကျမတို့ အင်မတန်မှ ရာဇဝင်ရိုင်းပါ့မယ်။ ဒါကြောင့်မို့ ညီညွတ်ပြီးတော့ အင်အားတောင့်တဲ့ အစိုးရမျိုး ဖေါ်ထုတ်ဖို့အတွက် ကျမတို့အားလုံးမှာ တာဝန်ရှိတယ်။ ရွေးကောက်ပွဲများအကြောင်း စဉ်းစားလို့ရှိရင် ဒါဟာ ပြဿနာများကို သေသေချာချာရင်ဆိုင်ဖို့ စဉ်းစားပါ။ ရွေးကောက်ပွဲမှာ ဘယ်လိုအစိုးရမျိုးကို ဖေါ်ထုတ်ချင်သလဲဆိုတာ စဉ်းစားရမယ်။ တောင့်တင်းပြီးတော့ ညီညွတ်တဲ့အစိုးရ ဖေါ်ထုတ်ရမယ်။ ဒီလိုအစိုးရတခု ဖေါ်ထုတ်နိုင်မှ ယခုလက်ရှိဖြစ်ပေါ်နေတဲ့ တိုင်းပြည်ရဲ့ ပြဿနာတွေကို ကျမတို့ဖြေရှင်းနိုင်မယ်။ နောင်ကိုလည်း ဖြေရှင်းနိုင်မယ်။

ယခုလက်ရှိ တိုင်းပြည်မှာ ဖြစ်ပေါ်နေတဲ့ ပြဿနာအတော်များများကို နဝတ အစိုးရက ဖြေရှင်း သွားမှာ မဟုတ်ဘူးဆိုတာ၊ ဒီပြဿနာတွေကိုလည်း အားလုံးကြားပြီးမှာပါ။ အဲဒီအပြင် နောက်ထပ် တက်လာမဲ့ ပြဿနာတွေလည်း ရှိမှာပါ။ ဒီပြဿနာတွေအားလုံး ဖြေရှင်းဖို့အတွက် ညီညွတ်တောင့်တင်းတဲ့ အစိုးရကိုဖွဲ့စည်းဖို့အနေနဲ့ ပြည်ထောင်စုတိုင်းရင်းသားများအားလုံး လက်ခံနိုင်တဲ့ အခြေခံစည်းမျဉ်း ဥပဒေတခု ရှိဖို့ဟာ ဒီနှစ်ခုကို ဦးတည်ဖို့လိုတယ်။ ဒါ အချိန်အခါတန်ပါပြီ။ ဒါကြောင့် မူဝါဒ သဘောထား တွေနဲ့ ပတ်သက်ပြီးတော့ ကျမတို့ ဘာမှ အငြင်းပွားနေစရာ ဘာမှ မရှိပါဘူး။ အားလုံးဟာ သဘောတူညီ ပြီးသားပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားများ သဘောတူညီချက်ရှိတဲ့၊ ပြည်ထောင်စု တိုင်းရင်းသားများ ထောက်ခံမှုရှိတဲ့ ပြည်ထောင်စုပုံသဏ္ဌာန်တခုသာ တည်တံ့ခိုင်မြဲမယ်ဆိုတာ ကျမတို့ အားလုံး လက်ခံထားပါတယ်။

ကျမဟာ **Federal** ဆိုတဲ့ စကားလုံးတလုံးကို မသုံးချင်ဘူး။ သဘာပတိကြီးပြောခဲ့တဲ့အတိုင်း ပါပဲ။ ဒီစကားဟာ အများစုက နားမလည်ကြဘူး။ ကျမက သုံးလိုက်လို့ရှိရင် အထင်အမြင်လွဲပြီးတော့ အများကြီးပဲ ပြဿနာတက်နိုင်တယ်။ ဒါကြောင့်မို့လို့လည်း မသုံးပါနဲ့။ **Unitary** လည်း မသုံးပါနဲ့။ "ပြည်ထောင်စု" ဆိုတဲ့ ဗမာစကားသက်သက်ပဲ၊ ရှုတ်ရှက်ဒွတ်ဒက်တွေ မပါတဲ့ ဗမာစကား သက်သက်ပဲ သုံးသွားပြီးတော့ ဘယ်လိုပြည်ထောင်စုကို ကျမတို့ထူထောင်မလဲ။ ဘယ်လိုပုံစံနဲ့ ပြည်ထောင်စုတခုကို ဖေါ်ထုတ်မလဲဆိုပြီးတော့ ဒီလိုပြည်ထောင်စုတခုကို ဖေါ်ထုတ်ရေးအတွက် အခြေခံ စည်းမျဉ်းဥပဒေတခုကို အားလုံးကရေးပြီးတော့၊ အကြမ်းဖျဉ်းအားဖြင့် ဝိုင်းဝန်းရေးဆွဲဖို့လိုပြီလို့ တင်ပြလိုက်ပါတယ်။ ကျမ အနေနဲ့ လုပ်ငန်းအရ ပြောချင်တာကတော့ ဒါပဲ ပြောချင်ပါတယ်။

ဒီမိုကရေစီတိုက်ပွဲကြီးဟာ ဘယ်လောက်ခက်ခဲတယ်။ ဘယ်လောက်အန္တရာယ်များတယ် ဆိုတာကတော့ ထူးထူးထွေထွေ အများကြီးပြောနေဖို့မလိုပါဘူး။ ခပ်တိုတိုနဲ့ တခုပဲ မေတ္တာရပ်ခံချင်ပါတယ်။ အခုဆိုလို့ရှိရင် ကျမတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အဓိကပစ်မှတ်အဖြစ် နဝတ က သတ်မှတ် ထားပါတယ်။ ဒီတော့ ကျမတို့အဖွဲ့ချုပ်ကို ထိုးနှက်တယ်၊ ထိုးနှက်မယ်၊ နောင်ထပ်လည်း ထိုးနှက်ဖို့ ရည်ရွယ်ချက်ရှိတယ်။ ဒီလိုအချိန်မှာ ကျမတို့ တိုင်းရင်းသားလူမျိုးစုများ၊ ဒီမိုကရေစီလိုလားတဲ့ အဖွဲ့အစည်းများဟာ ဝိုင်းဝန်းပြီး ပံ့ပိုးပေးကြပါ။ ကျမတို့ဘက်က ရပ်တည်ပေးကြပါ။ ဘာဖြစ်လို့လဲဆိုတော့

ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထိုးနှက်တယ်ဆိုတာဟာ အဖွဲ့တခုကို ထိုးနှက်တာမဟုတ်ပဲ ဒီမိုကရေစီလှုပ်ရှားမှုတခုလုံးကို ထိုးနှက်တာ ဖြစ်ပါတယ်။ ကျမတို့ကို ရွေးပြီးတော့ ထိုးနှက်တယ်ဆိုတာဟာ ဒီဟာ အခိုင်ခန့်ဆုံး အင်အားအကြီးဆုံး ဒီမိုကရေစီအင်အားစုဆိုပြီးတော့ ထိုးနှက်နေတာဖြစ်တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ထိုးနှက်တာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ ကျမတို့ကို ထိုးနှက်တာဟာ အများစုရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကို ထိုးနှက်တာနဲ့ အတူတူပဲမို့လို့ ဝိုင်းဝန်းပြီး ကူညီကြပါ။ ပံ့ပိုးကြပါ၊ ကျမတို့ဘက်က ရပ်တည်ပေးကြပါ။

အခုအချိန်မှာလည်း ကျမတို့ဟာ ပြောထားပြီးပါပြီ။ ကျမတို့ရဲ့ အာဏာဖီဆန်ရေးလုပ်ငန်းကို ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်နဲ့သွားတာပါ။ ဒီမှာရှိတဲ့ လူကြီးမင်းများအားလုံးဟာ လွတ်လပ်ရေးသမိုင်းကို ကောင်းကောင်းကြီးသိပြီးသားမို့ ကျမ ထပ်ဆင့်ပြီးတော့ ပြောနေစရာမလိုပါဘူး။ ၁၉၄၅–၄၆ ခု၊ လွတ်လပ်ရေးတိုက်ပွဲဝင်နေတဲ့အခါမှာ ဖေဖေနဲ့ ဖဆပလ အဖွဲ့ချုပ်တို့ဟာ အာဏာဖီဆန်ရေး၊ ပြည်သူလူထုနဲ့ အများပြည်သူ သဘောမတူတဲ့ အာဏာများကို ဖီဆန်ရေးဆိုတဲ့ လမ်းစဉ်ကို လိုက်ခဲ့ပါတယ်။ အဲဒီလမ်းစဉ်ကို လိုက်ခဲ့တဲ့ တပြိုင်နက်တည်းမှာပဲ ညှိနှိုင်းပါ၊ ဆွေးနွေးပါ၊ တိုင်ပင်ပါဆိုပြီး ဗြိတိသျှအစိုးရကို ဖိတ်ခေါ်ခဲ့ပါတယ်။ ပထမ ဗြိတိသျှအစိုးရဟာလည်း နဝတ အစိုးရအတိုင်းပဲ မညှိနှိုင်းချင်ဘူး၊ မဆွေးနွေးချင်ဘူးဆိုတဲ့ အနေအထားမှာရှိပါတယ်။ ဒါပေမယ့် နောက်ပိုင်းကြတော့ ညှိနှိုင်းဆွေးနွေး တိုင်ပင်ခြင်းအားဖြင့် အားလုံးပြေလည်သွားပါတယ်။

အခုခေတ်အခါ ကျမတို့ တိုင်းပြည်အတွင်း အင်မတန်ဝမ်းနည်းစရာ ကောင်းတာက နဝတ အစိုးရဟာ ဗြိတိသျှကိုလိုနီအစိုးရလောက်မှ ပြည်သူလူထုရဲ့ သဘောထား **Public Opinion** ကို အလေးမထားဘူး။ ဒါကြောင့် **Public Opinion** ကို အလေးထားဖို့ ဝိုင်းပြီး သဘောတူညီကြပါ၊ ဖိအားပေးကြပါ။ အစိုးရတခုဆိုတာဟာ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို အလေးထားဖို့ လိုပါတယ်။ ဒီလို **Public Opinion** ကို အလေးထားပြီးတော့ ညှိနှိုင်းတိုင်ပင်မယ်ဆိုလို့ရှိရင် အားလုံးဟာ ပြေလည်မှုရနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျမတို့ဟာ အာဏာဖီဆန်ရေးလမ်းစဉ်ကို လိုက်တာဟာ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ကို လိုက်တာပါ။ ဗကပ လမ်းစဉ်ကို လိုက်နေတာ မဟုတ်ပါဘူး ဆိုတာတော့ အားလုံးသိအောင် ပြောချင်ပါတယ်။

ကျမတို့အနေနဲ့ အာဏာဖီဆန်ရေး၊ မတရားတဲ့ အမိန့်အာဏာများ၊ အများပြည်သူရဲ့ သဘောတူညီချက် မရှိတဲ့အမိန့်အာဏာများ ဖီဆန်တာကို အကြမ်းဖက်တဲ့နည်းနဲ့ လက်နက်နည်းနဲ့ ချိုးဖောက်မယ်၊ နှိမ်နင်းမယ်ဆိုလို့ရှိရင်တော့ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ကို ချိုးဖောက်တာပဲ၊ နှိမ်နင်းတာပဲလို့ ကျမတို့ ယူဆရမှာဖြစ်ပါတယ်။ အဲဒီတော့ အခုအနေနဲ့ နဝတ အစိုးရဟာ ဗိုလ်ချုပ်အောင်ဆန်း လမ်းစဉ်ကို သွားမှာလား၊ ဦးနေဝင်းရဲ့ မဆလ လမ်းစဉ်ကို ဆက်ပြီးတော့သွားမှာလား ဆိုတာကို စဉ်းစားရမယ့်အချိန် ရောက်နေပြီ။ ကျမတို့ တိုင်းရင်းသားလူမျိုးစုအားလုံးဟာ ဗိုလ်ချုပ်အောင်ဆန်း အပေါ်မှာ ယုံကြည်မှုရှိခဲ့တယ်ဆိုလို့ရှိရင် ဝိုင်းဝန်းပြီးတော့ နဝတ အစိုးရ အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်း လမ်းစဉ် ဖြစ်တဲ့ ညှိနှိုင်းဆွေးနွေးရေးကို ဦးတည်ဖို့ဖိအားပေးကြပါဆိုတာ ကျမက မေတ္တာရပ်ခံချင်ပါတယ်။

## ဦးအေးဖေ၏ ဆွေးနွေးတင်ပြချက်

"... သမိုင်းကို မြင်တဲ့ နေရာမှာ **History as a process** ဖြစ်စဉ်တခုအနေနဲ့ပဲ မြင်ဖို့ လိုပါတယ်။ သမိုင်းကို တ သ နေဖို့၊ ပြန်လည်လွမ်းဆွတ်နေဖို့ မဟုတ်ပဲနဲ့ သမိုင်းရဲ့ သင်ခန်းစာတွေကို ယူပြီးတော့ သမိုင်းဟာပြောင်းလဲနေတဲ့သဘောရှိတယ်။ အဲဒီ သဘောသဘာဝကို လေ့လာပြီးတော့ လက်ရှိ မျက်မှောက်ဖြစ်ပျက်နေတဲ့ အခြေအနေတွေနဲ့ ဘယ်လိုညီညွတ်အောင် ဆောင်ရွက်ရမလဲဆိုတာ သင်ခန်းစာယူတတ်ရမယ် ... ။"

"... တိုင်းပြည်ထူထောင်ဖို့အတွက် စည်းရုံးသိမ်းသွင်းတဲ့အခါမှာ လက်နက်နဲ့ သိမ်းသွင်းခြင်း ကြောင့် အတိုင်းအတာတခုအထိ အောင်မြင်သော်လည်း လက်နက်အားကိုးနဲ့ တည်ထောင်ခဲ့တဲ့ နိုင်ငံတော်ဟာ ကြာကြာမခံခဲ့ပါဘူး။ ဒါကြောင့် ပုဂံခေတ်ဟာ နှစ်ပေါင်းနှစ်ရာကျော်လောက်မှာ ပျက်စီးခဲ့ပါတယ်။ တပင်ရွှေထီးခေတ်ကျတော့ ပိုပြီးရက်စက်ကြမ်းကြုတ်တဲ့နည်းနဲ့ ထူထောင်ဖို့ ကြိုးစားလာတာတွေ့ရပါတယ်။ ဒါဟာ သမိုင်းကို မြင်ရမှာက ဘယ်လိုနည်းနဲ့ တိုင်းပြည်ကိုထူထောင်မှ အောင်မြင်မယ် ဆိုတဲ့ အယူအဆပါ ... ။"

"... ဗိုလ်ချုပ်အောင်ဆန်းဟာ တန်းတူညီမျှ ပေါင်းစည်းရေးနဲ့ စည်းရုံးသိမ်းသွင်းခဲ့ပါတယ်။ အဲဒီလို စည်းရုံးသိမ်းသွင်းခဲ့ခြင်းကြောင့် အမျိုးသားရေး တာဝန်ကို ဆောင်ရွက်နိုင်ခဲ့ပါတယ် ...။"

"... သူကျဆုံးသွားတဲ့အချိန်မှာ သူထားခဲ့တဲ့စေတနာ၊ သူဖြစ်စေချင်တဲ့ အနာဂါတ်ဟာ ဖြစ်မလာပဲနဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို မရရှိခဲ့ဘဲ ဆုံးရှုံးခဲ့ပါတယ်။ ဆုံးရှုံးသည်နှင့်အမျှ ဗိုလ်ချုပ်အောင်ဆန်းစည်းရုံးခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာလည်း တစတစ ပြိုကွဲ ပျက်စီး လာခဲ့ပါတယ်။ အဲဒီလို ရသင့် ရထိုက်တာကို မရတဲ့အတွက် တိုင်းရင်းသားတွေဟာ တိုက်ပွဲဝင်ဆင်နွှဲလာတာ အားလုံးအသိပါပဲ။ အဲဒီလို တိုက်ပွဲဝင်ခြင်းကြောင့် တိုင်းပြည် ဝါးအစည်းပြေသလို ပြေပြီး ပျက်စီးကာ၊ ဒီနေ့ ဒီအခြေအနေကို ရောက်ရှိခဲ့ရပါတယ်။ ယနေ့ အားလုံးသိကြတဲ့အတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ ဝါးအစည်းပြေသလို ပြေခဲ့ပါတယ် ... ။"

"... လွတ်လပ်ရေးမရခင်က အမျိုးသားရေးတာဝန်ဟာ လွတ်လပ်ရေးနဲ့ အချုပ်အခြာ အာဏာပိုင်ရေးပဲ ဖြစ်ပါတယ်။ အဲဒီ အမျိုးသားရေးတာဝန်ကိုလည်း အားလုံး စည်းစည်းလုံးလုံး ဆောင်ရွက်နိုင်သဖြင့် အောင်မြင်ခဲ့တယ်။ ဒီနေ့ အမျိုးသားရေးဟာ ဒီမိုကရေစီရေးနဲ့ တိုင်းရင်းသား လူမျိုးများ တန်းတူညီမျှရေးဖြစ်တယ်။ အဲဒီ အမျိုးသားရေးကို ဆောင်ရွက်နိုင်ဖို့ အတွက် တခုနဲ့ တခု ခေါင်းနဲ့ပန်းသဖွယ် ခွဲခြားလို့မရသလို ခွဲခြားမှုမပြုမှ ကျွန်တော်တို့ မျှော်မှန်းတဲ့ တတိယ ပြည်ထောင်စု မြန်မာနိုင်ငံတော်ခေါ်ခေါ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အသစ်ခေါ်ခေါ်၊ တကယ်တမ်း သာယာဝပြောတဲ့၊ တကယ်တမ်းငြိမ်းချမ်းတဲ့၊ တကယ်တမ်း စည်းလုံးညီညွတ်တဲ့၊ တကယ်တမ်း အစွန့်ရှည်တဲ့၊ တတိယ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ထွက်ပေါ်လာလိမ့်မယ်ဆိုတာ တင်ပြရင်းနိဂုံးချုပ်ပါတယ် ... ။"

# ဒေါ်အောင်ဆန်းစုကြည်၏ ထပ်မံဆွေးနွေးချက်များ

"စောစောက ကျမ ပြောခဲ့ပါတယ်။ ပြဿနာတွေဟာ အင်မတန်များပါတယ်။ နောင် အစိုးရတက်ပြီးမှ ပြဿနာတွေ များပါမယ် ပြောခဲ့ပါတယ်။ ကျမတို့ သဘောထားချင်း အတူတူပါပဲ။ ခုနက ပြောသွားတဲ့အတိုင်းပါပဲ။ ကျမတို့ဟာ ပိုပြီးတော့ ရင်းရင်နှီးနှီး တယောက်နဲ့ တယောက် ယုံယုံကြည်ကြည်နဲ့ လုပ်နိုင်ရေးအတွက် ဖွဲ့စည်းရေး၊ ပုံမှန်တွေ့နိုင်တဲ့အဖွဲ့ လေးတဖွဲ့ ဖွဲ့နိုင်ရေးအတွက် ကျမအကြံပြုပါတယ်။ အဲဒီအဖွဲ့ ဖွဲ့နိုင်လို့ရှိရင် ဒီဘက်ကပြဿနာရှိလို့ရှိရင် ဟိုကို တင်ပြမယ်။ ဟိုဘက်ကပြဿနာ ရှိရင်လည်း ဒီဘက်ကို တင်ပြနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုအခြေအနေအရဆိုလို့ရှိရင် ကျမတို့ကနေပြီးတော့ ဒီ တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ်ကို မကူညီနိုင်တဲ့အပြင် ကျမတို့ကတောင်မှ ပြန်ပြီးတော့ အကူအညီတောင်းနေရတဲ့ အနေအထား ရှိချင်ရှိပါမယ်။

ဘာဖြစ်လို့လဲဆိုရင်တော့ ကျမတို့ဟာ တော်တော်ပဲ ပြဿနာရင်ဆိုင်နေရပါတယ်။ အဲဒီတော့ တယောက်နဲ့ တယောက်ပေါ့လေ အပြန်အလှန် ကူညီနိုင်အောင်လို့၊ ထောက်ပံ့နိုင်အောင်လို့၊ နားလည်မှု ယူနိုင်အောင်လို့ အဲဒါ လုပ်ငန်းအရပေးရမယ်လို့ ထင်ပါတယ်။ နောက်ဆုံးကျတော့ အားလုံး ခြုံပြီး ပြောလိုက်ရင် ကျမတို့ အလုပ်လုပ်ဖို့လိုတယ်ဆိုတာ ဖြစ်နေတယ်။

သိပ်ပြီးတော့ စကားပြောရင်းနဲ့ နားလည်လာတာက တဘက်ပေါ့လေ။ အလုပ်အားဖြင့်လည်း တဘက်က နားလည်မှုရှာရမယ်လို့ ကျမထင်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးဆိုတာကတော့ နောက်ဆုံး ကျတော့ စကားပါပဲ။ နိုင်ငံရေးနည်းနဲ့ နိုင်ငံရေးပြဿနာများဖြေရှင်းတယ်ဆိုတာ တယောက်နဲ့ တယောက် စကားပြောပြီးတော့၊ နားလည်မှုယူပြီးတော့ ဖြေရှင်းတာပဲ။ အဲဒီတော့ တချိန်လုံးနားလည်မှုယူနေဖို့တော့ ကြိုးစားရမယ်။ ဒါကိုတော့ အမြန်ဆုံး ကျမအနေနဲ့ ဖွဲ့ချင်တယ်။ အမြန်ဆုံး စပြီးတော့ ပုံမှန်တွေ့ဆုံချင်တယ်၊ ဆွေးနွေးချင်တယ်။ အမြန်ဆုံး ကျမတို့ ဒီမိုကရေစီတိုက်ပွဲပုံစံကို ဖော်ထုတ်သွားလိုတယ်။

ကျမမြင်တာကတော့ ဒီတိုက်ပွဲဟာ ကျမတို့ဟာ နှလုံးရည်တိုက်ပွဲ။ ကျမတို့ဘက်မှာ ပြည်သူ လူထုအင်အားရှိပေမယ့် အာဏာလည်းမရှိဘူး၊ လက်နက်လည်းမရှိဘူး။ ဒီတော့ ကျမတို့ တိုက်ပွဲ ပုံသဏ္ဍာန်ဟာ တချိန်လုံးပြောင်းလဲပြီးတော့ လုပ်နေရတယ်။ အခြေအနေအရ၊ ပြည်သူလူထုအနေအထား အရ၊ အာဏာပိုင်များရဲ့အနေအထားအရ၊ ကျမတို့ အဖွဲ့အစည်းများရဲ့ အနေအထားအရ၊ တိုင်းပြည် အနေအထားအရ တချိန်လုံးတိုက်ပွဲကို ပြောင်းပြီးတော့ လုပ်နေရတဲ့အခါကျတော့ နားလည်မှု လွဲမသွားဖို့ အင်မတန်မှ အရေးကြီးပါတယ်။

တခါတလေ တိုက်ပွဲပုံစံဟာ နေ့ချင်းညချင်း ပြောင်းသင့်ရင် ပြောင်းရမယ်။ အဲဒီလို နေ့ချင်းညချင်း ပြောင်းရမယ်ဆိုလို့ရှိရင် နားလည်မှုရှိနေမှ အဆက်အသွယ်ရှိနေမှ ဒါကို အောင်အောင်မြင်မြင်နဲ့ ပြောင်းသွားနိုင်တယ်။ ဒါကြောင့် အခုအချိန်ဟာ အန်မတန်မှ အရေးကြီးတဲ့အချိန်ပါ။ ဒါကြောင့် အားလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ဖို့ကို ဦးတည်တာပါ။ ကျမတို့ လက်မှတ်ထိုးတာ မထိုးတာ၊ ဒါတွေကို သိပ်ပြီးတော့ အဓိကမထားပါနဲ့ လက်မှတ်ထိုးပြီးတော့ တကယ်ညီညွတ်မှုမလုပ်ရင် ညီညီညွတ်ညွတ်မလုပ်လို့ ရှိရင်လည်း ဘာမှ အရာရောက်မှာ မဟုတ်ဘူး၊ လက်မှတ်မထိုးပေမဲ့လည်း ညီညီညွတ်ညွတ်လုပ်မယ်ဆိုရင် ပိုပြီးတော့ အရေးကြီးပါတယ်။ အခုအချိန်မှာ လက်မှတ်ထိုးတာ မထိုးတာ ဒါတွေကို သိပ်စဉ်းစားနေဖို့မလိုဘူး။ တကယ်အရေးကျရင်တော့ အားလုံးဟာ တသံတည်း ဖြစ်ရမယ်။ အားလုံးတညီတညွတ်တည်း လှုပ်ရှား နိုင်ရမယ်။ ဒါပါပဲ ဒါအတွက် ဦးတည်ဖို့ ကျမတို့ကြိုးစားရမယ်။

## ဦးခွန်တင်ရွှေ (ပအိုဝ်) ၏ ဆွေးနွေးချက်

ကျနော်တို့အဖွဲ့ချုပ်အနေနဲ့ ယုံကြည်ထားတာက ဒီ နဝတ အစိုးရအနေနဲ့ အာဏာစွန့်လွှတ်သွားရုံနဲ့ ဒီမိုကရေစီအခွင့်အရေး ပွင့်လင်းလာပြီလို့ မယုံကြည်ပါဘူး။ အစိတ်အပိုင်းတခုအနေနဲ့ ပြီးမြောက်သွားပြီလို့ပဲ မြင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအချိန်မှာ နဝတ အစိုးရအနေနဲ့ ကျနော်တို့ အခွင့်အရေးကို အမျိုးမျိုးချုပ်ချယ်နေတယ်ဆိုတာ ကျနော်တို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ တက်နိုင်တဲ့ဘက်က ကျနော်တို့ အကူအညီပေးနေပါတယ်။ ဥပမာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပူးပေါင်းဆောင်ရွက်တာမျိုး တက်နိုင်သလောက် လုပ်နေပါတယ်။ နောက်တခုက ကျနော်တို့ကို ဖိနှိပ်ချုပ်ချယ်နေတဲ့ အရာတွေကို တွန်းလှန်ပြီးတဲ့အခါ ကျနော်တို့ လုပ်နေတာတွေကိုလည်း ဒီအချိန်မှာ တပါတည်း ပြင်ဆင်ထားသင့်တယ်လို့ ယုံကြည်ပါတယ်။ ဒါကို အချိုးကျကျသွားနိုင်အောင် ပြင်ဆင်နေပါတယ်။ အဖွဲ့ချုပ်အနေအထားဟာ စည်းရုံးရေးအပိုင်းကို သွားနေရတဲ့အပိုင်းမှာလည်း လုံးဝ မပြီးသေးပါ။ အဖွဲ့ချုပ်ဟာလည်း ဘယ်တော့အခါမှ မပေါ်ပေါက်ခဲ့ဘူးတဲ့ အဖွဲ့ချုပ်အနေအထားမျိုးပါ။ တချိန်တုန်းက ဆိုရင် ပြည်နယ်ညီညွှတ်ရေးဆိုပြီး အပေါ်ယံလေးသာ ရှိခဲ့ပါတယ်။ အခု အဲဒီ အနေအထားမျိုး မလာပဲနဲ့ တိုင်းရင်းသားလူမျိုးစုတွေအာလုံး ပါဝင်နိုင်အောင် ဖန်တီးထားတဲ့အတွက်ကြောင့်မို့ ကျနော်တို့နဲ့ သွားတဲ့နေရာမှာ ကျနော်တို့နဲ့ သင့်တော်တဲ့အနေအထားမျိုးကို အဓိကထား ဆောက်ရွက်ရမယ့် အနေအထားမျိုး ရှိပါတယ်။

နောက်ပြီး ပြည်နယ်တွေမှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အမတ်ကိစ္စကြောင့် ပြဿနာတက်တယ်ဆိုတာလည်း နေရာတိုင်း ဟုတ်ချင်မှဟုတ်မှာပါ။ ဒီအချိန်မှာ တဖွဲ့ချင်း တဖွဲ့ချင်း စုစည်းခိုင်မာမှုရှိဖို့ လိုအပ်မယ်လို့ မြင်ပါတယ်။ ဒီအမတ်ကိစ္စလောက်နဲ့မပြီးပဲ နောင်ပြဿနာတွေ အများကြီးရှိပါသေးတယ်။ ရွေးကောက်ပွဲပြီးရင် အစိုးရပေါ်ပေါက်လာတဲ့အခါ အာဏာခွဲဝေရေးနဲ့ ပြဿနာတွေ ရှိနိုင်ပါတယ်။ အနှစ်နှစ်အလလက ရှိခဲ့တဲ့ပြဿနာတွေဟာလည်း ဒီအချိန်မှာ မပေါ်ပေါက်ဘူးလို့ ပြောလို့မရနိုင်ပါဘူး။

နောက်တခုက နဝတ ကို တင်တဲ့စာမှာ ကျနော်တို့အဖွဲ့ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပါဘူး။ ဒီကိစ္စမှာ ကျနော်တို့ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို မထောက်ခံချင်လို့ မဟုတ်ပါဘူး။ တဖက်က ဒေါ်အောင်ဆန်းစုကြည်တို့က တိုက်ပွဲဝင်နေသလို ကျနော်တို့ကလည်း တဖက်က တက်နိုင်သလောက် ကူညီဖို့အသင့်ပါပဲ။ ဒါပေမဲ့ ကျနော်တို့ တခုပဲစဉ်းစားပါတယ်။ ကျနော်တို့ဟာ အများနဲ့ပေါင်းစည်းထားတဲ့ အဖွဲ့ဖြစ်လို့ အလုပ်တွေကို တအားလုပ်ရမဲ့အချိန်မှာ စလုပ်ရုံရှိသေးတယ် မကွဲသွားစေချင်ဘူး။ ဒါကြောင့် အခက်အခဲရှိပါတယ်။ ဒါပေမဲ့ ကျနော်တို့ဟာ သီးခြားတောင်းဆိုချက် တစောင်ရေးပြီး တင်ခဲ့ပါတယ်။ ကျနော်တို့ ဖြစ်စေချင်တာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ကျနော်တို့ဟာ တကယ်မိတ်ဆွေသဖွယ် အောက်မေ့ထားပါတယ်။ လုပ်ငန်းဆောင်တာများကိုလည်း တက်နိုင်တဲ့ဘက်က ဝင်ပြီး ပူးပေါင်းဆောင်ရွက်ပေးပါ့မယ်။ အချို့နေရာလေးတွေမှာ ကျနော်တို့ မလုပ်နိုင်တာ မပါနိုင်တာလေးတွေကိုလည်း ကျနော်တို့အနေအထားကို ငဲ့ညှာသောအားဖြင့် စဉ်းစား သုံးသပ်ပေးပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## ဦးမြင့်ဦး (ခနု)၏ တင်ပြဆွေးနွေးချက်

" ... ... ... ဒီနေ့အစည်းအဝေးကို သုံးသပ်တဲ့အခါမှာ ကျနော်တို့ရဲ့ သဘောထား မူဝါဒတွေကို တင်ပြခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားလူမျိုးများအပေါ် ခံယူချက်သဘောထားကို တင်ပြရာမှာ အဓိကမူဝါဒသဘောထားတွေမှာ ကွဲပြားခြားနားမှုမရှိတာ တွေ့ရပါတယ်။ နောက်တချက်ဘာ တင်ပြလာသလဲဆိုရင် ဒီအချိန်ဟာ လက်တွေ့လုပ်ငန်းလုပ်ဖို့ အချိန်ဖြစ်ပါတယ်။ ဒါကိုလည်းပဲ လက်ခံပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့နိုင်ငံရေးဟာ အပြောင်းအလဲသိပ်မြန်တယ်။ ရွေးကောက်ပွဲ ရောက်ချင်ရောက်မယ်၊ မရောက်ချင်မရောက်ဘူး။ ဒီကြားထဲမှာ ဒီမိုကရေစီတိုက်ပွဲကို ဘယ်လိုဝင်ရမယ်၊ ဘယ်လိုပုံစံနဲ့သွားရမယ်ဆိုတာ မသိနိုင်တဲ့အချိန်မျိုးမှာ တိုင်းရင်းသားလူမျိုးတွေအနေနဲ့ ဒီမိုကရေစီပါတီ အဖွဲ့အစည်းတွေနဲ့ ထိထိမိမိ စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်မှုဟာ အင်မတန် အရေးကြီးနေပါတယ်။ ဒီလို လက်တွဲဆောင်ရွက်ဖို့ အထွေထွေအတွင်းရေးမှူးက စောစောက တင်ပြရာမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို တင်ပြမယ်လို့ ထင်ပါတယ်။ ကျနော့်တို့အနေနဲ့ကလည်း သဘာပတိအဖွဲ့နဲ့ အတွင်းရေးမှူးအဖွဲ့မှာ တင်ပြရမယ်လို့ ထင်ပါတယ်။

ကျနော်ကိုယ်စားပြုထားတဲ့ ခနုအမျိုးသားပါတီအနေနဲ့ တင်ပြချင်တာက ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ရဲ့ တိုင်းရင်းသားကဏ္ဍ ပူးတွဲလုပ်ငန်းကော်မတီကို ဖွဲ့ချင်ပါတယ်။ အမည်ကတော့ ပေးချင်တာပေးပါ။ ဒီကော်မတီဟာ အချက်(၄)ချက်ကို မူတည်ပြီး ဆွေးနွေးသင့်တယ်။ ပထမအချက်ကတော့ လောလောဆယ် ဒီမိုကရေစီ တိုက်ပွဲမှာ တိုင်းရင်းသားပြည်သူတွေနဲ့ တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်တို့ဟာ ဘယ်လို ပူးပေါင်းဆောင်ရွက်မလဲ။ နောက်တခုက အားလုံးတင်ပြသွားတဲ့အထဲမှာလည်း ပါပါတယ်။ ဘယ်လို ပြည်ထောင်စုစစ်စစ်ကို ဖွဲ့စည်းထူထောင်သင့်သလဲ။ ဒါကိုလည်း အာဏာခွဲဝေဖို့က အစ တင်ပြသွားပြီး ဖြစ်ပါတယ်။ ကျနော်တို့အဖွဲ့ချုပ်အနေနဲ့လည်း အောက်တိုဘာလမှာ အပြီးရေးဆွဲပြင်ဆင်ထားဖို့ ဖြစ်ပါတယ်။ အဲဒါတွေကို တဘက်ကပြင်ဆင်ရင်း ကော်မတီအနေနဲ့ ညှိနှိုင်းဆောင်ရွက်မှုလုပ်ဖို့ လိုပါတယ်။ နောက်တခုက ရွေးကောက်ပွဲအတွက် တင်ပြဖို့ဖြစ်ပါတယ်။ ပြည်နယ်တွေမှာ ကျနော်တို့ တိုင်းရင်းသား အဖွဲ့တွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ပြဿနာလေးတွေ ရှိပါတယ်။ ဒါကိုလည်း တင်ပြသွားတဲ့ အတိုင်း အဖွဲ့ချုပ်တွေက ဒါကို လုပ်ဆောင်ဖို့ကိစ္စရှိပါတယ်။ ဒီလိုလုပ်ဆောင်ဖို့ကိစ္စရဲ့တာဝန်ဟာ ပူးတွဲလုပ်ငန်းကော်မတီ ပေါ်လာလို့ရှိရင် ဆွေးနွေးဖြေရှင်းရမယ်။ ကျနော်ဖြစ်ချင်တဲ့ အခြေအနေကိုတော့ ကျနော်တို့ အစည်းအဝေးမှာ တင်ပြပါတယ်။ ဒါပါပဲ။

## သဘာပတိ နိုင်ငွေသိမ်း၏ နိဂုံးချုပ်မိန့်ခွန်း

ဒီနေ့အစည်းအဝေးဟာ တော်တော်ပြည့်စုံပါတယ်။ ဒါကြောင့်မို့ ကျနော်တို့တတွေဟာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်အောင်ဆန်းစုကြည်တို့ လာရောက်ဆွေးနွေးပြီးတော့ သွေးချင်းသားချင်း ညီအကိုမောင်နှမ အရင်းအချာပမာ ဒီမိုကရေစီတိုက်ပွဲ အောင်မြင်ရေးအတွက်၊ နောင်လာမယ့် ပြည်ထောင်စုကြီး ဖေါ်ဆောင်ရေးအတွက် ခုနတုန်းက စိတ်ထဲမှာရှိတာကို နှစ်ဦးနှစ်ဖက်ပေါ့လေ အပြန်အလှန်ဆွေးနွေးတာ ကျေးဇူးလည်းတင်ပါတယ်။ စောစောက ဒေါ်အောင်ဆန်းစုကြည် တင်ပြသလိုပဲ ကျနော်တို့မှာလည်း လုပ်ငန်းကော်မတီက ဆက်လုပ်နေပါတယ်။ ပြင်ဆင်ပြီးသားလည်း ဖြစ်ပါတယ်။ ဒီကော်မတီကို ဆက်စပ်ပြီးတော့ ကျနော်တို့က ဆက်လုပ်သွားဖို့ ရှိတယ်ဆိုတာ ပြောကြားရင်း နောက်ဆုံး နိဂုံးချုပ် ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ။

# အခန်း (၅)

# ပြည်ထောင်စုစစ်စစ် "မူ"

## (ပထမအကြိမ်တိုင်းရင်းသားညီလာခံမှ ဆုံးဖြတ်ချက်များ)

ပထမအကြိမ် သဘာပတိစုံညီအစည်းအဝေးတွင် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အရေးကြီးသော ဆုံးဖြတ်ချက် (၂) ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်။ ၎င်းတို့မှာ ...

(၁) တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီပေါင်းစုံ တက်ရောက်မည့် တိုင်းရင်းသားညီလာခံတရပ်ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ကမကထ ပြု၍ ကျင်းပရန်၊

(၂) ဗမာ (ဝါ) မြန်မာ တိုင်းရင်းသားလူမျိုးများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးပေါင်းစုံ တက်ရောက်မည့် အမျိုးသားညီလာခံတရပ်ကို ကျင်းပရန်၊

ဟူသော အချက်များပင်ဖြစ်ပါသည်။

၎င်းဆုံးဖြတ်ချက်အတိုင်း တိုင်းရင်းသားလူမျိုးများညီလာခံကို ၁၉၉၀ ပြည့် ဖေဖော်ဝါရီလ (၈) ရက်နေ့မှ (၁၀)ရက်နေ့အထိ အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ ထိုညီလာခံသို့ အဖွဲ့ချုပ်၏ အဖွဲ့ဝင် နိုင်ငံရေးပါတီ (၁၉)ပါတီနှင့် အဖွဲ့ချုပ်အဖွဲ့ဝင် မဟုတ်သေးသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီ (၆)ပါတီမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး တိုင်းရင်းသားလူမျိုးများ၏ ဒီမိုကရေစီရေးနှင့် တန်းတူရေး၊ စစ်မှန်သော ပြည်ထောင်စုဖွဲ့စည်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတို့အတွက် အရေးပါသော ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုညီလာခံ၏ ထူးခြားချက်တရပ်မှာ **UNLD** အဖွဲ့ဝင်ပြီးသား နိုင်ငံရေးပါတီများနှင့် အဖွဲ့ဝင်မဟုတ်သေးသော တိုင်းရင်းသားနိုင်ငံရေးပါတီများက အောက်ပါအခြေခံမူ(၄)ချက်ကို စစ်မှန်သော ပြည်ထောင်စုစနစ်၏အခြေခံမူများ (ဝါ) ပြည်ထောင်စုစစ်စစ်မူများအဖြစ် လက်ခံအတည်ပြု နိုင်ခြင်းပင် ဖြစ်ပါသည်။ ၎င်းတို့မှာ ...

၁။ (က) ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေး အာဏာ အပြည့်အဝရှိသည့် တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ဖွဲ့စည်း ရမည်။ ထို့ပြင် –

(ခ) အမျိုးသားပြည်နယ်များက ပြည်ထောင်စုအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စု ဥပဒေပြုအည္ဟန်းတွင် ဖော်ပြထားသော နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေးအပါအဝင် ငွေကြေးစနစ် စသော ကိစ္စများမှအပ၊ ကြွင်းကျန်သောအာဏာများ **Residual Power** များကို ပြည်နယ်လွှတ်တော်တွင် ထားရှိရမည်။

၂။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဖွဲ့စည်းရာတွင် ပထဝီအနေအထားပေါ် အခြေခံ၍ ဖွဲ့စည်းခြင်း မဖြစ်စေဘဲ၊ လူမျိုးကို အခြေခံသော အမျိုးသားပြည်နယ်များသာ ဖြစ်စေရမည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ အမျိုးသားပြည်နယ် (၈) ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

၃။ အမျိုးသားပြည်နယ်များ နိုင်ငံရေးအရ တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းသောအခါ လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်)နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် နှစ်ရပ်ထားရှိရမည်။

၄။ လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်အမတ်ဦးရေ အညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းသော ပြည်ထောင်စု စနစ် ဟူသည့် အနှစ်သာရ ပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် ပြည်နယ်များမှ လူဦးရေ အချိုးအစားအလိုက် လွှတ်တော်အမတ်များကို စေလွှတ်ကြရမည်။

ထို့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မတီဝင်များဖြစ်ကြသည့် ဦးအေးဖေ၊ နိုင်ခင်မောင်၊ ဦးလျန်အုပ်၊ နိုင်တင်ဖေနှင့် ဆလိုင်းလျန်မှုန်းတို့က ရေးသားတင်ပြသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (ပထမမူကြမ်း) ကိုလည်း ညီလာခံသို့ တင်သွင်းနိုင်ခဲ့ပါသည်။ ၎င်း ပထမမူကြမ်းပေါ် အခြေခံ၍ ဒုတိယမူကြမ်းကိုရေးဆွဲရန် မူကြမ်းရေးဆွဲရေးကော်မတီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

| | |
|---|---|
| (၁) ဦးအေးဖေ | (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်) |
| (၂) ဦးအေးသာအောင် | (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်) |
| (၃) ဦးနိုင်ခင်မောင် | (မွန်အမျိုးသားဒီမိုကရေစီအဖွဲ့) |
| (၄) ဦးနိုင်တင်ဖေ | (မွန်အမျိုးသားဒီမိုကရေစီအဖွဲ့) |
| (၅) ဦးနိုင်ငွေရ | (မွန်အမျိုးသားဒီမိုကရေစီအဖွဲ့) |
| (၆) ဆလိုင်းလျန်မှုန်း | (ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |
| (၇) စိုင်းအိုက်ပေါင်း | (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်) |
| (၈) စောကျော်ရွှေ | (ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်) |
| (၉) စောဟာရီစီ | (ကရင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |
| (၁၀) ဦးစီဇာကျိုး | (မရာပြည်သူ့ပါတီ) |
| (၁၁) ဦးစောမောင် | (ရခိုင်ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု) |

ထိုကော်မတီမှ ပြင်ဆင်ရေးဆွဲပြီးသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် မူကြမ်းအပြင် အခြေခံဥပဒေတွင်ပါဝင်မည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အသေးစိတ် အချက်အလက်များ၊ ဥပဒေပိုင်းဆိုင်ရာ အချက်အလက်များ၊ တရားစီရင်ရေးပိုင်းဆိုင်ရာ အချက်အလက် များကိုပါ ပြည့်စုံစွာ ထည့်သွင်းရေးဆွဲနိုင်ရန် အောက်ပါပုဂ္ဂိုလ်များအား တာဝန်ပေး ဆောင်ရွက်ခဲ့ကြပါ သည်။ ထိုပုဂ္ဂိုလ်များသည် ဥပဒေကျွမ်းကျင်သူပညာရှင်နှင့် တွေ့ဆုံ အကြံဉာဏ်များ ရယူခဲ့ကြပါသည်။

(၁) ဦးအေးဖေ
(၂) ဦးသာဘန်း
(၃) နိုင်ခင်မောင်
(၄) ဆလိုင်းလျန်မှုန်း

၎င်းတို့ပြုစုရေးဆွဲထားသော ပြည်ထောင်စုမူစာတမ်းအပြည့်အစုံကိုလည်း ဒုတိယအကြိမ် သဘာပတိစုံညီ အစည်းအဝေးနှင့် တိုင်းရင်းသားညီလာခံတွင် တင်သွင်းရန် စီစဉ်ထားပါသည်။

ထိုညီလာခံတွင် "ပြည်တွင်းငြိမ်းချမ်းရေးပြဿနာ" စာတမ်းအပါအဝင် အခြားစာတမ်းများကို တင်သွင်းဆွေးနွေးခဲ့ကြပါသော်လည်း လက်ရှိအခြေအနေတွင် ပြည်တွင်းနှင့် အလှမ်းကွာနေသောကြောင့် ၎င်းညီလာခံမှတ်တမ်းများကို ရှာဖွေစုဆောင်းနိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့် ဤစာအုပ်တွင် ထိုညီလာခံ တွင် တင်သွင်းသော စာတမ်းများကို ဖော်ပြနိုင်ခြင်းမရှိကြောင်း ဝမ်းနည်းစွာတင်ပြအပ်ပါသည်။ ထို့ကြောင့် ဤနေရာတွင် ညီလာခံအပြီး ထုတ်ပြန်ခဲ့သော သတင်းထုတ်ပြန်ချက်ကိုသာ ဖော်ပြအပ်ပါသည်။

## "တိုင်းရင်းသားလူမျိုးများညီလာခံ သတင်းထုတ်ပြန်ချက်"

နေ့စွဲ ။ ၁၉၉၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားသော ပြည်တောင်စု တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းပါတီများ စုပေါင်းဖွဲ့စည်းထားသော "ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်" ၏ အဖွဲ့အစည်းပါတီ(၁၉)ခုနှင့်တကွ အဖွဲ့ချုပ်ဝင် မဟုတ်သေးသော နိုင်ငံရေးအဖွဲ့အစည်းပါတီ(၆)ခုတက်ရောက်သော "တိုင်းရင်းသားလူမျိုးများညီလာခံ" တရပ်ကို စစ်မှန်သော ဒီမိုကရေစီရေး၊ တိုင်းရင်းသားလူမျိုးများ တန်းတူရေး၊ ပြည်ထောင်စုစစ်စစ် ဖွဲ့စည်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတို့အတွက် ရန်ကုန်မြို့တွင် ၁၉၉၀ ခုနှစ်၊ ဖေဖော်ဝါရီလ၊(၈) ရက်မှ (၁၀) ရက်နေ့အထိ သုံးရက်တိုင်တိုင်ကျင်းပခဲ့ပါသည်။

၁။ ထိုညီလာခံတွင် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် လူမျိုး (၈)မျိုးကို အခြေခံသည့် ပြည်နယ်(၈)ပြည်နယ်ဖြင့် ဖွဲ့စည်းမည့် ပြည်ထောင်စုစစ်စစ်မှုဖြင့် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူကြမ်း စာတမ်းတစောင်ကို ညှိနှိုင်းဆွေးနွေး ဖြည့်စွက်ပြင်ဆင် အတည်ပြုခဲ့ကြပါသည်။

၂။ လာမည့် ၁၉၉၀ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင်ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ၌ ပြည်နယ်များတွင် ဒီမိုကရေစီအင်အားစုဝင် တိုင်းရင်းသားလူမျိုးနိုင်ငံရေးအဖွဲ့အစည်းပါတီဝင် လွှတ်တော်ကိုယ်စားလှယ်များ အနိုင်ရရှိရေးအတွက် အပြန်အလှန်ပံ့ပိုးကူညီရေး စာတမ်းတစောင်ကို ညှိနှိုင်းဆွေးနွေး ဖြည့်စွက် ပြင်ဆင် အတည်ပြုကာ "ရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီ" တရပ်ကို ဖွဲ့စည်းခဲ့ကြပါသည်။

၄။ "ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်" မှ တင်သွင်းသည့် နိုင်ငံရေး ရှေ့လုပ်ငန်းစဉ်စာတမ်းကို ညီလာခံကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေး ဖြည့်စွက်ပြင်ဆင်ကာ၊ လာမည့် ၁၉၉၀ ခုနှစ်၊ ဧပြီလအတွင်း "အမျိုးသားပဏာမညှိနှိုင်းဆွေးနွေးပွဲ" ၌ ဒီမိုကရေစီ ဘက်တော်သား ဗမာနိုင်ငံရေးအဖွဲ့အစည်းပါတီများအပါအဝင် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းပါတီများဖြင့် ကျင်းပရန် ညီလာခံကိုယ်စားလှယ်များ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါသည်။

၅။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၁) မဲဆန္ဒနယ်မှ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန်စာရင်သွင်းခြင်းကို ကန့်ကွက်သူတစ်ဦးအဖြစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိ အဖွဲ့ဝင်၊ ကချင်ပြည်နယ်အမျိုးသားဒီမိုကရက်တစ်ပါတီ နာယကကြီး၊ ပင်လုံညီလာခံကိုယ်စားလှယ် ကချင်အမျိုးသားခေါင်းဆောင် ဦးဒိန်ရတန်ကို မမှန်မကန် မတရားစွပ်စွဲကာ နိုင်ငံခြား သတင်းစာများ၊ အသံလွှင့်ချက်များနှင့်တကွ မြန်မာသတင်းစာများနှင့် ရုပ်မြင်သံကြား အသံလွှင့်ချက်တို့တွင် ဖေါ်ပြခဲ့ပါသည်။ ထိုလုပ်ရပ်ကို သက်ဆိုင်ရာ ကချင်ပြည်နယ် အမျိုးသားဒီမိုကရက်တစ်ပါတီနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်တို့မှ မဟုတ်မမှန်ကြောင်း ဖြေရှင်းချက် ထုတ်ပြန်ခဲ့ပါသည်။ သို့သော် သက်ဆိုင်ရာသတင်းဌာနများက တစ်စုံတစ်ရာ မဖေါ်ပြခဲ့ပေ။ ထိုဖြစ်ရပ်မှာ ဦးဒိန်ရတန်နှင့်တကွ တိုင်းရင်းသားလူမျိုးများကို သိက္ခာချ၊ သေးသိမ်အောင် ပြုလုပ်ခြင်းအဖြစ် ဤညီလာခံမှ သဘောထားကြောင်း မှတ်တမ်းတင်ပါသည်။

တိုင်းရင်းသားလူမျိုးများညီလာခံ

၁၉၉၀ ခုနှစ်၊ ဖေဖော်ဝါရီ (၈) ရက်မှ (၁၀) ရက်။

## အမျိုးသားပဏာမညှိနှိုင်းဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက်ဆောင်ရွက်ခြင်း

၁၉၉၀ ပြည့် ဖေဖော်ဝါရီလ (၈) ရက်မှ (၁၀) ရက်အထိ ကျင်းပခဲ့သော တိုင်းရင်းသားညီလာခံတွင် ပထမအကြိမ် သဘာပတိစုံညီအစည်းအဝေးတွင် တင်သွင်းခဲ့သော "အမျိုးသားညီလာခံကျင်းပရေးစာတမ်း" ကိစ္စကို ပြန်လည်ဆွေးနွေးကြသောအခါ၊ အမျိုးသားညီလာခံကို မူလစီစဉ်သည့်အတိုင်း ၁၉၉၀ မေလ ရွေးကောက်ပွဲအပြီးမှသာ ကျင်းပသင့်ကြောင်း၊ သို့ရာတွင် အရှိန်အဟုန်ဖြင့် လျှင်မြန်စွာ ပြောင်းလဲနေသော နိုင်ငံရေးအခြေအနေများနှင့် ကိုက်ညီအောင် ကြားခံအဆင့်တခုအနေဖြင့် အမျိုးသားပဏာမညှိနှိုင်းဆွေးနွေးပွဲတရပ်ကို ရွေးကောက်ပွဲမတိုင်ခင် ကျင်းပသင့်ကြောင်း ဆွေးနွေး သဘောတူခဲ့ကြပါသည်။

ထို ဆုံးဖြတ်ချက်နှင့်အညီ အမျိုးသားပဏာမညှိနှိုင်းဆွေးနွေးပွဲ ကျင်းပရေးကော်မတီတရပ်ကို **UNLD** အဖွဲ့ဝင်များနှင့် **UNLD** အဖွဲ့ဝင် မဟုတ်သေးသော ပြည်နယ်တိုင်းရင်းသား နိုင်ငံရေးပါတီများ ပူးပေါင်း၍ ဖွဲ့စည်းခဲ့ပြီး၊ ထို ညှိနှိုင်းဆွေးနွေးပွဲကို ၁၉၉၀ ပြည့် ဧပြီလတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။ အမျိုးသားပဏာမညှိနှိုင်းဆွေးနွေးပွဲ ကျင်းပရေးကော်မတီဝင်များမှာ ...

### ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်မှကိုယ်စားလှယ်များ

| | | |
|---|---|---|
| ၁။ | ဦးအေးဖေ | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် |
| ၂။ | ဦးစီကေတိုက်ကွဲလ် | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၃။ | ဦးစောသန်းရှိန် | ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ် |
| ၄။ | ဦးနိုင်ငွေသိန်း | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၅။ | ဦးနိုင်ခင်မောင် | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၆။ | ဦးမောင်ဆာ | တအောင်း(ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၇။ | ဦးအာရ်ပီသောင်း | ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ |
| ၈။ | ဦးအေးသာအောင် | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် |

### အခြားတိုင်းရင်းသားပါတီများမှကိုယ်စားလှယ်များ

| | | |
|---|---|---|
| ၁။ | ဦးမန်းညွန့်မောင် | ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ် |
| ၂။ | ဦးစောကျော်ရွှေ | ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ် |
| ၃။ | ဦးစောဟာရီစီ | ကရင်အမျိုးသားဒီမိုကရေစီကွန်ဂရက် |
| ၄။ | ဦးဂျူးလိယက်စ်ထက် | ကရင်အမျိုးသားဒီမိုကရေစီကွန်ဂရက် |
| ၅။ | ဦးခွန်ထွန်းဦး | ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၆။ | ဦးစိုင်းအိုက်ပေါင်း | ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ် |

ထိုကော်မတီမှ ဖိတ်ခေါ်ကမ်းလှမ်းချက်တစ်စောင်ကို ထုတ်ပြန်ပြီး အောက်ပါ ဗမာနိုင်ငံရေး ပါတီများအားဆက်သွယ်ခဲ့ပါသည်။

၁။ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ (၃–၄–၉၀)
၂။ ဒီမိုကရေစီပါတီ (၄–၄–၉၀)
၃။ ပြည်ထောင်စုမြန်မာနိုင်ငံဒီမိုကရေစီတပ်ပေါင်းစု (၅–၄–၉၀)
၄။ ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ် (၅–၄–၉၀)
၅။ ပြည်ထောင်စုအမျိုးသားဒီမိုကရေစီပါတီ (၆–၄–၉၀)
၆။ အမျိုးသားပြန်လည်တည်ဆောက်ရေးဒီမိုကရေစီတပ်ပေါင်းစု (၁၂–၄–၉၀)
၇။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (၆–၄–၉၀)
၈။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၂၃–၄–၉၀)

ထို ဗမာနိုင်ငံရေးပါတီများနှင့် အမျိုးသားပဏာမညှိနှိုင်းဆွေးနွေးပွဲ တခုပြုလုပ်နိုင်ရန်အတွက် အကြိုပြင်ဆင်မှုများ ညှိနှိုင်းထားရန် သွားရောက် တွေ့ဆုံခဲ့ကြပါသည်။ ထိုပါတီများနှင့် ညှိနှိုင်းချက်အရ ယေဘုယျအားဖြင့် အမျိုးသားပဏာမညှိနှိုင်းဆွေးနွေးပွဲတစ်ခုကျင်းပရန် သဘောတူညီချက် ရခဲ့ပြီး ကျင်းပမည့်ပုံသဏ္ဍာန်နှင့် အချိန်အခါအခြေအနေကိုသာ လိုအပ်သလို ပြန်လည်ညှိနှိုင်းကြရန် သဘောတူညီ ခဲ့ကြပါသည်။ သို့သော် နောက်ဆုံးအကြိမ် (၂၃–၄–၉၀)ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက်ပိုင်း ရွေးကောက်ပွဲရက် နီးကပ်လာသောကြောင့် ပါတီများသည် မိမိတို့ပါတီ ရွေးကောက်ပွဲတွင် အနိုင်ရရေးအတွက်သာ စိတ်ဝင်စား စည်းရုံးဆောင်ရွက်လာကြခြင်း၊ အဖွဲ့ချုပ် အနေနှင့်ရော အဖွဲ့ချုပ်ဝင်ပါတီများ၏ ရွေးကောက်ပွဲစည်းရုံးရေးကာလ အရေးတကြီး အချိန်အခါ ဖြစ်နေ ခြင်း၊ လက်ရှိနိုင်ငံရေးဖြစ်ပျက်ပြောင်းလဲမှုအခြေအနေအရတကြောင်း၊ အမျိုးသားပဏာမ ညှိနှိုင်း ဆွေးနွေးပွဲတခု ဧပြီလအတွင်း မကျင်းပနိုင်ခဲ့ပါ။

အမျိုးသားပဏာမညှိနှိုင်းဆွေးနွေးပွဲကို စီစဉ်ခဲ့သည့်အတိုင်း ၁၉၉၀ ပြည့် ဧပြီလတွင် ကျင်းပ နိုင်ခြင်း မရှိခဲ့သော်လည်း၊ ထိုကဲ့သို့သော ညှိနှိုင်းဆွေးနွေးပွဲများ လိုအပ်ခဲ့ပုံနှင့် ၎င်း၏ ရည်ရွယ်ချက်များကို စာဖတ်သူများလေ့လာနိုင်ရန် **UNLD** ၏ ဖိတ်ခေါ်ကမ်းလှမ်းစာကို ဤနေရာတွင် ပြန်လည် ထည့်သွင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်

### အမှတ် (၃၉၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

နေ့စွဲ။ ၂-၄-၁၉၉၀။

အကြောင်းအရာ။ ။ အမျိုးသားပဏာမ ညှိနှိုင်းဆွေးနွေးပွဲကျင်းပရန် ဖိတ်ခေါ်ကမ်းလှမ်းခြင်း။

၁။ ၁၃၅၀ ပြည့် ဒီမိုကရေစီအရေးတော်ပုံကြီးသည် မြန်မာနိုင်ငံတော်၏ ဒုတိယအကြိမ် လွတ်မြောက်ရေးတိုက်ပွဲကြီးပင် ဖြစ်ပေသည်။ အကြောင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးအားလုံး မွေးရာပါအခွင့်အရေးအဖြစ် ရရှိခံစား ထိုက်သည့် နိုင်ငံတော်အာဏာကို မူလပိုင်ရှင် ပြည်သူလူထုလက်ထဲသို့ ပြန်လည်အပ်နှင်းရန် ကြိုးပမ်း ဆောင်ရွက်တိုက်ပွဲဝင်သော အရေးတော်ပုံကြီး ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့ နိုင်ငံရေးပါတီများသည် နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထု လက်ထဲသို့ ငြိမ်းချမ်းသောနည်း၊ အကြမ်းမဖက်သောနည်းဖြင့် ပြန်လည်ရောက်ရှိအောင် လွတ်လပ် သန့်ရှင်း၍ တရားမျှတသော ရွေးကောက်ပွဲတွင် လူထုဆန္ဒခံယူပြီး တိုင်းပြည်နှင့် လူထုအတွက် အသုံးတော်ခံရန် ကြိုးပမ်းသောအဖွဲ့အစည်းများပင် ဖြစ်ကြပါသည်။

၃။ ပြည်သူလူထုတရပ်လုံးသည် (၂၆)နှစ်ကြာ ဖိနှိပ်ချုပ်ချယ်ခဲ့သော မဆလ တပါတီ အာဏာရှင် စနစ်၏ ခါးသည်းမှုဒဏ်ကို နာကျည်းစွာ ခံစားပြီးဖြစ်၍ လူထု၏ လွတ်လပ်ရေးနှင့် ကောင်းကျိုးချမ်းသာကို ဆောင်ရွက်ပေးမည့် ဒီမိုကရေစီဘက်တော်သားနိုင်ငံရေးပါတီများထံသို့ မိမိတို့ မွေးရာပါ နိုင်ငံတော် အာဏာများ အသုံးပြုခွင့်ကို ဆန္ဒမဲပေး၍ လွှဲအပ်ကြမည်ဟု အပြည့်အဝ မျှော်လင့်ပါသည်။

၄။ အနာဂါတ်ပြည်ထောင်စုကြီးသည် ဒီမိုကရေစီထွန်းကား၍ ငြိမ်းချမ်းသာယာဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးအားလုံး ကိုယ့်ကြမ္မာကိုယ် လွတ်လပ်စွာ ဖန်တီးခွင့်ရှိသော နိုင်ငံတော် ဖြစ်လာ ရေးအတွက် ကျွန်ုပ်တို့ နိုင်ငံရေးပါတီများက ဝိုင်းဝန်းအကြံထုတ်၍ စုပေါင်းလုပ်ဆောင်ကြရန် အထူး လိုအပ်သည်ဟု အလေးအနက်ခံယူထားပါသည်။

၅။ ကျွန်ုပ်တို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်ဖြစ်ရာ လူမျိုးအချင်းချင်း ဖိနှိပ်ချုပ်ချယ်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ နိုင်ငံရေးအခွင့်အရေးနှင့် အာဏာချိန်ခွင်လျှာ မညီမျှခြင်း စသည်များရှိနေပါက လူမျိုးပေါင်းစုံချစ်ကြည်သွေးစည်းသော ပြည်ထောင်စုကြီးကို ထူထောင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရရှိရေး၊ နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေးရရှိရေး၊ ညီရင်းအစ်ကို စိတ်ဓါတ်ဖြင့် ချစ်ကြည်ရင်းနှီးရေးတို့အပေါ် အခြေခံသော ပြည်ထောင်စုကြီး ထူထောင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရပေမည်။

၆။ တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေး၊ နိုင်ငံသားတိုင်း ဒီမိုကရေစီနှင့် လူသားပီသစွာ အသက်ရှင်နေထိုင်ခွင့် ရရှိရေးတို့ကို အပြည့်အဝ အာမခံချက်ပေးရန် နိုင်ငံတော်ဖွဲ့စည်းပုံခြေခံဥပဒေဖြင့် ပြဋ္ဌာန်းကာကွယ်ပေးရပါမည်။ ထို့ကြောင့် ကျွန်ုပ်တို့ ဆင်နွဲနေသော ဒုတိယအကြိမ် မြန်မာနိုင်ငံ လွတ်မြောက်ရေးနှင့် ဒီမိုကရေစီအရေးတော်ပုံကြီး၏ ပန်းတိုင်သည် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် မြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကြီးကို ရေးဆွဲပြဋ္ဌာန်းရေးပင် ဖြစ်ပါသည်။

၇။ ဒီမိုကရေစီထွန်းကားသော စစ်မှန်သည့် ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဒီမိုကရေစီဘက်တော်သား နိုင်ငံရေးပါတီများ စုံညီစွာ တက်ရောက်သော အမျိုးသားညီလာခံတရပ် မကျင်းပခင်၊ အမျိုးသားပဏာမညှိနှိုင်းဆွေးနွေးပွဲတရပ် ကျင်းပရန် လေးနက်စွာ ဖိတ်ခေါ်အပ်ပါသည်။ ထို ညှိနှိုင်းဆွေးနွေးပွဲတွင် စစ်မှန်သောပြည်ထောင်စုစနစ်ပေါ်ထွန်းရေးအတွက် အဓိကကျသော အခြေခံမူများကို အားလုံးသဘောတူ ချမှတ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။

၈။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် စစ်မှန်သော ပြည်ထောင်စုစနစ်၏အခြေခံမူအဖြစ် အောက်ဖော်ပြပါ အခြေခံမူ (၄) ချက်ကို ချမှတ်ထားပါသည်။

(က) ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တည်းဟူသော နိုင်ငံရေးအာဏာအပြည့်အဝရရှိသည့် တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ပထဝီအနေအထားပေါ် အခြေခံဖွဲ့စည်းခြင်း မဖြစ်စေဘဲ လူမျိုးကို အခြေခံသော အမျိုးသားပြည်နယ်များသာ ဖြစ်စေရမည်။ လက်ရှိ နိုင်ငံရေးအခြေအနေအရ အမျိုးသားပြည်နယ်(၈)ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကိုဖွဲ့စည်းရမည်။

(ဂ) အမျိုးသားပြည်နယ်များ နိုင်ငံရေးအရတန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် နှစ်ရပ်ထားရှိရမည်။

(ဃ) လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်အမတ်ဦးရေ အညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များ တန်းတူရည်တူပူးပေါင်းသော ပြည်ထောင်စုစနစ်ဟူသည့် အနှစ်သာရပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် ပြည်နယ်များမှ လူဦးရေအချိုးအစားအလိုက် လွှတ်တော်အမတ်များကို စေလွှတ်ကြရမည်။

၉။ အထက်ဖော်ပြပါ ပြည်ထောင်စုစစ်စစ်မူ အခြေခံ(၄)ချက်ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံရေးပါတီ (၁၉) ပါတီနှင့် အဖွဲ့ဝင်မဖြစ်သေးသော နိုင်ငံရေး

ပါတီ (ဖ)ပါတီတက်ရောက်ကြပြီး၊ ၁၉၉၀ ခုနှစ် ဖေဖော်ဝါရီလ (၈)ရက်မှ (၁၀)ရက်အထိ ကျင်းပခဲ့သည့် တိုင်းရင်းသားညီလာခံတွင် တင်ပြအတည်ပြုပြီးဖြစ်ပါသည်။

၁၀။ ထိုအခြေခံမူများကို ညီနောင်ဗမာတိုင်းရင်းသား ဒီမိုကရေစီဘက်တော်သား နိုင်ငံရေးပါတီများကို တင်ပြညှိနှိုင်းဆွေးနွေး၍ သဘောတူညီချက်ရယူနိုင်ရန် အမျိုးသားပဏာမညှိနှိုင်းဆွေးနွေးပွဲကို ၁၉၉၀ ဧပြီလ သင့်တော်သော နေ့ရက်တွင် ကျင်းပရန် ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ဒီမိုကရေစီရေးနှင့် အနာဂါတ်ပြည်ထောင်စုအရေးကို ရှေ့ရှုသောအားဖြင့် အမျိုးသား ပဏာမညှိနှိုင်းဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရန် လူကြီးမင်းတို့ပါတီအနေဖြင့် ကျွန်ုပ်တို့နှင့် လက်တွဲပြီး ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဦးဆောင်မှုပေးပါရန် လေးစားစွာ ဖိတ်ခေါ်ကမ်းလှမ်းအပ်ပါသည်။

လေးစားစွာဖြင့် –

ပုံ/ –

ဆလိုင်းလျန်မှုန်း

အတွင်းရေးမှူးနှင့်မူဝါဒရေးရာကော်မတီအဖွဲ့ဝင်

ပြည်တောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်

# အခန်း (၆)

# အထွေထွေရွေးကောက်ပွဲ
## (သို့မဟုတ်)
## နိုင်ငံတော်အာဏာကိုအကြမ်းမဖက်သောနည်းဖြင့်ပြန်လည်ရယူရေးလမ်းစဉ်

ပြည်ထောက်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် **UNLD** သည် "နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုလက်ထဲသို့ ငြိမ်းချမ်းသောနည်း အကြမ်းမဖက်သောနည်းဖြင့် ပြန်လည်ရောက်ရှိအောင် လွှတ်လပ်သန့်ရှင်း၍ တရားမျှတသော ရွေးကောက်ပွဲတွင် လူထုဆန္ဒကို ခံယူပြီး တိုင်းပြည်နှင့် လူမျိုးအတွက် အသုံးတော်ခံရန် ကြိုးပမ်းသော နိုင်ငံရေးအဖွဲ့အစည်း ဖြစ်ပါသည်။

သို့ဖြစ်၍ ပထမအကြိမ် သဘာပတိစုံညီအစည်းအဝေးတွင် တင်သွင်းခဲ့သော ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးမူ စာတမ်းအပေါ် ကိုယ်စားလှယ်များ၏ ဆွေးနွေးဆုံးဖြတ်ချက်အရ အဖွဲ့ချုပ်အနေဖြင့် လည်းကောင်း၊ အဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံရေးပါတီများ အနေဖြင့်လည်းကောင်း၊ ၁၉၉၀ မေလတွင် ကျင်းပရန် ရည်ရွယ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို့ပြင် ၁၉၉၀ ပြည့် ဖေဖေါ်ဝါရီလတွင် ကျင်းပသည့် ပထမအကြိမ် တိုင်းရင်းသားညီလာခံတွင် **UNLD** အဖွဲ့ဝင်များနှင့် အဖွဲ့ဝင်မဟုတ်သေးသော ပြည်နယ်တိုင်းရင်းသားနိုင်ငံရေးပါတီများ ပူးပေါင်း၍ "ပြည်နယ်များ ရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီ" တရပ် ဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီ၏ ရည်ရွယ်ချက်မှာ ...

(၁) ဒီမိုကရေစီဘက်တော်သားများ အပြတ်အသတ် အနိုင်ရရှိရေးအတွက် စုပေါင်းဆောင်ရွက်ရန်၊
(၂) ပြည်နယ်များတွင် လူမျိုးစုနိုင်ငံရေးပါတီများ အပြတ်အသတ် အနိုင်ရရှိရေးအတွက် အချင်းချင်းကူညီပံ့ပိုးကြရန်၊
(၃) မဲဆန္ဒနယ်တခုတွင် နိုင်ခြေအရှိဆုံး လူမျိုးစုနိုင်ငံရေးပါတီ (ဝါ) ဒီမိုကရေစီ ဘက်တော်သားကို ဝိုင်းဝန်းပံ့ပိုး ကူညီရန်၊

ထိုကော်မတီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ပါသည်။

| | |
|---|---|
| (၁) ဦးဆမားကျော်ဖါးနော် | (ကချင်ပြည်နယ်) |
| (၂) စောဒင်နီယယ်လ် | (ကရင်ပြည်နယ်) |
| (၃) စောဒူးကြည် | (ကယားပြည်နယ်) |
| (၄) ဆလိုင်းလျန်မှုန်း | (ချင်းပြည်နယ်) |
| (၅) နိုင်တင်ဖေ | (မွန်ပြည်နယ်) |
| (၆) ဦးအေးသာအောင် | (ရခိုင်ပြည်နယ်) |
| (၇) စိုင်းအိုက်ပေါင်း | (ရှမ်းပြည်နယ်) |

ထိုရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီမှ အောက်ပါရွေးကောက်ပွဲ အောင်နိုင်ရေး ကျေညာချက်တစောင်ကို ထုတ်ပြန်ခဲ့ပါသည်။

## (က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ရွေးကောက်ပွဲအောင်နိုင်ရေး ကျေညာချက်

၁။ ပြည်နယ် (၇)ခုနှင့် တိုင်းအချို့ရှိ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းပါတီ (၁၉)ဖွဲ့ စုစည်းထားသော “ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် တကွ အဖွဲ့ချုပ်သို့ မဝင်သေးသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းပါတီ(၆)ဖွဲ့တို့ ၁၉၉၀ ပြည့် ဖေဖေါ်ဝါရီလ (၈)ရက်နေ့မှ (၁၀)ရက်နေ့အထိ ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရေး ကြိုးပမ်းမှု အရှိန်အဟုန်မြင့်တင်ရန် “တိုင်ရင်သားညီလာခံ” တရပ်ကို ကျင်းပခဲ့ပါသည်။

၂။ ထိုညီလာခံမှ လာမည့် ၁၉၉၀ ပြည့်၊ မေလ (၂၇)ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးတွင် ဒီမိုကရေစီ အပြည့်အဝရရှိရေးနှင့် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိရေးအတွက် ရှေ့တန်းမှ တက်ကြွစွာ ပါဝင်လှုပ်ရှားနေသော ဒီမိုကရေစီဘက်တော်သား နိုင်ငံရေးအဖွဲ့အစည်းပါတီများ အနိုင်ရရှိရေးကို ရည်ရွယ်ကာ “ပြည်နယ်ပေါင်းစုံ ရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီ” တရပ်ကို ဖွဲ့စည်းခဲ့ပါသည်။

၃။ လာမည့်ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် မလွဲမသွေ ကျော်ဖြတ်ရမည့် အဓိကကျသော သမိုင်းမှတ်တိုင်တခုအဖြစ် အလေးအနက်ခံယူပါသည်။

၄။ ကျွန်ုပ်တို့သည် လွတ်လပ်သန့်ရှင်း၍ တရားမျှတသော ရွေးကောက်ပွဲတွင် ပြည်သူလူထုဆန္ဒကိုခံယူပြီး ဒီမိုကရေစီ ထွန်းကားသော စစ်မှန်သည့်ပြည်ထောင်စု ပန်းတိုင်ဆီသို့ ချီတက်ရန် စိုင်းပြင်းလျက် ရှိနေကြပါသည်။

၅။ စစ်မှန်သော ပြည်ထောင်စုသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည် ဟု ကျွန်ုပ်တို့ ခံယူသည်။

(က) ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ အပြည့်အဝရှိသော တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ဖွဲ့စည်းစေရမည်။

(ခ) အမျိုးသားပြည်နယ်များ နိုင်ငံရေးအရ တန်းတူရည်တူပူးပေါင်းပြီး၊ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းစေရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိစေရမည်။

(ဃ) လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ် အညီအမျှ ရှိစေရမည်။

(င) ပြည်နယ်များကို ပထဝီအနေအထားအပေါ် အခြေခံ၍ ဖွဲ့စည်းခြင်းမဖြစ်စေရ၊ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များသာ ဖြစ်စေရမည်။

(စ) လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအရ အမျိုးသားပြည်နယ်(၈)ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းစေရမည်။

၆။ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးသည် လူမျိုးတမျိုး၊ လူတန်းစားတရပ်၏ တာဝန်မျှသာ မဟုတ်စေဘဲ၊ ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးအားလုံး၏ တာဝန်ဖြစ်စေရမည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ ဘိုးဘွားပိုင်နယ်မြေတွင် ရှေးပဝေသဏီကပင် အတူယှဉ်တွဲနေထိုင်လာကြသော လူမျိုးများ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံး၏ မွေးရာပါ တာဝန်ဖြစ်သည်ဟု အလေးအနက် ခံယူကြသည်။

၇။ ပြည်ထောင်စု မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုအစွန့်ရှည်တည်တန့်ရေးအတွက် လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ တန်းတူညီမျှရေးနှင့် ညီရင်းအကိုစိတ်ဓါတ်ဖြင့် ချစ်ကြည်ရင်းနှီးရေးတို့ကို အာမခံချက်ပေးနိုင်မည့် ပြည်ထောင်စုစစ်စစ်မှု ဖြင့်သာ နိုင်ငံတော်ကို ဖွဲ့စည်းထူထောင်နိုင်ရန် အစွမ်းကုန် ကြိုးပမ်းသွားမည်။

၈။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ပျော့ကွက်ဟာကွက်များနှင့်တကွ လွတ်လပ်ရေး ရပြီး မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော လူမျိုးရေးဝါဒများအပြင် ဂိုဏ်းဂဏဝါဒစွဲ အယူအဆစွဲ တို့ကြောင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခကြီး သက်ဆိုးရှည်ခဲ့ရပေသည်။ ထို ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခကြီး၏ ကွင်းဆက်အဖြစ် ဒီမိုကရေစီ ဆိတ်သုဉ်းကာ တပါတီအာဏာရှင်စနစ် ကြီး စိုးမိုးချယ်လှယ်မှုကို ပြည်သူတရပ်လုံး (၂၆)နှစ်ကြာ ခံခဲ့ရပေသည်။ အနှစ် (၄၀)ကျော်ကြာ ပြည်တွင်းပဋိပက္ခကြီးကို အမြန်ဆုံးချုပ်ငြိမ်းရေးအတွက် နိုင်ငံရေးနည်းအရ ငြိမ်းချမ်း၍ တရားမျှတသော အခြေခံအပေါ် ညှိနှိုင်းဖြေရှင်းရန် အမျိုးသားညီလာခံတရပ် ခေါ်ယူကျင်းပမည်ဟု ကျွန်ုပ်တို့ ခံယူထားသည်။

၉။ သွေးစည်းညီညွတ် ချစ်ကြည်ငြိမ်းချမ်းသာယာသော ပြည်ထောင်စုကြီး ထူထောင်ရန် စစ်မှန်သော ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူအခွင့်အရေး ရရှိရေးတို့အတွက် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်လှုပ်ရှားနေသည့် ကျွန်ုပ်တို့အား သွေးချင်းသားချင်း တိုင်းရင်းသားပြည်သူလူထု တရပ်လုံးက ကျွန်ုပ်တို့၏ လွှတ်တော် ကိုယ်စားလှယ်များကို ဆန္ဒမဲပေး၍ ရွေးချယ်တာဝန်ပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

## (ခ) UNLD ရွေးကောက်ပွဲအောင်နိုင်ရေး စည်းရုံးရေးခရီးစဉ်များနှင့် ဟောပြောပွဲများ

### ၁။ UNLD မှကိုယ်စားလှယ်များ စည်းရုံးရေးခရီးထွက်ခြင်း

#### ပအို့(ဝ်) ညီလာခံတက်ရောက်ခြင်း

အဖွဲ့ချုပ်၏ သဘာပတိအဖွဲ့ဝင် ဦးစောသန်းရှိန်နှင့် ပြန်ကြား/ဆက်သွယ် တာဝန်ခံ ဦးသာဘန်း တို့သည် ၁၉၉၀ ခုနှစ်၊ မေလ(၈)ရက်နေ့မှ (၁၀)ရက်နေ့အထိ တောင်ကြီးမြို့တွင် ကျင်းပသော စတုတ္ထအကြိမ် ပြည်ထောင်စုပအို့(ဝ်)အမျိုးသားအဖွဲ့ချုပ် ညီလာခံသို့ တက်ရောက်ခဲ့ကြသည်။ တဆက်တည်းတွင် အင်းအမျိုးသားအဖွဲ့ချုပ်နှင့် ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီ အဖွဲ့ချုပ်တို့နှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ဆက်လက်၍ တောင်ကြီးမြို့မှတဆင့် ကယန်း အမျိုးသားစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့မှ ဦးမာရ်ကိုဘန်းနှင့် ဦးသာဘန်းတို့သည် အင်းလေး ဒေသ

အင်းဖေါ်ခုံသို့ သွားရောက်ပြီး၊ အင်းအမျိုးသားအဖွဲ့ချုပ်နှင့် ဆွေးနွေးခြင်း၊ လွိုင်ကော်မြို့တွင် ကယားပြည်နယ်လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

### ရခိုင်ပြည်နယ်သို့ စည်းရုံးရေးခရီးထွက်ခြင်း

အဖွဲ့ချုပ်၏ သဘာပတိအဖွဲ့ဝင် ဦးစောသန်းရိုန်၊ အတွင်းရေးမှူးအဖွဲ့ဝင် ဆလိုင်းလျန်မှုန်း၊ ဦးအေးသာအောင်တို့သည် မေလ (၉)ရက်နေ့တွင် ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့၊ ဝါးဘိုရွာ၊ ပေါက်တောမြို့၊ မြောက်ဦး၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်မြို့၊ ကျောက်တော်နှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့များသို့သွားရောက်ခဲ့ကြပါသည်။ ထိုစည်းရုံးရေးခရီးစဉ်တလျှောက် အဖွဲ့ဝင်များသည် အဖွဲ့ချုပ်၏ တိုင်းရင်းသားလူမျိုးများ၏ စစ်မှန်သောဒီမိုကရေစီရရှိရေး၊ တိုင်းရင်းသား လူမျိုးများတန်းတူရေးဆိုင်ရာ အခြေခံသဘောထားများကို စည်းရုံးဟောပြောခဲ့ကြပါသည်။ ထို့ပြင်အဖွဲ့ဝင်များသည် မိမိအဖွဲ့ချုပ်နှင့် တိုင်းရင်းသားပါတီများနှင့် အခြားတိုင်းရင်းသားပါတီများ ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက်ပါ စည်းရုံးဟောပြောခဲ့ကြပါသည်။

### တအောင်း(ပလောင်) ညီလာခံတက်ရောက်ခြင်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်မှ လုပ်ငန်းကော်မတီ ဦးမောင်ဆာသည် မတ်လ(၇)ရက်နေ့မှ (၁၀)ရက်နေ့အထိ ကျင်းပသော တအောင်း(ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မြို့နယ်ပေါင်းစုံ ပထမအကြိမ်ညီလာခံသို့ တက်ရောက်ခဲ့ပါသည်။ ထိုညီလာခံသို့ မြို့နယ်ပေါင်း (၈)မြို့နယ်မှ ဗဟိုအလုပ်အမှုဆောင်များ၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများနှင့် ကျောက်မဲမြို့ပေါ်ရှိ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။ ထိုညီလာခံကြီး၌ မေလ (၂၇)ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိရေးအတွက် တမြို့နယ်နှင့် တမြို့နယ်၊ မဲဆန္ဒနယ် တခုနှင့် တခု တူညီသောရွေးကောက်ပွဲ စည်းရုံးဟောပြောမှု စာတမ်းမူတရပ်အဖြစ် ညှိနှိုင်းပြုစု၍ အောင်နိုင်ရေး “ဆင်ဂါရ်နဂါး” စည်းရုံးရေးစာစောင် ထုတ်ဝေခဲ့သည်။ ရွေးကောက်ပွဲ မဝင်နိုင်သေးသော မြို့နယ်ဒေသများကို ဆက်လက်စည်းရုံး၍ ရည်ရွယ်ချက်ခြင်း လုပ်ငန်းခြင်းတူညီသော ဒီမိုကရေစီအင်အားစု တိုင်းရင်းသားလူမျိုးနိုင်ငံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖေါ်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြပါသည်။

## ၂။ UNLD စည်းရုံးရေး ဟောပြောပွဲများ

**UNLD** ရွေးကောက်ပွဲ အောင်နိုင်ရေးနှင့် တကွ၊ ၎င်း၏ မူဝါဒများ၊ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို တိုင်းရင်းသားပြည်သူလူထုထံ တင်ပြနိုင်ရန် **UNLD** ဗဟိုကော်မတီဝင်များက စည်းရုံးဟောပြောခဲ့ကြပါသည်။ ထိုဟောပြောချက်များအနက် အမြဲတန်းသဘာပတိအဖွဲ့ဝင်ဖြစ်သော ဦးနိုင်ငွေသိမ်းက မြန်မာ့ရုပ်မြင်သံကြားမှလည်းကောင်း၊ ဦးအေးသာအောင်က မြန်မာ့အသံမှလည်းကောင်း၊ ဟောပြော ထုတ်လွှင့်ခဲ့ကြပါသည်။ ထိုစည်းရုံးဟောပြောချက်စာတမ်းကို နဝတ စစ်အစိုးရ၏ “ဆင်ဆာ”

အဖွဲ့က တချို့စာသားများ ဖြတ်တောက်သွားခဲ့ပါသည်။ ယခု ဖော်ပြပါ စည်းရုံးဟောပြောချက် စာတမ်းသည် မူဝါဒရေးရာကော်မတီက သူတို့နှစ်ဦးစလုံးဟောပြောရန် မူလပြင်ဆင်ရေးသားထားသည့်အတိုင်း မဖြတ်မတောက် ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒသဘောထား၊ ရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်များ စည်းရုံးဟောပြောချက် စာတမ်း။

ချစ်ကြည်လေးစားအပ်ပါသော သွေးချင်းသားချင်း တိုင်းရင်းသားပြည်သူများ ခင်ဗျား ...

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒသဘောထားနဲ့ လုပ်ငန်းစဉ်များကို တိုတောင်းတဲ့အချိန်အတွင်းမှာ အကျဉ်းမျှ တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ဟာ ကရင်၊ ကချင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ့်၊ ပလောင်၊ ကယန်း စသည့် သွေးချင်းသားချင်း တိုင်းရင်းသားပါတီ(၁၉)ပါတီနဲ့ ပူးပေါင်းဖွဲ့စည်းထားတဲ့ အဖွဲ့ချုပ်ဖြစ်ပါတယ်။

အဖွဲ့ချုပ်ဝင် ပါတီတွေကတော့ ...

၁။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
၂။ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
၃။ တအောင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့
၄။ ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ်
၅။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၆။ ကယားပြည်နယ်လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ်
၇။ ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ်
၈။ ရခိုင်အမျိုးသားလူ့အခွင့်အရေးနှင့်ငြိမ်းချမ်းရေးအဖွဲ့
၉။ ဇိုမီးအမျိုးသားကွန်ဂရက်
၁၀။ တောင်သူလယ်သမား ကဒူးကနန်းနှင့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၁၁။ ပြည်ထောင်စုပအိုဝ့်အမျိုးသားအဖွဲ့ချုပ်
၁၂။ တောင်ပိုင်းချင်းဒီမိုကရေစီပါတီ
၁၃။ ကချင်အမျိုးသားလုံးဆိုင်ရာ ကွန်ဂရက်
၁၄။ မြို (ခေါ်) ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့
၁၅။ တောင်တန်းသားများဒီမိုကရက်တစ်ပါတီ
၁၆။ ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့
၁၇။ ကချင်အမျိုးသားဒီမိုကရက်တစ်ပါတီ
၁၈။ အင်းအမျိုးသားအဖွဲ့ချုပ်
၁၉။ ရခိုင်အမျိုးသားလူမှုဘဝမြင့်တင်ရေးအဖွဲ့ (မရမာကြီး) တို့ ဖြစ်ကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြသော နိုင်ငံတနိုင်ငံ ဖြစ်ပါတယ်။ ဒီလို တိုင်းရင်းသားလူမျိုး ပေါင်းစုံ နေထိုင်တဲ့ နိုင်ငံတနိုင်ငံမှာ တိုင်းရင်းသားများအားလုံး ပါဝင်ပြီး သွေးစည်းခိုင်မာတဲ့ အမျိုးသားညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့ လိုအပ်ပါတယ်။ အမျိုးသား ညီညွတ်ရေးကိုတည်ဆောက်ရာမှာလည်း ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရေး အခြေခံပေါ်မှာ တည်ဆောက်ရပါမယ်။ လွတ်လပ်ရေးအကြိုကာလ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းဟာ တိုင်းရင်းသားလူမျိုးများရဲ့ အမျိုးသားဆိုင်ရာ အခွင့်အရေးများနှင့် တန်းတူရေးကို အခြေခံပြီး အမျိုးသားညီညွတ်ရေးကိုတည်ဆောက်နိုင်ခဲ့သလို အဲဒီအင်အားဖြင့် လွတ်လပ်ရေးကို အရယူ ခဲ့ပါတယ်။ ဒါပေမဲ့ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ အုပ်စိုးသူတွေဟာ ဗိုလ်ချုပ်အောင်ဆန်း ချမှတ် လမ်းညွှန်ခဲ့တဲ့ အခြေခံမူတွေကို သွေဖီပြီး၊ တိုင်းရင်းသားလူမျိုးများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူရည်တူ အခွင့်အရေးတွေကို မေးမှိန် သေးသိမ်စေခဲ့ပါတယ်။ ဒါကြောင့်လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း တည်ဆောက်ခဲ့တဲ့ အမျိုးသားညီညွတ်ရေးဟာ ပျက်ပြားပြီး ပြည်ထောင်စု မြန်မာနိုင်ငံဟာ နောက်ဆုံးမှာ တပါတီအာဏာရှင်တို့လက်ထဲကို ကျရောက်ခဲ့ပါတယ်။ ဒါကြောင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဒီ သမိုင်းသင်ခန်းစာတွေကိုယူပြီး မူဝါဒသဘောထား၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို ချမှတ်ထားခြင်းဖြစ်ပါတယ်။ ဒီသဘောထား ရည်ရွယ်ချက် လုပ်ငန်းစဉ်တွေကတော့ ...

(၁) ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရေး၊
(၂) အမျိုးသားသွေးစည်းညီညွတ်ရေး၊
(၃) စစ်မှန်သောပြည်ထောင်စုဖွဲ့စည်းရေး၊
(၄) ပြည်တွင်းငြိမ်းချမ်းရေး၊
(၅) ပြည်နယ်အသီးသီး အချိုးညီ ဖွံ့ဖြိုးတိုးတက်ရေးမှ ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး၊
(၆) မည်သည့်အာဏာရှင်စနစ်မျိုးမှ ပြည်ထောင်စုမြန်မာနိုင်ငံမှာ နောက်ထပ်တဖန် မပေါ်ထွန်းရေးတို့ ဖြစ်ပါတယ်။

ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများတန်းတူရေးကို အနည်းငယ်ရှင်းပြရမည်ဆိုလျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံဟာ တပါတီအာဏာရှင်စနစ်အောက်မှာ လွတ်လပ်စွာ အသက်မွေးဝမ်းကြောင်း ပြုနိုင်ခွင့်၊ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်၊ တရားဥပဒေအရာတွင် တန်းတူခွင့်များနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားထုတ်ဝေခွင့်၊ စီတန်းလှည့်လည် ဆန္ဒပြခွင့်၊ အသင်းအဖွဲ့၊ သမဂ္ဂ၊ ပါတီ ဖွဲ့စည်းတည်ထောင်ခွင့် စတဲ့ လူ့အခွင့်အရေးများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နဲ့ တန်းတူရည်တူအခွင့်အရေးများပါ ဆုံးရှုံးခဲ့ရပါတယ်။

တိုင်းရင်းသားလူမျိုးအသီးသီးဟာ ရှေးပဝေသဏီခေတ်ကပင် အချို့က ထီးပြိုင်နန်းပြိုင် ပဒေသရာဇ်နိုင်ငံများကို ထူထောင် အုပ်စိုးခဲ့ကြသလို၊ အချို့ကလည်း စော်ဘွား၊ စော်ဖျား၊ စော်ကဲ၊ ဒူးဝါး၊ တောင်ပိုင်၊ တောင်အုပ်စသည့် အုပ်ချုပ်ရေးစနစ်များနှင့် ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်စနစ်ဖြင့် ကိုယ်ပိုင် အုပ်ချုပ်နေထိုင်ခဲ့ကြပါတယ်။ သူ့ကျွန်ဘဝကို အတူတူရောက်ခဲ့ရသလို၊ ကျွန်တွင်းမှ လွတ်မြောက်ရန်လည်း ဆိုးတူကောင်းဖက် လက်တွဲတိုက်ပွဲဝင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးအကြိုကာလမှာလည်း အမျိုးသား

ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဦးဆောင်မှုအောက်မှာ တန်းတူရည်တူ အခွင့်အရေးနှင့် စစ်မှန်တဲ့ ပြည်ထောင်စု ဖွဲ့စည်းကြမယ်ဆိုပြီး ညီညီညွတ်ညွတ်နဲ့ လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ တိုင်းရင်းသားလူမျိုးများရဲ့ တန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟာ တစတစ မှေးမှိန်ပြီး တပါတီအာဏာရှင်ခေတ်မှာ လုံးဝပျောက်ကွယ်ခဲ့ရပါတယ်။

အဲဒီလို လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသားလူမျိုးများရဲ့ လူမျိုးဆိုင်ရာ အခွင့်အရေးများပါ ဆုံးရှုံးခဲ့ရတဲ့အတွက် ပြည်ထောင်စုကြီးတခုလုံးအနေနဲ့ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးများ အဖက်ဖက်က ချွတ်ခြုံကျခဲ့ရသလို၊ ပြည်နယ်အသီးသီးမှာဆိုရင် ပြောမကုန်နိုင်လောက်အောင် နိမ့်ကျခဲ့ရ ပါတယ်။ ဒါကြောင့် အနာဂါတ် ပြည်ထောင်စုကြီးမှာဆိုရင် တိုင်းရင်းသားလူမျိုးအသီးသီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လမ်းပမ်းဆက်သွယ်ရေး အစစမှာ တပြေးညီမဟုတ်သော်လည်း ကွာဟချက်တွေ ကျဉ်းနိုင်သလောက် ကျဉ်းအောင်၊ ကြိုးပမ်းဆောင်ရွက်သွားဖို့အတွက် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးတွေ အပြည့်အဝရှိဖို့ လိုအပ်ပါတယ်။

နောက်တချက် ... **အမျိုးသားသွေးစည်းညီညွတ်ရေး**

အမျိုးသားသွေးစည်းညီညွတ်မှုမရှိတဲ့ နိုင်ငံတနိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှုဆိုတာ မရှိနိုင်ပါဘူး။ နိုင်ငံရေးတည်ငြိမ်မှုမရှိရင် အမျိုးသားစီးပွားရေးကို ဆောင်ရွက်နိုင်မှာမဟုတ်သလို၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တွေဟာလည်း ဘယ်လောက်အာမခံချက်ပေးပေး၊ လာရောက်မြှုပ်နှံကြမှာမဟုတ်ဘူး။ ဒါကြောင့် အမျိုးသားညီညွတ်ရေးကို မရမနေ တည်ဆောက်ဖို့ အရေးကြီးပါတယ်။ အမျိုးသားညီညွတ်ရေးကို တည်ဆောက်ရာမှာလည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်ခဲ့တဲ့အတိုင်း ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရေး အခြေခံပေါ်မှာ တည်ဆောက်ရပါမယ်။

**စစ်မှန်တဲ့ပြည်ထောင်စုဖွဲ့စည်းရေး**

ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ အခွင့်အရေးရဲ့ လက်တွေ့ လုပ်ငန်းစဉ်ကတော့ ဒီမိုကရေစီပြည့်ဝတဲ့ စစ်မှန်တဲ့ပြည်ထောင်စု ဖွဲ့စည်းရေးပဲ ဖြစ်ပါတယ်။ လွတ်လပ်ရေး အကြိုကာလမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းရင်းသားလူမျိုးများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ စစ်မှန်တဲ့ပြည်ထောင်စု ဖွဲ့စည်းရေးအတွက် လမ်းညွှန် ချမှတ်ခဲ့ပါတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ပြီးတဲ့နောက်ပိုင်း ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စုဟာ စစ်မှန်တဲ့ ပြည်ထောင်စု ဖြစ်မလာခဲ့ပါဘူး။ ဘာကြောင့်လည်းဆိုရင် အဲဒီခေတ်က ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စုမှာ ပြည်နယ် ပြည်မ ခွဲခြားမှုရှိနေပြီး၊ ပြည်မကို ဗဟိုအစိုးရနဲ့ ပေါင်းထားတာကြောင့် အခြားပြည်နယ်တွေဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ မရရှိခဲ့ပါ။ ဒါက ၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အားနည်းချက်ပါ။

နောက် ၁၉၄၇ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စုကျပြန်တော့ အမည်ခံသက်သက်ပဲ ဖြစ်ပါ တယ်။ အမှန်က တပြည်ထောင် စနစ်သာဖြစ်ပါတယ်။ တပါတီအာဏာရှင်တို့ရဲ့ ဗဟိုဦးစီးစနစ်အောက်မှာ ဘာမှလုပ်ပိုင်ခွင့်မရှိတဲ့ ပြည်နယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ အမည်ခံပြည်ထောင်စုသာဖြစ်ပါတယ်။ စစ်မှန်တဲ့ ပြည်ထောင်စုဆိုတာက ပြည်နယ် ပြည်မ ခွဲခြားမှုမရှိတဲ့ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ပြည်ထောင်စု ပြည်နယ်တွေကိုပေါင်းပြီး ဗဟိုအစိုးရကို

ဖွဲ့စည်းထူထောင်ရပါမယ်။ ဗဟိုအစိုးရအာဏာနှင့် ပြည်နယ်အစိုးရအာဏာတွေကို ခွဲဝေသတ်မှတ်ထားရပါမယ်။ ပြည်နယ်အစိုးရတွေမှာ ဗဟိုအစိုးရကို အပ်နှံထားတဲ့ အာဏာမှလွဲ၍ ကျန်အာဏာတွေကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လုပ်ပိုင်ခွင့်တွေရှိရပါမယ်။ ဒါမှ စစ်မှန်တဲ့ပြည်ထောင်စု ဖြစ်ပါမယ်။

စစ်မှန်တဲ့ပြည်ထောင်စု ဖွဲ့စည်းရေးဟာ ပြည်တွင်းငြိမ်းချမ်းရေးနှင့်လည်း တနည်းအားဖြင့် ဆက်စပ်နေပါတယ်။ ပြည်တွင်းငြိမ်းချမ်းမှု ရရှိအောင် အမြန်ဆုံးကြိုးစားဆောင်ရွက်ဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူရေး အခြေခံအပေါ်မှာ နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့ လိုအပ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းမှုမရှိတဲ့အတွက် နိုင်ငံရေးတည်ငြိမ်မှု မရှိနိုင်သလို၊ တိုင်းပြည်၏ ဘဏ္ဍာငွေ အမြောက်အများဟာလည်း ဆုံးရှုံးနေပါတယ်။ ဒီဘက်က ပစ်လိုက်တဲ့ အမြောက်ဆံ၊ ကျည်ဆံတွေရော၊ ဟိုဘက်က ပစ်လိုက်တဲ့ အမြောက်ဆံ၊ ကျည်ဆံတွေဟာ တိုင်းရင်းသားပြည်သူတွေရဲ့ စားရ ဝတ်ရမယ့် ငွေတွေ၊ တနည်းအားဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာမှာ အသုံးပြုမယ့် ငွေတွေကိုဖြုန်းတီးနေသလို၊ တိုင်းရင်းသားညီအကိုတွေရဲ့ အသက်ပေါင်း မြောက်များစွာကိုလည်း သေကြေပျက်စီးစေပါတယ်။ ဒါကြောင့် တိုင်းပြည်နဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေတဲ့ ဒီလက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းအရ အမြန်ဆုံးဖြေရှင်းပြီး ပြည်တွင်းငြိမ်းချမ်းမှုရအောင် ဝိုင်းဝန်း ဆောင်ရွက်သွားဖို့လိုပါတယ်။

## ပြည်ထောင်စုကြီးခေတ်မီတိုးတက်ရေး

အထက်က တင်ပြခဲ့သလို ဒီမိုကရေစီထွန်းကားလာမယ်၊ တိုင်းရင်းသားလူမျိုးများလည်း တန်းတူအခွင့်အရေးတွေရှိမယ်၊ စစ်မှန်တဲ့ပြည်ထောင်စုကြီးကို ဖွဲ့စည်းတည်ထောင်နိုင်ပြီး ပြည်တွင်းငြိမ်းချမ်းမှုလည်း ရမယ်ဆိုရင် နိုင်ငံရေးတည်ငြိမ်မှုရလာမယ်။ နိုင်ငံရေးတည်ငြိမ်မှုရသည်နှင့်အမျှ ပြည်တွင်းကုန်ထုတ်လုပ်မှုတွေ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုတွေနဲ့ ခေတ်မီနည်းပညာတွေပါ တိုးတက်လာမယ်။ အဲဒီလို တိုးတက်လာတဲ့ခေတ်နဲ့အညီ စီးပွားရေးစနစ်ကိုလည်း ပြုပြင်ပေးရမယ်။ စီးပွားရေးစနစ်မှာ ဈေးကွက်စီးပွားရေးစနစ်ကို ဦးစားပေးပြီး၊ နိုင်ငံပိုင်ထက် ပုဂ္ဂလိကပိုင်လုပ်ငန်းနှင့် ပြည်တွင်းပြည်ပ ဖက်စပ်လုပ်ငန်းတွေကို ဦးစားပေး ဆောင်ရွက်ရပါမယ်။ ဒီနေရာမှာ မည်သည့်နိုင်ငံနှင့်မဆို အကျိုးတူလုပ်ငန်းတွေမှာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရမယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံအဖြစ်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရပါမယ်။ ဒီနေရာမှာ လယ်ယာကဏ္ဍကို အနည်းငယ် ထည့်ပြောချင်ပါတယ်။ လယ်သမားတွေဟာ လယ်ယာမြေတွေကို လွတ်လပ်စွာ ပိုင်ဆိုင်လွှဲပြောင်းခွင့်ရှိပြီး၊ ထွက်လာတဲ့ သီးနှံတွေကိုလည်း လွတ်လွတ်လပ်လပ် ရောင်းချခွင့်ရှိရပါမယ်။

နောက်ဆုံးအချက်က မည်သည့်အာဏာရှင်စနစ်မျိုးမှ ပြည်ထောင်စုမြန်မာနိုင်ငံမှာ နောက်ထပ် မပေါ်ထွန်းရေး ဖြစ်ပါတယ်။

တပါတီအာဏာရှင်စနစ်အောက်မှာ လူ့အခွင့်အရေးတွေ၊ ဒီမိုကရေစီအခွင့်အရေးတွေ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရပြီး၊ တိုင်းပြည်လည်း ဆင်းရဲမွဲတေခဲ့ရတယ်။ တိုင်းရင်းသားပြည်သူ အပေါင်းဟာလည်း အာဏာရှင်တို့ရဲ့ စိုးမိုးမှုအောက်မှာ ဒုက္ခပင်လယ်ဝေခဲ့ရတယ်။ ခါးသီးတဲ့အတွေ့အကြုံပေါင်း မြောက်များစွာကိုလည်း ရခဲ့တယ်။ ဒါတွေကို အကျယ်ချဲ့ပြီး ပြောစရာတောင် မလိုပါဘူး၊ ဒါကြောင့် ဒီလို ခါးသီးတဲ့ဒုက္ခမျိုးတွေကို သားစဉ်မြေးဆက်မခံရအောင် မည်သည့် အာဏာရှင်

စနစ်မှ မထွန်းကားနိုင်အောင် ဥပဒေအရလည်း ပြဋ္ဌာန်းရမယ်၊ တမျိုးသားလုံးလည်း ဝိုင်းဝန်း ကြိုးပမ်းရပါမယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် အခုတင်ပြခဲ့တဲ့ အဖွဲ့ချုပ်ရဲ့ သဘောထား၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်တွေဟာ အလွန်ကြီးမားတဲ့အတွက် ဒါကို လူမျိုးတမျိုး၊ တဖွဲ့တပါတီအနေနဲ့ ဆောင်ရွက်ခြင်းထက် ပြည်ထောင်စုအကျိုး၊ အမျိုးသားအကျိုးကို လိုလားသော နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားပြည်သူလူထုတရပ်လုံး ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

## (၃) စည်းရုံးရေးခရီးစဉ်များတွင်ဟောပြောချက်များ

**UNLD** အနေဖြင့် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံများမှသာမက၊ လူကိုယ်တိုင် စည်းရုံးရေးကွင်းဆင်းပြီး ဟောပြောပွဲများ လုပ်ခဲ့ပါသည်။ ထိုဟောပြောပွဲများအနက် ရခိုင်ပြည်နယ် စည်းရုံးရေးခရီးစဉ်တွင် အတွင်းရေးမှူး ဆလိုင်းလျန်မှုန်းက ၁၉၉၀ ပြည့် မေလ (၁၄)ရက်နေ့တွင် မြို့ဦးမြို့၌ ဟောပြောခဲ့သော ဟောပြောချက်ကိုပါ ဤနေရာတွင် ပြန်လည်တင်ပြပါသည်။ ဆလိုင်းလျန်မှုန်း၏ ဟောပြောချက်ကို **UNLD** က လည်းကောင်း၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လည်းကောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကလည်းကောင်း သုံးကြိမ်တိုင်တိုင် ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်ပါသည်။

### စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုအရေးနှင့် လူမျိုးစုပြဿနာများ

အားလုံးကိုလေးစားပါတယ်။

ဒီနေ့ဒီနေရာမှာ ရောက်ရှိလာကြတဲ့ ကျနော်တို့အားလုံးသာ ရာစုတခုနှစ်ခုလောက်စောပြီး လူဖြစ်ခဲ့ကြမယ်ဆိုရင် ခင်ဗျားတို့အားလုံးဟာ ရခိုင်မင်းနေပြည်တော်က မြို့တော်သူ မြို့တော်သားများ ဖြစ်ကြပြီး ကျနော်ဟာလည်း ချင်းပြည်ကလာတဲ့ နိုင်ငံခြားသား ဧည့်သည်တယောက်ဖြစ်နေခဲ့မယ်၊ ဒါပေမယ့် အခုတော့ ကျနော်တို့တတွေဟာ စနစ်တခုရဲ့ ဖိနှိပ်ချုပ်ချယ် ကျွန်ပြုခြင်းခံနေရတဲ့ ဘဝကနေ လွတ်မြောက်ဖို့ အတူတကွ လက်တွဲတိုက်ပွဲဝင်ရန် ဆုံဆည်းနေကြပါတယ်။

ဒါကြောင့် ယနေ့ ကျနော်တို့ဆင်နွှဲနေတဲ့ ဒီမိုကရေစီ အရေးတော်ပုံကြီးဟာ မင်းဆိုးမင်းညစ်တပါးကို ဖြုတ်ချပြီး၊ လူထုကြိုက်နှစ်သက်တဲ့ မင်းတပါးကို ပြောင်းလဲ တင်မြှောက်ရုံနဲ့ မပြီးပါဘူး။ ကျနော်တို့ တိုက်ပွဲဟာ မင်းပြောင်းမင်းလွှဲလုပ်တဲ့ သာမန်နိုင်ငံရေးတိုက်ပွဲမဟုတ်ဘူး။ လူပုဂ္ဂိုလ်ကို တော်လှန်ဖြုတ်ချတဲ့ တိုက်ပွဲမဟုတ်ဘူး။ အာဏာရှင်စနစ်ကို တော်လှန်ဖြုတ်ချဖို့ ဆင်နွှဲတဲ့တိုက်ပွဲဖြစ်တယ်။ စနစ်တခုလုံးကို တော်လှန်ပြောင်းလဲတဲ့ တိုက်ပွဲ ဖြစ်တယ်။

ဒီလို စနစ်တခုလုံးကို တော်လှန်ပြောင်းလဲတဲ့တိုက်ပွဲမှာ ကျနော်တို့ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တိုက်ပွဲကြွေးကြော်သံဟာ ဒီမိုကရေစီရေးနှင့်အတူ တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေးရရှိရေးကို တပြိုင်နက်ထဲ တိုက်ပွဲဝင်သွားမယ်လို့ ကြွေးကြော်ထားပါတယ်။ ဒီမိုကရေစီမရှိတဲ့စနစ်ကနေ ဒီမိုကရေစီထွန်းကားတဲ့စနစ်၊ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေးမရှိတဲ့စနစ်ကနေ တန်းတူရည်တူအခွင့်အရေး ရရှိတဲ့စနစ်မျိုးကို ရရှိဖို့

ဆင်နွှဲနေတဲ့ တိုက်ပွဲဖြစ်တယ်။ ဒီတိုက်ပွဲဟာ ဒီမိုကရေစီရရှိရေး တခုထဲမဟုတ်ဘူး။ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရေးကိုပါ တပြိုင်နက်ထဲ ဖေါ်ဆောင်သွားမှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်တဲ့နိုင်ငံမှာ ဒီမိုကရေစီရေးနှင့် တန်းတူရည်တူရေးဟာ ခွဲမရအောင် ဆက်စပ်နေလို့ပါပဲ။ ဒင်္ဂါးတပြားရဲ့ ခေါင်းနဲ့ ပန်းလို ဆက်စပ်နေပါတယ်။ ဒါကြောင့် ဒီမိုကရေစီရေးနှင့် တန်းတူရေးကို ပထမတာဝန်၊ ဒုတိယတာဝန်လို့ ခွဲခြားမထားပဲ တပြိုင်နက် လုပ်ဆောင်ရမယ့် အမျိုးသားတာဝန်ဖြစ်တယ်လို့ ကျနော်တို့ခံယူထားတယ်။

တချို့နိုင်ငံရေးပါတီများဟာ ဒီမိုကရေစီရေးသာ ပထမ၊ ဒီမိုကရေစီရေးသာ ဒုတိယ၊ ဒီမိုကရေစီရေးသာ တတိယ ဆိုပြီး ကြွေးကြော်နေကြတယ်။ ဒီမိုကရေစီရပြီးမှ တန်းတူရေးပြဿနာဖြစ်တဲ့ လူမျိုးစုပြဿနာ၊ တိုင်းရင်းသားလူမျိုးများအရေးကို စဉ်းစားမယ်ဆိုပြီး ပြောနေကြတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်တဲ့ မြန်မာနိုင်ငံမှာ ဒီလိုလုပ်လို့ မရဘူးဆိုတာ သမိုင်းသင်ခန်းစာ ရှိပါတယ်။ လွတ်လပ်ရေးအကြိုကာလတုန်းက လွတ်လပ်ရေးသာ ပထမ၊ လွတ်လပ်ရေးသာ ဒုတိယ၊ လွတ်လပ်ရေးသာ တတိယဆိုပြီး ကြွေးကြော်ခဲ့တယ်။ လွတ်လပ်ရေးရပြီးမှ ညီအစ်ကိုအချင်းချင်း တိုင်းရင်းသားလူမျိုးများရဲ့ အရေးအရာကို စဉ်းစားကြတာပေ့ါလို့ ဖဆပလ ခေါင်းဆောင်များက ပြောခဲ့ကြတယ်။ ဒါကို ကျနော်တို့ လူမျိုးစုခေါင်းဆောင်များကလည်း ယုံကြည်လက်ခံခဲ့တယ်၊ ဒါပေမဲ့ လွတ်လပ်ရေးသာရတယ်။ ကျနော်တို့ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူအခွင့်အရေး ရရှိသလား။ ကိုယ့်ကိုယ်ကိုပဲ ဆန်းစစ်ကြပါ။ ကျနော်တို့ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူအခွင့်အရေး မရရှိခဲ့လို့၊ လူမျိုးစုပြဿနာကို ပြေလည်အောင်မဖြေရှင်းနိုင်ခဲ့လို့ မြန်မာနိုင်ငံမှာ အနှစ် (၄၀)ပြည်တွင်းစစ်နဲ့ ရင်ဆိုင်နေရတယ်။ ဒါကြောင့် သမိုင်းသင်ခန်းစာအရ အခု ဆင်နွှဲနေတဲ့ ဒီမိုကရေစီတိုက်ပွဲကာလမှာလည်း ဒီမိုကရေစီရေးသက်သက်နဲ့ မလုံလောက်ဘူး။ တန်းတူရေးကိုပါ တပြိုင်နက်ထဲ ဖေါ်ဆောင်ရမယ်လို့ ကျနော်တို့ ခံယူထားပါတယ်၊

မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးသက်သက်နဲ့သာ လုံလောက်ရင် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူလူထုက မိမိတို့ကိုယ်စား နိုင်ငံတော်အာဏာ အသုံးပြုခွင့်ပေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်သူ့အစိုးရကို ဖွဲ့စည်းတာနဲ့ ပန်းတိုင်ရောက်ပြီလို့ ဆိုရပေလိမ့်မယ်။ တနည်းပြောရရင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီက အစိုးရဖွဲ့စည်းတဲ့အချိန်ဟာ ပန်းတိုင်ရောက်တဲ့အချိန်လို့ ဆိုရလိမ့်မယ်။ ရွေးကောက်ပွဲမှာ အနိုင်ရရှိတဲ့ပါတီက ဖွဲ့စည်းတဲ့ အစိုးရကို နဝတ စစ်အစိုးရက အာဏာလွှဲပြောင်းပေးတဲ့နေ့ဟာ အောင်ပွဲခံတဲ့နေ့လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါပေမဲ့ လာမဲ့ရွေးကောက်ပွဲဟာ ကျနော်တို့ရဲ့ ပန်းတိုင်မဟုတ်သေးဘူးဆိုတာ အလေးအနက်ထားပြီး ပြောလိုပါတယ်။ လာမည့် မေလ (၂၇)ရက်နေ့ဟာ အောင်ပွဲခံမည့်နေ့ မဟုတ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီနိုင်ငံမှာ ဒီမိုကရေစီတခုတည်းနဲ့ မလုံလောက် မပြည့်စုံတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီမိုကရေစီရေးနဲ့အတူ တဆက်တည်းဆောင်ရွက်ရမည့် တန်းတူရေးပြဿနာကို ကျေလည်စွာ မဆောင်ရွက်နိုင်သရွေ့ ကျနော်တို့ ပန်းတိုင်မရောက်သေးဘူးဆိုတာ စွဲစွဲမြဲမြဲ မှတ်ထားကြပါ။

ဒီမိုကရေစီရေးကို အာဏာရှင်စနစ်ဖြုတ်ချလိုက်တာနဲ့ တပြိုက်နက် အကောင်အထည်ဖေါ်လို့ရပါတယ်။ ဒါပေမဲ့ တန်းတူရေးပြဿနာကတော့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ သက်ဆိုင်နေပါတယ်။ ဒီမိုကရေစီကို မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မဆို ပြဌာန်းကာကွယ် အကောင်အထည်ဖေါ်လို့ ရပါတယ်။ ကျနော်ဆိုလိုတာက ဒီမိုကရေစီစနစ်ကို ပြည်ထောင်စုစနစ်နဲ့ရော၊ တပြည်ထောင်စနစ်နဲ့ပါ ပြဌာန်းကာကွယ်လို့ရပါတယ်။ ဥပမာပြောရရင် အမေရိကန်ပြည်ထောင်စုလို ပြည်ထောင်စုစနစ်နဲ့လည်း ပြဌာန်းကာကွယ်နိုင်ပြီး၊ အင်္ဂလန် ပြင်သစ် စတဲ့ တပြည်ထောင်စနစ်ကို ကျင့်သုံးတဲ့နိုင်ငံမှာလည်း

ဒီမိုကရေစီအထူးထွန်းကားအောင် ဖေါ်ဆောင်နိုင်ပါတယ်။ ဒါပေမဲ့ တန်းတူရေးကိုတော့ မရဘူး။ တိုင်းရင်းသားလူမျိုးပေါင်းစုံ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိရေးကို တပြည်ထောင်စနစ်နဲ့ အကောင်အထည်မဖေါ်နိုင်ဘူး။ တန်းတူရေးပြဿနာကို တပြည်ထောင်စနစ် **Unitary** နဲ့ ဖြေရှင်းလို့ မရဘူး။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ တန်းတူရေးပြဿနာ၊ လူမျိုးစုပြဿနာကို **Unitary** စနစ်နဲ့ လုံးဝ ဖြေရှင်းလို့မရဘူး။ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်၊ ဖက်ဒရယ်စနစ်နဲ့ပဲ ဖြေရှင်းနိုင်မယ်။ အကောင်အထည်ဖေါ် နိုင်မယ်။ ဒါကြောင့် ကျနော် တို့ရဲ့ တန်းတူရေးပန်းတိုင်ဟာ စစ်မှန်တဲ့ပြည်ထောင်စုစနစ်နဲ့ နိုင်ငံတော်ကို ဖွဲ့စည်းထူထောင်ရေးပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ မေးခွန်းတခု မေးနိုင်ပါတယ်။ မေးလည်းမေးခဲ့ကြတယ်။ ခင်ဗျားပြောနေတဲ့ ပြည်ထောင်စုဟာ ဘယ်လိုပြည်ထောင်စုလဲ၊ မြန်မာနိုင်ငံဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အရရော၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရရော၊ ပြည်ထောင်စုစနစ်နဲ့ပဲ ဖွဲ့စည်းထူထောင်ခဲ့တယ် မဟုတ်လားဆိုပြီး မေးခွန်းထုတ်နေကြပါတယ်။ မှန်ပါတယ်။ မြန်မာနိုင်ငံမှာ နာမည်ဝေါဟာရအားဖြင့် "ပြည်ထောင်စု" ကို ဖွဲ့စည်းထူထောင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျနော်တို့နိုင်ငံမှာ ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စုဟာ အတုအယောင်ပြည်ထောင်စု၊ အလိမ်အညာပြည်ထောင်စုတွေပဲ ဖြစ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုစနစ်ရဲ့အင်္ဂါရပ်နဲ့ မညီညွတ်လို့ပါပဲ။ ပြည်ထောင်စုစနစ်အရ ပြည်နယ်များရရှိခံစားသင့်တဲ့ နိုင်ငံရေးအာဏာများ မရရှိခဲ့ဖူး၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရ အာဏာခွဲဝေရေးမှာလည်း လုံးထွေးနေတယ်။ ပြည်ထောင်စုစနစ်အရ ကျနော်တို့တိုင်းရင်းသားလူမျိုးများ ခံစားသင့် ခံစားထိုက်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကို လွတ်လပ်စွာ ဖန်တီးခွင့်မရရှိခဲ့ပါဘူး။ ရှင်းရှင်းပြောရရင် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေးမရရှိခဲ့ပါဘူး။ တန်းတူရေးမရှိတဲ့ ပြည်ထောင်စုဟာ စစ်မှန်တဲ့ပြည်ထောင်စု မဖြစ်နိုင်ဘူး။

ဒီနေရာမှာအလျဉ်းသင့်လို့ ကျနော်တို့ တိုင်းရင်းသားလူမျိုးများ ဘာဖြစ်လို့တန်းတူရည်တူ အခွင့်အရေး ရရှိသင့်သလဲဆိုတာ အနည်းငယ် ပြောလိုပါတယ်။ ယနေ့မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင် ကြတဲ့ တိုင်းရင်းသားလူမျိုးများဟာ နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ မကျရောက်ခင် သီးခြားလွတ်လပ်တဲ့ လူမျိုးများသာ ဖြစ်ကြတယ်။ ခင်ဗျားတို့ ရခိုင်လူမျိုးနှင့် မွန်လူမျိုးများဟာလည်း၊ ဗမာဘုရင် လက်အောက် သို့ မကျရောက်ခင်၊ ကိုယ်စနစ်နဲ့ကိုယ် သီးခြားလွတ်လပ်တဲ့ လူမျိုးများ ဖြစ်ကြတယ်။ ဒီလို သီးခြား လွတ်လပ်တဲ့ လူမျိုးများဟာ နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ အတူတကွ ကျွန်ခံကြပြီး ကျွန်ဘဝက လွတ်မြောက်ဖို့အတွက်လည်း အတူတကွ လက်တွဲ တိုက်ပွဲဝင်လာကြတယ်။ လွတ်လပ်ရေးတိုက်ပွဲ ကာလမှာ ဗိုလ်ချုပ်အောင်ဆန်းက နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်သွားတဲ့အခါ သီးခြား နိုင်ငံတွေ မထူထောင်ပဲ၊ တန်းတူရည်တူ ပူးပေါင်းတဲ့ ပြည်ထောင်စုကို အတူတကွ ထူထောင်ဖွဲ့ကြဖို့ ကျနော်တို့ တိုင်းရင်းသားလူမျိုးများကို ဖိတ်ခေါ်ကမ်းလှမ်းခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဖိတ်ခေါ် ကမ်းလှမ်းချက်ကို တိုင်းရင်းသားလူမျိုးများက လက်ခံယုံကြည်ပြီး၊ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့တယ်။ ကျနော်တို့ အဖိုးအဖွားများက ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့လို့သာ ကျနော်တို့တတွေ ဒီနိုင်ငံ အတွင်းမှာ အတူတကွ စုပေါင်းနေထိုင်ခြင်းဖြစ်တယ်။ မည်သည့်လူမျိုး၊ မည်သည့်ပုဂ္ဂိုလ် ကမျှ လက်နက်နဲ့ တိုက်ခိုက်သိမ်းပိုက်ကျွန်ပြုလို့ ဒီနိုင်ငံနယ်နိမိတ်အတွင်းမှာ ကျနော်တို့ နေထိုင်ခြင်းမဟုတ်ဘူး၊ ကျနော်တို့ ဘိုးဘွားပိုင်နယ်မြေအသီးသီးကို မိမိတို့ ဆန္ဒအလျောက်ပူးပေါင်းပြီး ဒီပြည်ထောင်စုကြီးကို ဖွဲ့စည်း ထူထောင်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာတည်မြဲရေး၊ လွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး စတဲ့ နိုင်ငံတော်တာဝန်ဟာ လူမျိုးတမျိုး လူတန်းစားတရပ်

ကသာ ဆောင်ရွက်ရမည့်အလုပ် မဟုတ်ဘူး။ ကျနော်တို့အားလုံးရဲ့ မွေးရာပါတာဝန်ဖြစ်တယ်။ တိုင်းရင်းသားလူမျိုးအားလုံး တန်းတူရည်တူ ဆောင်ရွက်ရမဲ့ တာဝန်ဖြစ်တယ်။ ဒီပြည်ထောင်စုအတွင်းမှာ ရှိနေကြတဲ့ တိုင်းရင်းသားလူမျိုးအားလုံးဟာ အခွင့်အရေးအရသာမက၊ တာဝန်ယူမှုအပိုင်းမှာလည်း တန်းတူရည်တူ ဖြစ်ရမယ်။ ဒီလိုမျိုး တန်းတူရေးကို ကျုပ်တို့ လိုချင်နေပါတယ်။ အခွင့်အရေးလည်းမရှိ တာဝန်ယူပိုင်ခွင့်လည်း မရှိတဲ့ ဘဝဟာ ကျွန်ဘဝ အစစ်ပဲ။

ဗိုလ်ချုပ်အောင်ဆန်း ပြောတုန်းကတော့ ခင်ဗျားတို့ တောင်ပေါ်သားတွေကို အင်္ဂလိပ် ကျွန်ဘဝမှာ မနေစေချင်သလို၊ ဗမာလူမျိုးတို့ရဲ့ ကျွန်ဘဝမှာလည်း မနေစေရဘူး။ တန်းတူရည်တူ ဆက်ဆံပါ့မယ်။ ဗမာတကျပ်ရရင် ရှမ်းလည်း တကျပ်ရစေရမယ်လို့ ပြောခဲ့တယ်။ ဗမာတကျပ်ရရင် ရှမ်းလည်းတကျပ် ရစေရမယ် ဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ စကားကို ယုံခဲ့မိလို့ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးပြီး ဒီပြည်ထောင်စုကို ဖွဲ့စည်းခြင်းဖြစ်တယ်။ ဒါပေမယ့် တကယ်တမ်း လွတ်လပ်ရေး ရတဲ့အခါကျတော့ ဗိုလ်ချုပ်ပြောတဲ့ ဗမာတကျပ်၊ ရှမ်းတကျပ် "မူ" ဟာ ဘယ်လို ဖြစ်သွားသလဲဆိုတော့ ဗမာတကျပ် ရှမ်းတကျပ်၊ ဗမာတကျပ် ချင်းတကျပ်၊ ဗမာတကျပ် ရခိုင်တကျပ်နဲ့ ဒီလိုဖြစ်သွားပြီး၊ ဗမာ (၇) ကျပ်ရတဲ့အခါ အခြားတိုင်းရင်းသားလူမျိုး (၇) မျိုးဟာ တကျပ်စီပဲ ရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ လူမျိုးရေးတန်းတူမှု၊ နိုင်ငံရေးတန်းတူမှုဆိုတာ မရှိဘူး။ ပြည်ထောင်စုနေ့မှာ ဗမာအကတမျိုး တင်ဆက်တဲ့အခါ အခြားတိုင်းရင်းသားလူမျိုးအသီးသီးက အကတမျိုးစီ တင်ဆက်ကပြဖျော်ဖြေခွင့်ရတာကိုပဲ တန်းတူရေးအစစ်အမှန်လို့ ထင်နေကြတယ်။

ဒီလိုမျိုး တန်းတူရေးကို ကျုပ်တို့လိုချင်နေတာ မဟုတ်ဘူး၊ ယဉ်ကျေးမှုတန်းတူရေး၊ လူမှုရေး တန်းတူရေးကို ကျုပ်တို့ပြောနေတာ မဟုတ်ဘူး၊ သမိုင်းအစဉ်အလာမတူတဲ့ လူမျိုးနှစ်မျိုး၊ ဘာသာစကားနှင့် ကိုးကွယ်မှုအခြေခံချင်းမတူတဲ့ လူမျိုးနှစ်မျိုးဟာ ဘယ်လိုနည်းနဲ့မှ ယဉ်ကျေးမှုအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း တန်းတူ မဖြစ်နိုင်ဘူး။ ထပ်တူလည်း မကျနိုင်ဘူး။ ဟားခါးမြို့နဲ့ ရန်ကုန်မြို့ဟာ ဘယ်လိုနည်းနဲ့မှ ထပ်တူမကျနိုင်ဘူး၊ ဒါကို ကျုပ်တို့ နားလည်ပါတယ်။ ဒါပေမယ့် ဗမာလူမျိုးနဲ့ ချင်းလူမျိုးဟာ နိုင်ငံရေးအရ တန်းတူရမယ်၊ တရားဥပဒေရှေ့မှောက်မှာ တန်းတူရမယ်။ နိုင်ငံရေးအရ တန်းတူရေးကိုပဲ ကျနော်တို့ ပြောနေခြင်း ဖြစ်တယ်။ နိုင်ငံရေးအရတန်းတူခွင့်ကို ကျနော်တို့ တောင်းဆိုနေပါတယ်။

နိုင်ငံရေးအရ ဘယ်လိုတန်းတူရမလဲဆိုတာ မပြောခင်၊ ဘယ်လောက် တန်းတူရည်တူ မဖြစ်ခဲ့သလဲဆိုတာကို အရင်ပြောချင်ပါတယ်။ ပထမဆုံး ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အားနည်းချက်ကိုပြောမယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ အဓိကအားနည်းချက် သုံးချက်ရှိတယ်လို့ သုံးသပ်မိတယ်။ ပထမအားနည်းချက်ကတော့ ပြည်နယ်များကိုကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာအပြည့်အဝ မပေးတဲ့အချက်ဖြစ်တယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ နိုင်ငံရေးအာဏာဆိုတာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ပဲ ဖြစ်ပါတယ်။ ဒီအာဏာသုံးရပ်စလုံးမရှိရင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုတာ မပြည့်စုံနိုင်ဘူး။ နှစ်ပေါင်းလေးဆယ်ကျော် ကျနော်တို့ တိုင်းရင်းသားလူမျိုးများ ဘယ်လို အလိမ်အညာခံခဲ့သလဲဆိုတော့ အုပ်ချုပ်ရေးအာဏာကို နိုင်ငံရေးအာဏာလို့ အလိမ်ညာခံခဲ့ပါတယ်။ ရှမ်းပြည်နယ်မှာ ရှမ်းတယောက်က အုပ်ချုပ်ရေးအရာရှိလုပ်ပြီး အုပ်ချုပ်ရုံနဲ့၊ ရခိုင်ပြည်နယ်မှာ ရခိုင်တယောက်က အုပ်ချုပ်ရုံနဲ့၊ နိုင်ငံရေးအာဏာ ပေးထားတယ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပေးထားပါတယ်လို့ လိမ်ညာခဲ့ပါတယ်။ အမှန်မှာတော့ အုပ်ချုပ်ရေးအာဏာဆိုတာ နိုင်ငံရေးအာဏာအစိတ်အပိုင်းတခုမျှသာဖြစ်တယ်။ နိုင်ငံရေးအာဏာမှာ အရေးကြီးဆုံးဟာ ဥပဒေပြုအာဏာပဲ ဖြစ်တယ်။ အုပ်ချုပ်ရေးအာဏာဆိုတာ

ရေးဆွဲပြဋ္ဌာန်းပြီးသား ဥပဒေအတိုင်း တသွေမတိမ်း လိုက်နာစီမံခြင်းပဲ ဖြစ်တယ်။ တရားစီရင်ရေး အာဏာလည်း ဒီအတိုင်းပဲ ဖြစ်တယ်။ အတည်ပြုပြဋ္ဌာန်းပြီးသား ဥပဒေအတိုင်းသာ တရားစီရင်ရတယ်။ ဒါကြောင့် ဥပဒေပြုအာဏာဟာ အခရာပဲ၊ ဥပဒေပြုအာဏာမရှိတဲ့လူမျိုး၊ ဥပဒေပြုအာဏာမရှိတဲ့ ပြည်နယ်ဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာမရှိတဲ့လူမျိုးပဲ ဖြစ်ပါတယ်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်နယ်များဟာ နိုင်ငံရေးအာဏာ အပြည့်အဝ မရှိကြဘူး။ ပြည်နယ်များ နိုင်ငံရေးအာဏာ အပြည့်အဝမရတဲ့အပြင်၊ ကျနော်တို့ ချင်းလူမျိုးများဟာ ပြည်နယ်တောင်မရပဲ ချင်းဝိသေသတိုင်းဆိုပြီး အထူးတိုင်းအဖြစ် သတ်မှတ်ခြင်းခံရပါတယ်။ ကျနော်တို့ကိုပေးထားတဲ့ ထူးခြားတဲ့ဝိသေသများကတော့ အထူးအနှိမ်ခံခြင်း၊ အထူးခေတ်နောက်ကျစေခြင်း၊ အခွင့်အရေးများ အထူးပိတ်ပင်ခြင်းများပဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ရခိုင်ကျတော့ ဘယ်လောက်အခွင့်အရေးရခဲ့သလဲမသိဘူး၊ ပြည်နယ်ရသင့်ပါလျက် မရရှိပဲ ရခိုင်တိုင်းအဖြစ်နဲ့ ကျေနပ်ခဲ့ရတယ်လို့ သိရပါတယ်။ တကယ်တမ်း ဆန်းစစ်ကြည့်ရင် တိုင်းပဲခေါ်ခေါ်၊ ဝိသေသတိုင်းပဲခေါ်ခေါ်၊ ပြည်နယ်ပဲခေါ်ခေါ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နိုင်ငံရေးအာဏာမရှိတဲ့ပြည်နယ်တို့၊ တိုင်းတို့ဆိုတာ ဝေါဟာရသာ ကွဲပြားတယ်၊ အနှစ်သာရကတော့ အတူတူပါပဲ။ အဲ ... ပေးကမ်းစွန့်ကြဲခဲ့ရတဲ့ နေရာမှာတော့ နည်းနည်းပါးပါး ကွာခြားမှာပေါ့။ ဘာပဲဖြစ်ဖြစ် သူများ ပေးမှကမ်းမှ စားရတဲ့ နိုင်ငံရေးသူတောင်းစားဘဝပါပဲ။ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်မရှိတဲ့ နိုင်ငံရေးသူတောင်းစားဘဝကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအားနည်းချက်ကြောင့် ကျနော်တို့ ရောက်သွားခဲ့ပါတယ်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဒုတိယအားနည်းချက်ကတော့ တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်တဲ့ ဗမာလူမျိုးများကို ပြည်နယ်ဖွဲ့စည်းစေခြင်းမရှိစေပဲ၊ ပြည်မကြီးလို့ခေါ်စေပြီးတော့ ပြည်ထောင်စုအာဏာတခုလုံးကို ပုံအပ်ပေးလိုက်ခြင်းပဲ ဖြစ်တယ်။ ဒီလို ဗမာလူမျိုးများက ပြည်ထောင်စုကြီးရဲ့ ဗဟိုအစိုးရအာဏာကို ချုပ်ကိုင်ထားပြီး၊ အခြားတိုင်းရင်းသားလူမျိုးများကျတော့ ဘာ အာဏာမှမရှိတဲ့ တိုင်းတို့ ပြည်နယ်တို့ ဖွဲ့စည်းတဲ့အခါ ဘာဖြစ်သွားလဲ။ ကျနော်တို့တတွေဟာ ဗမာလူမျိုးတို့ရဲ့ ကိုလိုနီနယ်၊ ကိုလိုနီကျွန်ဘဝကို ရောက်သွားတာပေါ့။ ကျနော် ဒီလိုပြောလိုက်တော့ ဗမာရဲဘော်တော်တော်များများက လက်မခံချင်ကြဘူး။ ဘာဖြစ်လို့ လက်မခံသလဲဆို တာ ကျနော်စဉ်းစားလို့မရဘူး။ အမှန်တရားကို လက်ခံရဲဖို့ သူတို့မှာ အရမ်းကို သတ္တိနည်းသွားကြပြီ။ ပြည်ထောင်စုဆိုပြီး လူမျိုးတမျိုးက ဗဟိုအစိုးရရှိ အာဏာတခုလုံးကို ချုပ်ကိုင်ထားတယ်။ ကျန်တဲ့လူမျိုးများဟာ ဗဟိုအစိုးရမှာ ဘာအာဏာမှ မရှိဖူး။ ပြည်နယ်များဖွဲ့စည်းတဲ့အခါကျတော့လည်း နိုင်ငံရေးအာဏာအပြည့်အဝမရှိတဲ့ ပြည်နယ်မျှသာ ဖြစ်ပြန်တယ်။ ဒီလို အခြားတိုင်းရင်းသားလူမျိုးများဟာ ပြည်နယ်မှာလည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာမရှိ၊ ဗဟိုအစိုးရကိုလည်း ဗမာလူမျိုးတမျိုးကသာ ချုပ်ကိုင်တယ်ဆိုရင် ကျန်တဲ့လူမျိုးများဟာ ကိုလိုနီအစစ်အမှန်တွေပဲပေါ့။ ဒါ အမှန်တရားပဲ။ အမှန်တရားကိုသတ္တိရှိရှိ လက်ခံရဲမှ အကောင်းဆုံးကို ဖန်တီးနိုင်မယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ အနာဂါတ်ကံကြမ္မာကို အကောင်းဆုံး ဖန်တီးချင်ရင် အတိတ်သမိုင်းကို အမှန်အတိုင်း လက်ခံရဲရမယ်။ ဒီလို အမှန်တရားကို လက်ခံရဲတဲ့သတ္တိမရှိရင်တော့ မြန်မာနိုင်ငံရဲ့ အနာဂါတ်အတွက် အကောင်းဆုံး မျှော်လင့်လို့ မရသေးဘူးဆိုတာ ရဲရဲကြီးပြောရဲတယ်။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ တတိယအားနည်းချက်ကတော့ လူမျိုးစုလွှတ်တော်ကို ပြည်ထောင်စုစနစ် အတိုင်းမဟုတ်ပဲ တပြည်ထောင်စနစ်ကျင့်သုံးတဲ့ အင်္ဂလန်နိုင်ငံက **House of Lord** ကို ပုံတူကူးချတာပဲ ဖြစ်တယ်။ ပြည်ထောင်စုစနစ်အရ အထက်လွှတ် တော်လို့ခေါ်တဲ့ လူမျိုးစုလွှတ်တော်မှာ ပြည်နယ်အလိုက်အမတ်ဦးရေ အညီအမျှ စေလွှတ်ကြရမှာ ဖြစ်တယ်။ ဒါပေမယ့် ၁၉၄၇ ဖွဲ့စည်းပုံ

အရ လူမျိုးစုလွှတ်တော်ကို ပြည်သူ့လွှတ်တော်လိုပဲ လူဦးရေအချိုးအစားအလိုက် လွှတ်တော်အမတ်ဦးရေ ရွေးချယ်စေလွှတ်တဲ့အခါကျတော့ လူဦးရေ အဆမတန်များပြားတဲ့ ဗမာတွေက ပြည်သူ့လွှတ်တော်မှာရော၊ လူမျိုးစုလွှတ်တော်မှာပါ လွှမ်းမိုးချယ်လှယ်လို့ရသွားတယ်။ ဒီလို ဗမာလူမျိုးတမျိုးထဲက လွှမ်းမိုးချင်တိုင်း လွှမ်းမိုး၊ ချယ်လှယ်ချင်တိုင်း ချယ်လှယ်လို့ရမယ့်အတူတူ ဘာဖြစ်လို့ ပြည်ထောင်စုခေါ်သေးလဲ၊ ဗမာ ပြည်ထောင်ဆိုပြီး တပြည်ထောင်စနစ်လုပ်ပါလား။ အဲ ... အဲဒီလို တပြည်ထောင်စနစ်နဲ့ပဲဖြစ်ဖြစ်၊ ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ်ရောထားတဲ့ အတုအယောင်ပြည်ထောင်စုနဲ့ဖြစ်ဖြစ်၊ ဒီတိုင်းပြည်ကို ဖွဲ့စည်းအုပ်ချုပ်နေသရွေ့ ကျနော်တို့ တိုင်းရင်းသားလူမျိုးများ ဘယ်နည်းနဲ့မှ တန်းတူ အခွင့်အရေးမရနိုင်ဖူးဆိုတာ မှတ်ထားပါ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခွင့် မရနိုင်ဖူး ဆိုတာမှတ်ထားပါ။ ကျနော်တို့ရဲ့ ဘဝအာမခံချက် လုံးဝမရှိတော့ဖူးဆိုတာ မှတ်ထားပါ။ ဒီလို ဥပဒေပြု အဖွဲ့ကြီးဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်မှာ လူမျိုးတမျိုးထဲကသာ လွှမ်းမိုးချယ်လှယ်နေမယ်ဆိုရင် ဘယ်လိုလုပ်ပြီး ကျနော်တို့ ဘဝ အာမခံချက်ရှိနိုင်မလဲ။ ကျနော်တို့သိပ်ကံကောင်းခဲ့တယ်။ မြန်မာနိုင်ငံမှာ ဟစ်တလာလို အာဏာရှင်တယောက်ပေါ်ခဲ့ရင် ဟစ်တလာက ဂျူးလူမျိုးအားလုံးကို သက်စေဆိုပြီး၊ ဒုတိယ ကမ္ဘာစစ်အတွင်း ဂျူးလူမျိုး (၆)သန်း အသတ်ခံရသလို မြန်မာနိုင်ငံမှာရှိတဲ့ ချင်းလူမျိုးအားလုံးကို သတ်စေဆိုပြီး၊ လွှတ်တော်မှာ တရားဝင် အဆိုတင်သွင်းခဲ့ရင် ကျနော်တို့ ဘာနဲ့ကာကွယ်မလဲ။ ပြည်သူ့လွှတ်တော်မှာရော လူမျိုးစုလွှတ်တော်မှာပါ သုံးပုံ နှစ်ပုံမဲဟာ ဗမာမဲဖြစ်နေတဲ့အတွက် ကျနော်တို့ ချင်းလူမျိုးလွှတ်တော်ကိုယ်စားလှယ်အားလုံးတက်ပြီး မဲပေးကာကွယ်ရင်လဲ အလကားပဲ၊ ညီအကို တိုင်းရင်းသား ကချင်၊ ကရင်၊ ရခိုင်၊ ရှမ်းစတဲ့ တိုင်းရင်းသား လူမျိုးများက ချင်းဖက်က ကာကွယ်မဲပေးရင်လဲ အလကားပဲ၊ အရာရောက်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စု လွှတ်တော်တခုလုံးရဲ့ သုံးပုံနှစ်ပုံမဲကို ဗမာလူမျိုး တမျိုးထဲကသာ ပိုင်ဆိုင်ထားတဲ့အတွက် သူတို့ကြိုက်တာ ဘာမဆိုလုပ်နိုင်တယ်။ ကျနော်တို့ဟာ ဥပဒေအရ ဘာ အာမခံချက်မှ မရှိဘူး။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက ကျနော်တို့ကို အကာအကွယ်မပေးနိုင်ဘူး။ အပြဋ္ဌာန်းခံဘဝမှာ ကျနော်တို့ ရောက်ရှိသွားခဲ့တယ်။

ကျနော်က ဟစ်တလာကို ဥပမာပေးပြီး ဒီလိုပြောတဲ့အခါကျတော့ ဗမာရဲဘော်တချို့က ဗမာပြည်မှာ ဒါမျိုးမဖြစ်နိုင်ဘူးလို့ ချေပပြောဆိုကြတယ်။ သိပ်ကို ဖြစ်နိုင်တယ်။ ဖြစ်လဲဖြစ်ခဲ့ပြီးပြီ။ ပါလီမန် ဒီမိုကရေစီခေတ်လို့ခေါ်တဲ့ ဦးနုခေတ်မှာဖြစ်ခဲ့ပြီ။ ဦးနုက ဘာလုပ်သလဲဆိုတော့ ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် လွှတ်တော်မှာ ဥပဒေနဲ့ ပြဋ္ဌာန်းခဲ့တယ်။ အဲဒီတုန်းက ကျနော်တို့ ပြည်နယ်သားတွေ ဗုဒ္ဓဘာသာဝင်တွေမဟုတ်တဲ့ ပြည်နယ်သားတွေက ဘယ်လိုပဲ ကန့်ကွက်မဲပေးပေး၊ ပင်လယ်ထဲကို ရေတစက်ကျသလောက်တောင် အရာမထင်ခဲ့ဘူး။ လူဦးရေနည်းပါးတဲ့ ကျနော်တို့ တိုင်းရင်းသား လူမျိုးများကို ဗမာလူမျိုးကြီးဝါဒီတွေက အနိုင်ကျင့်ခဲ့တယ်။ ဒီလို တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေးမပေးပဲ လူဦးရေပိုများတဲ့ ဗမာလူမျိုးများကို ပြည်ထောင်စုအာဏာ တခုလုံး ပုံအောပေးခဲ့တာဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အဓိကအားနည်းချက်ဖြစ်ပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်ကိုတော့ အထူးမပြောလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ အခြေခံအားဖြင့် ပြည်ထောင်စုစနစ်မဟုတ်ဘဲ တပြည်ထောင်စနစ်သာလျှင် ဖြစ်တယ်။ တပြည်ထောင် စနစ်ရဲ့ အနှစ်သာရ **The essential Quality of Unitary State** ရဲ့ ပထမအချက်ဟာ **The supremacy of the central parliament** ဖြစ်ပြီး၊ ဒုတိယအချက်ဟာ **The absence of subsidiary sovereign bodies** ဖြစ်တယ်။ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ အထက်ပါ အချက် (၂)ချက်စလုံးနဲ့ ပြည့်စုံတယ်။ ဒါကြောင့် တပြည်ထောင်စနစ်

**Unitary** စစ်စစ်ဖြစ်တယ်။ နာမည်ဝေါဟာရအားဖြင့် ဘယ်လိုပဲ ပြည်ထောင်စုပြောပြော လိမ်ညာမှု သက်သက်ပဲဖြစ်တယ်။ ဒါကြောင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဟာ အတုအယောင်ပြည်ထောင်စုဖြစ်ပြီး၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဟာ အလိမ်အညာပြည်ထောင်စုကြီး ဖြစ်တယ်။ ကျနော်တို့ဟာ နှစ်ကြိမ်တိုင်တိုင် အလိမ်ညာခံခဲ့ရပြီ။ အခု တတိယအကြိမ် အလိမ်အညာခံရရင်တော့ လိမ်ညာသူအပြစ်မဟုတ်ပဲ အလိမ်ညာခံရသူ ကျနော်တို့ တိုင်းရင်းသားလူမျိုးစုများရဲ့ အပြစ်ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ကျနော်တို့တတွေ သမိုင်းတရားခံမဖြစ်ဖို့ အများကြီးသတိထားရမယ်။ ကြိုးစားရမယ်။ ဇွဲရှိရမယ်။ သတ္တိရှိရမယ်။ ပန်းတိုင်ကို မရောက်ရောက်အောင် ချီတက်ရမယ်။ ကျနော်တို့ပန်းတိုင်ဟာ ဘာလဲ။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိပြီး နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေး ရရှိရေးကို အာမခံချက် ပေးနိုင်မည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်တဲ့ပြည်ထောင်စုစနစ်နဲ့ ရေးဆွဲပြဋ္ဌာန်းရေးပဲ ဖြစ်ပါတယ်။

ကျနော်တို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်က လက်ခံထားတဲ့ ပြည်ထောင်စုစစ်စစ်မှုထဲက အဓိကကျတဲ့ အချို့အချက်များကို တင်ပြလိုပါတယ်။ ကျနော်တို့ လက်ခံထားတဲ့ ပြည်ထောင်စုစစ်စစ်မှု ပထမအချက်ကတော့ တိုင်းရင်းသားလူမျိုးများရဲ့ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာ အပြည့်အဝ အပ်နှင်းထားရေး "မူ" ဖြစ်ပါတယ်။ ဆိုလိုတာကတော့ အမျိုးသားပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အပြည့်အဝ အပ်နှင်းထားရမယ်။ ပြီးတော့ တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရကို လွှဲအပ်ထားတဲ့ နိုင်ငံတော်ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊ နိုင်ငံခြား ဆက်သွယ်ရေးနှင့် အခြားယာယီလွှဲအပ်ထားတဲ့ လုပ်ပိုင်ခွင့်အာဏာများမှအပ ကြွင်းကျန်တဲ့ လုပ်ပိုင်ခွင့် အာဏာ **Residual Power** များကို ပြည်နယ်အစိုးရထံ အပ်နှင်းထားရမယ်။

ဒုတိယအချက်ကတော့ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဖွဲ့စည်းတဲ့အခါ ပထဝီ အနေအထားပေါ် အခြေခံ၍ ဖွဲ့စည်းခြင်း မဖြစ်စေပဲ၊ လူမျိုးကို အခြေခံတဲ့ ပြည်နယ်များသာ ဖြစ်ရမယ်။ ဘာဖြစ်လို့ ဒီ "မူ" ကို ချမှတ်ရလဲဆိုတော့ အခု ဒီမိုကရေစီလှုပ်ရှားမှုကာလမှာပဲ တချို့ဖောက်ပြန်တဲ့ မဟာလူမျိုးကြီးဝါဒသမားများက ဘာပြောလဲဆိုတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အကြောင်းပြချက်ဖြင့် ပြည်နယ်များကို လူမျိုးအခြေမခံပဲ၊ ပထဝီအနေအထားကို အခြေခံပြီး ဟားခါး ပြည်နယ်၊ စစ်တွေပြည်နယ်၊ တောင်ကြီးပြည်နယ် စသည်အားဖြင့် နာမည်ကိုပါ ပြောင်းလဲပစ်ဖို့ ကြံစည်နေကြတယ်။ ဒါဟာ ကျနော်တို့ရဲ့ အမျိုးသားရေး လက္ခဏာ **National Identity** နှင့် သီးခြား လူမျိုးတမျိုးအဖြစ် ရပ်တည်ခြင်းကို ပြောင်ပြောင်တင်းတင်း ရိုက်ချိုးခြင်းပဲ ဖြစ်တယ်။ မဟာဗမာလွှမ်းမိုးရေး ဝါဒအရ **Burmanization** ဒါမှမဟုတ် မဟာမြန်မာလွှမ်းမိုးရေး **Myanmarnization** လုပ်ဖို့ ကြိုးစားခြင်း ဖြစ်တယ်။ ယနေ့ မြန်မာနိုင်ငံမှာ လူမျိုးရေးအတွက် လူမျိုးဆိုင်ရာ အခွင့်အရေးအတွက် သာမက အမျိုးသားလက္ခဏာ **National Identity** ဖေါ်ထုတ်ဖို့ လက်နက်ကိုင်တော်လှန်ရေး လုပ်နေတဲ့ အဖွဲ့အစည်းအများကြီး ရှိနေကြတယ်၊ သူတို့ကြောင့် ပြည်တွင်းစစ်မီးကြီး တောက်လောင်နေ တယ်ဆိုတာ မေ့နေကြတယ် ထင်တယ်။ ကျနော်တို့ဟာ မိမိတို့အမျိုးသားလက္ခဏာ **National Identity** ကို ထိန်းသိမ်းကာကွယ်ဖို့ နောက်ဆုံးထွက်သက်အထိ တိုက်ပွဲဝင်သွားကြရမှာ ဖြစ်ပါတယ်၊ ကျုပ်တို့ကို လူမျိုးတမျိုးအဖြစ် အသိအမှတ်မပြုတဲ့ မဟာလူမျိုးကြီးဝါဒီများကို နံပါတ်တစ်ရန်သူအဖြစ် သတ်မှတ်တိုက်ခိုက်သွားမှာ ဖြစ်ပါတယ်။

ကျနော်တို့ရဲ့ နံပါတ်သုံး တတိယ "မူ" ကတော့ ပြည်ထောင်စုအစိုးရကို အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းပြီးမှ ဖွဲ့စည်းရေးပဲဖြစ်ပါတယ်။ ဒီလို ဖွဲ့စည်းတဲ့အခါ ပြည်ထောင်စုလွှတ်တော်မှာ လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်)နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဆိုပြီး လွှတ်တော်နှစ်ရပ် ထားရှိရမယ်။ လူမျိုးစုလွှတ်တော်မှာ အမျိုးသားပြည်နယ်များက လွှတ်တော်အမတ်ဦးရေ အညီအမျှ စေလွှတ်ကြရမယ်။ ပြည်နယ် ဘယ်လောက်ကြီးကြီး၊ ဘယ်လောက် သေးသေး၊ လူဦးရေ ဘယ်လောက်များများ၊ ဘယ်လောက်နည်းနည်း လွှတ်တော်အမတ်ဦးရေ အညီအမျှ စေလွှတ်ကြရမယ်။ ဒါမှသာ အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းတဲ့ ပြည်ထောင်စုဆိုတဲ့ အနှစ်သာရ ပေါ်လွင်မှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာကျတော့ လူဦးရေ အချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရမှာ ဖြစ်ပါတယ်။ ဒီလို အင်္ဂါရပ်နဲ့ ပြည့်စုံတဲ့ ပြည်ထောင်စုစနစ် တည်ဆောက်ရေးဟာ ကျနော်တို့ရဲ့ပန်းတိုင် ဖြစ်ပါတယ်။

ဒီပန်းတိုင်ကို အရောက်ချီတက်ဖို့ ကျနော်တို့ဟာ ဒီမိုကရေစီဘက်တော်သားများပီပီ လူထုအင်အားကို ယုံကြည်စိတ်ချစွာ အသုံးပြုသွားမှာ ဖြစ်တယ်။ ကိုယ့်လူမျိုးကို အားကိုးရမယ်။ ကိုယ့်ပြည်သူကို ယုံကြည်ရမယ်။ ဒီနေရာမှာ ကျနော်တို့ပြည်နယ်သားများ အယူအဆလွဲမှားနေတာ တခုကို သတိထားမိတယ်။ ဘာလဲဆိုတော့ ကိုယ့်လူမျိုးကိုယ့်ပြည်သူကို အားမကိုးဘဲ လူမျိုးခြားခေါင်းဆောင်လုပ်တဲ့ ပါတီကိုမှ အားကိုးတဲ့လူ၊ အထင်ကြီးတဲ့လူ အများကြီးလည်း တွေ့နေရတယ်။ ရိုးမ တဖက်က ရန်ကုန်မြို့ပေါ်မှာ ဌာနချုပ်ဖွင့်လှစ်တဲ့ ပါတီကိုမှ အထင်ကြီးကြတယ်။ ဒါဟာ အမြင်မရှင်းလို့ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ စစ်မှန်တဲ့ ပြည်ထောင်စုစနစ်အရ ပြည်နယ်များ နိုင်ငံရေးအာဏာ အပြည့်အဝရှိပြီး ရခိုင်လူမျိုးများအတွက် ရခိုင်ပြည်နယ်အစိုးရ ဖွဲ့စည်းဖို့၊ ချင်းလူမျိုးများအတွက် ချင်းပြည်နယ်အစိုးရ ဖွဲ့စည်းဖို့၊ ကိုယ့်ပြည်နယ် ကိုယ့်လူမျိုးကို အခြေခံတဲ့ အမျိုးသားပါတီများ လိုအပ်ပါတယ်။ ဒီလို ပြည်နယ်များ ပူးပေါင်းတဲ့ အခါကျမှသာလျှင် အင်းအားတောင့်တင်းတဲ့ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းထူထောင်နိုင်မယ်ဆိုတာ သဘောပေါက်ဖို့ လိုပါတယ်။ တချို့ပုဂ္ဂိုလ်များဟာ သိလျက်နဲ့ အခွင့်အရေးအတွက် ကိုယ့်လူမျိုးကို ပစ်ပယ်ပြီး၊ ရိုးမတဖက်က ဗမာပါတီကို သွားပြီး ဖူးမျှော်နေကြတယ်။ ဒီလို ဖောက်ပြန်တဲ့ အချောင်သမားများကို ခေတ်သစ်သေနဒ္ဒွေးလို့ ကျနော်က နာမည်ပေးလိုက်ချင်တယ်။❖ ရခိုင်သမိုင်းမှာ ရှိခဲ့ပါတယ်။ မြောက်ဦးခေတ် မဟာသမတမင်းလက်ထက်မှာ ရခိုင်ပြည်တွင်းရေး ပြဿနာဖြေရှင်းဖို့ သေနဒ္ဒွေ ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ရခိုင်ပြည်သူလူထုရဲ့အင်အားကို အားမကိုးဘဲ ဗမာဘုရင် ဘိုးတော်မောင်ဝိုင်းလို့ခေါ်တဲ့ ဘိုးတော်ဘုရားကို အကူအညီတောင်းခဲ့ ပင့်ဖိတ်ခဲ့တယ်။ ဗမာဘုရင် ဘိုးတော်ဘုရားက ကုန်းတပ် ရေတပ်နဲ့ ရခိုင်ပြည်နယ်ကို စစ်ချီတော့ ဘာဖြစ်သွားလဲ၊ ရခိုင်လူမျိုး ကျွန်ဘဝကို ရောက်သွားစေခဲ့တယ်။ အခုလည်းပဲ ခေတ်သစ်သေနဒ္ဒွေ တွေကြောင့် ကျနော်တို့ပြည်နယ်သားများ ကျွန်သက်ရှည်နိုင်တယ်။ ဒီလို အတွင်းဖေါက်ပြန်ရေးအင်အားစုဟာ အပြင်ရန်သူထက် ပိုဆိုးပြီး ပိုလည်း ကြောက်စရာကောင်းပါတယ်။ ဒါကြောင့် ခေတ်သစ် သေနဒ္ဒွေ တွေကို အထူးသတိထားကြပါလို့ တိုက်တွန်း လိုပါတယ်။

ကျနော်တို့တိုက်ပွဲဟာ ရန်သူအမျိုးမျိုးနဲ့ တွေ့ကြုံပြီး၊ အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ရမှာ ဖြစ်တယ်။ ဒါပေမဲ့ ယနေ့ ကျနော်တို့ ဆင်နွှဲနေတဲ့တော်လှန်ရေးဟာ မြင့်မြတ်မှန်ကန်တဲ့ တော်လှန်ရေး ဖြစ်တယ်။ ဒီမိုကရေစီနဲ့ တန်းတူရေးဟာ လူသားတိုင်းရဲ့ မွေးရာပါ အခွင့်အရေး ဖြစ်တယ်။ ဒါကြောင့် လူသားတိုင်း လူမျိုးတိုင်း ရရှိခံစားသင့်ပါတယ်။ ဒါဟာ အမှန်တရားဖြစ်တယ်။ သစ္စာတရားလည်းဖြစ်တယ်။

---

❖ မှတ်ချက် ။ ။ စစ်တွေ၊ ရသေ့တောင် စသော အချို့မြို့များ၏ ဟောပြောချက်တွင် တစည ဥက္ကဋ္ဌကို ခေတ်သစ် သေနဒ္ဒွေ ဟူ၍ နာမည်ဖေါ် ပြောကြားခဲ့ပါသည်။

ကျနော်တို့ဟာ အမှန်တရားရဲ့ ဘက်တော်သားများ ဖြစ်ကြတယ်။ အမှန်တရားရဲ့ ဘက်တော်သားများက အနာဂါတ်ကို ပိုင်ဆိုင်ရမှာဖြစ်တယ်။ အနာဂါတ်ကို ပိုင်ဆိုင်ရမဲ့ ကျနော်တို့ရဲ့ တော်လှန်ရေးဟာ မုချအောင်ပွဲခံရမယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**(နိုင်ငံရေး စာပေလွှတ်လပ်ခွင့် အမှတ် – နသ/၀၅၁ ဖြင့်ဖြန့်ချိသည်။)**

# (ဂ) ရွေးကောက်ပွဲအပြီး ကျေညာချက်

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လွတ်လပ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မကျင်းပနိုင်ခဲ့သည်မှာ ၁၉၆၁ ခုနှစ် ကတည်းက ဖြစ်ပါသည် ၁၉၉၀ မေလ ရွေးကောက်ပွဲသည် အတော်အတန်လွတ်လပ်၍ တရားမျှတသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ထိုရွေးကောက်ပွဲတွင် **UNLD** အဖွဲ့ဝင်ပါတီများအနေဖြင့် အမတ်နေရာ (၆၉)နေရာကို ရရှိအောင်နိုင်ခဲ့ပါသည်။ **UNLD** ၏ ဒီမိုကရေစီ မဟာမိတ်ပါတီကြီးဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခြိမ့်ခြိမ့်သဲ အောင်ပွဲကို ဆင်နွှဲခဲ့ပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲပြီးပြီးချင်း **UNLD** က **NLD** အောင်ပွဲကို လူထုအောင်ပွဲအဖြစ် ကြိုဆိုကြောင်း အောက်ပါ ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။

## ရွေးကောက်ပွဲအပြီး<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီပေါင်းစုံ<br>သဘောထားကျေညာချက်

၁။ ယခုအခါ နဝတ စစ်အစိုးရမှ ကြီးမှူးကျင်းပသော ရွေးကောက်ပွဲသည် အောင်မြင်စွာပြီးဆုံးခဲ့ပါပြီ။ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲမတိုင်ခင်က မည်ကဲ့သို့သော ဟန့်တားနှောင့်ယှက်မှုမျိုး ကြုံတွေ့ခဲ့ရသည်ဖြစ်စေ၊ ပြည်သူလူထုတရပ်လုံးက ရဲရင့်တည်ကြည်စွာ၊ သတိကြီးစွာ၊ အမျှော်အမြင်ကြီးစွာ စည်းကမ်းအိန္ဒြေကြီးစွာဖြင့် ရွေးကောက်ပွဲတွင် မိမိတို့၏ ဆန္ဒမှန်ကို ဖေါ်ထုတ်ပြသခဲ့ကြသည်။ ပြည်သူလူထုတို့၏ ရဲရင့်သော စွမ်းဆောင်မှုနှင့် မှန်ကန်ပြတ်သားသော ဆုံးဖြတ်ချက်၏ အောင်ပွဲသည် တန်ဖိုးကြီးလှပါသည်။ ဤအောင်ပွဲကို လှိုက်လှဲစွာ ကြိုဆိုအပ်ပေသည်။

၂။ နဝတ စစ်အစိုးရသည် လွတ်လပ်သန့်ရှင်း၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးသည်ဟု ဆိုစေကာမူ၊ ထိုရွေးကောက်ပွဲကျင်းပနေချိန်တွင် နိုင်ငံရေးပါတီအချို့မှ ခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများစွာတို့ကို ထောင်သွင်းအကျဉ်းချထားခဲ့ပါသည်။ ထို့အပြင် နဝတ စစ်အစိုးရကအာဏာသိမ်းသည့်အချိန်မှ နယ်စပ်ဒေသများသို့ တောခိုသွားကြသော ကျောင်းသားလူငယ်အများအပြားလည်း တော်လှန်ရေးစခန်းများတွင် ရှိနေကြပါသည်။ ထိုသို့ ဖမ်းဆီးခံရသည့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက်လည်းကောင်း၊ တော်လှန်ရေး

စခန်းအသီးသီးတွင် ရောက်ရှိနေကြသော ကျောင်းသားလူငယ်များ ငြိမ်းချမ်းစွာ ပြည်တော်ပြန်နိုင်ရေး အတွက်လည်းကောင်း၊ ပြည်သူလူထုက အကြမ်းမဖက်ပဲ ငြိမ်းချမ်းစွာဆောင်ရွက်နိုင်သော တခုတည်း သောနည်းလမ်းမှာ ရွေးကောက်ပွဲတွင် ခမောက်သင်္ကေတရှေ့၌ ကြက်ခြေခတ်တံဆိပ် ရိုက်နှိပ်၍ ဆန္ဒမဲပေးခြင်းသာ ဖြစ်ပေတော့သည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောင်ပွဲသည် လူထုအောင်ပွဲ အစစ်အမှန်ဖြစ်နေပါတော့သည်။

၃။ ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲအောင်မြင်မှုသည် လွတ်လပ်ရေးအကြို ကာလတွင် ကျင်းပခဲ့သော တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲတွင် ဖဆပလ အဖွဲ့ချုပ်၏ အောင်မြင်မှုနှင့် ဆင်ဆင်တူနေပါသည်။ ထိုအချိန်က လွတ်လပ်ရေးရလိုစိတ် ပြင်းပြစွာဖြင့် ဖဆပလ အဖွဲ့ချုပ်ကို လူထုတရပ်လုံးက ပုံအော၍ မဲပေးခဲ့ကြပါသည်။ ယခုလည်း ဒီမိုကရေစီရရှိရေး ဆန္ဒ ပြင်းပြစွာဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပုံအော၍ မဲပေးကြပြန်ပါပြီ။ ယင်းသည် သမိုင်းတကြော့ ပြန်လည်ခြင်းဖြစ်၍ ကျွန်ုပ်တို့အနေဖြင့် အကောင်းရော အဆိုးပါ သမိုင်းသင်ခန်းစာ ယူတတ်ရန် အရေးကြီးပါသည်။

၄။ လွတ်လပ်ရေးအကြိုကာလတွင် ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးအပေါင်းတို့သည် ...

(က) လွတ်လပ်ရေးရချင်ဇောကြီးလွန်းခြင်း၊

(ခ) ဗိုလ်ချုပ်အောင်ဆန်းကို ယုံကြည်ကိုးစားလွန်းခြင်း၊

(ဂ) ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် သူ့အပေါ် ကရုဏာသက်လွန်းခြင်း၊ (ထိုသို့ ပုဂ္ဂိုလ်ရေး ကရုဏာသက်မှုလွန်ကဲ၍ "မူ" ပေါ်မှာ အလျှော့ပေးသည်အထိ ဖြစ်ခဲ့ရသည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဌာန်းသောအခါ လူမျိုးစုခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်း နောက်ပိုင်းတက်လာသော ဖဆပလ ခေါင်းဆောင်များနှင့် အခြေအတင် ဆွေးနွေးခြင်း မပြုတော့ပဲ အလျှော့ ပေးခဲ့ကြပါသည်။)

(ဃ) နိုင်ငံရေးနှင့် ဥပဒေ နားလည်ကျွမ်းကျင်မှုမရှိခြင်း စသည့် အားနည်းချက်များ ရှိနေခဲ့ပါသည်။ အဆိုပါ အားနည်းချက်များကြောင့် တိုင်းပြည်၏ အနာဂါတ်ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲပြဌာန်းသောအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်း ဒေသခေါင်းဆောင်များ ပင်လုံညီလာခံတွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည့်အတိုင်း လူမျိုး ပေါင်းစုံ တန်းတူရည်တူ ပူးပေါင်းသော စစ်မှန်သည့်ပြည်ထောင်စုဖြစ်မလာဘဲ၊ ပြည်ထောင်စု စနစ်နှင့် တပြည်ထောင်စနစ် ရောနှောထားသော အတုအယောင် ပြည်ထောင်စု ဖြစ်လာခဲ့ပါသည်။

၅။ ကျွန်ုပ်တို့သည် ကြုံခဲ့ဖူးသော သမိုင်းသင်ခန်းစာကို အလေးအနက်ထားပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ အောင်ပွဲကိုကြိုဆိုရပေမည်။ ယခုအခါ နဝတ စစ်အစိုးရသည် ပြည်သူလူထု ရွေးချယ် တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ နိုင်ငံတော်အာဏာ လွှဲပြောင်း ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသေးပါဟူသော အကြောင်းပြချက်ဖြင့် ငြင်းဆန်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဒီမိုကရေစီအရပ်သားအစိုးရဖွဲ့စည်းရေးနှင့် အာဏာလွှဲပြောင်းပေးရေး အတွက် အလွန်အမင်း ဆန္ဒစောပြီး၊ တိုင်းပြည်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် အဓိကပြဿနာ

ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေးကို သတိလက်လွတ်မဖြစ်သင့်ပေ။ သမိုင်းသင်ခန်းစာအရ ပြည်တွင်းငြိမ်းချမ်းရေး အပါအဝင် တိုင်းရင်းသားလူမျိုးများ၏ လူမျိုးဆိုင်ရာအခွင့်အရေး အပြည့်အဝ ရရှိရေးကို အာမခံချက်ပေးနိုင်သည့် စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးသည် အဓိက အရေးကြီးဆုံး ပြဿနာဖြစ်ပါသည်။ ထို့နည်းတူ ပြည်သူ့ဆန္ဒနှင့်အညီ၊ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်များ လက်ထဲသို့ နိုင်ငံတော်အာဏာ လွှဲပြောင်းပေးရေးသည်လည်း ယနေ့တိုင်းပြည်၏ လက်ငင်းပြဿနာကြီး ဖြစ်နေပါသည်။

၆။ အာဏာလွှဲပြောင်းရေးနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ သဘောထားမှာ ၁၉၉၀ ပြည့်နှစ် မေ(၂၇)ရက်နေ့တွင် ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် နိုင်ငံတော် အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုက မိမိတို့၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော နိုင်ငံတော်အာဏာကို မိမိတို့ကိုယ်စား အသုံးပြုခွင့်ပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ခြင်းဖြစ်ရာ ပြည်သူလူထုက ယုံကြည်စွာ ရွေးချယ်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူလူထုက မိမိတို့ပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာကို ကြည်ဖြူစွာ အသုံးပြုခွင့် ပေးထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ နဝတ စစ်အစိုးရက နိုင်ငံတော်အာဏာကို အမြန်ဆုံးလွှဲအပ်ပေးရန်မှတပါး အခြားနည်းလမ်းမရှိပါ။ နိုင်ငံတော်အာဏာတွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ ပါဝင်သည်ဖြစ်၍ လူထုထံမှ နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်နှင့်တပါတည်း တိုင်းပြည်၏ အုပ်ချုပ်ရေးယန္တရား အားလုံးကို ကိုင်တွယ် ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု အလေးအနက် ယုံကြည်ပါသည်။

၇။ ယနေ့ကျွန်ုပ်တို့ ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ ပန်းတိုင်သည် တိုင်းပြည်နှင့်လူမျိုး၏ အနာဂါတ်ကံကြမ္မာကို အာမခံချက်ပေးမည့် ဒီမိုကရေစီထွန်းကားပြီး တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေးရရှိသည့် စစ်မှန်သော ပြည်ထောင်စုစနစ် တည်ဆောက်ရေး ပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပန်းတိုင်ကို မျက်ခြေပြတ် မခံဘဲ အာဏာလွှဲပြောင်း ရယူပြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသည်ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီးမှ အာဏာလွှဲပြောင်း ရယူသည်ဖြစ်စေ၊ အသစ်ရေးဆွဲပြဋ္ဌာန်းမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အောက်ပါ အင်္ဂါရပ်များနှင့် ညီညွတ်စေရမည်ဟု လေးနက်စွာ ခံယူထားပါသည်။

(က) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အပြည့်အဝ ပြဋ္ဌာန်း ကာကွယ်ရမည်။
(ခ) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးကို နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေး ရရှိစေရမည်။
(ဂ) စစ်မှန်သော ပြည်ထောင်စုစနစ်ပေါ်တွင် အခြေခံသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ရမည်။
(ဃ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထားပေါ် အခြေခံ၍ ဖွဲ့စည်းခြင်း မဖြစ်စေပဲ၊ လူမျိုးကို အခြေခံသော ပြည်နယ်များသာဖြစ်ရမည်။ ဆိုလိုသည်မှာ

တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များသာ ဖြစ်ရမည်။

(င) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာ အပြည့်အဝ အပ်နှင်းထားရမည်။ ဆိုလိုသည်မှာ ပြည်နယ်များအား ဥပဒေပြုအာဏာ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အပြည့်အဝ အပ်နှင်းထားရမည်။ ထို့ပြင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား လွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများမှအပ ကြွင်းကျန်သော လုပ်ပိုင်ခွင့်အာဏာ **Residual Power** များကို အပ်နှင်းထားရမည်။

(စ) အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရမည်။ ပြည်ထောင်စုအစိုးရအား တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရမည့် နိုင်ငံတော် ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် အခြား ယာယီလွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားရမည်။ ထို့ပြင် နိုင်ငံတော် အချုပ်အခြာအာဏာသည် ပြည်ထောင်စုအစိုးရ၌သာ တည်ရှိစေရမည်။

(ဆ) ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်)နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော်နှစ်ရပ် ထားရှိရမည်။ လူမျိုးစုလွှတ်တော်တွင် ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေ အညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းသော ပြည်ထောင်စုဆိုသည့် အနှစ်သာရပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစား အလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရမည်။

၈။ ဒီမိုကရေစီ ထွန်းကားပြီး တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိသည့် စစ်မှန်သော ပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်မှသာ ပြည်တွင်းစစ်ကို အမြစ်ပြတ်၍ ရှင်သန်နေသော အာဏာရှင်စနစ်ချုပ်ငြိမ်းကာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပွင့်လန်းသော ခေတ်မီနိုင်ငံတော်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ပေသည်။

"ဒီမိုကရေစီနှင့် တန်းတူရေးတိုက်ပွဲ မုချအောင်ရမည်"

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏
## ပြည်နယ်ပေါင်းစုံ ရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီ

| | | |
|---|---|---|
| (၁) | ကချင်ပြည်နယ် ကိုယ်စားလှယ် | ဆမားကျော်ဖါးနော် |
| (၂) | ကရင်ပြည်နယ် ကိုယ်စားလှယ် | စောဒယ်နယ်လ် |
| (၃) | ကယားပြည်နယ် ကိုယ်စားလှယ် | စောဒူးကြည် |
| (၄) | ချင်းပြည်နယ် ကိုယ်စားလှယ် | ဆလိုင်းလျန်မှုန်း |
| (၅) | မွန်ပြည်နယ် ကိုယ်စားလှယ် | နိုင်တင်ဖေ |
| (၆) | ရခိုင်ပြည်နယ် ကိုယ်စားလှယ် | ဦးအေးသာအောင် |
| (၇) | ရှမ်းပြည်နယ် ကိုယ်စားလှယ် | စိုင်းအိုက်ပေါင်း |

— — — — — — — — — —

# အခန်း (၇)

# အာဏာလွှဲပြောင်းရေးပြဿနာ

## (ဒုတိယအကြိမ်တိုင်းရင်းသားလူမျိုးများညီလာခံမှ တောင်းဆိုချက်များ)

၁၉၉၀ပြည့် မေလ(၂၇)ရက်နေ့တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေပြုအာဏာ တခုတည်းကိုသာ အပ်နှင်းမည့် "တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ" မဟုတ်ခဲ့ချေ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ပြဋ္ဌာန်းရေးအပါအဝင် နိုင်ငံတော်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ယန္တရား အားလုံးပါဝင်သည့် အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကိုပါ ကျင့်သုံးပိုင်ခွင့်ရှိသော "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကြီး" ဖြစ်ခဲ့ပါသည်။

သို့ရာတွင် နဝတ စစ်အစိုးရသည် သူတို့ကိုယ်တိုင်ရေးဆွဲပြဋ္ဌာန်းခဲ့သော "ရွေးကောက်ပွဲကော်မရှင်ဥပဒေ" ကို အရှက်အကြောက်ကင်းမဲ့စွာ ချိုးဖောက်၍ အာဏာလွှဲပြောင်းရေးကို နည်းမျိုးစုံအကြောင်းပြ၍ ငြင်းဆန်လျက်ရှိနေပါသည်။ ထိုသို့ နဝတ စစ်အစိုးရ၏ အာဏာလွှဲပြောင်းရေး နှောင့်နှေးကြန့်ကြာမှုကို တုန့်ပြန်သည့်အနေဖြင့် ရွေးကောက်ပွဲအပြီးတွင် ကျေညာချက်တစောင် ထုတ်ပြန်ခဲ့သည့်အပြင် (အထက်တွင်ဖော်ပြပြီး) အာဏာလွှဲပြောင်းရေးကိစ္စနှင့် အခြားအခြားသော လက်ငင်းနိုင်ငံရေးပြဿနာများကို ဆွေးနွေးသုံးသပ်၍ အဖြေရှာ ဖြေရှင်းနိုင်ရန် ဒုတိယအကြိမ် တိုင်းရင်းသားညီလာခံကို ၁၉၉၀ပြည့်နှစ် ဇွန်လ (၂၉)ရက်နေ့မှ ဇူလိုင်လ (၂)ရက်နေ့အထိ ရန်ကုန်မြို့ရှိ **YMCA** ခန်းမကြီးတွင် ကျင်းပခဲ့ပါသည်။

ထိုညီလာခံတွင် **UNLD** အဖွဲ့ဝင်များ အပါအဝင် အဖွဲ့ချုပ်၏ အချိန်ပြည့်အဖွဲ့ဝင် မဟုတ်သေးသော ပြည်နယ်တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများကို ဖိတ်ကြား၍ ရွေးကောက်ပွဲအပြီး လက်ငင်းရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများနှင့် သုံးသပ်ချက်များကို စာတမ်းများဖြင့် တင်သွင်း၍ ဆွေးနွေးခဲ့ကြပါသည်။ ထိုညီလာခံတွင် **UNLD** မှ ရွေးကောက်ပွဲအပြီးတွင် ထုတ်ပြန်ခဲ့သော "ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီပေါင်းစုံ သဘောထားကျေညာချက်" (အထက်အခန်း–၆ တွင်ဖော်ပြပြီး) ကို စိုင်းအိုက်ပေါင်း (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်) က ဖတ်ကြားတင်သွင်း၍ တရားဝင် အတည်ပြုခဲ့ပါသည်။

ထိုညီလာခံတွင် တင်သွင်းသော အခြားစာတမ်းများ၊ အခန်းအနား သဘာပတိ၏ အဖွင့်မိန့်ခွန်းနှင့် ဒီမိုကရေစီအင်အားစု မဟာမိတ်နိုင်ငံရေးပါတီများမှ ပေးပို့သော သဝဏ်လွှာများကို အပြည့်အစုံဖြင့် ဤနေရာတွင်ပြန်လည်ဖော်ပြတင်ဆက်အပ်ပါသည်။

# (က) သဝဏ်လွှာများ

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အမှတ်၊ ၉၇ (ခ) အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

စာအမှတ်။ ။ ၅၅၉/ စည်း / ၉၀

နေ့စွဲ။ ။ ၂၉-၆-၉၀

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ဒုတိယအကြိမ်ညီလာခံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ပေးပို့သော သဝဏ်လွှာ**

၁။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီစနစ် တည်ထွန်းရေးနှင့် ဒီမိုကရေစီ ပြည်ထောင်စုသစ် တည်ဆောက်ရေးကို ရှေးရှု၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီ အဖွဲ့အစည်းများတွင် ပြင်းပြထက်သန်သောဆန္ဒများဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည်ဟု ကျွန်ုပ်တို့ အလေးအနက် ယုံကြည်ပါသည်။

၂။ ကျင်းပပြီးစီးခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ နိုင်ငံရေးပါတီ အဖွဲ့အစည်းများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့အတူ တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြ၍ အောင်ပွဲအသီးသီး ရရှိခဲ့ကြသည်ကို တွေ့မြင်ခဲ့ကြရပါသည်။

၃။ မိဘပြည်သူများက တခဲနက်ဆန္ဒမဲပေး၍ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတာဝန်ကို အပ်နှင်းလိုက်ခြင်း ခံခဲ့ရသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ နိုင်ငံရေး ပါတီအဖွဲ့အစည်းများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရှေ့အဖို့တွင် ဆက်လက်၍ သွေးစည်းညီညွတ်စွာ လက်တွဲ ဆောင်ရွက်သွားကြရန် တာဝန်များစွာရှိနေကြသည်ဟု ခံယူပါသည်။

၄။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ ဒုတိယအကြိမ် ညီလာခံသည် မဝေးတော့သည့် အနာဂါတ်တွင် ပေါ်ထွန်းလာမည့် ဒီမိုကရေစီ ပြည်ထောင်စုသစ်ကြီးအတွက် အကြံဉာဏ်ကောင်းများကို ညှိနှိုင်းဖေါ်ထုတ်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းလျက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က လှိုက်လှဲစွာ ဂုဏ်ပြု ကြိုဆိုအပ်ပါကြောင်း ဖေါ်ပြလိုက်ပါသည်။

ပုံ/ ... ... ... ... ...

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

# အမျိုးသားပြန်လည်တည်ဆောက်ရေးဒီမိုကရေစီတပ်ပေါင်းစု (ပြည်ထောင်စုမြန်မာနိုင်ငံ)

အမှတ် (၃၄) ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုံး– ၃၁၉၇၁။

သို့ –

သဘာပတိ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ ဒုတိယအကြိမ် ညီလာခံ။

နေ့စွဲ။ ၃၀–၆–၉၀။

အကြောင်းအရာ။ ။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ ဒုတိယအကြိမ် ညီလာခံသို့ ပေးပို့သော သဝဏ်လွှာ။

လေးမြတ်စွာ သဝဏ်လွှာပါးအပ်ပါသည် ...

၁။ ယနေ့အခြေအနေသည် ပါတီစုံအထွေထွေ ရွေးကောက်ပွဲပြီးစ ပြည်သူ့လွှတ်တော်ကြီး ခေါ်ဆိုကျင်းပရန် တာဆူနေဆဲနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ်ရေးဆွဲရန် ပါတီများ ပြည်သူများသည် အာရုံပြုစူးစိုက်နေသော ကာလဖြစ်ပေသည်။ ဤအခြေအနေမျိုးတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီပေါင်းစုံညီလာခံကြီးကို ကျင်းပ၍ လူမျိုးစုများ၏ အနာဂါတ် ကံကြမ္မာဖန်တီးရေးအတွက် ညီညွတ်စွာ ဆွေးနွေးညှိနှိုင်းခြင်းသည် အခြေအနေအချိန်အခါနှင့် အလွန်ကိုက်ညီသော ခြေလှမ်းတရပ်ဖြစ်၍ ကျွန်ုပ်တို့ အမျိုးသားပြန်လည်တည်ဆောက်ရေး ဒီမိုကရေစီ တပ်ပေါင်းစုမှ လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

၂။ ပြည်ထောင်စုတည်မြဲရေး၊ အမျိုးသားလွတ်လပ်ရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးသည် အဓိကသော့ချက်အားဖြင့် လူမျိုးစုများအားလုံး အေးအတူ ပူအမျှ တခဲနက်သွေးစည်းနိုင်ရေးအပေါ်တွင် တည်နေပေသည်။ ထိုသို့သွေးစည်းညီညွတ်နိုင်ရေးသည်လည်း ပြည်ထောင်စုနိုင်ငံတော်သစ်ကို ထူထောင်ရာတွင် လူမျိုးစုများအားလုံး မည်သို့မည်ပုံ တန်းတူရည်တူ ပူးပေါင်းအကျိုးခံစားခွင့်၊ တန်းတူရည်တူ ပူးပေါင်းတာဝန်ယူဆောင်ရွက်နိုင်ခွင့်၊ တန်းတူရည်တူ အပြန်အလှန် ပူပေါင်းကူညီခွင့် ကြီးပွားခွင့်တို့ရမည်နည်း ဟူသည့် အခြေခံမှုများအပေါ်တွင် အဓိကရပ်တည်နေပေသည်။

၃။ ထိုသို့သော ပြဿနာကြီးများကို ဖြေရှင်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရသောကာလတွင် ကျွန်ုပ်တို့သည် ပကတိ ဖြူစင်သော ပြည်ထောင်စုအဖြစ်မျိုး အတွေးအခေါ်မျိုးဖြင့်သာ အောင်မြင်စွာ ဆောင်ရွက်နိုင်ပေမည်။ လူမျိုးရေး၊ ဂိုဏ်းဂဏဝါဒရေးတို့နှင့် ဆောက်ရွက်ပါက ဆန့်ကျင်ဘက် ဆိုးကျိုးများသာ ပေါ်ထွက်လာလိမ့်မည်သာ ဖြစ်ပေသည်။

၄။ သို့ပါ၍ ကျွန်ုပ်တို့ အမျိုးသားပြန်လည်တည်ဆောက်ရေး ဒီမိုကရေစီ တပ်ပေါင်းစုသည် ညီအကိုတော် လူမျိုးစုများအားလုံးနှင့် ထာဝစဉ် သွေးစည်းညီညွတ်စွာ တန်းတူရည်တူ ပူးပေါင်းဆောင်ရွက် သွားမည်သာ ဖြစ်ပါကြောင်း အခိုင်အမာ ကတိပေးလိုက်ပါသည်။

"အမျိုးသားဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေး အောင်ရမည်"

ပုံ/ ... ... ... ... ...

ဗဟိုအလုပ်အမှုဆောင်အဖွဲ့။

## (ခ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများနိုင်ငံရေးပါတီပေါင်းစုံအစည်းအဝေးတွင် ယာယီသဘာပတိ နိုင်ထွန်းသိမ်း မိန့်ကြားသည့်မိန့်ခွန်း။

ကြွရောက်လာကြတဲ့ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီပေါင်းစုံမှ ကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် ဧည့်သည်တော်များ ခင်ဗျား ...

ယခုလို တိုင်ရင်းသားလူမျိုးများ နိုင်ငံရေးပါတီပေါင်းစုံဆွေးနွေးပွဲမှာ သဘာပတိအဖြစ် မိန့်ခွန်းပြောခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပြီး ကျေးဇူးလည်းတင်ကြောင်း ပဏာမအနေနဲ့ ပြောကြားလိုပါတယ်။

ဒီဆွေးနွေးပွဲဟာ ကျနော်သိသလောက်ပြောရရင် ဒုတိယအကြိမ်မြောက် ကျင်းပတဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။ ပထမအကြိမ်ဆွေးနွေးပွဲကတော့ ၁၉၉၀ ခုနှစ်၊ ဖေဖော်ဝါရီလ(၈)ရက်မှ (၁၀)ရက်အထိ (၃)ရက်တိုင်တိုင် ကျင်းပခဲ့ပါတယ်။ အဲဒီ ပထမအကြိမ်ဆွေးနွေးပွဲတုန်းကဆိုရင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်ဝင် အဖွဲ့အစည်းပါတီ (၁၉)ခုနှင့် အဖွဲ့ချုပ်ဝင်မဟုတ်သေးတဲ့ လူမျိုးစုပါတီ(၆)ခု၊ စုစုပေါင်း(၂၅)ဖွဲ့ တက်ရောက်တယ်လို့သိရပါတယ်။ ယခုဆွေးနွေးပွဲမှာလည်း အဖွဲ့ချုပ်ဝင်မဟုတ်သေးတဲ့ပါတီ (၆)ခု အပြင် နောက်ထပ်ပါတီ အဖွဲ့အစည်းများ၊ တသီးပုဂ္ဂလအမတ်များလည်း တက်ရောက်ကြတယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ပထမအကြိမ်ဆွေးနွေးပွဲမှာ – (၁) ဒီမိုကရေစီရေး၊ (၂)တိုင်းရင်းသားလူမျိုးများတန်းတူရေး၊ (၃) စစ်မှန်တဲ့ပြည်ထောင်စု ဖွဲ့စည်းရေး၊ (၄) ပြည်တွင်းငြိမ်းချမ်းရေးတို့ကို အောင်မြင်စွာ သဘောတူညှိနှိုင်းဆွေးနွေး အတည်ပြုနိုင်ခဲ့ပါတယ်။

ယနေ့နှင့် နက်ဖြန် ကျင်းပတဲ့ဆွေးနွေးပွဲကတော့ ရွေးကောက်ပွဲအပြီးဖြစ်ပေါ်လာမယ့် အခြေအနေအပေါ် ကျနော်တို့ လူမျိုးစု အဖွဲ့ပေါင်းစုံက ရှေ့ကို ဘယ်ကဲ့သို့ လုပ်ဆောင်သွားရမယ်လို့ ညှိနှိုင်းပြင်ဆင်ထားဖို့ပဲ ဖြစ်ပါတယ်။

ကျနော်တို့ တန်းတူရေးနှင့် စစ်မှန်တဲ့ပြည်ထောင်စု ဖွဲ့စည်းရေးဆိုတဲ့အမြင်အယူအဆကို အကောင်အထည်ဖေါ်ရာမှာ အကောင်းဆုံးနဲ့ အမှန်ကန်ဆုံးလုပ်ရပ်ကတော့ (၈)ပြည်နယ်နှင့် ပြည်နယ်တိုင်းမှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင် ရေးအာဏာများရှိရမယ်ဆိုတာကို ကျနော်တို့ အလေးအနက်ယုံကြည်ထားပါတယ်။

ကျနော်တို့ တိုင်းရင်းသားလူမျိုးစုများအားလုံး ယခုလို စုစည်းကြတာဟာ မိမိတို့ရသင့်ရထိုက်တဲ့ မွေးရာပါအခွင့်အရေးများကို တရားဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းတဲ့နည်းနဲ့ ဒီမိုကရေစီနည်းအရ ရယူရန်ဖြစ်ပါတယ်။ သို့သော် ကျနော်တို့လုပ်ရပ်အပေါ် သဘောမပေါက်သေးတဲ့ အချို့သူများက ကျနော်တို့ရဲ့ တန်းတူရေးနဲ့ စစ်မှန်တဲ့ပြည်ထောင်စုဖွဲ့စည်းရေးဟာ ပြည်ထောင်စုပြိုကွဲအောင် လုပ်နေသယောင်ယောင်၊ ပြည်သူအပေါင်း ထင်ယောင်ထင်မှားဖြစ်အောင်သတင်းလွှင့်နေတယ်လို့ ကြားသိနေရပါတယ်။

ရှစ်လေးလုံးအရေးအခင်းပြီးနောက် လူမျိုးစုများ၏ တရားတဲ့အခွင့်အရေးဖြစ်တဲ့ အဆိုပြုချက်များဟာ ပွဲလန့်တုန်းဖျာခင်းတဲ့ လုပ်ရပ်များ မဟုတ်ကြောင်းကို တင်ပြလိုပါတယ်။

ဒါနဲ့ပါတ်သက်ပြီး ၁၉၆၀ ခုနှစ်၊ တောင်ကြီးမြို့မှာကျင်းပတဲ့ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ ညီလာခံအကြောင်းကို ကျနော် ပြောလိုပါတယ်။ တောင်ကြီးမြို့မှာ ထိုစဉ်က ကျင်းပတဲ့ လူမျိုးပေါင်းစုံ ညီလာခံမှာလည်း တန်းတူရေးနဲ့ စစ်မှန်တဲ့ပြည်ထောင်စု ဖြစ်ပေါ်ရေးပဲဖြစ်ပါတယ်။ ထိုစဉ်ကလည်းပဲ

ပါလီမန်ဒီမိုကရေစီနည်း၊ ငြိမ်းချမ်းတဲ့နည်းနဲ့ လုပ်ဆောင်နေတာကို ပြည်ထောင်စုပြိုကွဲအောင်လုပ်တယ်ဆိုပြီး ပြည်သူအများ ထင်ယောင်ထင်မှားဖြစ်အောင် ပြောဆိုလာတာကိုတွေ့ရပါတယ်။ အမှန်ကတော့ ကျနော်တို့ လူမျိုးစုများက တရားဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းတဲ့နည်းနဲ့ ကြိုးပမ်းနေခြင်းသာ ဖြစ်ပါတယ်။

ဒါနဲ့ပါတ်သက်ပြီး တချိန်က ဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဦးနုက တောင်ကြီးညီလာခံရဲ့ ပြည်ထောင်စု စစ်စစ်မူဟာ ပြည်ထောင်စုပြိုကွဲရေးနှင့် မည်သို့မျှမသက်ဆိုင်ကြောင်း အကြိမ်ကြိမ်ပြောလာတာကို ကျနော်တို့တွေ့ရပါတယ်။

ဒါကြောင့် ယခု ကျနော်တို့ ဆွေးနွေးညှိနှိုင်းနေတဲ့ လုပ်ရပ်ကလည်း ပြည်ထောင်စုပြိုကွဲအောင် လုပ်တဲ့လုပ်ရပ် မဟုတ်ကြောင်းကို အများပြည်သူသိအောင် ကျနော်တို့ရှင်းလင်းထားဖို့ လိုပါလိမ့်မယ်။

ဒီဆွေးနွေးပွဲမှာ ကျနော်တို့ တင်သွင်းခဲ့တဲ့ စာတမ်းတွေထဲမှာ အဓိကအားဖြင့် အာဏာ လွှဲပြောင်းရေး၊ အမျိုးသားညီလာခံတရပ်ကျင်းပကာ ငြိမ်းချမ်းသာယာပြီး စစ်မှန်တဲ့ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရာမှာ အခြေခံရမဲ့ မူများ စာတမ်းကို တင်သွင်းပြီး ဆွေးနွေးညှိနှိုင်း အတည်ပြုရန်ဖြစ်ပါတယ်။

ဒ့ါအပြင် ညီနောင်တိုင်းရင်းသားလူမျိုးများအားလုံး ပိုမိုစုစည်းပြီး အကျိုးတူလုပ်ငန်းအတွက် ပိုမိုလုပ်ဆောင်ရန် **(UNLD)** ပိုမိုကျစ်လျစ်ခိုင်မာရေးအတွက် လူမျိုးစုရေးရာကော်မတီတရပ် ဖွဲ့စည်းရေး စာတမ်းကိုလည်း တင်သွင်းမှာ ဖြစ်ပါတယ်။ အဲဒီစာတမ်းများအပေါ် ဆွေးနွေးကြပြီး ပြင်ဆင်ဖြည့်စွက် ပေးကြဖို့လည်း ကျနော် မေတ္တာရပ်ခံလိုပါတယ်။

အဲဒီအစည်းအဝေးမှာ **(UNLD)** ထဲမဝင်ရသေးတဲ့ ပါတီများနှင့် တသီးပုဂ္ဂလအမတ်များကို လည်း ဖိတ်ကြားထားပါတယ်။ ဒီလိုဖိတ်ကြားခြင်းကတော့ ကျနော်တို့ရဲ့ ရည်မှန်းချက်ကို အကောင်အထည် ဖေါ်ရာမှာ၊ ကျနော်တို့နဲ့ဘဝတူ ညီနောင်များ လက်တွဲဆောင်ရွက်နိုင်ရေးအတွက် မိတ်ဆွေအဆင့်မှ ကျော်ချင်းကပ်၊ ရင်ချင်းအပ်တဲ့ ရဲဘော်ရဲဘက်များ တဖွဲ့တစည်းတည်း လက်တွဲနိုင်ဖို့ ရည်ရွယ်ပြီး ဖိတ်ခေါ်ရခြင်း ဖြစ်ပါတယ်။

ယခုအချိန်မှာ အထူးအရေးကြီးတာကတော့ ကျနော်တို့ လူမျိုးစုများ စုစုစည်းစည်း ညီညီ ညွတ်ညွတ် ဖြစ်နေဖို့အရေးကြီးပါတယ်။ ကျနော်တို့ ရည်မှန်းချက်ပန်းတိုင် ရောက်ဖို့ဟာ ကျနော်တို့ရဲ့ ညီညွတ်ရေးမှာတည်နေပါတယ်။ ကျနော်တို့ ရည်မှန်းချက်ပန်းတိုင်မရောက်နိုင်အောင် ကျနော်တို့ကို နည်းအမျိုးမျိုးနဲ့ ခွဲပြီးစည်းရုံးမယ့် အလားအလာတွေလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါကြောင့် ကျနော်တို့တတွေဟာ ကျနော်တို့ရည်မှန်းတဲ့ ပန်းတိုင်ရောက်တဲ့အထိ စိတ်ဝမ်းမကွဲပဲ စုစည်းညီညွတ် ရန်အတွက် အမြဲသတိထားဖို့ လိုပါတယ်။

နောက်ဆုံး ပြောလိုတာကတော့ ကျနော်တို့ဟာ ဒီမိုကရေစီရေးနှင့်အတူ တန်းတူရေးအတွက် စစ်မှန်တဲ့ပြည်ထောင်စုဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေတာဟာ ပြည်ထောင်စုပြိုကွဲအောင် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ နှစ်ပေါင်းလေးဆယ်နီးပါး ဖရိုဖရဲဖြစ်နေတဲ့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲပြီး ငြိမ်းချမ်းသာယာဝပြောအောင် ဆောင်ရွက်နေခြင်းသာ ဖြစ်တယ်ဆိုတာ အလေးအနက် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

## (ဂ) မူဝါဒရေးရာကော်မတီဝင် နိုင်ခင်မောင်တင်သွင်းသော ရွေးကောက်ပွဲအပြီးလက်ငင်းရင်ဆိုင်နေရသောနိုင်ငံရေးပြဿနာများစာတမ်း

ရွေးကောက်ပွဲတွင် ဒီမိုကရေစီဘက်တော်သား နိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အပြတ်အသတ်အနိုင်ရရှိခြင်းသည် ယနေ့ မြန်မာနိုင်ငံတွင်ဆင်နွှဲနေသော ဒီမိုကရေစီ အရေးတော်ပုံကြီး အောင်ပွဲနှင့်အတူ ပန်းတိုင်သို့ ရောက်ရှိခြင်းမဟုတ်သေးပေ။ တပါတီ အာဏာရှင် စနစ်ကိုဖြုတ်ချပြီးနောက် ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေးအတွက် ရွေးကောက်ပွဲနှင့်တဆက်တည်း ဆောင်ရွက်ရမည့် အမျိုးသားနိုင်ငံရေးတာဝန်များစွာ ရှိပေသေးသည်။ ရွေးကောက်ပွဲအပြီးတွင် ကျွန်ုပ်တို့ ရင်ဆိုင်ရမည့် အဓိကကျသော နိုင်ငံရေးပြဿနာများမှာ ...

(၁) အာဏာလွှဲပြောင်းရေး၊
(၂) အမျိုးသားညီလာခံတရပ်ခေါ်ယူကျင်းပရေး၊
(၃) ပြည်တွင်းငြိမ်းချမ်းရေး၊
(၄) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး စသည်တို့ပင်ဖြစ်ပါသည်။

(ယခုစာတမ်းတွင် အာဏာလွှဲပြောင်းကို အဓိကထားတင်ပြပြီး အမျိုးသားညီလာခံတရပ် ခေါ်ယူကျင်းပရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးတို့ကို သီးခြားစာတမ်းတစောင်ဖြင့် တင်သွင်းမည်ဖြစ်သည်။)

### အာဏာလွှဲပြောင်းရေး

၁၉၉၀ ပြည့်၊ မေလ(၂၇)ရက်တွင်ကျင်းပသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး သည် အောင်မြင်စွာ ပြီးဆုံးသွားသည်ဟု မဆိုနိုင်သေးပေ။ ရွေးကောက်ပွဲတွင် ပြည်သူတို့၏ အာဏာကို တရားဝင်လွှဲအပ်ခြင်းခံရသော နိုင်ငံတော်ဥပဒေပြုအဖွဲ့ကြီးဖြစ်သည့် ပြည်သူ့လွှတ်တော်ကို အမြန်ဆုံး ခေါ်ယူကျင်းပပြီး၊ ပြည်သူ့လွှတ်တော်ထံသို့ နိုင်ငံတော်အချုပ်အခြာအာဏာအားလုံးကို ခြွင်းချက်မရှိ လွှဲအပ်ပေးကာ ရွေးကောက်ပွဲတွင်အနိုင်ရရှိသော နိုင်ငံရေးပါတီက နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား အားလုံးကို ကိုင်တွယ်ဆောင်ရွက်ရန် အစိုးရဖွဲ့စည်းပြီး ထိုအနိုင်ရပါတီကဖွဲ့စည်းသော ဒီမိုကရေစီ အရပ်သားအစိုးရလက်ထက်တွင် နိုင်ငံတော်အာဏာ စတင်အသက်ဝင်သောအခါမှသာလျှင် ရွေးကောက်ပွဲ အောင်မြင်စွာ ပြီးဆုံးသွားသည်ဟုခေါ်ဆိုနိုင်ပေမည်။

ဒီမိုကရေစီကျင့်စဉ်တရားအရ ရွေးကောက်ပွဲကျင်းပခြင်းမှာ နိုင်ငံတော်အချုပ်အခြာအာဏာ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုက မိမိတို့မွေးရာပါ အခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော နိုင်ငံတော် အာဏာကို မိမိတို့ကိုယ်စား အသုံးပြုခွင့်ပေးထားသော ကိုယ်စားလှယ်များကို တရားဝင်ရွေးချယ်ခြင်းပင် ဖြစ်ပါသည်။ ပြည်သူလူထုပိုင်ဆိုင်သော နိုင်ငံတော်အာဏာတွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ နှင့် တရားစီရင်ရေးအာဏာတို့ ပါရှိရာ ပြည်သူလူထု၏ တရားဝင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းအပ်သော ပြည်သူ့လွှတ်တော်တွင်လည်း နိုင်ငံတော်အာဏာ အပြည့်အဝရှိပေသည်။ ထို့ကြောင့် ပါလီမန် ဒီမိုကရေစီ စနစ်ကိုကျင့်သုံးသော နိုင်ငံတိုင်းတွင် ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်းဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ် မေလ(၂၇)ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းတခုကိုသာ တာဝန်ပေးအပ်ရန် (တနည်း) ပြည်သူလူထုပိုင်ဆိုင်သော အာဏာသုံးရပ်အနက် ဥပဒေပြုအာဏာ တခုတည်းကိုသာ လွှဲအပ်ရန် ရွေးချယ်သော တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲမဟုတ်ပေ။ ပြည်သူလူထုပိုင်ဆိုင်သော နိုင်ငံတော်အချုပ်အခြာအာဏာ အားလုံးကို လွှဲအပ်ရန် နိုင်ငံတော်၏အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဖြစ်ကြောင်း လက်ရှိအစိုးရ (နဝတစစ်အစိုးရ) က ပြဌာန်းသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေတွင် အတိအလင်း ဖော်ပြထားပါသည်။ ထို့ကြောင့် ဒီမိုကရေစီကျင့်စဉ် အရ ပြည်သူ့လွှတ်တော်မှအပ မည်သည့် ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းတွင်မျှ နိုင်ငံတော် အာဏာ မရှိပေ။ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ကို မည်သူမဆို မပျက်မကွက်နာခံရပေမည်။ ပြည်သူ့လွှတ်တော်ကို နိုင်ငံတော်အချုပ်အခြာအာဏာ မူရင်းပိုင်ရှင်ဖြစ်သော ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခြင်းဖြစ်သောကြောင့် ပြည်သူလူထု တည်းဟူသော "သမာဓိတရားသူကြီး"၏ အဆုံးအဖြတ်ကို ပယ်လှန်ရန် မည်သူ့ထံတွင်မျှ အခွင့်အရေး မရှိပေ။

ယခုအခါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မရှိသေးပါဟူသော အကြောင်းပြချက်ဖြင့် အာဏာလွှဲပြောင်းရေး နှောင့်နှေးကြန့်ကြာနေသည်ကိုတွေ့ရပါသည်။ ခိုင်မာသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိမှ ခိုင်မာသောအစိုးရဖြစ်နိုင်မည်ဟု နဝတ စစ်အစိုးရက ပြောနေကြသည်။ နိုင်ငံ တနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ လိုအပ်သည်မှန်သော်လည်း ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိမှ ခိုင်မာသော အစိုးရ ဖွဲ့စည်းနိုင်မည်ဟူသော အဆိုသည် လုံးဝဥဿုံ မှန်ကန်ခြင်းမရှိပေ။ ယနေ့ကမ္ဘာတွင် အလွန်ခိုင်မာတောင့်တင်းသည့် အစိုးရများကို ဖွဲ့စည်းနိုင်ပြီး၊ ဖွံ့ဖြိုးမှုအများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသည့် အင်္ဂလန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြခံဥပဒေမရှိသော တိုင်းပြည် များသာဖြစ်သည်။ ကျွန်ုပ်တို့ နိုင်ငံတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေမရှိပဲ အစိုးရဖွဲ့စည်း၍ တိုင်းပြည်ကို အုပ်ချုပ်သော အစဉ်အလာများရှိခဲ့သည်ကို လေ့လာတွေ့ရှိရပေသည်။ လွတ်လပ်သော နိုင်ငံတခုအတွက် အဓိကအရေးအကြီးဆုံးမှာ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသာဖြစ်၍ ဖွဲ့စည်းပုံအခြခံဥပဒေသည် လွတ်လပ်သောပြည်သူများက မိမိတို့ပိုင်ဆိုင်သော အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရန် တာဝန်ပေးအပ်ထားသည့် အစိုးရဖွဲ့စည်းမှုပုံသဏ္ဍာန်နှင့်တကွ တိုင်းပြည်၏ ဖွဲ့စည်းပုံကို ဖေါ်ဆောင်ခြင်း သာဖြစ်ပေသည်။ အချုပ်အခြာအာဏာထိန်းသိမ်းကာကွယ်ရန် တာဝန်ပေးခြင်းခံရသော အုပ်ချုပ်သူ အစိုးရသည် သူတို့၏ အုပ်ချုပ်ခွင့်အာဏာများကို အုပ်ချုပ်ခံရသော ပြည်သူလူထု၏ သဘောတူညီချက် ဖြင့်သာ ရရှိကြောင်း ဥပဒေဖြင့် ပြန်လည်ထိန်းကွပ်မှုတရပ်လည်း ဖြစ်ပေသည်။ ထို့အပြင် ပြည်သူလူထုက မိမိတို့ဘဝ အေးချမ်းသာယာရေးနှင့် နောင်လာနောက်သားများအတွက်ပါ ဘဝလုံခြုံမှု အာမခံချက် ရရှိအောင် တရားသဖြင့် မိမိကိုယ်မိမိ ကာကွယ်ခြင်း ပြယုဂ်လည်း ဖြစ်ပေသည်။ ထို့ကြောင့် ပြည်သူလူထုက တရားဝင်တာဝန်ပေးအပ်ခြင်းခံရသော ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်အချုပ်အခြာအာဏာ ကာကွယ်ရေးနှင့် လူထုဘဝလုံခြုံရေးကို အပြည့်အဝ တာဝန်ယူပိုင်ခွင့်ရှိပေသည်။ နိုင်ငံတော်အချုပ်အခြာ အာဏာ ကာကွယ်ရေးနှင့် လူထုဘဝလုံခြုံရေး တာဝန်ယူမှုသာ အဓိကကျ၍ ထိုတာဝန်ယူမှုကို ပုံသဏ္ဍာန် ဖေါ်ဆောင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသေးပါဟူသော အကြောင်းပြချက်ဖြင့် အာဏာလွှဲပြောင်းရေး နှောင့်နှေးခြင်းသည် မသင့်လျော်ပေ။

ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသေးပါဟူသော အကြောင်းပြချက်ဖြင့် အာဏာလွှဲပြောင်းရေး နှောင့်နှေးနေခြင်းသည် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် နေ့စဉ်နှင့်အမျှ ဖော်ပြထားသော တပ်မတော်၏ဆန္ဒမွန်နှင့်လည်း ဗီလာဆန့်ကျင်ဖြစ်နေပါသည်။ တပ်မတော်၏ ဆန္ဒမွန်ဟူသော ကြွေးကြော်သံတွင် "နိုင်ငံတော်၏ အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုလက်ဝယ်သို့ ဒီမိုကရေစီနည်းလမ်းနှင့်အညီ မြန်နိုင်သမျှမြန်မြန် အပ်နှင်းချင်သည်" ဟု ဖော်ပြထားသည်။ ဒီမိုကရေစီ စနစ်၏ ကောင်းမြတ်သော အစဉ်အလာမှာ အာဏာကို အကြမ်းဖက်၍ တိုက်ခိုက်လုယူခြင်းမရှိဘဲ ရွေးကောက်ပွဲတွင်ဆန္ဒခံယူ၍ ပြည်သူ့ဆန္ဒအတိုင်း ငြိမ်းချမ်းစွာ လက်ဆင့်ကမ်းလွှဲ ပြောင်းပေးရေးပင် ဖြစ်သည်။ တပ်မတော်၏ဆန္ဒမွန်တွင်ဖော်ပြထားသော ဒီမိုကရေစီနည်းလမ်းသည်လည်း ရွေးကောက်ပွဲတွင် ပြည်သူ့ဆန္ဒခံယူ၍ ပြည်သူ့ဆန္ဒနှင့်အညီ အာဏာလွှဲပြောင်းရေးကို ဆိုလိုသည်ဟု ယူဆပါသည်။ ထို့ကြောင့် နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် ဂုဏ်ယူဝံ့ကြွားစွာ ပြောကြားခဲ့သည့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတွင် ဒီမိုကရေစီနည်းလမ်းကျကျ ပြည်သူ့ဆန္ဒ ခံယူထားပြီးဖြစ်ပါသည်။ ဤရွေးကောက်ပွဲ တွင် ပြည်သူလူထုတရပ်လုံးသည် တပါတီအာဏာရှင်စနစ်ကို မလိုလားမနှစ်သက်ကြောင်း ၁၉၈၈ ခုနှစ် တွင် အသက်ပေါင်းများစွာ စတေး၍ ဆန္ဒပြခဲ့သလို ယခုတဖန် ဒီမိုကရေစီ အရပ်သားအစိုးရ ချက်ချင်း ဖွဲ့စည်းပေးရန် လိုလားကြောင်း၊ ဒီမိုကရေစီအရပ်သားအစိုးရထံသို့ နိုင်ငံတော်အာဏာအမြန်ဆုံးလွှဲအပ်ရန် လိုလားကြောင်း ငြိမ်းချမ်းစွာဆန္ဒပြခြင်းပင် ဖြစ်ပေသည်။ နဝတ စစ်အစိုးရမှ ကြီးမှူးကျင်းပသော ရွေးကောက်ပွဲတွင် ပြည်သူလူထုက မိမိတို့ဆန္ဒမှန်ကို ဖော်ထုတ်ပြီး မိမိတို့၏ တရားဝင်ကိုယ်စားလှယ်များ ကို ရွေးချယ်ထားပြီးဖြစ်ရာ နဝတ စစ်အစိုးရသည် ကတိရှိသည့်အတိုင်း နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင် ပြည်သူလူထု၏ တရားဝင်ကိုယ်စားလှယ်များထံသို့ အာဏာလွှဲပြောင်းပေးရန်မှတပါး အခြားသော နည်းလမ်းမရှိပေ။

ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ ခိုင်မာသော အစိုးရမဖွဲ့စည်းနိုင်ပါဟု နဝတ စစ်အစိုးရသည် မဆွကပင် နားလည်သဘောပေါက်ခဲ့ပါက ကျွန်ုပ်တို့ တောင်းဆိုခဲ့သော "ကြားဖြတ်အစိုးရဖွဲ့စည်းရေး" ကို အကြောက်အကန် ငြင်းဆိုလိမ့်မည် မဟုတ်ပေ။ သို့သော် နဝတ စစ်အစိုးရသည် ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးကို အကြောက်အကန်ငြင်းဆိုခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲအဆင့်ကိုပင်ကျော်၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကိုကျင်းပခဲ့လေပြီ။ ထို့အပြင် နဝတ စစ်အစိုးရ တာဝန်ကြီး(၄) ရပ်ထဲတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးမှ အာဏာလွှဲပြောင်း ပေးမည်ဟု မပါရှိခဲ့ပေ။ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ၁၉၉၀ မေလ(၁၀)ရက်နေ့ မိန့်ခွန်း တွင်လည်း "မိမိတို့၏ ရည်မှန်းချက်မှာ ရွေးကောက်ပွဲကို သတ်မှတ်ထားသည့်အတိုင်း ကျင်းပရန်ဖြစ်၍ အခြေခံဥပဒေကိစ္စကို မစဉ်းစားနိုင်" ဟု အတိအလင်း ပြောကြားခဲ့ပြီးဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် နဝတ စစ်အစိုးရသည် ကြားဖြတ်အစိုးရဖွဲ့စည်းရေးနှင့် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကျင်းပရေးကို ငြင်းဆန်ခဲ့ပြီး၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပခဲ့လေပြီ။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်အချုပ်အခြာအာဏာ မူလပိုင်ရှင်ပြည်သူလူထု၏ ကိုယ်စားလှယ် အစစ်အမှန်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ ပြည်သူ့လွှတ်တော်တွင် နိုင်ငံတော် အချုပ်အခြာအာဏာတွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ပါရှိရာ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်နှင့်တပါတည်း နိုင်ငံတော်အုပ်ချုပ်ရေးယန္တယားနှင့် တရားစီရင်ခွင့် မဏ္ဍိုင်တို့ကို ဖွဲ့စည်းထူထောင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်တို့ရှိပေသည်။ ထို့ကြောင့် နဝတ စစ်အစိုးရသည် ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူကျင်းပပေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း

အပ်သော ပြည်သူ့အစိုးရထံသို့ အမြန်ဆုံးအာဏာလွှဲပြောင်းပေးရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

ယနေ့ အမျိုးသားရေးတာဝန်အဖြစ် နဝတစစ်အစိုးရက အောက်ပါလုပ်ငန်းစဉ်များကို အထူးဦးစားပေး ဆောင်ရွက်သင့်သည်ဟု ကျွန်ုပ်တို့ခံယူပေသည်။

(၁) လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးနု၊ ဦးတင်ဦးနှင့် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ညိုထွန်းတို့အပါအဝင် တားဆီးခြင်းနှင့် ဖမ်းဆီးခြင်းခံနေရသော နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းလွှတ်ပေးရန်၊

(၂) တိုင်းပြည်၏ အနာဂါတ်အေးချမ်းသာယာရေးကို ရှေ့ရှု၍ အာဏာ ချောမောလျင်မြန်စွာ လွှဲပြောင်းနိုင်ရေးအတွက် အနိုင်ရပါတီနှင့် တရားဝင် ဆွေးနွေးရန်၊

(၃) ပြည်သူ့လွှတ်တော်အမြန်ဆုံးခေါ်ယူကျင်းပပေးရန်၊

(၄) အာဏာကို ငြိမ်းချမ်းစွာဖြင့် အမြန်ဆုံးလွှဲအပ်ရန်၊

အထက်ပါလုပ်ငန်းစဉ်လေးရပ်ကို ယနေ့ အမျိုးသားရေးတာဝန်အဖြစ် နဝတ စစ်အစိုးရက ကတိရှိသည့်အတိုင်း လျင်မြန်စွာ ဆောင်ရွက်ပေးရန် ပြည်နယ်(၇) ခုမှ တိုင်းရင်းသားလူမျိုးအပေါင်းတို့က လေးနက်စွာ တိုက်တွန်းကြောင်း တင်ပြလိုက်ရပေသည်။

"ဒီမိုကရေစီရေးနှင့် တန်းတူရေး မုချအောင်ရမည်"

မူဝါဒရေးရာကော်မတီ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်

---

## (ဃ) အတွင်းရေးမှူးနှင့် မူဝါဒရေးရာကော်မတီဝင် ဆလိုင်းလျန်မှုန်းတင်သွင်းသော ရွေးကောက်ပွဲအပြီး နိုင်ငံရေးသုံးသပ်ချက်နှင့် ရပ်တည်ချက်စာတမ်း

### ( အမျိုးသားညီလာခံကျင်းပရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး)

ရှစ်လေးလုံးအရေးတော်ပုံကြီးကြောင့် (မဆလ) တပါတီအာဏာရှင်စနစ် ပြုတ်ကျသွားပြီး နိုင်ငံရေးပါတီအသီးသီးပေါ်ထွက်လာကြပေသည်။ ဒီမိုကရေစီရေးကြွေးကြော်သံနှင့်အတူ ပေါက်ဖွားလာသော နိုင်ငံရေးပါတီများ၏ ရည်ရွယ်ချက် ရှေ့လုပ်ငန်းစဉ်နှင့် ကျေညာချက်များကို လေ့လာဆန်းစစ်ကြည့်သောအခါ ပင်လုံညီလာခံကဲ့သို့သော အမျိုးသားညီလာခံတရပ် ကျင်းပရေးကို ပါတီတိုင်းက ကြွေးကြော်ခဲ့ကြပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၈၉ ခုနှစ် ဇွန်လ (၂၆–၂၇)ရက်နေ့တွင် ကျင်းပခဲ့သော မန္တလေးညီလာခံတွင် အမျိုးသားညီလာခံတရပ် ကျင်းပရေးကို "မူ" တရပ်အဖြစ် ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့သည်။ ထို "မူ"ကို ပထမအကြိမ်သဘာပတိစုံညီ အစည်းအဝေးနှင့် ပထမအကြိမ်တိုင်းရင်းသားညီလာခံတို့တွင် စာတမ်းတစောင် ရေးသားတင်သွင်းပြီး ဆုံးဖြတ်ချက်ကို

ခိုင်မာစေခဲ့သည်။ ထို့ပြင် အမျိုးသားညီလာခံကြီးတရပ် မကျင်းပမီ အမျိုးသားပဏာမ ညှိနှိုင်းဆွေးနွေးပွဲများလည်း ပြုလုပ်နိုင်ခဲ့သည်။

အမျိုးသားညီလာခံကျင်းပရေးသည် မြန်မာနိုင်ငံ၏ ထူးခြားသော နိုင်ငံရေးလက္ခဏာတရပ်ဖြစ်ပေသည်။ လွတ်လပ်ရေးအကြိုကာလ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ကျင်းပသော ပင်လုံညီလာခံကြီးသည် လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော နိုင်ငံတခု ကမ္ဘာမြေပေါ်၌ ဝင့်ကြွားစွာ ပေါက်ဖွားသန့်စင်ပေးနိုင်ခဲ့ပေသည်။ ပင်လုံစာချုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး၏ လူမျိုးဆိုင်ရာအခွင့်အရေးနှင့် အမျိုးသားလက္ခဏာများကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြဋ္ဌာန်းကာကွယ်ရန် အာမခံချက်ပေးသည်သာမက ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံးကို နယ်ချဲ့လက်အောက်ကျွန်ဘဝမှ လွတ်မြောက်စေခဲ့ပါသည်။

ယနေ့ ကျွန်ုပ်တို့ဆင်နွှဲနေသော ဒီမိုကရေစီ အရေးတော်ပုံကြီးသည် မြန်မာနိုင်ငံ ဒုတိယအကြိမ် လွတ်မြောက်ရေးအတွက် ဆင်နွှဲနေသော ပြည်သူ့လွတ်မြောက်ရေးတိုက်ပွဲပင်ဖြစ်သည်။ ပထမလွတ်မြောက်ရေးတိုက်ပွဲသည် နယ်ချဲ့လက်အောက်သို့ လက်လွတ်ဆုံးရှုံးသွားခဲ့သော အချုပ်အခြာအာဏာကို ရရှိရေးအတွက် ဆင်နွှဲခဲ့သော တိုက်ပွဲဖြစ်၍၊ ဒုတိယအကြိမ် ဆင်နွှဲနေသော လွတ်လပ်ရေးတိုက်ပွဲသည် အာဏာရှင်စနစ်ကြောင့် ပြည်သူတရပ်လုံးက လက်လွတ်ဆုံးရှုံးလျက်ရှိနေသော ပြည်သူပိုင် အချုပ်အခြာအာဏာကို ပြည်သူ့လက်ဝယ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ဆင်နွှဲသော တိုက်ပွဲဖြစ်ပေသည်။ ပြည်သူလူထုသည် မိမိတို့ကံကြမ္မာကို လွတ်လပ်စွာ ဖန်တီးခွင့်မရှိပဲ အပြဋ္ဌာန်းခံဘဝရောက်သွားပြီး လူသားပီသစွာ အသက်ရှင်နေထိုင်ခွင့် မရပါက ထိုဘဝသည် ကျွန်ဘဝပင်မဟုတ်ပါလော။ လူသားပီသစွာ အသက်ရှင်နေထိုင်ခွင့်ရရှိသော လွတ်လပ်သည့်ဘဝကိုရရှိရန် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိရပေမည်။ ထို့ကြောင့် ယနေ့ဆင်နွှဲနေသော ဒီမိုကရေစီတိုက်ပွဲသည် မြန်မာနိုင်ငံ ဒုတိယအကြိမ် လွတ်မြောက်ရေးတိုက်ပွဲ အစစ်အမှန် ဖြစ်ပေတော့သည်။

ဒုတိယအကြိမ် လွတ်လပ်ရေးအောင်ပွဲ မုခ်ဦးသို့ ရောက်ရှိပြီး မြန်မာ့နိုင်ငံရေး၏ သီးခြားလက္ခဏာကိုဆောင်သော တိုက်ပွဲကာလအတွေ့အကြုံများကို အလေးအနက်ထားပြီး သင်ခန်းစာယူရပါမည်။ မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်ဖြစ်သောကြောင့် ပြည်ထောင်စုကြီး၏ အရေးကို ဆွေးနွေးဆုံးဖြတ်မည်ဆိုပါက တိုင်းရင်းသားလူမျိုးအားလုံး၏ အရေးကို မချန်မလှပ် စဉ်းစားရပေမည်။ အမှန်စင်စစ် အမျိုးသားညီလာခံကျင်းပခြင်း၏ ရည်ရွယ်ချက်မှာလည်း တိုင်းရင်းသားလူမျိုးစုံညီစွာဖြင့် ပြည်ထောင်စုကြီး၏ ပုံသဏ္ဍာန်ကို သွန်းလောင်းပုံဖော်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူမျိုး မစုံမလင်ဖြင့် ပြည်ထောင်စုကြီး၏ ပုံသဏ္ဍာန်ကို ပုံဖော်ပါက ခန္ဓာကိုယ်တခုတွင် အင်္ဂါမစုံလင်သည်နှင့် တူပေလိမ့်မည်။

ပထမအကြိမ် လွတ်လပ်ရေးကာလတွင် ကျင်းပခဲ့သောပင်လုံညီလာခံတွင် ပြည်ထောင်စုထဲမှ အဓိကအရေးကြီးသော လူမျိုးတချို့ မတက်ရောက်နိုင်ခဲ့ကြပေ။ အထူးသဖြင့် ကရင်လူမျိုးများ ပင်လုံညီလာခံသို့ မတက်ရောက်နိုင်ခဲ့ခြင်းနှင့် သူတို့၏ဆန္ဒအမှန်ကို တင်ပြခွင့် မရရှိခြင်း၊ သူတို့၏ သဘောတူညီချက် မရရှိခြင်းတို့သည် လွတ်လပ်ရေးနှင့်အတူပေါက်ဖွားခဲ့သော လူမျိုးရေးကို အခြေခံသည့် ပြည်တွင်းစစ် ဖြစ်ပွါးရခြင်း၏ အကြောင်းအဖြစ် ပါဝင်နေပေသည်။

ပထမလွတ်လပ်ရေးကာလတွင် ပြေလည်စွာဖြေရှင်းသင့်သော နိုင်ငံရေးပြဿနာများကို ပြေလည်စွာ ဖြေရှင်းနိုင်ခြင်းမရှိသောကြောင့် နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းလာကာ ပြည်တွင်းစစ် ပေါက်ဖွားလာခဲ့ရပါသည်။ ပြည်တွင်းစစ်ကိုအားပြု၍ ရှင်သန်လာသော စစ်အာဏာရှင်စနစ်နှင့်

စစ်အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းသွားသော တပါတီအာဏာရှင်စနစ်တို့ကြောင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် အာဏာရှင်စနစ်အောက်တွင် သီးပွင့်ရှင်သန်နိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ကျွန်ုပ်တို့ ဆင်နွှဲသော ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲသို့ အင်အားကြီးမားပြင်းထန်စွာ ဦးတည်နေချိန်တွင် ကြုံခဲ့ဘူးသော သမိုင်းသင်ခန်းစာများကို အလေးအနက်ထား၍ ပြည်ထောင်စုကြီး၏ပုံသဏ္ဍာန်ကို စင်ကြယ်စွာ သွန်းလောင်းရန် အမျိုးသားညီလာခံတရပ်ကို မလွဲမသွေ ကျင်းပရပေမည်။

## မည်သူဦးဆောင်မည်နည်း ?

၁၉၉၀ ပြည့် မေလ (၂၇)ရက်တွင် ကျင်းပသော ရွေးကောက်ပွဲသည် ပြည်သူလူထု၏ ကိုယ်စားလှယ်အဖြစ် အစစ်အမှန်များကို တရားဝင်ရွေးချယ်ခြင်းပင်ဖြစ်သည်။ တနည်းအားဖြင့် ပြည်သူကို ကိုယ်စားပြုရန် ကြိုးပမ်းအားထုတ်သော နိုင်ငံရေးပါတီများစွာရှိသည့်အနက် လူထုကို အမှန်တကယ် ကိုယ်စားပြုသော နိုင်ငံရေးပါတီကို ဆန်ကာတင် ရွေးထုတ်သောပွဲလည်း ဖြစ်ပေသည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင် ပြည်သူလူထု၏ တရားဝင်ထောက်ခံမှု အများဆုံးရရှိသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ယနေ့တိုင်းပြည်၏ မဟာလိုအပ်ချက်ကို ဖြည့်ဆည်းသောအားဖြင့် အမျိုးသားညီလာခံကြီးကို ဦးဆောင်ကျင်းပသင့်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တွဲဖက်၍ မိမိတို့ လူမျိုးအသီးသီး၏ ယုံကြည်စိတ်ချမှု၊ အားပေးထောက်ခံမှုကို အပြည့်အဝရရှိကြသော ပြည်နယ် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများ စုစည်းထားသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်က ပူးတွဲတာဝန်ယူသင့်ပေသည်၊

## မည်သူတွေတက်ရောက်မည်နည်း ?

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးပေါင်းစုံ မချန်မလှပ် တက်ရောက်ကြပေမည်။ သို့ရာတွင် အထူးသတိပြုသင့်သည့်အချက်မှာ သွေးခွဲရေးဝါဒ၊ မဟာလူမျိုးကြီးဝါဒသမားတို့ ပြောဆိုသကဲ့သို့ မြန်မာနိုင်ငံတွင် လူမျိုးတရာ့ငါးဆယ်ကျော်မရှိပါ။ ယင်းသဘောထားသည် တိုင်းရင်းသားလူမျိုးစုများကို သွေးခွဲခြင်းပင်ဖြစ်ပါသည်။ နယ်ချဲ့အင်္ဂလိပ်တို့ပင်လျှင် ထိုမျှသွေးခွဲခြင်းမရှိခဲ့ပါ။ ယခုမူ မိမိတို့ အာဏာတည်မြဲရေးအတွက် ကိုယ့်အချင်းချင်းတောင် မညှာတာ နိုင်တော့ဘဲ၊ နယ်ချဲ့ထက် အကြံပက်စက်စွာ သွေးခွဲရက်ကြလေပြီ။ အင်္ဂလိပ် သွေးခွဲအုပ်ချုပ်ရေးစနစ်သည် လူမျိုးတမျိုးနှင့်တမျိုး သွေးခွဲခြင်းမျှသာဖြစ်၍ ယခုမူ လူမျိုးတမျိုးထဲမှာ လူမျိုးနွယ်စုများ၊ ဆွေမျိုးစုများကို သာမက ဒေသကိုပင် အခြေခံ၍သွေးခွဲပစ်ကြ၏။ ဥပမာ ... ချင်းလူမျိုးသည် လူမျိုးတမျိုးတည်းသာဖြစ် သည်။ ထိုတမျိုးတည်းသော ချင်းလူမျိုးထဲတွင် ဇိုမီး၊ လိုင်မီး၊ ခမီး၊ မီးဇို၊ ချိုး အစရှိသော မျိုးနွယ်စုများ ပါဝင်ကြပါသည်။ ထိုမျိုးနွယ်စုထဲတွင် ဆွေမျိုးစုများစွာ ပါဝင်ကြသေးသည်။ ဥပမာ ... လိုင်မျိုးနွယ်စုထဲတွင် မရာ၊ မတူ၊ ဗိုတုံး၊ ဗိုဖဲ၊ ဆင်တန်း၊ မီးအဲ၊ လိုင်ဇို၊ ဇာဟော၊ ခွါလ်ဆင်း စသည့် ဆွေမျိုးစုများပါဝင်ကြသည်။ ကချင်နှင့် ရှမ်းလူမျိုးများတွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ သမိုင်းတိုးတက်မှုနှေးသော လူမျိုးတိုင်းတွင် ထိုကဲ့သို့ လူမျိုးစုများ၊ လူမျိုးနွယ်စုများ၊ ဆွေမျိုးနွယ်စုများ၊ မျိုးတူစုများ ကွဲပြားမှု အမြဲတမ်းရှိသည်။ ထိုလူမျိုးစုတို့၏ သမိုင်း တဖြည်းဖြည်း ရင့်ကျက်လာသောအခါ ဆွေမျိုးစု **(Clan)** နှင့် မျိုးနွယ်စု **(Tribe)** အဆင့်များကို ကျော်လွန်၍ လူမျိုးခြား အမျိုးသား **(National)** အဆင့်သို့ ရောက်ရှိသွားကြပါသည်။ ထို့ကြောင့် လူမျိုးတမျိုးတည်းသာဖြစ်ပြီး သမိုင်းတိုးတက်မှုနောက်ကျခြင်းကြောင့် လူမျိုးနွယ်စုများ

ဆွေမျိုးနွယ်စုများကို သီးခြားလူမျိုးဖြစ်နေသယောင် ခွဲခြားခြင်းသည် ရက်စက်သော သွေးခွဲမှုဟု သုံးသပ်မိပါသည်။

ယနေ့ မဟာလူမျိုးကြီးဝါဒီတို့သည် လူမျိုးနွယ်စုများ ဆွေမျိုးစုများသာမက ဒေသကို အခြေခံ၍လည်း သွေးခွဲမှု အကြီးအကျယ် လုပ်နေကြပါသည်။ ဥပမာ ... ချင်းပြည်နယ်တွင် ဟားခါးချင်း၊ ဖလမ်းချင်း၊ တီးတိန်ချင်း စသည်ဖြင့် မြို့နယ်ဒေသများကိုအစွဲပြု၍ သွေးခွဲမှု အကြီးအကျယ် လုပ်နေကြပါသည်။ မန္တလေး ဗမာ၊ ရန်ကုန်ဗမာ ဟူ၍ ရှိနိုင်ပါသလော၊ မရှိနိုင်ပါ။ နယ်ချဲ့ထံမှ သွေးခွဲအုပ်ချုပ်ရေးစနစ်ကို အမွေခံထားသော မဟာလူမျိုးကြီးဝါဒီများသည် မရှိသည်ကို အရှိလုပ်၍ မြန်မာနိုင်ငံကို အနုစိပ်ပြီး အပိုင်းပိုင်းခွဲကာ သပ်သျှိုနေကြပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အမြင်ကြည်ကြည်လင်လင်ဖြင့် အာဏာရှင်စနစ်၏ သွေးခွဲသပ်သျှိုမှုကို ရှောင်ရှားသင့်ပေသည်။ ယနေ့မြန်မာနိုင်ငံ၏ အရှိပကတိအတိုင်း လူမျိုးကြီး (၈)မျိုး ရှိပါသည်။ ၎င်းတို့မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းလူမျိုးတို့ ဖြစ်ကြပါသည်။ ထို့အပြင် ပအိုဝ့်၊ ပလောင်၊ ဝ၊ နာဂ၊ လားဟူ၊ ကယန်း စသည့် လူမျိုးစုများလည်း ရှိပေသေးသည်။ ထိုလူမျိုးကြီး (၈)မျိုးနှင့် လူမျိုးစုများ အစုံအညီ တက်ရောက်သော အမျိုးသားညီလာခံကြီးကို အမြန်ဆုံးကျင်းပမှသာ ပြည်ထောင်စုကြီးကို အမှန်တကယ်ကိုယ်စားပြုသော အမျိုးသားညီလာခံတရပ် ဖြစ်ပေမည်။

**အမျိုးသားညီလာခံကြီးတွင် ဆွေးနွေးဆုံးဖြတ်သင့်သည့်အချက်များ**

( ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကျင်းပရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ကြိုတင်ပြင်ဆင်မှုများ)

ယနေ့မြန်မာနိုင်ငံရေး၏ အမျိုးသားရေးတာဝန်(၃)ရပ်မှာ ...

(၁) အာဏာရှင်စနစ် အပြီးသတ်ချုပ်ငြိမ်းရေးနှင့် ဒီမိုကရေစီအုတ်မြစ် အခိုင်အမာချထားရေး၊

(၂) ပြည်တွင်းငြိမ်းချမ်းရေး၊

(၃) စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေးတို့ ဖြစ်ကြသည်။

အထက်ဖော်ပြပါ နိုင်ငံရေးပြဿနာ (၃)ရပ်သည် ခွဲမရအောင် ဆက်စပ်နေကြပါသည်။ ထို့ကြောင့် အမျိုးသားညီလာခံကြီးတွင် ထိုနိုင်ငံရေးပြဿနာ (၃)ရပ်ကို အလေးအနက်ထား၍ ဆွေးနွေးကြရပေမည်။

**၁။ အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီစနစ်ထူထောင်ရေး**

(၂၆)နှစ်ကြာ အုပ်ချုပ်မင်းမူခဲ့သော တပါတီအာဏာရှင်စနစ်၏ အုပ်ချုပ်ရေးယန္တယားအားလုံးကို ဒီမိုကရေစီအုပ်ချုပ်ရေးယန္တယားဖြင့် အစားထိုးရပေမည်။ ထိုသို့ အစားထိုးရာတွင် ဆန္ဒစောပြီး ခြေလှမ်းမကျွံရေးနှင့် ခြေလှမ်းနှောင့်နှေးပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေရန် သတိထားရပေမည်။ လုပ်သင့်လုပ်ထိုက်သောအလုပ်များကို လုပ်သင့်သည့်အချိန်တွင် အပြီးအစီးလုပ်နိုင်ရမည်။ ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တယား ချောမွေ့စွာလည်ပတ်နိုင်ရေးကို စစ်အစိုးရက ဒီမိုကရေစီအရပ်သားအစိုးရထံသို့ အာဏာလွှဲပြောင်းပေးရေးဖြင့် အစပြုရပေမည်။

## ၂။ ပြည်တွင်းငြိမ်းချမ်းရေး

ယနေ့မြန်မာနိုင်ငံတွင်ဖြစ်ပွါးနေသော ပြည်တွင်းစစ်သည် အောက်ပါအခြေခံ(၂) ရပ်ကြောင့် ဖြစ်ပွါးရခြင်းဖြစ်၏။ ၎င်းတို့မှာ ...

(၁) နိုင်ငံရေးဝါဒ လွတ်လပ်ခွင့်မရှိခြင်း၊

(၂) လူမျိုးရေးပြဿနာ တို့ကြောင့်ဖြစ်သည်။

ဝါဒရေးကြောင့် ဖြစ်ပွားရသော ပြည်တွင်းစစ်သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပွင့်လန်းရှင်သန်ပြီး အယူဝါဒပေါင်းစုံ၊ ယုံကြည်ရာ နိုင်ငံရေးလမ်းစဉ်မျိုးစုံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခွင့် ရှိမည်ဆိုပါက ငြိမ်းချမ်းမည်သာဖြစ်ပေသည်။ ထို့ကြောင့် ဝါဒရေးကိုအခြေခံသော ပြည်တွင်းစစ်ချုပ်ငြိမ်းရန်၊ ဒီမိုကရေစီအခွင့်အရေးများ အာမခံချက်ရရှိရန် လိုအပ်ပါသည်။

လူမျိုးရေးအခြေခံကြောင့် ဖြစ်ပွားသော ပြည်တွင်းစစ် ငြိမ်းသတ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေးပေးထားရန် လိုပါသည်။ နိုင်ငံရေးတန်းတူခွင့်ကို စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့်သာ ဖေါ်ဆောင်နိုင်ပေမည်။ ထို့ကြောင့် အသစ်ရေးဆွဲပြဋ္ဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာအပြည့်အဝရရှိသော ပြည်ထောင်စုစစ်စစ်မှုဖြင့် ရေးဆွဲပြဋ္ဌာန်းရပေမည်။

ပြည်တွင်းစစ်အပြီးသတ်ချုပ်ငြိမ်းရေးအတွက် အမျိုးသားညီလာခံကြီးတွင် အောက်ပါအတိုင်း အစီအစဉ်ချမှတ် ဆောင်ရွက်သင့်ပါသည်။

(က) အမျိုးသားညီလာခံကြီးတွင် ဒီမိုကရေစီထွန်းကားပြီး တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိသော ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသောအခါ အခြေခံရမည့် လမ်းညွှန်အခြေခံမူများကို ချမှတ်ထားရမည်။

(ခ) နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲသောအခါ အခြေခံရမည့် လမ်းညွှန်အခြေခံမူကို လက်ကိုင်ပြု၍ (အခြေခံ၍) ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ခေါ်ယူကျင်းပရမည်။

## ၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေး

ယနေ့ ဆင်နွှဲနေသော ဒီမိုကရေစီအရေးတော်ပုံကြီး၏ ပန်းတိုင်သည် ဒီမိုကရေစီထွန်းကားပြီး တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိသော စစ်မှန်သည့် ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေးပင်ဖြစ်ပါသည်။ အသစ်ရေးဆွဲမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်စေရမည်ဟု ကျွန်ုပ်တို့ အလေးအနက်ယုံကြည်အပ်ပေသည်။

(၁) စစ်မှန်သောပြည်ထောင်စုစနစ်ပေါ်တွင် အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရမည်။

(၂) ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို အပြည့်အဝ ပြဋ္ဌာန်းကာကွယ်ရမည်။

(၃) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိစေရမည်။

(၄) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထားအပေါ်

အခြေခံ၍ဖွဲ့စည်းခြင်းမဖြစ်စေရ။ လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များသာ ဖြစ်စေရမည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ ရှိရင်းစွဲပြည်နယ်(၇) ခုနှင့် ဗမာပြည်မကို ပြည်နယ်တခုဖြင့် ဖွဲ့စည်း၍ အမျိုးသားပြည်နယ် (၈)ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(၅) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေး အာဏာ အပြည့်အဝ အပ်နှင်းထားရမည်။ ဆိုလိုသည်မှာ ပြည်နယ်များကို ဥပဒေပြု အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အပ်နှင်းထားရမည်။ ထို့အပြင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကို လွှဲအပ်ထားသော လုပ်ပိုင်ခွင့် အာဏာများမှအပ ကြွင်းကျန်သောလုပ်ပိုင်ခွင့်အာဏာများ **(Residual Power)** ကို အပ်နှင်းထားရမည်။

(၆) အမျိုးသားပြည်နယ်များ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုအစိုးရအား တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် နိုင်ငံတော်ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် အခြားယာယီလွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားရမည်။ ထို့အပြင် နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်ထောင်စုအစိုးရ၌သာ တည်ရှိစေရမည်။

(၇) ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော်(အောက်လွှတ်တော်) ဟူ၍ လွှတ်တော်(၂) ရပ်ထားရှိရမည်။ လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေ အညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းသော ပြည်ထောင်စု ဆိုသည့် အနှစ်သာရ ပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရမည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်ဖြစ်သောကြောင့် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းမရှိပါက လူမျိုးစုပြဿနာကို ပြေလည်စွာ ဖြေရှင်းနိုင်မည်မဟုတ်ပေ။ လူမျိုးစုပြဿနာကို ပြေလည်စွာဖြေရှင်းနိုင်ခြင်းမရှိပါက ပြည်တွင်းငြိမ်းချမ်းရေး ရရှိနိုင်မည်မဟုတ်ပေ။ ပြည်တွင်းငြိမ်းချမ်းရေး မရရှိပါက ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ပွင့်လန်း ရှင်သန်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဒီမိုကရေစီရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးတို့အတွက် ယနေ့တိုင်းပြည်၏ မဟာလိုအပ်ချက်ဖြစ်သော အမျိုးသားညီလာခံတရပ်ကို မလွှဲမသွေ ကျင်းပရန်လိုအပ်ကြောင်း တင်ပြလိုက်ရပေသည်။

"ဒီမိုကရေစီရေးနှင့်တန်းတူရေး မုချအောင်ရမည်"

မူဝါဒရေးရာကော်မတီ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်

# (င) မူဝါဒရေးရာကော်မတီဝင် နိုင်တင်ဖေ တင်သွင်းသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေးအတွက်လက်ခံထားသော လမ်းညွှန်အခြေခံ "မူ" များစာတမ်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် ဒီမိုကရေစီအရေးနှင့်အတူ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေးရရှိရေးကို တပြိုင်နက်တိုက်ပွဲဝင်ရန် သံဓိဋ္ဌာန်ချထားသောလူမျိုးစုများ၏ နိုင်ငံရေးအဖွဲ့ချုပ်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရရှိရေးသည် စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ရေးဆွဲပြဋ္ဌာန်းရေးပင်ဖြစ်သည်။

ယခုအခါ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးပြီဖြစ်၍ ဒီမိုကရေစီတိုက်ပွဲ၏ အရေးကြီးသော အဆင့်တခုကို အောင်မြင်စွာကျော်လွှားနိုင်ပြီဟု ယူဆသုံးသပ်နိုင်ပါသည်။ ဒီမိုကရေစီ ကျင့်စဉ်တရားများကို နဝတ စစ်အစိုးရက လေးစားလိုက်နာမည်ဆိုပါက ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံသို့ နိုင်ငံတော်အာဏာကို ခြွင်းချက်မရှိ လွှဲအပ်ရမည်ဖြစ်သည်။ ထိုသို့ အာဏာလွှဲအပ်ပြီးသောအခါ အာဏာရ ဒီမိုကရေစီ အရပ်သား အစိုးရက တိုင်းပြည်၏ အနာဂါတ်ကံကြမ္မာကို ပြဋ္ဌာန်းကာကွယ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံကို ရေးဆွဲရမည်ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် စတင်ဖွဲ့စည်းထူထောင်သည့်အချိန်မှ ဒီမိုကရေစီအရေး၊ တိုင်းရင်းသားလူမျိုးများကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် နိုင်ငံရေးအရ တန်းတူအခွင့်အရေးရရှိရေးတို့ကို အပြည့်အဝ အာမခံချက်ပေးနိုင်မည့် စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးကို အစဉ်တစိုက်ကြိုးပမ်းလာခဲ့ပါသည်။ ၁၉၈၉ ခု ဇွန်လ (၂၅)ရက်မှ (၂၆)ရက်အထိ မန္တလေးမြို့၌ ကျင်းပခဲ့သော လူမျိုးစုနိုင်ငံရေးပါတီ (၁၃)ပါတီ တက်ရောက်သည့် အစည်းအဝေးကြီးတွင် စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း)တရပ်ကို ကြိုတင်ပြင်ဆင်ရေးဆွဲရန် အားလုံးသဘောတူဆုံးဖြတ်ခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်အတိုင်း ၁၉၈၉ ခု၊ နိုဝင်ဘာလ(၂၁)မှ (၂၃)ရက်နေ့အထိ ကျင်းပခဲ့သော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် ပထမအကြိမ် သဘာပတိစုံညီအစည်းအဝေး (ညီလာခံ) တွင် ပြည်ထောင်စု စစ်စစ်မူဖြင့် ရေးဆွဲထားသော ဖွဲ့စည်းပုံ ဥပဒေမူကြမ်းတစောင်ကို ရေးဆွဲတင်သွင်းနိုင်ခဲ့ပါသည်။ ထိုညီလာခံတွင် တင်သွင်းအတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာတမ်းကို ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် နိုင်ငံရေးပါတီ(၁၉)ပါတီနှင့် အဖွဲ့မဝင်ရသေးသော လူမျိုးစုနိုင်ငံရေးပါတီ(၆)ပါတီ တက်ရောက်သည့် ၁၉၉၀ ပြည့်၊ ဖေဖော်ဝါရီလ (၈)ရက်နေ့မှ (၁၀)ရက်အထိ ကျင်းပခဲ့သော ပထမအကြိမ် တိုင်းရင်းသားညီလာခံကြီးတွင် ထပ်မံတင်သွင်း၍ အတည်ပြုနိုင်ခဲ့ပါသည်။

ပထမအကြိမ် တိုင်းရင်းသားညီလာခံတွင် အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာတမ်းမှ အဓိကကျသော အခြေခံမူ(၄)ရပ်ကို ကောက်နှုတ်၍ ထို မူ(၄)ရပ်အပေါ် အခြေခံပြီး ဗမာ

ပါတီများဖြစ်ကြသည့် ဒီမိုကရေစီပါတီ၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ချုပ်(ဒီ/ငြိမ်း)၊ ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ်(ဒမဖ)၊ အမျိုးသားပြန်လည်တည်ဆောက်ရေးဒီမိုကရေစီတပ်ပေါင်းစု၊ ပြည်ထောင်စုမြန်မာနိုင်ငံဒီမိုကရေစီတပ်ပေါင်းစု၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုအခြေခံမူ(၄)ရပ်မှာ ...

(၁) ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တည်းဟူသော နိုင်ငံရေးအာဏာ အပြည့်အဝရှိသည့် တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ဖွဲ့စည်းရမည်။

(၂) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ပထဝီအနေအထားအပေါ်အခြေခံ၍ ဖွဲ့စည်းခြင်း မဖြစ်စေပဲ၊ လူမျိုးကိုအခြေခံသော ပြည်နယ်များသာ ဖြစ်စေရမည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ အမျိုးသားပြည်နယ်(၈)ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(၃) အမျိုးသားပြည်နယ်များ နိုင်ငံရေးအရ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုအစိုးကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော်(၂)ရပ်ထားရှိရမည်။

(၄) လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်အမတ်ဦးရေ အညီအမျှစေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များ တန်းတူရည်တူပူးပေါင်းသော ပြည်ထောင်စုဆိုသည့် အနှစ်သာရ ပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်အမတ်များကို စေလွှတ်ကြရမည်။

ဟူသောအချက်များပင်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်အချုပ်အခြာအာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုကြီး၏ တရားဝင်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ထားပြီးဖြစ်ရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေးသည်လည်း ပြည်သူလူထု၏ တရားဝင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းအပ်သည့် ပြည်သူ့လွှတ်တော်တွင် အပြည့်အဝ တာဝန်ရှိနေပါပြီ။ ထိုမှတပါး အနိုင်ရပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ဦးဆောင်ရေးဆွဲရန် ကြီးလေးစွာ တာဝန်ရှိနေပေသည်။ ထို့ကြောင့် ဤညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ( မူကြမ်း) တရပ်ကို တင်သွင်းခြင်း မပြုတော့ပဲ ကျွန်ုပ်တို့ ပြည်နယ်တိုင်းရင်းသားလူမျိုးများ အလေးအနက်လိုလားတောင်းဆိုသော ပြည်ထောင်စုစစ်စစ်မှုများဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် လက်ခံထားသည့် လမ်းညွှန်အခြေခံမူများကိုသာ အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်လမ်းညွှန်အခြေခံမူများ

၁။ စစ်မှန်သောပြည်ထောင်စုစနစ်ပေါ်တွင် အခြေခံသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရမည်။

၂။ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကို အပြည့်အဝ ပြဋ္ဌာန်းကာကွယ်ရမည်။

၃။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးကို နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိစေရမည်။

၄။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထားအပေါ် အခြေခံ၍ ဖွဲ့စည်းခြင်း မဖြစ်စေဘဲ၊ လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များသာဖြစ်ရမည်။ လက်ရှိနိုင်ငံရေး အခြေအနေအရ ရှိရင်းစွဲ ပြည်နယ်(၇)ခုနှင့် ဗမာပြည်မကို ပြည်နယ်တခုအဖြစ် ဖွဲ့စည်း၍ အမျိုးသား ပြည်နယ်(၈) ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

၅။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နိုင်ငံရေး အာဏာ အပြည့်အဝ အပ်နှင်းထားရမည်။ ဆိုလိုသည်မှာ ပြည်နယ်များအား ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ တို့ကို အပြည့်အဝ အပ်နှင်းထားရမည်။ ထို့အပြင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကို လွှဲအပ်ထားသော လုပ်ပိုင်ခွင့် အာဏာများမှအပ ကြွင်းကျန်သောလုပ်ပိုင်ခွင့်အာဏာများ **(Residual Power)** ကို အပ်နှင်း ထားရမည်။

၆။ အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရမည်။ ပြည်ထောင်စုအစိုးရအား တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် နိုင်ငံတော်ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် အခြားယာယီလွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားရမည်။ ထို့အပြင် နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်ထောင်စုအစိုးရ၌သာ တည်စေရမည်။

၇။ ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိရမည်။ လူမျိုးစုလွှတ်တော်တွင် ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေ အညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းသော ပြည်ထောင်စုဆိုသည့် အနှစ်သာရ ပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေ အချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရမည်။

### ပြည်နယ်များဖွဲ့စည်းရေး

အထက်ဖော်ပြပါ လမ်းညွှန်အခြေခံမူအတိုင်း ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီ အနေအထားအပေါ် အခြေခံသော ပြည်နယ်များ မဖြစ်စေဘဲ လူမျိုးကိုအခြေခံသော အမျိုးသား ပြည်နယ်များသာ ဖြစ်ရမည်။ အကြောင်းမှာ ဤ နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင် သောနိုင်ငံဖြစ်၍ ၎င်းတိုင်းရင်းသားလူမျိုးအသီးသီး၏ လူမျိုးရေးလက္ခဏာ (ဝါ) အမျိုးသားလက္ခဏာ **(National Identity)** လုံးဝ မထိပါး မချိုးဖေါက်သင့်ပေ။

ယခုအခါ အချို့သော မဟာဝါဒီသမားများသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟူသော အကြောင်းပြချက်ဖြင့် လူမျိုးရေးလက္ခဏာနှင့် လူမျိုးဂုဏ်ကို မဖေါ်ဘဲ၊ ပထဝီကိုအခြေခံသော ပြည်နယ် များကို ဖွဲ့စည်းသင့်သည်ဟု အကြံပေးနေကြသည်။ ယင်းသည် လူမျိုးကြီးက လူမျိုးငယ်ကို ဝါးမျိုရေးဝါဒ ဖြစ်၍ ကျွန်ုပ်တို့ လုံးဝ လက်မခံနိုင်ပေ။ အမျိုးသားရေးလက္ခဏာကို ထိပါးပြီး လူမျိုးဆိုင်ရာ အခွင့်အရေး များကို ရိုက်ချိုးပိတ်ပင် ဟန့်တားမှုမှန်သမျှကို ကျွန်ုပ်တို့ လက်မခံနိုင်ပေ။ မိမိတို့လူမျိုးပပျောက်ရေးအကြံ ကို မည်သူမျှ လက်သင့်ခံမည်မဟုတ်ပေ။ မိမိလူမျိုးသိက္ခာကို မြှင့်တင်ပြီး မိမိလူထု ကောင်းစားရေးကို ဆောင်ရွက်လိုကြပါသည်။ ထိုမှတဆင့် တန်းတူညီမျှမှုကို အခြေခံသည့် သွေးစည်းညီညွတ်ရေး တည်ဆောက်ကြရပေမည်။ ထိုသို့ ခိုင်မာ၍ ညီညွတ်မျှတသည့် တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးစည်း

ညီညွတ်ရေးကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအတွင်းရှိ မည်သည့်လူမျိုး (ဝါ) အမျိုးသားပြည်နယ်ကိုမျှ အခွင့်ထူးမပေးရေးနှင့် မည်သည့်လူမျိုး (ဝါ) အမျိုးသားပြည်နယ်ကိုမျှ အခွင့်အရေးမပိတ်ပင်ရေး "မူ"ကို မြဲမြံစွာ ဆုပ်ကိုင်ထားရပါမည်။

ယနေ့မြန်မာ့နိုင်ငံရေးအခြေအနေအရ အဓိကလူမျိုး (၈)မျိုးကို အခြေခံသော အမျိုးသားပြည်နယ်(၈) ပြည်နယ်ကို ဖွဲ့စည်းရမည်။ ၎င်းတို့မှာ ...

(၁) ကချင်ပြည်နယ်၊
(၂) ကယားပြည်နယ်၊
(၃) ကရင်ပြည်နယ်၊
(၄) ချင်းပြည်နယ်၊
(၅) ဗမာပြည်နယ်
(၆) မွန်ပြည်နယ်၊
(၇) ရခိုင်ပြည်နယ်၊
(၈) ရှမ်းပြည်နယ် တို့ဖြစ်ပါသည်။

## ကိုယ်ပိုင်အုပ်ချုပ်ရဒေသများဖွဲ့စည်းရေး

၁၉၈၉ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် ညီလာခံတွင် တိုင်းရင်းသားလူမျိုးများရေးရာနှင့်ပတ်သက်သော အခြေခံမူစာတမ်းကို တင်သွင်း၍ အတည်ပြုနိုင်ခဲ့ပါသည်။ ထိုစာတမ်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံကို အမျိုးသားပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ရဒေသများ **(Autonomous Regions)** ၊ အမျိုးသားနယ်မြေများ **(National Areas)** စသည်ဖြင့် လူမျိုးကို အခြေခံ၍ အဆင့်ဆင့်သော အုပ်ချုပ်ရေးနယ်ပယ်များကို သတ်မှတ်ဖွဲ့စည်းရမည်ဟု ဖေါ်ပြထားပါသည်။ (ယင်းအုပ်ချုပ်ရေးနယ်ပယ်များသည် လူမျိုးတမျိုး၏ အမျိုးသားပြည်နယ်ကို အုပ်ချုပ်ရေးယန္တယား လွယ်ကူချောမွေ့စေရန် အုပ်စု၊ မြို့နယ်၊ ခရိုင်၊ တိုင်း စသည်ဖြင့် ခွဲခြား သတ်မှတ်ထားသော စနစ်မျိုးနှင့် မသက်ဆိုင်ပေ)။ ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအရ အမျိုးသားပြည်နယ်များဖွဲ့စည်းရန် အင်္ဂါစုံလင်သော လူမျိုးများကို ချက်ချင်းလက်ငင်းပြည်နယ်များ ဖွဲ့စည်းစေလျက် နောင်တွင် ပြည်နယ်အဆင့်သို့ ကူးပြောင်းနိုင်သည့် အလားအလာရှိသော လူမျိုးများကို ကိုယ်ပိုင်အုပ်ချုပ်ရဒေသများ ဖွဲ့စည်းစေရမည်ဟု ဖေါ်ပြထားခဲ့ပေသည်။

ထို့ကြောင့်ကျွန်ုပ်တို့သည်အမျိုးသားရေးလက်ငင်းတာဝန်အဖြစ် ပြည်နယ်များဖွဲ့စည်းရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရဒေသများ ဖွဲ့စည်းပြဋ္ဌာန်းရေးကို မလွဲမသွေ ဆောင်ရွက်ကြရပေမည်။ သို့သော် ယနေ့နိုင်ငံရေးအကြပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်နေရသော အခါသမယတွင် များပြားလှသော လူမျိုးများ၏ ပြန့်ကျဲစွာ နေထိုင်မှုကိုလိုက်၍ အမျိုးသားနယ်မြေများသတ်မှတ်ရေးမူကို ချက်ချင်းလက်ငင်း ဆောင်ရွက်နိုင်ဖွယ်ရာ မရှိသေးပါ။ ပြည်နယ်အဆင့်သို့ ကူပြောင်းနိုင်သော ကိုယ်ပိုင်အုပ်ချုပ်ရဒေသများ ဖွဲ့စည်းရေးကိုသာ စဉ်းစားနိုင်ပေဦးမည်။

ကိုယ်ပိုင်အုပ်ချုပ်ရဒေသများကို အမျိုးသားပြည်နယ်တခု၏ ဥပဒေပြုအာဏာလွှမ်းခြုံနိုင်သော နယ်နိမိတ်အတွင်းရှိ သီးခြားလူမျိုးအတွက် သက်ဆိုင်စေရမည်။ ဥပမာ – ရှမ်းပြည်နယ်အတွင်းရှိ ပအိုဝ့်၊ ပလောင်၊ ဝ စသည့် လူမျိုးများ၊ ထို ကိုယ်ပိုင်အုပ်ချုပ်ရဒေသများသည် သက်ဆိုင်ရာပြည်နယ်၏

ပြည်နယ်ဥပဒေကို လက်ခံကျင့်သုံးရမည်။ သို့ရာတွင် အုပ်ချုပ်ရေးအာဏာနှင့် မိမိလူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံ **(Customary Law)** အရ တရားစီရင်ရေးအာဏာတို့ကို အပြည့်အဝ အပ်နှင်းထားရမည်။ ထို့အပြင် သက်ဆိုင်ရာပြည်နယ်ဥပဒေပြုအဖွဲ့ဖြစ်သော ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်ကိုယ်စားပြု ပြည်ထောင်စုလွှတ်တော်များတွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များ စေလွှတ်ပိုင်ခွင့်ရှိစေရမည်။

လက်ရှိနိုင်ငံရေး အခြေအနေအရ အချို့ပြည်နယ်များအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ရဒေသများ ဖွဲ့စည်းသင့်သော လူမျိုးများမှာ ပအိုဝ့်လူမျိုးများ၊ ပလောင်လူမျိုးများ၊ ဝလူမျိုးများ၊ ကယန်းလူမျိုးများနှင့် နာဂလူမျိုးများဖြစ်သည်ဟု သုံးသပ်မိပါသည်။

## ပြည်နယ်များ အသစ်ဖွဲ့စည်းရေးနှင့် ပြည်နယ်နယ်နမိတ်များသတ်မှတ်ရေး

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမအကြိမ်ညီလာခံနှင့် ပထမအကြိမ် တိုင်းရင်းသားညီလာခံတွင် တင်သွင်းသော "ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) စာတမ်း" နှင့် ပထမအကြိမ် တိုင်းရင်းသားညီလာခံတွင် တင်သွင်းသော "ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့် မူ၊ စာတမ်းတို့တွင် ပြည်နယ်သစ်များ ဖွဲ့စည်းရေးနှင့် ပြည်နယ်နယ်နိမိတ် သတ်မှတ်ရေးတို့ကို အကျယ်တဝင့်ဖော်ပြထားခဲ့ပါသည်။ သို့ရာတွင် အချို့အချက်အလက်များ ကျန်ရှိနေသောကြောင့် အောက်ပါအတိုင်း ပြင်ဆင်တင်ပြအပ်ပါသည်။

၁။ ပြည်ထောင်စုလွှတ်တော်သည် တိုင်းရင်းသားလူမျိုးတမျိုး၏ အမျိုးသားပြည်နယ်သစ်ကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အဖြစ် ဝင်ခွင့်ပြုနိုင်သည်။ (သို့) တည်ထောင်နိုင်သည်။ ထိုသို့ ဝင်ခွင့်ပြုသောအခါ (သို့) တည်ထောင်သောအခါ အောက်ပါအတိုင်းဆောင်ရွက်ရမည်။

(က) ပြည်ထောင်စုအဖွဲ့ဝင် သီးခြားပြည်နယ်တခုအဖြစ် မိမိတို့၏ ကိုယ်ပိုင်ထင်ရှားချက်အတိုင်း နေထိုင်လိုသော ဆန္ဒရှိကြောင်း၊ သက်ဆိုင်ရာလူမျိုး၏ သုံးပုံနှစ်ပုံက ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ဆန္ဒခံယူ၊ ဆန္ဒမဲပေးတောင်းဆိုရမည်။

(ခ) သက်ဆိုင်ရာလူမျိုး၏ သုံးပုံနှစ်ပုံက ပြည်သူ့ဆန္ဒခံယူပွဲတွင် ထောက်ခံဆန္ဒမဲပေး၍ ပြည်နယ်သစ်ဖွဲ့စည်းရန် တောင်းဆိုပါက ပြည်နယ်သစ်ဖွဲ့စည်းရေးအဆိုကို လူမျိုးစုလွှတ်တော်သို့ တင်သွင်းရမည်။ လူမျိုးစုလွှတ်တော်က သုံးပုံနှစ်ပုံမဲဖြင့် ပြည်နယ်သစ်ဖွဲ့စည်းရေးကို ထောက်ခံပါက ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရမည်။

(ဂ) ပြည်နယ်သစ်ကို ယခင်ရှိပြီးသား ပြည်နယ်တခုခုမှ နယ်မြေများခွဲထုတ် (သို့) ဖဲ့ထုတ်၍ ဖွဲ့စည်းနိုင်သည်။ (သို့မဟုတ်) ယခင်ရှိပြီးသား ပြည်နယ်တခု၏ နယ်မြေတချို့နှင့် အခြားယခင်ရှိပြီးသား ပြည်နယ်တခု၏ နယ်မြေတချို့ ခွဲထုတ်(သို့) ဖဲ့ထုတ်ပေါင်းစည်းသော နယ်မြေများဖြင့် ဖွဲ့စည်းနိုင်ပါသည်။ ထိုသို့ပြည်နယ်သစ်များအတွက် နယ်နိမိတ်သတ်မှတ်ရန် ထိုနယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြသော (ပြည်နယ်တောင်းဆိုသော လူမျိုးများသာမက) ပြည်သူလူထုအားလုံး၏ ထက်ဝက်ကျော်မဲဖြင့် အတည်ဖြစ်စေရမည်။

၂။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ နယ်နမိတ်များကို တိုးနိုင်သည်(သို့) လျှော့နိုင်သည်။ ထိုသို့ပြည်နယ် နယ်နမိတ်များကို တိုးသောအခါ (သို့) လျှော့သောအခါ ပြည်ထောင်စုလွှတ်တော်သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) ပြည်နယ်နယ်နိမိတ်တိုးပေးရန် (သို့) လျှော့ပေးရန် သက်ဆိုင်ရာဒေသ (နယ်နိမိတ်တိုးမည့် – သို့– လျှော့မည့်ဒေသ) မှ လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်က လူမျိုးစုလွှတ်တော်တွင် အဆိုတင်သွင်းရမည်။

(ခ) ပြည်နယ်နယ်နိမိတ်တိုးပေးရန် (သို့) လျှော့ပေးရန် လူမျိုးစုလွှတ်တော်၏ သုံးပုံနှစ်ပုံမဲဖြင့် ထောက်ခံဆန္ဒမဲပေးပါက ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာဒေသတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပေးရမည်။

(ဂ) ပြည်သူ့ဆန္ဒခံယူပွဲတွင် သက်ဆိုင်ရာဒေသအတွင်း နေထိုင်ကြသော ပြည်သူလူထု၏ ထက်ဝက်ကျော်က (သို့) ၅၀% က ထောက်ခံမဲပေးသည့်အတိုင်း (ဝါ) ကန့်ကွက်မဲ ပေးသည့် အတိုင်း ပြည်သူ့လွှတ်တော်က အတည်ပြုပေးရမည်။

၃။ ကိုယ်ပိုင်အုပ်ချုပ်ရဒေသဖွဲ့စည်းထူထောင်ရေးနှင့် နယ်နိမိတ်သတ်မှတ်ရေးကို ပြည်နယ်သစ်များ ဖွဲ့စည်းထူထောင်ရေးနှင့် နယ်နိမိတ် သတ်မှတ်ရေး အခြေခံမူအတိုင်း ပုံစံတူဖြစ်စေရမည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိပြီး နိုင်ငံရေးအရ တန်းတူခွင့်ရှိသော စစ်မှန်သည့် ပြည်ထောင်စုစနစ်ဖြင့် ရေးဆွဲပြဋ္ဌာန်းနိုင်မှသာ တိုင်းရင်းသား လူမျိုးအားလုံး၏ ဘဝကံကြမ္မာသည် သားစဉ်မြေးဆက်အထိ အာမခံချက်ရှိနိုင်မည်ဟု အလေးအနက် ယုံကြည်အပ်ပါသည်။ ထိုသို့ ယုံကြည်သည့်အတိုင်း စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် မမိုတ်မသုန် နောက်မဆုတ်တမ်း တိုက်ပွဲဝင် သွားရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

"ဒီမိုကရေစီရေးနှင့်တန်းတူရေး မုချအောင်ရမည်"

မူဝါဒရေးရာကော်မတီ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်

---

## (စ) သဘာပတိအဖွဲ့ဝင် ဦးအေးဖေ တင်သွင်းသော လူမျိုးစုရေးရာဝါဒကော်မတီဖွဲ့စည်းရေးစာတမ်း

၁။ မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော တိုင်းပြည်ဖြစ်သည်သာမက သမိုင်းကြောင်း အရလည်း တိုင်းရင်းသားလူမျိုးအသီးသီးသည် သီးခြားဒေသများတွင် မိမိတို့ ကိုယ်ပိုင်အုပ်ချုပ်ရေး စနစ်တို့ဖြင့် သီးခြားလွတ်လပ်စွာနေထိုင်ခဲ့သော အစဉ်အလာရှိခဲ့ပေသည်။ ဤအစဉ်အလာကို အလေးဂရုပြုသောအားဖြင့် ပင်လုံစာချုပ် အပိုဒ်(၅)တွင်လည်း တိကျစွာ ဖော်ညွှန်းထားခဲ့လေသည်။ တတိုင်းပြည်လုံး ကိုလိုနီကျွန်ဘဝသို့ ရောက်ရှိခဲ့ပြီးသောအခါ သွေးခွဲစနစ်ဖြင့် အုပ်ချုပ်ခံခဲ့ရသောကြောင့် တိုင်းရင်းသားအချင်းချင်းပို၍အနေဝေးကာ စိတ်ဝမ်းကွဲပြားပြီး တအူတုံဆင်း ညီရင်းအကိုဘဝကို မေ့ပျောက်ခဲ့ကြလေသည်။

၂။ တိုင်းရင်းသားလူမျိုးများအားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရာတွင် နယ်ချဲ့သမားသည် တိုင်းရင်းသားလူမျိုးအချို့ကို သွေးထိုးမြှောက်ပင့်၍ ဆက်လက်ကျွန်ပြုရေး၊ နယ်မြေအချို့အား ခွဲခြားထားရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသေးသည်။ သို့ရာတွင် အမျှော်အမြင်ကြီးမားမှု အဆုံးအစမရှိသော ဖွဲလုံ့လတို့ဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် တိုင်းရင်းသားလူမျိုးများအားလုံးနှင့် တိုင်းရင်းသားနယ်မြေများအားလုံး တပြိုင်တည်း လွတ်လပ်ရေး ရရှိရန် ကြိုးပမ်းခဲ့ကြသောကြောင့် လွတ်လပ်သော **"ပြည်ထောင်စုမြန်မာနိုင်ငံတော်"** သည် ကမ္ဘာ့အလယ်တွင် ထည်ဝါဝင့်ကြွားစွာ ပေါ်ထွန်းလာခဲ့လေသည်။

၃။ ဤသို့ **"ပြည်ထောင်စုမြန်မာနိုင်ငံတော်"** အဖြစ် တစည်းတလုံးတည်း ပေါ်ပေါက်လာခြင်းကို တနည်းအားဖြင့် စတုတ္ထမြန်မာနိုင်ငံတော် ဟူ၍လည်းကောင်း၊ ပထမ သမ္မတမြန်မာနိုင်ငံတော် ဟူ၍လည်းကောင်း ခေါ်ဆိုနိုင်ပေသည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ နယ်မြေဒေသများကို အင်အားတောင့်တင်းခိုင်မာသော အမျိုးသားနိုင်ငံတော်အဖြစ် စည်းရုံးသိမ်းသွင်းခဲ့ကြရာတွင် ပထမမြန်မာနိုင်ငံတော်သည် နှစ်ပေါင်းသုံးရာကျော် တည်တံ့ခိုင်မြဲခဲ့၍၊ ဒုတိယမြန်မာနိုင်ငံတော်သည် နှစ်ပေါင်းနှစ်ရာကျော် တည်တံ့ခိုင်မြဲခဲ့ပြီး၊ တတိယမြန်မာနိုင်ငံတော်သည် နှစ်ပေါင်း တရာ့သုံးဆယ်ကျော်သာ တည်တံ့ခိုင်မြဲခဲ့လေသည်။

၄။ နိုင်ငံတခု၏ သမိုင်းတွင် နှစ်ပေါင်းသုံးရာကျော်မျှသောကာလသည် မပြောပလောက်အောင် အချိန်တိုတောင်းလှပေသည်။ ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်များကို စည်းရုံးသိမ်းသွင်း ခဲ့စဉ်က လက်နက်နိုင်ငံတော်အဖြစ်သာ သိမ်းသွင်းနိုင်ခဲ့၍ တိုင်းရင်းသားအချင်းချင်း စစ်မှန်သော သွေးစည်းညီညွတ်မှုကို မထူထောင်နိုင်ခဲ့သောကြောင့် ကြာကြာမခံပဲ အလွန်တိုတောင်းသော အချိန်အတွင်း ပြိုလဲပျက်စီးခဲ့သည်ကို တွေ့မြင်ကြရပေသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းသည် ဤ သမိုင်းရေးသင်ခန်းစာများကို ကောင်းစွာသဘောပေါက်၍ လက်နက်နိုင်ငံထူထောင်ရေး (ဝါ) လက်နက်အားကိုးဖြင့် စည်းရုံးသိမ်းသွင်းရေးကို အားမပေးဘဲ နှလုံးရည်ဖြင့် စစ်မှန်သော သွေးစည်းညီညွတ်ရေးကို တန်းတူရည်တူအခွင့်အရေးများအပေါ်တွင် တည်ဆောက်ရန် ကြိုးပမ်းရင်း စတုတ္ထမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့ခြင်းဖြစ်လေသည်။

၅။ သမိုင်းကို လေးနက်စွာ သဘောပေါက်သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တန်းတူရေးအခြေခံပေါ်တွင် တိုင်းရင်းသားလူမျိုးများအားလုံး စစ်မှန်သော သွေးစည်းညီညွတ်ရေးကို တည်ဆောက်ပြီး အကြမ်းမဖက် လက်နက်အားမကိုးဘဲ နှလုံးရည်သက်သက်ဖြင့်သာ အဓွန့်ရှည်တည်တံ့ခိုင်မြဲသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တွေ့မြင်လိုလှသော်လည်း သူ ကျဆုံးပြီးနောက် တန်းတူရေးအခြေခံမှုများ ကွယ်ပျောက်ကာ တိုင်းရင်းသားအချင်းချင်း စစ်မှန်သော သွေးစည်းညီညွတ်ရေးမှာလည်း အိပ်မက်ပမာ အရာမထင်ဖြစ်ခဲ့ရလေသည်။ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမှန်တကယ်ဖြစ်ပျက်နေသော ပကတိအခြေအနေကို ဝေဖန်သုံးသပ်ရသော် "အင်အားချိနဲ့လျက်ရှိသော လူမမာကြီး" ကဲ့သို့ ဒယိမ်းဒယိုင်ဖြင့် လဲကျပျက်စီးတော့မည့် အခြေအနေပင်ဖြစ်ပေသည်။

၆။ မြန်မာနိုင်ငံ၏ သမိုင်းရေးဖြစ်ပေါ်တိုးတက်မှုကို လေးလေးနက်နက် သဘောပေါက်ကြသည်သာမက ကမ္ဘာ့မျက်မှောက်အခြေအနေများကို မျက်ခြည်မပြတ် လေ့လာလျက်ရှိကြသော ကျွန်ုပ်တို့သည် ယနေ့မြန်မာနိုင်ငံသည် အလွန်အရေးကြီးသော လမ်းဆုံလမ်းခွသို့ ရောက်ရှိနေသည်ဟု လေ့လာမိ

သည်။ မိမိလူမျိုး၊ မိမိနယ်မြေဒေသအတွက် ကွက်၍ ဆောင်ရွက်မည်လော တိုင်းရင်းသားလူမျိုးများအားလုံး (ဝါ) ပြည်ထောင်စုတခုလုံးအတွက် ဆောင်ရွက်မည်လော မိမိတို့လူမျိုးတမျိုးတည်းအတွက် ကွက်၍ အသီးသီးသောလူမျိုးများက ဆောင်ရွက်ခဲ့ကြသော် အချင်းချင်း အပေးအယူ မျှတနိုင်ပါမည်လော မိမိလူမျိုးအတွက် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့် မရှိလျှင် တိုင်းရင်းသားလူမျိုးအသီးသီး၏ တန်းတူရည်တူအခွင့်အရေးသည် ရှိနိုင်ပါမည်လော စသည့် အမေးပုစ္ဆာများ ပေါ်ပေါက်လျက်ရှိချေသည်။ ဤတွင် အစွန်းတရားနှစ်ပါးကို သတိချပ်ရပေမည်။ အတ္တလွန်ကဲမှုနှင့် ပရလွန်ကဲမှုတည်းဟူသော အစွန်းတရားနှစ်ပါးကို ရှောင်၍ မိမိလူမျိုးအကျိုးနှင့် ပြည်ထောင်စုအကျိုးကို မျှတစွာ ဆောင်ရွက်ဖို့ အလွန်အရေးကြီးလှပေသည်။ ယနေ့မြန်မာနိုင်ငံ၏ ပြဿနာသည် အတ္တလွန်ကဲမှုနှင့် ပရလွန်ကဲမှု ဒွန်တွဲလွန်ဆွဲနေသော ပြဿနာဖြစ်သည်။ အချို့မှာ အတ္တလွန်ကဲကာ မိမိလူမျိုးအတွက် သက်သက်ဝကွက်၍ ဆောင်ရွက်လိုကြပြီး၊ အချို့က ပရလွန်ကဲကာ ပြည်ထောင်စုအကျိုးသက်သက်ကိုသာ ပြောနေကြသည်။ အမှန်မှာ ပြည်ထောင်စု၏အကျိုး ဆိုသည်မှာ တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးပင်ဖြစ်တော့သည်။ အသီးသီး၏ အကျိုးသည် အလုံးစုံ၏ အကျိုးပင်ဖြစ်သည်။

၇။ တိုင်းရင်းသားအသီးသီးသည် ရေမြေသဘာဝကွာခြားမှု၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ ကွဲပြားမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မညီမျှမှုများကြောင့် တဦးနှင့် တဦး စိမ်းနေကြသော်လည်း အမျိုးသားနိုင်ငံတခုတည်း၏ နိုင်ငံသားများဖြစ်ကြသည်ကို အစဉ်အမြဲသတိရနေသင့်သည်။ မြန်မာနိုင်ငံ၏ လက်ရှိသမိုင်းရေး အခြေအနေအရ လူမျိုး(၈)မျိုး၊ အမျိုးသားပြည်နယ် (၈)ပြည်နယ်ကို ပေါင်းစပ်၍ အမျိုးသားနိုင်ငံတခု ထူထောင်ထားပြီးဖြစ်သည်ကိုလည်း မမေ့သင့်ပေ။ အမျိုးသားနိုင်ငံ အရေးနှင့် အမျိုးသားပြည်နယ်များ၏ အရေးကို သင့်တင့်မျှတစွာ ဆောင်ရွက်တတ်ရန်နှင့် အမျိုးသားပြည်နယ်များအတွင်း တန်းတူရည်တူ အခွင့်အရေးရရှိရန် အထူးလိုအပ်လှပေသည်။ တန်းတူရည်တူအခွင့်အရေးများသည်လည်း "သူတောင်းစား၏ ခွက်ထဲသို့ စွန့်ကြဲကျရောက်လာမည့် အသပြာကြေးပြားကဲ့သို့ မဟုတ်ဘဲ အပေးအယူကြည်ဖြူမျှတစွာ ရယူခံစားအပ်သော အရာသာ ဖြစ်ရပေမည်။ တန်းတူရည်တူ အခွင့်အရေးများ အမှန်တကယ်ရရှိမှသာ တိုင်းရင်းသားများအချင်းချင်း စစ်မှန်သော သွေးစည်း ညီညွတ်မှုတည်းဟူသော ဆေးစွမ်းကောင်းဖြင့်သာ ပြည်ထောင်စုလူမမာကြီးကို ကုစားနိုင်ပေလိမ့်မည်။

၈။ တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူရည်တူအခွင့်အရေးရရှိ၍ စစ်မှန်သောသွေးစည်းညီညွတ်မှု ဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားအချင်းချင်း သစ္စာရှိရှိ၊ မှန်မှန်ကန်ကန် ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ ဆောင်ရွက်ရန် အလွန်အရေးကြီးပေသည်။ မိမိတဦးတည်း၏ အခွင့်အရေးအတွက် ဖြားယောင်း သွေးဆောင်မှုနောက်သို့ လိုက်၍သော်လည်းကောင်း၊ ခြိမ်းခြောက်မှုကို ကြောက်၍သော်လည်းကောင်း အခြားသောလူမျိုးများ၏ အရေးကို ပစ်ပယ်ခဲ့သော် ရေရှည်တွင် အကျိုးထက်အပြစ်သာ ပို၍ များနိုင်ပေသည်။ တိုင်းရင်းသားလူမျိုးများအချင်းချင်း ယုံယုံကြည်ကြည်လက်တွဲ၍ မရှိအတူ ရှိအတူ အေးအတူပူအမျှ ခံစားစံစားကြရင်း ကြိုးပမ်းဆောင်ရွက်မှသာ တန်းတူရည်တူအခွင့်အရေးများသည် တပြိုင်တည်း ဖြစ်ထွန်းပေါ်ပေါက်လာပြီး အချင်းချင်းလည်း အစဉ်ထာဝရ သွေးစည်းညီညွတ်မှု ရရှိနိုင်ပေမည်။

၉။ ယနေ့အချိန်အခါသည် အခွင့်အရေးကြောင့်သော်လည်းကောင်း၊ ဘယာဘေးကြောင့်သော် လည်းကောင်း တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးကွဲခဲ့သော် တန်းတူရည်တူအခွင့်အရေးများလည်း ရရှိလာမည်မဟုတ်ဘဲ၊ စစ်မှန်သော သွေးစည်းညီညွတ်ရေးကိုလည်း တည်ဆောက်နိုင်မည်မဟုတ်ပေ။ တိုင်းရင်းသားအချင်းချင်း စစ်မှန်သော သွေးစည်းညီညွတ်မှုကို မတည်ဆောက်နိုင်ခဲ့သော်

"ပြည်ထောင်စု လူမမာကြီးအတွက် ကုရာနတ္တိ ဆေးမရှိဖြစ်ကာ ရေတိမ်တွင် နစ်ရပေတော့မည်။ ထို့ကြောင့် တိုင်းရင်းသားများအချင်းချင်း သစ္စာရှိရှိ မှန်မှန်ကန်ကန် ညှိနှိုင်းတိုင်ပင်၍ တညီတညွတ်တည်းဆောင်ရွက်နိုင်ရေးအတွက် အရေးကြီးသော အချိန်အခါသို့ ရောက်ရှိနေပေပြီ။

၁၀။ အမှန်မှာ ယခု အချိန်အခါသမယကို သမိုင်းရေးရှုထောင့်မှ ရှုမြင်သုံးသပ်ခဲ့သော် ကျွန်ုပ်တို့သည် "ပြည်ထောင်စုလူမမာကြီး" ကို ကျန်းမာသန်စွမ်းလာအောင်ကုသရင်း "ဆဋ္ဌမမြန်မာနိုင်ငံတော်" သို့မဟုတ် "တတိယသမ္မတ မြန်မာနိုင်ငံတော်" ကို ဝိုင်းဝန်း၍ ကြိုးပမ်းတည်ဆောက်နေသော ကာလဖြစ်ပေသည်။ ဤသို့ အကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါအခြေခံမှုများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

(၁) ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများတန်းတူရေး၊
(၂) အမျိုးသားသွေးစည်းညီညွတ်ရေး၊
(၃) စစ်မှန်သော ပြည်ထောင်စု ဖွဲ့စည်းရေး၊
(၄) ပြည်တွင်းငြိမ်းချမ်းမှု ရရှိရေး၊
(၅) ပြည်နယ်အသီးသီး အချိုးညီ ဖွံ့ဖြိုးတိုးတက်ရေးမှ ပြည်ထောင်စုကြီးကို ခေတ်မီတိုးတက်သည့် နိုင်ငံအဖြစ်တည်ဆောက်ရေး၊
(၆) မည်သည့် အာဏာရှင်စနစ်မျိုးမဆို မြန်မာနိုင်ငံတွင် နောက်ထပ်မပေါ်ပေါက်လာရေးအတွက် ကာကွယ်စောင့်ရှောက်ရေး တို့ပင်ဖြစ်ပေသည်။

၁၁။ တတိယသမ္မတမြန်မာနိုင်ငံတော်ကို အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တန်းတူရေးအခြေခံအပေါ်တွင် စစ်မှန်သော ပြည်ထောင်စု တည်ဆောက်ရန် အထူးလိုအပ်လှပေသည်။ တန်းတူရည်တူ အခွင့်အရေးများ ဖွဲ့စည်းဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားလူမျိုးများအားလုံး သစ္စာရှိရှိ သွေးစည်းညီညွတ်ကာ မှန်မှန်ကန်ကန် ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်လှပေသည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများ မူဝါဒရေးရာကော်မတီ တရပ်ဖွဲ့စည်းရေးကို ဆောလျင်စွာ ဆောင်ရွက်သင့်လှပေသည်။ ဤကော်မတီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သင့်ပေသည်။

(၁) အချိန်ပြည့်တာဝန်ယူထမ်းဆောင်နိုင်မည့် လူမျိုးစုပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊
(၂) ပြည်နယ်နှင့်လူမျိုးကို အခြေခံ၍ ဖွဲ့စည်းထားသော ပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊
(၃) လူမျိုးစု ပါတီ အဖွဲ့အစည်းအသီးသီးမှ ရွေးချယ်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ၊

"ဒီမိုကရေစီရေးနှင့် တန်းတူရေး မုချအောင်ပွဲခံရမည်"

မူဝါဒရေးရာကော်မတီ
ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်

# အခန်း (၈)

# ဗိုလ်အောင်ကျော်လမ်းကျေညာချက်

## ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ငင်းနိုင်ငံရေးအခြေအနေများနှင့် စပ်လျဥ်း၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တို့၏ သဘောထားကျေညာချက်

### ဗိုလ်အောင်ကျော်လမ်း ပူးတွဲကျေညာချက်အမှတ် (၁)

၁၃၅၂ ခုနှစ် တော်သလင်းလဆန်း (၁၀)ရက်
၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၉) ရက်။

၁။ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် တရားဝင်မှတ်ပုံတင် ဖွဲ့စည်းထားသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီ (၂၁)ပါတီ (နောက်ဆက်တွဲစာရင်းတွင်ရှု) ကို စုစည်းထူထောင်ထားသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီများ၏ လူမျိုးစုရေးရာ မူဝါဒကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့သည် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၅)ရက်နေ့တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်းရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်) ရုံး ၌ ပဏာမညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ကြပါသည်။

၂။ ယင်း ပဏာမညှိနှိုင်းဆွေးနွေးပွဲမှ သဘောတူညီချက်အရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီများ၏ လူမျိုးစုရေးရာမူဝါဒကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ပထမဆုံးအကြိမ် စုံညီအစည်းအဝေးကို ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဌာနချုပ်ရုံး၌ ကျင်းပခဲ့ပါသည်။

၃။ ယင်း စုံညီဆွေးနွေးပွဲမှ သဘောတူညီချက်အရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် ဆက်သွယ်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ (အဖွဲ့ချုပ်၏ လူမျိုးစုဆိုင်ရာအဖွဲ့) သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လက်ငင်းနိုင်ငံရေးပြဿနာများနှင့် စပ်လျဥ်း၍ ပုံမှန်ဆွေးနွေးပွဲများကို (၃) ကြိမ် ဆက်လက်ကျင်းပခဲ့ပါသည်။

၄။ ယင်း ပုံမှန်ဆွေးနွေးပွဲများမှ ညှိနှိုင်းသဘောတူညီချက်များအနက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လောလောဆယ်နှင့် ရေရှည်အကျိုးစီးပွားတို့ကို ရှေ့ရှုလျှက်၊ နှစ်ဦးနှစ်ဘက် တူညီသော သဘောထားများကို အောက်ပါအတိုင်း ပူတွဲကြေညာအပ်ပါသည်။

(က) ၁၉၉၀ ပြည့်နှစ် ဇွန်လ (၂၉)ရက်မှ ဇူလိုင်လ (၁) ရက်နေ့အထိ ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းရှိ၊ ဝိုင်အမ်စီအေ ခန်းမတွင် ကျင်းပခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိစုံညီအစည်းအဝေးနှင့် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးပါတီပေါင်းစုံ ဒုတိယအကြိမ် အစည်းအဝေးမှ လက်ငင်း ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၂၈)ရက်နှင့် (၂၉) ရက်နေ့က ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ ဂန္ဓီခန်းမဆောင်တွင် ကျင်းပခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့နှင့် အဖွဲ့ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပထမအကြိမ် ပဏာမ ညှိနှိုင်းအစည်းအဝေးမှ တညီတညွတ်တည်း အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များသည် တသဘောတည်းရှိကြောင်း ထုတ်ဖော်ကြပါသည်။

ဝင်းဆုံးဖြတ်ချက်များမှာ ...

(၁) ကျင်းပပြီးစီးခဲ့သော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပြီး ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၂)၊ ပုဒ်မ (၃) အရ ပြည်သူ့လွှတ်တော်ကို ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ခေါ်ယူဖွဲ့စည်းရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တောင်းဆိုကြောင်း။

(၂) ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လုံးလုံးလျားလျား အများစုအနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာပိုင်ကိုယ်စားလှယ်အဖွဲ့နှင့် နဝတ အာဏာပိုင် ကိုယ်စားလှယ်အဖွဲ့တို့ အမြန်ဆုံးတွေ့ဆုံညှိနှိုင်ရေးအတွက် တိုက်တွန်းကြောင်း။

(၃) မြန်မာနိုင်ငံ၏ လောလောဆယ်အကျိုးစီးပွားနှင့် ရေရှည်အနာဂါတ်အကျိုးစီးပွားများကို ရှေ့ရှု၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်ရေးကို စောလျင်စွာ ဆောင်ရွက်ပေးရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တိုက်တွန်းကြောင်း။

(၄) ဒီမိုကရေစီ အခွင့်အရေးများ ရရှိရေးနှင့် ပြည်သူ့လွှတ်လပ်ခွင့် ကန့်သတ်ထားမှုများကို ရုပ်သိမ်းပေးရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တောင်းဆိုကြောင်း။

အထက်ပါဆုံးဖြတ်ချက်များကို အမြန်ဆုံးအကောင်အထည်ဖော်ရန်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က ထပ်လောင်းတိုက်တွန်းသည်။

(ခ) ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာပြီးလျှင် ပြည်သူ့လွှတ်တော်က တင်မြှောက်သော အစိုးရ ဖွဲ့စည်းပြီး အလျင်အမြန်ဆုံးသော ကာလအတွင်း ပြည်သူ့လွှတ်တော်၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားလူမျိုးများနှင့် ပါဝင်သင့်ပါဝင်ထိုက်သော အဖွဲ့အစည်းများ/လူပုဂ္ဂိုလ်များ ပါဝင်သည့် အမျိုးသားညီညွှန့်နိုင်းမှုညီလာခံကြီးတစ်ရပ် ကျင်းပ၍ ပြည်ထောင်စုထူထောင်ရေး အတွက် လမ်းညွှန်မှုများ ချမှတ်မည်။ ယင်း လမ်းညွှန်မှုများနှင့်အညီ ပြည်သူ့လွှတ်တော်က ရေရှည်တည်တံ့ခိုင်မြဲမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်တရပ်ကို ရေးဆွဲပြဋ္ဌာန်း အတည်ပြုရမည်ဟု ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့က တညီတညွှတ်တည်း သဘောတူကြသည်။

(ဂ) တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးတန်းတူညီမျှမှု၊ နိုင်ငံရေးတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည့်အပြင်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အာမခံချက်ရှိသော ပြည်ထောင်စုကို တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာ ထူထောင်ရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တညီတညွှတ်တည်း သဘောတူကြသည်။

၅။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ငင်းနိုင်ငံရေးပြဿနာများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားရန်နှင့် ဒီမိုကရေစီဘက်တော်သား အခြားနိုင်ငံရေးပါတီများနှင့်လည်း သွေးစည်း ညီညွတ်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားရန် သဘောတူကြသည်။

၆။ ဤ ပူးတွဲ ကြေညာချက်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၉၃)ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်ရုံး) အစည်းအဝေးခန်းမတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုး၍ ပူးတွဲထုတ်ပြန်ကြေညာလိုက်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေအဖွဲ့ချုပ်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

## နောက်ဆက်တွဲစာရင်း

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်နယ်(၇)ခုနှင့်တကွ၊ တိုင်းအချို့မှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်မှတ်ပုံတင် ဖွဲ့စည်း ထားသော တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအဖွဲ့အစည်းပါတီများကို စုစည်းတည်ထောင်ထားသော တပ်ပေါင်းစုတရပ်ဖြစ်ပြီး အောက်ပါ အဖွဲ့အစည်း ပါတီများ ပါဝင်သည်။

(၁) ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
(၂) မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၃) တအောင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၄) ကရင်ပြည်နယ် အမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်
(၅) ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၆) ကယားပြည်နယ်လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ်
(၇) ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်
(၈) ဇိုမီးအမျိုးသားကွန်ဂရက်
(၉) တောင်သူလယ်သမား၊ ကဒူး၊ ကနန်းနှင့် ရှမ်းအမျိုးသား သွေးစည်းညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ချုပ်
(၁၀) ကချင်အမျိုးသားလုံးဆိုင်ရာကွန်ဂရက်
(၁၁) မြို (ခေါ်) ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့
(၁၂) ကယန်းအမျိုးသား စည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့
(၁၃) ကချင်ပြည်နယ် အမျိုးသားများ ဒီမိုကရက်တစ်ပါတီ
(၁၄) အင်းအမျိုးသားအဖွဲ့ချုပ်
(၁၅) ရခိုင်အမျိုးသားလူမှုဘဝ မြှင့်တင်ရေးအဖွဲ့ (မရမာကြီး)
(၁၆) ပြည်ထောင်စု ပအို့ဝ်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၇) ကရင်အမျိုးသားဒီမိုကရေစီ ကွန်ဂရက်
(၁၈) မရာပြည်သူ့ပါတီ
(၁၉) လီဆူးအမျိုးသား သွေးစည်းခိုင်မာရေးအဖွဲ့
(၂၀) "ဝ" အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(၂၁) လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် မပါဝင်သေးသော်လည်း၊ မူဝါဒရေးရာများနှင့် အကျိုးတူလုပ်ငန်းများတွင် ပူပေါင်းလက်တွဲပါဝင်လျက်ရှိသော တိုင်းရင်းသားနိုင်ငံရေးပါတီများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်
(၂) ကချင်ပြည်နယ်အမျိုးသားများ ဒီမိုကရေစီကွန်ကရက်
(၃) နာဂတောင်တန်းဒေသ တိုးတက်ရေးပါတီ

ထို့ပြင် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်မဲဆန္ဒနယ် တစ်သီးပုဂ္ဂလအမတ် ဦးလျန်အုပ်နှင့် ထန်တလန်မြို့နယ်မဲဆန္ဒနယ် တစ်သီးပုဂ္ဂလအမတ် ဒေါက်တာမှုထန်တို့လည်း ပူးတွဲပါဝင်လျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည် အထက်ဖော်ပြပါ နိုင်ငံရေးအဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများကို ကိုယ်စားပြုပါသည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ

| စဉ်။ | အမည် | အဖွဲ့အစည်းတာဝန် | လက်မှတ် |
|---|---|---|---|
| ၁ ။ | ဦးအောင်ရွှေ | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် | |
| ၂ ။ | ဦးကြည်မောင် | – ။ – | |
| ၃ ။ | ဦးချစ်ခိုင် | – ။ – | |
| ၄ ။ | ဦးလွင် | – ။ – | |
| ၅ ။ | ဒေါ်မြင့်မြင့်ခင် | – ။ – | |
| ၆ ။ | ဦးရွှေ | – ။ – | |
| ၇ ။ | ဦးခင်မောင်ဆွေ | – ။ – | |
| ၈ ။ | ဦးစိုးသိမ်း (မောင်ဝံသ) | – ။ – | |
| ၉ ။ | ဦးကျော်မင်း | – ။ – | |
| ၁၀။ | ဦးချမ်းအေး | – ။ – | |
| ၁၁။ | ဦးကြီးတူရိန် (ကချင်) | ဗဟိုဦးစီးအဖွဲ့ဝင် | |
| ၁၂။ | ဦးတင်ဦး (ကယား) | – ။ – | |
| ၁၃။ | ဦးသန်းနိုင် (ကရင်) | – ။ – | |
| ၁၄။ | ဦးစီဗင်ကြူး (ချင်း) | – ။ – | |
| ၁၅။ | ဦးရဲထွန်း (မွန်) | – ။ – | |
| ၁၆။ | ဦးထွန်းအောင်ကျော် (ရခိုင်) | – ။ – | |
| ၁၇။ | ဦးအုန်းမောင် (ရှမ်း) | – ။ – | |

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များ

| | | | |
|---|---|---|---|
| ၁။ | ဦးငွေသိမ်း | အမြဲတမ်း သဘာပတိ ကောင်စီအဖွဲ့ဝင် | |
| ၂။ | ဦးစီကေတိုက်ကွဲလ် | – ။ – | |
| ၃။ | ဦးအေးဖေ | – ။ – | |
| ၄။ | ဦးစောသန်းရှိန် | – ။ – | |
| ၅။ | ဦးဒယ်နီရယ်အောင် | – ။ – | |
| ၆။ | ဦးအေးသာအောင် | အတွင်းရေးမှူးအဖွဲ့ဝင် | |
| ၇။ | ခွန်တင်ရွှေ | – ။ – | |
| ၈။ | ဆလိုင်းလျန်မှုန်း | – ။ – | |
| ၉။ | နိုင်အောင်မြင့် | – ။ – | |
| ၁၀။ | ဒေါက်တာအောင်တင်ဦး | – ။ – | |
| ၁၁။ | ခွန်ထွန်းဦး | တိုင်းရင်းသားလူမျိုးစုရေးရာ ကော်မတီနှင့် လုပ်ငန်းကော်မတီဝင် | |
| ၁၂။ | စိုင်းအိုက်ပေါင်း | – ။ – | |
| ၁၃။ | နိုင်ခင်မောင် | – ။ – | |
| ၁၄။ | ဦးသာဘန်း | – ။ – | |

# အခန်း(၉)

# စစ်မှန်သောဖယ်ဒရယ်ပြည်ထောင်စုဆီသို့

## တတိယအကြိမ်ညီလာခံနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)

ဒီမိုကရေစီရရှိရေးနှင့် တန်းတူရေးတိုက်ပွဲ အစိတ်အပိုင်းတခုအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် လက်တွဲပူးပေါင်း၍ **"ဗိုလ်အောင်ကျော်လမ်းကျေညာချက်"**ကိုထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း၊ **UNLD** ကို နဝတ စစ်အစိုးရက ယခင်ကထက် ပိုမိုပြင်းထန်သော ထိုးနှက် တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ပါသည်။ **UNLD** ၏အမြဲတမ်းသဘာပတိအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ မူဝါဒရေးရာကော်မတီဝင်များ နှင့် အခြားလုပ်ငန်းကော်မတီဝင်များကို အကြိမ်ကြိမ် ဖမ်းဆီးခေါ်ယူမေးမြန်းခြင်း၊ အကျဉ်းချ ချုပ်နှောင်ခြင်းနှင့် ဖမ်းဆီးရန် ဝရမ်းထုတ်ခြင်းများ ကို အလူးအလဲ ခံခဲ့ရပါသည်။

ထို့အပြင် နဝတ စစ်အစိုးရက မတရားသောအမိန့်အာဏာများနှင့် ဥပဒေအမျိုးမျိုးကို ထုတ်၍ နိုင်ငံရေးပါတီများသာမက ဒီမိုကရေစီအရေးတော်ပုံကြီး နလံထူ၍ မရအောင် နှိပ်ကွပ်နှိမ်နင်းခဲ့ပါသည်။ ထို့ကြောင့် ထိုကာလ နိုင်ငံရေးအခြေအနေများကို သုံးသပ်၍ ဒီမိုကရေစီတိုက်ပွဲအတွက် အင်အားပြန်လည်စုစည်းနိုင်ရန်၊ **UNLD** တတိယအကြိမ် အမြဲတမ်းသဘာပတိစုံညီအစည်းအဝေး (ညီလာခံ) ကို ၁၉၉၀ပြည့် နိုဝင်ဘာလအတွင်း ရန်ကုန်မြို့ **UNLD** ရုံးချုပ်တည်ရှိရာ ဗိုလ်အောင်ကျော်လမ်းတွင် ခေါ်ယူကျင်းပခဲ့ပါသည်။

ထိုညီလာခံ၏ ထူးခြားချက်မှာ မူဝါဒရေးရာကော်မတီ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့က "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(ပထမမူကြမ်း)" ကို အပြည့်အစုံ ရေးသားတင်ပြနိုင်ခြင်းဖြစ်ပါသည်။

ထိုညီလာခံတွင် အခြားနိုင်ငံရေးဆိုင်ရာ စာတမ်းများကိုပါ တင်သွင်းဆွေးနွေးခဲ့သော်လည်း ယခုအခြေအနေတွင် ၎င်းစာတမ်းများကို ပြန်လည်ရှာဖွေတင်ပြရန် မဖြစ်နိုင်သေးချေ။

ထို့ပြင် ထိုညီလာခံတွင် တင်သွင်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (ပထမမူကြမ်း) ကိုလည်း၊ ကျယ်ကျယ်ပြန့်ပြန့် ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်၍ ဤနေရာတွင် ပြန်လည်ပုံနှိပ်ဖော်ပြရန် လိုအပ်မည်ဟု မယူဆချေ။ သို့ရာတွင် ထို ဖွဲ့စည်းပုံ(မူကြမ်း)၏ အနှစ်သာရအားလုံးကို ထင်ဟပ်ပေါ်လွင်စေသည့် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီ အစီရင်ခံစာ"ကိုမူ စာဖတ်သူများလေ့လာ၍ ဒီမိုကရေစီရေးနှင့် တန်းတူရေးတိုက်ပွဲအတွက် အင်အားယူနိုင်ရန် ပြန်လည် ဖေါ်ပြတင်ဆက်အပ်ပါသည်။

# UNLD ၏
# နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီ
# အစီရင်ခံစာ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်သည်၊ ဒီမိုကရေစီရေးနှင့် တန်းတူရေးတိုက်ပွဲအတွက် စုစည်းထားသောပြည်ထောင်စုဘွားတိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ နိုင်ငံရေးအဖွဲ့ချုပ်ကြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအခွင့်အရေးများ ပွင့်လန်းရှင်သန်ပြီး၊ တိုင်းရင်းသားလူမျိုးအားလုံး လူမျိုးရေးအရ တန်းတူညီမျှမှု၊ နိုင်ငံရေးအရ တန်းတူညီမျှမှုနှင့် ကိုယ့်ကြမ္မာကိုယ် လွတ်လပ်စွာဖန်တီးခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော စစ်မှန်သည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးသည် အဖွဲ့ချုပ်၏ အဓိကရည်ရွယ်ချက်ပင်ဖြစ်ပါသည်။

ထို ရည်ရွယ်ချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂၇) ရက်တွင် မန္တလေးမြို့၌ ကျင်းပသော (၁၄)ပါတီတက်ရောက်သည့် အစည်းအဝေးတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကြိုတင်ပြင်ဆင်ရေးဆွဲရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်နှင့်အညီ အဖွဲ့ချုပ်၏ ပထမအကြိမ်ညီလာခံနှင့် ဒုတိယအကြိမ်ညီလာခံတို့တွင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း)၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ပတ်သက်၍ အမြင်သဘောထားများကို တင်ပြသည့် စာတမ်းများကို တင်သွင်းနိုင်ခဲ့ပါသည်။ ၁၉၉၀ ပြည့် ဇွန်လ (၂၉) ရက်မှ ဇူလိုင်လ (၂)ရက်နေ့အထိ **YMCA** ခန်းမ၌ ကျင်းပသော ညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် လမ်းညွှန်မှု (၇)ချက်ကို အတိအလင်း ပြဋ္ဌာန်းကျေညာနိုင်ခဲ့ပါသည်။

နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် လမ်းညွှန်မှု (၇)ချက်မှာ ...

(၁) စစ်မှန်သော ပြည်ထောင်စုစနစ်ပေါ်တွင် အခြေခံသော ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ရမည်။

(၂) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အပြည့်အဝ ပြဋ္ဌာန်းကာကွယ်ရမည်။

(၃) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေး ရရှိစေရမည်။

(၄) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထားပေါ် အခြေခံ၍ ဖွဲ့စည်းခြင်း မဖြစ်စေရ၊ လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များသာဖြစ်ရမည်။ လက်ရှိနိုင်ငံရေး အခြေအနေအရ ရှိရင်းစွဲ ပြည်နယ်(၇)ခုနှင့် ဗမာပြည်မကို ပြည်နယ်တခုအဖြစ် ဖွဲ့စည်းစေ၍ အမျိုးသားပြည်နယ် (၈)ပြည်နယ်ကို အခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(၅) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာ အပြည့်အဝ အပ်နှင်းထားရမည်။ ဆိုလိုသည်မှာ ပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အပ်နှင်းထားရမည်။ ထို့ပြင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကို လွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများမှအပ ကြွင်းကျန်သောလုပ်ပိုင်ခွင့်အာဏာများ **(Residual Power)** ကို အပ်နှင်းထားရမည်။

(၆) အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုအစိုးရအား တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် နိုင်ငံတော်ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် အခြားယာယီလွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားရမည်။ ထို့ပြင် နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်ထောင်စုအစိုးရ၌သာ တည်ရှိစေရမည်။

(၇) ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော်(၂)ရပ် ထားရှိရမည်။ လူမျိုးစုလွှတ်တော်တွင် အမျိုးသား ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေ အညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းသည့် ပြည်ထောင်စုဆိုသည့် အနှစ်သာရ ပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ် ကြရမည်။

အထက်ပါ လမ်းညွှန်အခြေခံမူ(၇)ချက်နှင့် ပထမနှင့် ဒုတိယအကြိမ်ညီလာခံများတွင် တင်သွင်းသောမူကြမ်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာစာတမ်းများ၊ ညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးချက်၊ အကြံပေး ဝေဖန်သုံးသပ်ချက်များကို အခြေပြု၍ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပထမမူကြမ်း) ကို ရေးသားပြုစုခြင်းဖြစ်ပါသည်။ ယခု တင်ပြသောမူကြမ်းကို ညီလာခံတက်ရောက်လာကြကုန်သော တိုင်းရင်းသားလူမျိုးစုနိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်ကြီးများက သေချာစွာ၊ စေ့စပ်စွာ၊ စိတ်ရှည်စွာဖြင့် နောင် သားစဉ်မြေးဆက်အထိ အကျိုးဖြစ်ထွန်းမည့် ရေရှည်အကျိုးကို မျှော်ကြည့်၍ ဆွေးနွေးအကြံပေး ဝေဖန်သုံးသပ်ကြပါရန် လေးမြတ်စွာ မေတ္တာရပ်ခံလိုပါသည်။ ထို ဆွေးနွေးအကြံပေးချက်များအပေါ် အခြေခံ၍ ဒုတိယမူကြမ်း၊ တတိယမူကြမ်း စသည်ဖြင့် နိုင်ငံတော်အတွက် အကောင်းဆုံးသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ် ပေါ်ထွန်း ပြဋ္ဌာန်းနိုင်သည်အထိ ကြိုးပမ်းသွားရမည်ဖြစ်ပါသည်။

ဤပဏာမမူကြမ်းအပေါ်အခြေခံ၍ အဓိကထား၍ ဆွေးနွေးသင့်မှုဟူသော အချက်အလက် အချို့ကို ထုတ်နှုတ်၍ တင်ပြလိုပါသည်။ အကြောင်းမှာ ယခု ထုတ်နှုတ်တင်ပြသည့် အကြောင်းအချက်များသည် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး၏ လေးနက်မှု၊ အဓိပ္ပါယ်ပြည့်ဝစုံလင်မှုနှင့် အနှစ်သာရများကို ဖေါ်ဆောင်ရမည်ဖြစ်သောကြောင့် ထိုအရေးကြီးသောအချက်များ လမ်းကြောင်းမှား၍ မဖြစ်ပေ။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အဓိကအရေးကြီးသောအချက်များ လမ်းကြောင်းလွဲမှား သွားပါက၊ နိုင်ငံတော်အထူးနစ်နာပေမည်။ ပြည်သူလူထုနစ်နာကြပေမည်။ ကျွန်ုပ်တို့ တိုင်းရင်းသား လူမျိုးများ နစ်နာကြပေမည်။ ထို့ကြောင့် တိုင်းပြည်၏ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် အထူးကြီးလေးသော တာဝန်တရပ်အဖြစ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် စိတ်ရှည်ဇွဲရှိစွာ ဆောင်ရွက်ကြရန် လိုအပ်လှပေသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ နှစ်ကြိမ်တိုင်တိုင် ရေးဆွဲခဲ့သော်လည်း အဓိကအရေးကြီးသောအချက်များ လမ်းကြောင်းလွဲမှားခဲ့ သောကြောင့် ယနေ့တိုင် လွတ်လပ်ရေးအသီးအပွင့်ကို ပြည်သူလူထုက အပြည့်အဝ မခံစားနိုင်သေးသော ခါးသီးနာကျည်းဘွယ် အတိတ်သင်ခန်းစာကို ရင်ဝယ်ပိုက်၍၊ ပစ္စုပ္ပန်နှင့် အနာဂါတ် ကောင်းကျိုးအတွက် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပေသည်။

ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပထမမူကြမ်း) တွင်အဓိကထား၍ တင်ပြသော အချက်များမှာ ...

**၁။ နိုင်ငံတော်နှင့်ပတ်သက်၍တင်ပြချက်များ**

- လွတ်လပ်၍အချုပ်အခြာ အာဏာပိုင်သောနိုင်ငံဖြစ်သည်။
- နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံသားတို့က ပိုင်ဆိုင်သည်။
- နိုင်ငံသားအားလုံး လူသားပီသစွာ အသက်ရှင်နေထိုင်ခွင့်ကို အာမခံချက် ပေးထားသော ဒီမိုကရေစီနိုင်ငံဖြစ်သည်။
- ဤနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ တန်းတူရည်တူ ပူးပေါင်းဖွဲ့စည်းသော နိုင်ငံဖြစ်သည်။
- ထို့ကြောင့် နိုင်ငံတော်၏ဖွဲ့စည်းပုံစနစ်မှာ စစ်မှန်သော ပြည်ထောင်စုစနစ်ဖြစ်သည်။

**၂။ နိုင်ငံရေးစနစ်နှင့်ပတ်သက်၍တင်ပြချက်**

ပါတီစုံဒီမိုကရေစီ စနစ်ကို အခြေခံသော ပါလီမန်ဒီမိုကရေစီစနစ်ဖြစ်သည်။

**၃။ နိုင်ငံတော်စီးပွါးရေးစနစ်နှင့်ပတ်သက်၍ တင်ပြချက်**

လွတ်လပ်သောဈေးကွက်စီးပွါးရေးစနစ်ဖြစ်သည်။ လွတ်လပ်သောစီးပွါးရေးစနစ်ကို ...

(၁) ပုဂ္ဂလိကပိုင်
(၂) ဖက်စပ်
(၃) သမဝါယမနှင့်
(၄) နိုင်ငံပိုင် – တို့ဖြင့် အကောင်အထည်ဖေါ်မည်။

**၄။ ပြည်ထောင်စုလွှတ်တော်နှင့် ပတ်သက်၍တင်ပြချက်**

ပြည်ထောင်စုလွှတ်တော်တွင် ...

(၁) သမ္မတ
(၂) လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်)
(၃) ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) တို့ပါဝင်ရမည်ဟု တင်ပြသည်။

လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်အမတ်ဦးရေ အညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းသော ပြည်ထောင်စုစနစ်ဆိုသည့် အနှစ်သာရ ပေါ်လွင်ထင်ရှားနိုင်ပေမည်။ ထို့ပြင် ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ငြိမ်းချမ်းသာယာရေးအတွက် အာမခံချက်ပေးမည့် ဥပဒေကို တိုင်းရင်းသားလူမျိုးပေါင်းစုံ ဆန္ဒသဘောထားတူညီစွာ၊ ချစ်ကြည်သွေးစည်းစွာ၊ တန်းတူညီမျှစွာဖြင့် ပြဋ္ဌာန်းရန်လိုအပ်ပေသည်။ ထို့ကြောင့် လူမျိုးစုလွှတ်တော်၏ အခန်းကဏ္ဍကို အလေးထား၍ တင်ပြထားပါသည်။

လူမျိုးစုလွှတ်တော်ကို နိုင်ငံတော်ဥပဒေပြုအဖွဲ့၏ အဓိကမဏ္ဍိုင်ကြီးတခုအဖြစ်ဖြင့် မီးမောင်းထိုး တင်ပြသလို၊ ပြည်သူ့လွှတ်တော်ကိုလည်း ပါလီမန်ဒီမိုကရေစီစနစ်၏ အနှစ်သာရများကို ဖေါ်ဆောင်မည့် လွှတ်တော်အဖြစ် တင်ပြထားပါသည်။ အကြောင်းမှာ ပြည်သူ့လွှတ်တော်တွင် အများစုအနိုင်ရရှိသော နိုင်ငံရေးပါတီက ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရမည်ဖြစ်သောကြောင့် ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တယားကြီးကို အဓိကကိုင်တွယ်ဆောင်ရွက်ရမည့် လွှတ်တော်ကြီးဖြစ်ပါသည်။

## ၅။ နိုင်ငံတော်သမ္မတရွေးချယ်ပုံနည်းစနစ်နှင့်ပတ်သက်သောတင်ပြချက်

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အများဆုံးအနိုင်ရရှိသည့် နိုင်ငံရေးပါတီခေါင်းဆောင်ကို နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းသည် ပါလီမန်ဒီမိုကရေစီစနစ်၏ ကြီးလေးသော အနှစ်သာရဖြစ်ပါသည်။ ထိုနည်းတူ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းဖွဲ့စည်းသော ပြည်ထောင်စုနိုင်ငံတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာကိုရရှိသည့် နိုင်ငံတော်သမ္မတ ရွေးကောက်တင်မြှောက်ခြင်းသည်လည်း အရေးကြီးလှပါသည်။ ဝန်ကြီးချုပ် ရွေးကောက်တင်မြှောက်သလို လူထုအများစု၏ ကြိုက်ရာမဲဖြင့် ရွေးချယ်၍မရပါ။ နိုင်ငံတော်သမ္မတသည် နိုင်ငံသားပြည်သူအများစု၏ ခေါင်းဆောင်သာမကဘဲ၊ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုး(လူမျိုး)အားလုံး၏ အကြီးအကဲ ခေါင်းဆောင်ဖြစ်သည်ဟူသော အနှစ်သာရလည်း ပေါ်လွင်ထင်ရှားစေရပေမည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကို ရွေးချယ်ရာ၌ တိုင်းရင်းသားလူမျိုးအားလုံးက ဆန္ဒသဘောတူ ရွေးချယ်ခြင်း (တနည်း) လူထုအများစု၏ သာမန်မဲဆန္ဒဖြင့် ရွေးချယ်သည်ဆိုသော အဓိပ္ပါယ်ထက်၊ လူမျိုးအများစု၏ သဘောတူညီသော ဆန္ဒမဲဖြင့် ရွေးချယ်သည်ဆိုသော အဓိပ္ပါယ် ပေါ်လွင်ထင်ရှားစေရန်၊ လူမျိုးစုလွှတ်တော်အမတ်များက နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရမည်ဟု တင်ပြထားပါသည်။

## ၆။ ပြည်ထောင်စုဥပဒေပြုခွင့်အာဏာနှင့် ပြည်နယ်ဥပဒေပြုခွင့်အာဏာနှင့်ပတ်သက်သောတင်ပြချက်

လွှတ်လပ်ရေးရသည့်အချိန်မှ ယနေ့တိုင် ပြည်နယ်များရသင့်ရထိုက်သော ဥပဒေပြုအာဏာကို အပြည့်အဝရရှိခြင်း မရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသော ကိစ္စရပ်များ (ဥပဒေပြုစာရင်း) နှင့် ပြည်နယ်လွှတ်တော်အသီးသီးက ဥပဒေပြုခွင့်ရှိ သော ကိစ္စရပ်များ(ဥပဒေပြုစာရင်း)၊ ထို့ပြင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပူးတွဲ ဥပဒပြုရမည့် စာရင်းများကို တဦးတည်းဖြင့် အသေးစိတ်ဖေါ်ပြရန် အခက်အခဲရှိပါသည်။ ယခုတင်ပြချက်များ နှစ်ပေါင်းလေးဆယ်ကျော် အရိုးစွဲနေပြီဖြစ်သည့်အတိုင်း ပြည်ထောင်စုလွှတ်တော်ဥပဒေပြုစာရင်း များနေမည် ထင်ပါသည်။ ညီလာခံတက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အသေးစိတ်ဆန်းစစ်သုံးသပ်ပြီး ခွဲခြားပေးရန် လိုအပ်ပါသည်။ ထိုနည်းတူစွာ ပြည်ထောင်စုအစိုးရ လုပ်ငန်းခွင်အာဏာနှင့် ပြည်နယ်အစိုးရ လုပ်ပိုင်ခွင့်အာဏာလည်း အသေးစိတ် စိစစ်ခွဲခြားရန် လိုအပ်ပေသည်။

## ၇။ ပြည်နယ်များနှင့် ပတ်သက်သောတင်ပြချက်

ယခု တင်ပြသောမူကြမ်းတွင် ပြည်နယ်များ၏ ရရှိခံစားထိုက်သော အခွင့်အာဏာနှင့် အင်္ဂါရပ်များကိုသာ ဖော်ပြနိုင်ပါသည်။ ပြည်နယ်လွှတ်တော်ဖွဲ့စည်းရေးနည်းစနစ်၊ ပြည်နယ်အစိုးရ ဖွဲ့စည်းရေးနည်းစနစ်များကို အသေးစိတ်တင်ပြနိုင်ခြင်း မရှိသေးပါ။ ထိုသို့ မတင်ပြရခြင်းမှာ တိုင်းရင်းသား လူမျိုးအသီးသီး၏ ယဉ်ကျေးမှု သမိုင်းနောက်ခံနှင့် ယနေ့နိုင်ငံရေး လိုလားချက်များကို လေးစားသော ကြောင့် ဖြစ်၏။ ပြည်နယ်အသီးသီးက မိမိလူမျိုးတို့၏ ယဉ်ကျေးမှု၊ သမိုင်းနောက်ခံ၊ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးတို့အပေါ် အခြေခံ၍ မိမိပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲတင်ပြမည်ဆိုပါက ပို၍ ပြည့်စုံကောင်းမွန်မည်ဟု ယူဆပါသည်။ ထို့ကြောင့် ပြည်နယ်အသီးသီးက မိမိပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ကို ရေးဆွဲ ပေးပို့ကြပြီး၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယမူကြမ်းကို ရေးသား တင်ပြသောအခါ ပြည်နယ်အားလုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အစဉ်လိုက် ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။

## ၈။ ပြည်နယ်သစ်ကဏ္ဍကို တင်ပြချက်

ယနေ့မြန်မာနိုင်ငံတွင် ပြည်နယ်သစ်ဖွဲ့စည်းရန် ဂုဏ်အင်္ဂါနှင့်ပြည့်စုံသော လူမျိုးများ ရှိနေကြပါသည်။ ထို ညီနောင်တိုင်းရင်းသားလူမျိုးများ ရသင့်ရထိုက်သော အခွင့်အရေးကို မဆုံးရှုံး မနစ်နာစေဘဲ အမြန်ဆုံးရရှိခံစားနိုင်ရန် ပြည်နယ်သစ်ဖွဲ့စည်းရေးကဏ္ဍကို တင်ပြထားပါသည်။

## ၉။ ကိုယ်ပိုင်အုပ်ချုပ်ရဒေသနှင့် အမျိုးသားနယ်မြေများ သတ်မှတ်ရေးအတွက်တင်ပြချက်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုဘွားတိုင်းရင်းသားလူမျိုးအားလုံး၊ လူမျိုးစုများ၊ လူမျိုးနွယ်စုများ အားလုံး ရရှိခံစားထိုက် သော ဒီမိုကရေစီနှင့် တန်းတူအခွင့်အရေးများ အပြည့်အဝ ခံစားနိုင်ရန်ဖြစ်သည်နှင့်အညီ၊ ပြည်ထောင်စု ကြီးကို ဖွဲ့စည်းသောအခါ ပြည်နယ်များအပြင်၊ ကိုယ်ပိုင်အုပ်ချုပ်ရဒေသများနှင့် အမျိုးသားနယ်မြေများ ကိုပါ သတ်မှတ်ပြဋ္ဌာန်းရန် မူဝါဒ ချမှတ်ထားပါသည်။ ထို့ကြောင့် ဤဖွဲ့စည်းပုံ အခြေခံဥပဒေ (ပထမမူကြမ်း) တွင် ထိုကဏ္ဍကို အလေးအနက်ထား၍ တင်ပြအပ်ပါသည်။ ထိုသို့တင်ပြရာတွင် အခြေခံမူအဖြစ် ၁၉၄၇– ခု၊ မေလတွင် ကျင်းပသော ဖဆပလ အဖွဲ့ချုပ် ပဏာမပြင်ဆင်မှုညီလာခံကြီးတွင် သခင်အောင်ဆန်း ကိုယ်တိုင်တင်သွင်းခဲ့သော မူများကို အခြေခံထားပါသည်။ ယခုတင်ပြချက်သည် ပြည့်စုံခြင်း မရှိသေးပါ။ ကိုယ်စားလှယ်တော်ကြီးများက အသေးစိတ် တင်ပြဆွေးနွေးရန် ပန်ကြားလိုပါသည်။

“ရောမမြို့ကို တနေ့တည်းတွင် မတည်ဆောက်နိုင်ပါ” ဆိုသောစကား ရှိသည်နှင့်အညီ၊ နိုင်ငံတော်တခု၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကိုလည်း တကြိမ်တခါတည်းဖြင့် ပြည့်စုံလုံလောက် ကောင်းမွန်စွာ ရေးသားပြုစုနိုင်ခြင်း မရှိသေးပါဟူ၍ ရိုးသားစွာ ဝန်ခံလိုပါသည်။ နောင်အနာဂါတ် သားစဉ်မြေးဆက်အထိ တိုင်းပြည်၏ ကံကြမ္မာကို အကောင်းအဆိုး ဖန်တီးရန် အဆုံးအဖြတ်ပေးမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းသည် ပြည်ထောင်စုကြီး၏ ပုံသဏ္ဍာန်ကို ပုံသွင်းထုလုပ်ခြင်း

ဖြစ်၍ အထူးစိတ်ရှည်ရန် လိုအပ်ပေသည်။ အမျှော်အမြင်ကြီးရန် လိုအပ်ပေသည်။ လတ်တလော နိုင်ငံရေးအကြပ်အတည်းတခုကို ဖြေရှင်းရုံမျှအတွက်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်းကြောင့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးအနှစ်(၄၀)ကျော်နေပြီဖြစ်သော်လည်း၊ ယနေ့တိုင် လွတ်လပ်ရေးအသီးအပွင့်ကို တိုင်းရင်းသားပြည်သူလူထု ခံစားနိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် ယနေ့ ကျွန်ုပ်တို့ ခေတ်တွင်လည်း သမိုင်းတရားခံများ မဖြစ်ရလေအောင် အမျှော်အမြင်ကြီးစွာ၊ ဖွဲ့သတ္တိရှိစွာ၊ လေးနက်တည်ကြည်စွာဖြင့် လုံ့လစိုက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။

ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(ပထမမူကြမ်း) ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်၏ တာဝန်ပေးချက်အရ၊ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေး ကော်မတီက ရေးသားပြုစု၍ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် တတိယအကြိမ်ညီလာခံကြီးသို့ တင်သွင်းအပ်ပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီဝင်များမှာ ...

| | | |
|---|---|---|
| ၁။ | ဦးအေးဖေ | (အမြဲတမ်းသဘာပတိကောင်စီ) |
| ၂။ | နိုင်ခင်မောင် | (မူဝါဒရေးရာကော်မတီ ) |
| ၃။ | ဦးလျန်အုပ် | (တိုင်းရင်းသားလူမျိုးစုရေးရာ မူဝါဒကော်မတီ) |
| ၄။ | နိုင်တင်ဖေ | (ဆော်ဩရေးမှူး – မူဝါဒရေးရာကော်မတီ) |
| ၅။ | ဦးသာဘန်း | (ပြန်ကြားရေးကော်မတီ) |
| ၆။ | ဆလိုင်းလျန်မှုန်း | (အတွင်းရေးမှူး) တို့ဖြစ်ပါသည်။ |

(မှတ်ချက် ။ ။၁၉၉၀ ပြည့် နိုဝင်ဘာလ (၂၁) ရက်တွင် ဤအစီရင်ခံစာကို **UNLD** တတိယအကြိမ်ညီလာခံသို့တင်သွင်းခဲ့ပါသည်။)